Quality စာအုပ်တိုက်မှ စီစဉ်သည်။

[illegible]



Quality Publishing House

[illegible] ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

[illegible]ကိုယ်ရေးအတ္ထုပ္ပတ္တိတအုပ်များ



နယ်လ်ဆင်မင်ဒဲလား
လွတ်မြောက်ခြင်းခရီးရှည်
မောင်မြတ်မိုး



ဟိုချီမင်း အတ္ထုပ္ပတ္တိ
မောင်မြတ်မိုး



ဂန္ဒီ (ပုံပြအတ္ထုပ္ပတ္တိ)
စိန်ဝင်းစိန်





အမေရိကန်သမ္မတများ
မောင်မြတ်မိုး



အင်ဒီရာ ဂန္ဒီ
မောင်မြတ်မိုး



ဘဝနှင့်အတွေ့အကြ





ဝေါ့ဒစ္စနေး
ရန်နောင်ဦး



အော်ပရာဝင်းဖရေး
မောင်မြတ်မိုး



ကြိုးကြာငှက်တို့ လာလေ
မောင်မြတ်မိုး

သို့

မှ

[illegible]

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

Quality Publishing House





ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်

ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)



ဆုပြည့်စုံထွန်းစာပေ

အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

ဆက်ဆိုးနှင့်

December 2012

95

အုန်ရွှေမှား

လက်မတင်ကလေး ၆

ထောင်မှူးကြီးဆိန်းဝင်း

စေတနာရောင်ပြန် ၃၄

ဝင်းနိုင် (ရွှေပြည်သာ)

သေရွာနှစ်ခါပြန် ကိုဖိုးထူး ၄၇

မောင်ညိုမြိုင်း (သန်လျင်)

အဝိဇ္ဇာပေါက်ဓား ၇၄

ပန်းမြိုင်လယ်ဖိန်ဝင်း

အလောင်းကောင်ကြီးနှင့်ရထားပေါ်မှာ ၁၀၁

မန္တလာသား

မေတ္တာအကျိုး စေတနာတန်ခိုး ၁၁၅

မင်းဝသုန်

သေတမ်းစာ ၁၄၁

ညွှန့်မောင်ဦး

ကြောင်မုဆိုး ၁၅၉

တက္ကသိုလ်မောင်အောင်ဆွေ

စန္ဒာလမင်းအိမ် ၁၇၁

ကောင်းသော်

လပြည့်ဘဌေးရန်အေးစစ်အောင် ၁၉၁

မေ

အချစ်၏သားကောင်များ ၂၀၂

Next Month Preview ၅









သည်းခံအကုန်

အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

ဝေလွင်မြင့်မောင်

အုပ်ချုပ်မှုအယ်ဒီတာ

မခင်မာရွှေ

အယ်ဒီတာအဖွဲ့

ဉာဏ်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ဆန်းဇော်၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ ဝဏ္ဏဝေ၊ မင်းထွဋ်၊ ခွန်စိုးသိန်း၊ ရှိုင်းကို၊ သူရ။
ကျော်ဇင်၊ ဖြူဖြူသင်း၊ သဉ္ဇာဝေ၊ ဝင်းဝင်းမော်၊ အေးအေးသွယ်၊ မျိုးစုမာ၊ ပိုပို၊ မီမီ၊ နှင်းသက်ဝေ။

ထုတ်ဝေသူ

ဦးမြင့်ထွန်း (မြဲ-၀၄၂၂၀)Quality Publishing House
အမှတ် – ၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း

ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်

ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ကိုကိုကြီး၊ ရန်နိုင်ဦး၊ ချစ်သူ။

ကွန်ပျူတာနှင့် ဖလင်

Quality

ပုံနှိပ်သူ

ဖြိုးဝေလှုံ့ပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန်
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း။
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။

စာအုပ်ချုပ်

တင်မေထွန်း

အုပ်ရေ– ၅၀၀

တန်ဖိုး– ၁၅၀၀

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း

အမှတ် – ၅၀၈/၅၁၂ (၂ခ)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၃၈၃၆၆၄၊ ၃၈၆၈၃၃။

NEXT MONTH PREVIEW

မိတ်ဆွေစစ် (ရွှေဥဒေါင်း)





စိတ္တဇဒဏ်ရာ (သိင်္ဂါကျော်)





ကျွန်တော့်မှာ အမေရှိတယ်။ (ထောင်မှူးကြီးသိန်းဝင်း)

လက်ပတင်ကလေး

ဒဂုန်ရွှေများ



စိတ္တဇဝေဒနာရှင်တစ်ယောက်၏လက်ချက်ဖြင့်
ရေတိမ်နှစ်လုဆဲဆဲမိန်းကလေးတစ်ယောက်၏
အသည်းထိတ်ရင်ဖိုဖွယ်ကတ်လမ်း...



ညနေ ၅ နာရီခွဲမှစ၍ မိုးကလေးတဖြောက်ဖြောက်ကျလျက်ရှိရာ
မသန်းနိုင်သည် လက်နှိပ်စက်ကို ရိုက်မြဲရိုက်လျက်ရှိ၏။
ရုံးများ၊ အလုပ်တိုက်များ၊ ဘဏ်တိုက်များပိတ်သည်မှာ
အတော်ကြာပြီဖြစ်၍ ပန်ဆိုးတန်းနှင့် ကုန်သည်လမ်းတစ်လျှောက်တွင်
တဖြည်းဖြည်း လူပါး၍လာတော့၏။

ဖြတ်သန်းသွားသော ကားများမှာမူ တဝီဝီမောင်းနှင် လျက်ပင်ရှိသေး၏။

မသန်းနိုင်အလုပ်လုပ်ရသော နေရာမှာ ငါးထပ်တိုက်တစ်တိုက်၏ အပေါ်ဆုံးထပ်ဖြစ်၍ ကားသံများကို ခပ်သဲ့သဲ့မျှသာ ကြားရ၏။ အလုပ်စားပွဲနံဘေးပြတင်းပေါက်မှ အောက်သို့ငုံ့ကြည့်လျှင် တရိပ်ရိပ်ပြေးနေသော ကားကလေးများနှင့် တရွရွလျှောက်နေသည့် လူများကို ကောင်းကင်မှ ဆီး၍မြင်ရသော ၎င်း၏ မျက်လုံးမျိုးဖြင့် သေးငယ်စွာ မြင်ရ၏။

မသန်းနိုင်မှာ ဒေါက်တာသောင်းရွှေ၏ လက်ရေးတို လက်နှိပ်စက်စာရေးမကလေးဖြစ်၍ အလုပ်လုပ်နေသော အခန်းမှာ ဒေါက်တာသောင်းရွှေ၏ အလုပ်ခန်းဖြစ်လေသည်။ အခြားအလုပ်ခန်းများမှာ ပိတ်လျက် ညဉ့်စောင့်ဒရဝမ်များပင် ရောက်လာပြီဖြစ်သော်လည်း မသန်းနိုင်မှာ နောက်တစ်နေ့နံနက်တွင် အသင့်ပြီးစီးရမည့် စာများရှိနေသဖြင့် ယခုကဲ့သို့ နောက်ကျနေခြင်း ဖြစ်၏။

ဒေါက်တာသောင်းရွှေသည် မသန်းနိုင်အား အခြားရုံးများတွင် ပေးရှိးပေးစဉ်လခနှုန်းထက် ၁၀၀ ကျပ်မျှ ပို၍ပေးထားရာ မသန်းနိုင်လည်း အလုပ်အရေးကြီးလျှင်ကြီးသည့်အလျှောက်အချိန်နောက်ကျသည်ကိုပဓာနမထားဘဲ ကြိုးစားလုပ်ကိုင်တတ်သူ ဖြစ်လေသည်။

မိန်းမပျိုကလေးတစ်ယောက်အတွက် အချိန်မရှိ အချိန်ရှိလုပ်ကိုင်ရခြင်းမှာမသင့်လျော်ကြောင်းဖြင့် တစ်ခါတစ်ရံ စဉ်းစားမိသော်လည်း ယခုကဲ့သို့ အလုပ်အကိုင်အလွန်ရှားပါးသောခေတ်၌ မိမိမှာ အလုပ်ရရုံမျှမက မိမိနှင့်အတူ ကျောင်းမှထွက်ခဲ့သော သူငယ်ချင်းများထက် ၁၀၀ကျပ်မျှ ပို၍ ရနေသည့်အကြောင်းကို စဉ်းစားလိုက်သောအခါ အခြားတစ်နေရာသို့ ရွှေ့ပြောင်း၍ မသွားနိုင်အောင် ရှိတော့၏။

ထို့ပြင် ဒေါက်တာသောင်းရွှေမှာ အလွန်သဘော သကာယကောင်းသည့်အပြင် ငွေကိုလည်း ရေလိုသုံးဖြုန်းနိုင်သူ တစ်ယောက်ဖြစ်လေသည်။

ဒေါက်တာသောင်းရွှေသည် ခွဲစိတ်ကုသခြင်း၊ ဆေးထိုးခြင်း ဆေးပညာ

နှင့်ပတ်သက်၍ စူးစမ်းလေ့လာခြင်းတို့တွင် အတော်ပင်နာမည်ရသူ တစ်ယောက်ဖြစ်ပြီးလျှင် သူ၏ဆေးဆိုင်နှင့် ဆေးပေးခန်းရှိ မောင်ထော်လေးလမ်းတွင် ငါးထပ်တိုက် အပေါ်ဆုံးခန်းကိုမူ သူ၏ ကိုယ်ရေးကိုယ်တာ အလုပ်တိုက်ဟူ၍ သီးသန့်ငှားရမ်းထားခဲ့လေသည်။

ကျွန်ုပ်တို့ရေးသားဖော်ပြသော ညဉ့်ကမူ ဒေါက်တာသောင်းရွှေသည် ပုသိမ်မြို့သို့ သွားနေခဲ့ရာ တစ်ပတ်မျှပင်ကြာခဲ့ပြီဖြစ်၍ နောက်တစ်နေ့၌ ပြန်ရောက်မည့်အကြောင်း ခရီးမထွက်မီကပင် မသန်းနိုင်အား မှာကြားခဲ့ပြီးဖြစ်၏။ ဤမျှသာမကထိုနေ့ နေ့လယ်ခင်းကလည်း ပုသိမ်မှနေ၍ မသန်းနိုင်အား တယ်လီဖုန်းဖြင့်ဆက်၍ ပြောလိုက်သေး၏။

ထိုရက်များအတွင်း၌ မသန်းနိုင်သည်လက်ရေးတိုဖြင့် ရေးမှတ်ထားသည့် ဒေါက်တာသောင်းရွှေ၏ နှုတ်ထွက်ပြောပြချက်များကို လက်နှိပ်စက်ဖြင့် ရိုက်ကူးရခြင်းအလုပ်ဖြင့်သာ အချိန်ကုန်ခဲ့၏။ လက်နှိပ်စက်ရိုက်ရင်း မသန်းနိုင်သည်လွန်ခဲ့သော တစ်ပတ်ကျော်လောက်က ဒေါက်တာသောင်းရွှေ၏ အပြုအမူတစ်ခုကိုကြည့်၍ အံ့သြမိခဲ့၏။ ဒေါက်တာသောင်းရွှေသည် မြန်မာရာဇဝင်နှင့်ပတ်သက်၍ ရှေးဟောင်းပစ္စည်းများကိုလည်း စုဆောင်းသူတစ်ယောက်ဖြစ်ရာ ရှေးဘုရင်များ၏အသုံးအဆောင် အဖိုးတန်ပစ္စည်းများကို ဝယ်ယူသိုမှီးထားလေ့ရှိ၏။ မသန်းနိုင်အံ့သြမိခြင်းအကြောင်းမှာ ထိုနေ့က ဒေါက်တာသောင်းရွှေသည် အလျား ၅ ပေခွဲ၊ အနံ ၂ ပေခန့်ရှိ စက္ကူများဖြင့် တုပ်နှောင်ရစ်ပတ်ထားသော သေတ္တာရှည်ကြီးတစ်လုံးကို ကူလီ ၄ ယောက်ဖြင့် အခန်းအတွင်းသို့ သယ်ဆောင်လာပြီးလျှင် သူ၏ အခန်းထဲသို့ သွင်းသွားသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။ သေတ္တာရှည်ကြီးမှာ လူသေထည့်သောခေါင်းနှင့် များစွာတူသဖြင့် မသန်းနိုင်မှာ ကြက်သီးများထမိ၏။

အကြောင်းကို သိလို၍ မသန်းနိုင်ကမေးမြန်းသောအခါ ဒေါက်တာသောင်းရွှေက ယင်းပစ္စည်းမှာ ရှမ်းပြည်မှသယ်ယူလာရသော မှန်စီရွှေချ

ခေါင်းတစ်ခုဖြစ်၍ ယနေ့နံနက်ပင် လေယာဉ်ဖြင့် ဆိုက်ရောက်လာကြောင်း၊ ၎င်းမှာမြန်မာရာဇဝင်တွင် ထင်ရှားကျော်စောသည့် "*ရှင်ဘို့မယ်" အလောင်းကို သင်္ဂြိုဟ်ခြင်းမပြုမီ ယာယီထည့်ထားသော ခေါင်းဖြစ်၍ ရှမ်းပြည်နယ် စော်ဘွားတစ်ဦးက သားစဉ်မြေးဆက် သိမ်းဆည်းလာခဲ့ကြောင်း၊ မိတ်ဆွေတစ်ဦးက စော်ဘွားကြီးနှင့် လျှို့ဝှက်စွာစေ့စပ်သဖြင့် ထိုခေါင်းကို ဝယ်ယူပြီးလျှင် လေယာဉ်ပျံဖြင့် သယ်ဆောင်လာရကြောင်း၊ သစ်သားမှာ စန္ဒကူးသားဖြစ်၍ အဖိုးတန်ကျောက်မျက်ရွဲ ၄ လုံးပါရှိကြောင်း၊ ယင်းပစ္စည်းမှာ ရာဇဝင်အရအားဖြင့် အဖိုးထိုက်တန်၍ ရှားပါးသောပစ္စည်းတစ်ခုဖြစ်ကြောင်းနှင့် ပြောပြလေ၏။

ထိုအခါ မသန်းနိုင်က...

"ရှားပါးတဲ့ ပစ္စည်းတော့ ဟုတ်ပါတယ်၊ နို့ပေမဲ့ ထားရတာ နိမိတ်မရှိနမ မရှိနဲ့"

"အို - မသိန်းနိုင်ကလည်း ဆရာက ဒီပစ္စည်းမျိုးတွေ စုဆောင်းဖို့ အင်မတန် ဝါသနာပါတာပဲ"

*ရှင်ဘို့မယ်။ ။ ပင်းယ တစ်စီးရှင်သီဟသူ၏မြေး၊ သိခံသူငယ်နှင့် မင်းကြီးစွာစော်ကဲတို့၏ သမီးတော်စောဇလာဒေဝီတို့က ပေါက်ဖွားသော အဆင်းရူပကာနှင့် ပြည့်စုံသည့် သမီးတော်ဖြစ်သည်။ ၈ နှစ်သမီးအရွယ်ကပင် အင်းဝဘုရင် ပထမ မင်းခေါင်က သိမ်းပိုက်တော်မူသည်။

ထို့နောက် သားတော် ဆင်ဖြူရှင်၊ သီဟသူ၊ မင်းလှငယ်၊ ကလေးကျေးတောင်ညှိနှင်မိုးညွှင်းမင်းတရားကြီးလက်ထက်တော်သို့တိုင် ဘုရင်၅ ဆက် မိဖုရားဖြစ်ခဲ့သည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ နို့ပေမဲ့ - ကြောက်စရာကြီး"

"အို ... ဘာကြောက်စရာရှိလို့လဲ မသန်းနိုင်၊ မကြာခင် နိုင်ငံခြားရောင်းဖို့ ပဲပုဂံမှတ်ကမင်းသားတစ်ပါးရဲ့မပုပ်မသိုးအောင်ဆေးစိမ်ထားတဲ့အလောင်းကိုအမေရိကန်ပြတိုက်အတွက် ပရော်ဖက်ဆာကြီးတစ်ယောက်က တိတ်တိတ်ယူသွားတယ်ဆိုတာ တစ်လောက သတင်းစာတစ်စောင်ထဲမှာ ဖတ်

လိုက်ရတယ် မဟုတ်လား"

"ဖတ်လိုက်ရပါတယ်၊ ဒီဟာကြီးက သိပ်ပြီးကြောက်စရာကောင်းတာပဲ"

"ဆရာ့အလုံခန်းထဲ ထည့်ထားတာပဲ၊ ပြီးတော့ ဆရာတစ်ယောက်လုံးလည်းရှိသားနဲ့"

နို့ပေမဲ့ - ကျွန်မက တစ်ခါတလေ မိုးချုပ်မှပြန်ရတယ်မဟုတ်လား။ ဆရာလည်း အဲဒီအခါ ရှိချင်မှရှိတာ"

"ဘာမှကြောက်စရာမရှိပါဘူး မသန်းနိုင်ရယ်၊ ရှေးအယူတွေ ပယ်လိုက်စမ်းပါ"

===✦===

မသန်းနိုင်သည်အထက်ပါအကြောင်းများကို စဉ်းစားရင်းဖြန်းခနဲ ကြက်သီးထမိ၏။ သို့ရှိစဉ် မိမိနောက်မှ အရိပ်တစ်ခု ထိုးကျလာပြီးလျှင် အသက် ၃၅ နှစ်ခန့် ရှပ်အကျီကော်လာအဖြူ၊ အယ်လ်ပတ်ကားအပေါ်ရင်စီးအကျီကို ဝတ်ထားသော မျက်နှာသွယ်သွယ်၊ အရပ်မောင်းကောင်းကောင်း လူတစ်ယောက်သည် မသန်းနိုင်အနီးသို့ ချဉ်းကပ်လာလေသည်။ ၎င်းမှာ မသန်းနိုင် အလုပ်တိုက်နှင့်မျက်စောင်းထိုး ၃ ထပ်တွင်နေသော ဝတ်လုံတော်ရဦးတင်စော ဖြစ်လေသည်။

"မိုးချုပ်လှပါပြီ မသန်းနိုင် ... ယခုထက်ထိ အလုပ်လုပ်ရတုန်းပဲလား၊ ဒီအချိန်အထိ မိန်းကလေးတစ်ယောက် အလုပ်လုပ်ရတယ်ဆိုတော့ ..."

"အို ... အစ်ကိုကြီးကလည်းပေးထားတဲ့ လခလည်း ကြည့်ဦးမှပေါ့၊ သန်းသန်းထက်သာတဲ့ မိန်းကလေးတွေ ၁၅၀တောင်ရရဲ့လား၊ ပြီးတော့ ကျွန်မက အလုပ်ကို အကြွေးမထားချင်ဘူး"

"သန်းသန်းနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတာ အတော်ပဲ၊ ကိုင်း ...အစ်

နောက်ဘက်တွင်သံနှံနှင့်ဖြင့် ဆက်၍ထားသောလူအရိုးစုတစ်ခု၊ မှန်သေတ္တာဖြင့် ဆေးရည်များစိမ်ထားသောမွေးတစ်ကောင်၏ ဦးခေါင်းပိုင်း၊ အခြား မှန်သေတ္တာတစ်လုံး၌ အခြောက်လှန်းထားသော မျောက်ကလေးတစ်ကောင်၊



နံဘေးတွင်ဆေးစာအုပ်ကြီးများ နှင့်ဖိုင်တွဲများရှိ၏။ နီကြန်ကြန် အရောင်ရှိသောသစ်သားပေါ်တွင် မှန်စီရွှေချသစ်စေးရိုး ကိုင်ထားသည့်ခေါင်းကြီးမှာ...

ကိုကြီးနဲ့ ညစာစားရအောင် လိုက်ခဲ့ပေတော့၊ ဒီကနေ့ အမှုတစ်ခုနိုင်လိုက်တယ် သန်းသန်းရဲ့၊ ဒီတော့ အမှုနိုင်တဲ့အတွက် ဘယ်သူ့ကို ကျေးရမလဲလို့ လိုက်ရှာနေတာ"

"မလိုက်နိုင်ပါဘူး အစ်ကိုကြီးရယ်၊ ရိုက်ဖို့စာရွက် အတော်များများကျန်သေးတယ်၊ ပြီးတော့ ဒီဆရာက နက်ဖြန်မနက် ပုသိမ်ကပြန်ရောက်မှာ၊ ဒီညပြီးမှဖြစ်မယ်၊ အနည်းဆုံး ၂နာရီလောက် ရိုက်ရဦးမယ်"

"ဆရာ ... ဆရာ ... ဆရာကိုတော့ သိပ်ရှိသေတယ်၊ သိပ်ဝတ္ထရားကျတာပဲ၊ ဒီအလုပ်က ထွက်ပါသန်းရယ်၊ ထွက်ဆို အခုညပဲ အချိန်မနှောင်းခင် အစ်ကိုကြီးစကားနားထောင်ပါ၊ မင့်ဆရာဟာ ကောင်းကောင်းစိတ်မနှံ့ဘူးသန်း၊ မင့်ကို တစ်နေ့နေ့ သတ်လိမ့်မယ်၊ အစ်ကိုကြီးပြောရင် ယုံတော့၊ မင့်အစ်မ မသန်းသန်းကြောင့်သေရတာလည်း သူသတ်တာပဲ"

"မဟုတ်တာ အစ်ကိုကြီးကလဲ၊ အစ်ကိုကြီးပြောတာသာ စိတ်မနှံ့တဲ့လူပြောသလိုပြောတာ၊ မမကြောင့်သေတာ ကျွန်မတို့ဆရာနဲ့ ဘာမှမဆိုင်ပါဘူး၊ ဟိုဘက်ပြတင်းပေါက်က အပြင်ကို ကုန်းကြည့်ရင်း အားလွန်ပြီးကျတာ၊ သက်သက်မတော်တဆဖြစ်တဲ့ကိစ္စ ပြီးတော့လည်း မမလိမ့်ကျတုန်း

က အခန်းထဲမှာ ဘယ်သူမှမရှိဘူး အစ်ကိုကြီးရဲ့၊ သူတစ်ယောက်တည်းရှိတာ၊ စုံထောက်က စစ်ဆေးတဲ့ထွက်ချက်တွေမှာ အထင်အရှားပဲ"

"သန်းက အစ်ကိုကြီးပြောတာ မယုံပဲကိုး၊ စိတ်မနှံ့ဘူးဆိုတာ လမ်းမှာလျှောက်ပြီး တောင်လုပ်မြောက်လုပ် မတော်တရော်သီချင်းဆို၊ ကချင် ကခုန်ချင် ခုန်၊ အဝတ်အစားကပ်ချင်မှ ကပ်၊ အဲဒီလိုရူးတာမျိုး ပြောတာမဟုတ်ဘူး သန်းရဲ့၊ ယဉ်ယဉ်ကလေးနဲ့ စိတ်ဖောက်ပြန်နေတဲ့ လူတွေရှိတယ်၊ သူထင်မိထင်ရာ မဖြစ်ဖြစ်အောင်လုပ်၊ ဘာမှလည်း အကျိုးရှိတာ မဟုတ်ဘူး၊ ရာဇဝတ်မှုတွေကို အပျော်ကျူးလွန်ပြီးတော့ သူမှာဘာမှ အကျိုးရှိတာလည်း မဟုတ်ဘူး၊ ဒီဟာမျိုးတွေအစ်ကိုကြီးကပြောနေတာ ပြီးတော့ ဒီလူကပညာတတ်ဆရာဝန်တစ်ယောက်မဟုတ်လား၊ အနောက်နိုင်ငံမှာလည်း(၄-၅)နှစ်လောက်ကြာခဲ့တယ်။ အေးလေ ... သတိပိရိယနဲ့နေပေါ့ကွယ်၊ အစ်ကိုကြီးက မနေနိုင်လို့ သတိပေးတာပါ။ ဒါဖြင့် အခု အိမ်မပြန်သေးဘဲ အလုပ်ဆက်လုပ်ရဦးမှာပေါ့"

"ဟုတ်တယ် အစ်ကိုကြီး၊ အနည်းဆုံး(၁)နာရီ(၁)နာရီခွဲလောက်တော့ လုပ်ရဦးမှာပဲ၊ ပြီးတော့ အစ်ကိုကြီးရပ်နေတဲ့နောက်က မမကြောင်လိမ့်ကျတဲ့ ပြတင်းပေါက်ကို ကြည့်စမ်း - သံချောင်းတွေ ထပ်စိုက်ပေးတယ်၊ ကျွန်မအတွက် စိုးရိမ်တယ်ဆိုပြီး လုပ်ပေးတာ အစ်ကိုကြီးရဲ့"

"ဩော်...ဒါထက် သူ ပုသိမ်က နက်ဖြန်မှပြန်ရောက်မယ်ဆို"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"အဲဒါ ယုံသလား၊ ညနေ ၅ နာရီက လေဆိပ်မှာ သူ့ကို အစ်ကိုကြီးတွေ့ခဲ့တယ်"

"ဩော်...ဟုတ်လား"

"ကိုင်း...ဒီတော့သန်း - အိမ်မပြန်သေးဘဲဆက်ပြီးအလုပ်လုပ်နေဦးမယ်ဆိုရင်အစ်ကိုကြီးအိမ်ပြတင်းပေါက်ကကြည့်ပြီးနေမယ်၊ ဘာမဆိုအကြောင်းရှိရင် ဖုန်းဆက်လိုက်ပါ ကြားလား"

"ဟုတ်ကဲ့... အစ်ကိုကြီး၊ ကျေးဇူးတင်ပါတယ်"

ကိုတင်စောသည် မသန်းနိုင်၏ လက်ကလေးကို ခပ်နာနာညှစ်၍ နှုတ်ဆက်ထွက်သွားလေရာ မသန်းနိုင်လည်း သူထွက်သွားသော တံခါးဆီသို့ ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့လေ၏။

ဝတ်လုံကိုတင်စောမှာ မိမိအား ပိုးပန်းနေသူဖြစ်သဖြင့် ဆရာဝန်ဦးသောင်းရွှေနှင့် မိမိတို့ အရောတဝင်နေထိုင်သည်ကို ယောက်ျားတို့မေ့တာ အတိုင်းမနာလိုမရှုဆိတ်နိုင်သဖြင့်သာ ဤကဲ့သို့ပြောခြင်းဖြစ်ကြောင်း၊ မိမိ၏ အစ်မ မသန်းကြိုင်သေဆုံးသည်မှာ ဒေါက်တာသောင်းရွှေ၏ လက်ချက်ဖြင့် သေဆုံးခြင်းဖြစ်၍ မိမိကိုလည်းသေကြောင်းကြံလိမ့်မည်ဆိုခြင်းမှာ အရှုးစကားမျှသာဖြစ်ကြောင်းဖြင့် စဉ်းစားမိလေ၏။

ကိုတင်စောဆင်းသွားသော ဓာတ်လှေကားသံကိုကြားရပြီးနောက် မကြာမီပင်တံမြက်စည်းလှည်းသော ကုလားမကြီး ၂ ယောက်ရောက်လာ၏။ အသက်၅၀ ခန့်ရှိ အကြီးကုလားမအား မသန်းနိုင်က...

"အမယ်ကြီး သိပ်နောက်ကျတာပဲ၊ ဒေါက်တာကိုတိုင်လိုက်မယ်နော်... အလုပ်ကောင်းကောင်းလုပ်"

ဟု ကျီစား၍ပြောလိုက်ရာ...

"ပိုက်ဆံမရှိတဲ့လူ၊ ကိုယ့်ထမင်းကိုယ်ချက်စားနေရတယ် အစ်မရဲ့၊ မမတို့လို သုံးရာ လေးရာ ရတာမဟုတ်ဘူး"

ဟု ကက်ကက်လန်အောင်ပြန်၍ပြောလိုက်၏။ ထိုအခါ အငယ်ကုလားမက မသန်းနိုင်အနီးသို့ ချဉ်းကပ်ခါ...

"စိတ်တော့မဆိုးပါနဲ့အစ်မ... သူက နည်းနည်းစိတ်မကောင်းဖြစ်နေလို့ ပြောတာပါ၊ သူ့ယောက်ျားဟောဒီတိုက်ပေါ်က လိမ့်ကျသေရှာတယ်၊ အဲဒီက တည်းက သူ့စိတ်ဟာ တစ်မျိုးဖြစ်နေပါတယ်၊ အစ်မရယ်"

ထိုစကားကိုကြားလျှင် မသန်းနိုင်မှာ ယခင်က စကားလက်စကို မဆက်နိုင်တော့ဘဲ...

"ဘာပြောတယ် ကုလားမ"

"သူ့ယောက်ျားဟာ ဟောဒီအထပ်က လိမ့်ကျပြီးသေရှာတယ် အစ်မ"

"ဘယ်တုံးကလဲ"

"တစ်နှစ်လောက် ရှိပါပြီအစ်မ"

"ဘယ်ပြတင်းပေါက်ကလဲ"

"ဘရာဆပ် စာရေးတဲ့ အခန်းက ဒီဘက်ပြတင်းပေါက်ပါ"

"သူက ဘာလုပ်နေလို့ ကျတာလဲ"

"သူကဆေးသုတ်သမားပါ အစ်မ၊ ဝါးလှေကားပေါ်က ပက်လက်လန်ကျသွားတာပါပဲ၊ ဟို ကုလားမကြီး စိတ်မကောင်းလို့ပြောတာ စိတ်မဆိုးပါနဲ့နော်အစ်မ"

"အေးကွယ် စိတ်မဆိုးပါဘူး၊ အစ်မက အလကား ကျီစားပြီးပြောတာပါ"

ကုလားမများသည် အခန်းအတွင်းအပြင် အမှိုက်သရိုက်များကို လှဲကျင်းသုတ်သင်လျက်ရှိစဉ် ကုလားမပြောသည့် အဖြစ်အပျက်မှာ မိမိအစ်မ မသန်းကြိုင် သေဆုံးရပုံနှင့် ထပ်တူထပ်မျှရှိနေ၍ ဤမျှလောက် "တိုက်ဆိုင်" ခြင်းမှာ အလွန်ထူးဆန်းကြောင်းဖြင့် စဉ်းစားလျက်ရှိလေ၏။ တိုက်တစ်တိုက်၏ တစ်ထပ်တည်းမှ တစ်နှစ်အတွင်းလူ ၂ နှစ်ယောက်ကျ၍သေဆုံးရသည်ဆိုခြင်းမှာ "တိုက်ဆိုင်မှု" ဖြစ်ကောင်းမှ ဖြစ်ကောင်းပေမည်။ မိမိကြောက်ရွံ့လျက်ရှိသောမှန်စီရွှေချ ခေါင်းကြီးအပြင် ကုလားမကြီးပြောသောစကားများကို ကြားရပြန်သောအခါ ကိုတင်စော၏စကားကိုပင် ယုံချင်လာသလိုဖြစ်၍လာမိ၏။ သို့သော်အလုပ်မပြီးသေးသည့်အတွက် လက်နှိပ်စက်ကို ဆက်လက်ရိုက်လျက် ရှိလေသည်။

သို့ ရိုက်နှိပ်လျက်ရှိစဉ် အခြားအနှောင့်အယှက်တစ်ခုကိုတွေ့ရပြန်၏။ ကြွက်ကလေးတစ်ကောင်သည် တကျွိကျွိမြည်ကာ မသန်းနိုင်စားပွဲရှေ့မှ ဖြတ်လျက် ဒေါက်တာသောင်းရွှေ၏ အလုပ်ခန်းထဲသို့ဝင်သွားသဖြင့် မသန်း

နိုင်သည် ပေတံကို ကိုင်ကာနောက်မှ ထက်ကြြပ်လိုက်သွားလေ၏။ ကြွက်ကလေးသည် စာရေးစားပွဲအောက်မှလျှောက်ကာ နောက်ဘက်ရှိဒေါက်တာသောင်းရွှေ၏ အလုံခန်းထဲသို့ သံတံခါးအောက်တစ်လက်မခန့် ပွင့်နေသည့် အပေါက်မှဝင်သွားလေသည်။ ဒေါက်တာသောင်းရွှေ၏ အလုပ်စားပွဲနောက်၌ လေးဖက်အုတ်နံရံများကာထားသည့် အခန်းတစ်ခန်းရှိရာ တံခါးမှာသံမဏိတံခါးဖြစ်၍ ကြေးဝါ သော့ခလောက်ကြီးတစ်ခု ခတ်ထား၏။ ၎င်းမှာဒေါက်တာသောင်းရွှေ၏ အဖိုးတန်ပစ္စည်းများ၊ စာအုပ်များနှင့် စာရွက်စာတမ်းများထားရာအလုံခန်းဖြစ်လေသည်။ သံတံခါးမှာ အောက်ကြမ်းပြင်နှင့် လက်မလေးပုံသုံးပုံခန့် ဟ၍နေရာကြွက်ကလေးမှာ ထိုအပေါက်ကလေးမှဝင်သွားခြင်းဖြစ်လေသည်။

ကြွက်တစ်ကောင်သည် အချိန်အနည်းငယ်အတွင်း၌ အဖိုးတန်စာအုပ်နှင့် စာရွက်စာတမ်းများကို ရစရာမရှိအောင် ဖျက်ဆီးပစ်နိုင်၏။ မသန်းနိုင်သည် ထိုအလုံခန်းအတွင်းသို့ သူကိုယ်တိုင် မဝင်ဘူးချေ။ သို့သော် အတွင်း၌ အလွန်ရှားပါး၍ အဖိုးထိုက်တန်သော ဆေးစာအုပ်များ၊ စာရွက်များ၊ ဖိုင်တွဲများရှိကြောင်းသိရ၏။ ထို့အပြင် မကြာသေးမီကမှ ရောက်လာသော ရှင်ဘို့မယ် အလောင်းထည့်သည့် မှန်စီရွှေချ ခေါင်းကြီးမှာလည်း ဤအခန်းအတွင်း၌ပင် ရှိနေ၏။ သော့ခလောက်ကြီးမှာ နံပါတ်အစီအစဉ်ဖြင့် လှည့်၍ဖွင့်ရသော သော့ခလောက်ဖြစ်၍ယင်းလျှို့ဝှက်နံပါတ်စဉ်ကိုလည်း မိမိမသိချေ။ နံပါတ်စဉ်ကို ဒေါက်တာသောင်းရွှေတစ်ယောက်သာ သိလေသည်။ သို့သော် မိမိဆရာ ဒေါက်တာသောင်းရွှေမှာ နောက်တစ်နေ့နံနက်မှ ရောက်မည်ဖြစ်၍ ကြွက်ကလေးသည် အခန်းတွင်းရှိ အဖိုးတန်ပစ္စည်းများကို တစ်ညဉ့်လုံး ကိုက်ဖြတ်ပေတော့မည်။

"အလုပ်က မပြီးနိုင်တဲ့အထဲမှာ ဒုက္ခအင်မတန်ပေးတဲ့ ကြွက်ပဲ"

ဟု ရေရွတ်လျက် မသန်းနိုင်သည် မည်ကဲ့သို့ ပြုလုပ်ရမည်ကို စဉ်းစားလျက်ရှိ၏။ မိမိ၏အစ်မမသန်းကြွိုင်မှာ ဒေါက်တာသောင်းရွှေထံတွင်အချိန်

အတန်ကြာမျှ အလုပ်လုပ်ခဲ့ဖူး၍ သော့ခလောက်ဖွင့်သောနံပါတ်ကို တစ်နေရာ၌ ရေးထားကောင်းရေးထားပေမည် ဟူ၍လည်း စဉ်းစားမိ၏။ မိမိလက်နှိပ်စက်ရိုက်သော စားပွဲမှာ မသန်းကြွိုင်ရှိစဉ်က အလုပ်လုပ်သောစားပွဲပင်ဖြစ်၏။ သို့သော်... မိမိရောက်လာသည့် အခါလက်နှိပ်စက်တစ်လက်၊ အဘိဓာန်စာအုပ်တစ်အုပ်သာ ကျန်ရစ်တော့သဖြင့် အခြားပစ္စည်းများကိုကား ရှင်းလင်းထားပြီးဖြစ်လေသည်။

အဘိဓာန်စာအုပ်ဟောင်းကြီး၌ ရှိကောင်းရှိမည်လော၊ စားပွဲအံဆွဲထောင့်၌ကားမမကြွိုင်၏အဘိဓာန်ဟောင်းကြီးကိုတွေ့ရ၏။ ယင်းစာအုပ်ကြီးမှာ မမကြွိုင်မရောက်မီ ယခင်အထက်က အလုပ်လုပ်ခဲ့ဖူးသော လက်ရေးတိုစာရေးများအသုံးပြုသည့် စာအုပ်ကြီး ဖြစ်လေသည်။ စာအုပ်ကြီးတွင် အတွင်းဘက် ကတ်ထူမျက်နှာဖုံးနှင့် ရှေ့နောက်အလွတ်စာရွက် လိပ်စာအချို့တယ်လီဖုန်းနံပါတ်အချို့နှင့်အခြားလျှို့ဝှက်ရေးသားချက်အချို့ကိုတွေ့ရ၏။ နောက်ဆုံးတွင် နောက်ကျောကတ်ထူဖုံးထောင့်စွန်းတစ်ခု၌ အင်္ဂလိပ်ဘာသာဖြင့် (Strong Room) "အလုံခန်း သော့ဖွင့်အမှတ်စဉ်" ဟု ခဲဖြင့် ရေးသားထားသည့် နံပါတ်စဉ်ကို မထင်မရှားတွေ့ရလေသည်။

မသန်းနိုင်သည် စက္ကူတစ်ရွက်ပေါ်၌ နံပါတ်စဉ်ကို ကူးယူခဲ့ပြီးလျှင် အလုံခန်းရှိရာသို့ လာခဲ့၏။ ထို့နောက် နံပါတ်ကို အစီအစဉ်အတိုင်း လှည့်၍အညွှန်းအတိုင်းရှေ့တိုးနောက်ဆုတ်ပြုလုပ်လေရာ နောက်ဆုံးနံပါတ်သို့ရောက်သောအခါ ယင်းနံပါတ်ကို တစ်ပတ်လှည့်၍ ရှေ့သို့နှစ်ချက်တိုးပြီးလျှင် နောက်သို့ တစ်ချက်ပြန်၍ဆုတ်လိုက်သည်တွင်သော့ခလောက်ကြီးပွင့်သွားလေသည်။ ထိုအခါမသန်းနိုင်သည် သံတံခါးကြီးကို တဖြည်းဖြည်းတွန်း၍ဖွင့်လိုက်လေ၏။ စန္ဒကူးနုံများကား နှာခေါင်းထဲသို့ တိုးဝင်လာ၍ ၎င်းမှာ ရှင်ဘို့မယ်ခေါင်းကြီးမှ ထွက်ပေါ်လာဟန် လက္ခဏာရှိလေသည်။

မသန်းနိုင်မြင်ရသော အရာများမှာ နောက်ဘက်တွင်သံနန်းဖြင့် ဆက်၍ထားသော လူအရိုးစုတစ်ခု၊ မှန်သေတ္တာဖြင့် ဆေးရည်များစိမ်ထားသော

မြေတစ်ကောင်၏ဦးခေါင်းပိုင်း၊ အခြားမှန်သေတ္တာတစ်လုံး၌အခြောက်လှန်းထားသော မျောက်ကလေးတစ်ကောင်၊ နံဘေးတွင် ဆေးစာအုပ်ကြီးများနှင့်ဖိုင်တွဲများရှိ၏။ နီကြန့်ကြန့်အရောင်ရှိသော သစ်သားပေါ်တွင် မှန်စီရွေ့သစ်စေးရိုးကိုင်ထားသည့် ခေါင်းကြီးမှာ အဖုံးကိုဖွင့်ထားလျက် လက်ယာဘက်နံရံ၌ထောင်ထားသည်ကို တွေ့ရ၏။ ထူးဆန်းသည်မှာ ခေါင်းကြီး၌ အောက်ကဘီးလေးဘီးတပ်ထား၏။ ကြောက်မက်ဖွယ်ကောင်းသောအရာများကို တွေ့မြင်ရသဖြင့် မသန်းနိုင်သည်ကြွက်ကလေးကို ပင်မမေ့လျော့နေမိတော့၏။ အတွင်းဘက်၌ အခြားခေါင်းတစ်ခုလည်းရှိသေးရာ ခေါင်းမှာ အလွတ်မဟုတ်ပဲလေးလံစွာရှိနေသဖြင့် အတွင်း၌ အလောင်းကောင်တစ်ခုရှိပေလိမ့်မည်၊ လူ၏အလောင်းမှတစ်ပါး အခြားပစ္စည်းမဖြစ်နိုင်ချေ။

မသန်းနိုင်သည် အလန့်တကြားဟစ်အော်လိုက်၏။ သို့ရာတွင် အသံမထွက်ပဲ လည်ချောင်း၌သာတစ်ဆို့လျက် ရှိလေသည်။ ကိုတင်စောပြောသည့်အတိုင်း မိမိဆရာဒေါက်တာသောင်းရွှေသည် စိတ်မနှံ့သူတစ်ယောက် ဖြစ်ပေလိမ့်မည်၊ အလုံခန်းအတွင်း၌ တွေ့ရသောအရာများကား လူသတ်မှုနှင့် ပတ်သက်သောပစ္စည်းများဖြစ်သဖြင့် ကိုတင်စောသတိပေးစကားများကို ယုံကြည်၍လာတော့၏။

မသန်းနိုင်သည် ကြက်သေသေလျက်ရှိရာမှ ရုတ်တရက်သတိရကာ အခန်းထဲမှ အမြန်ဆုံးထွက်ပြေးလိုစိတ်များပေါ်လာ၏။ အချိန်ကားလျင်မြန်စွာပြေးလွှားလျက်ရှိ၏။ အလုံခန်း၏ ထောင့်စွန်းတစ်ဖက်၌ကား အပေါ်သို့တက်သော လှေကားကလေးတစ်ခုရှိ၍ ထိုလှေကားထိပ်တွင် အဝိုးပေါ်သို့လျှို့ဝှက်စွာဆင်းနိုင်ကြောင်း ကောင်းစွာထင်ရှားလေသည်။ မသန်းနိုင်သည် ဆက်လက်၍မတွေးဝံ့တော့ဘဲ ဓာတ်မီးခလုတ်ကိုပိတ်လိုက်၏။ ထို့နောက် အခန်းတံခါးကြီးကို ဆွဲယူလိုက်ပြီးလျှင် အပြင်မှ အကွာရာသော့ခလောက်ချိတ်ကာ အပိတ်အကွာရာများကို စီစဉ်၍ လှည့်ခတ်လိုက်၏။

သူ၏ မျက်စိထဲတွင် ယခင်ကဖြစ်ခဲ့ဖူးသည့် အဖြစ်အပျက်များနှင့် ပတ်

သက်၍ အသိဉာဏ်များ၊ အတွေးအခေါ်များ ဝင်ရောက်လာ၏။ မိမိအစ်မလိမ့်ကျစဉ်ကအခန်းထဲ၌တစ်ယောက်တည်းရှိဖူးသည်ဟုဆိုခြင်းမှာ ဟုတ်မှဟုတ်ပေမည်၊ ဆရာဝန်ဒေါက်တာသောင်းရွှေသည် အဝိုးမှနေ၍ လျှို့ဝှက်သောတံခါးမှ အခန်းတွင်းသို့ဆင်းလာနိုင်သည်မဟုတ်ပါလော။ ဓာတ်လှေကားမောင်းသူ အဗွဒုလာက မည်သူတစ်ဦးတစ်ယောက်မျှ ထိုအချိန်ကတက်မလာပါဟု ရဲရုံထောက်အဖွဲ့သို့အစစ်ခံခြင်းမှာ မှန်သည်ပင်ဆိုစေကာမူ တစ်ရုံတစ်ယောက်သည် တိုက်ခေါင်မိုးပေါ်သို့ အခြားနည်းလမ်းဖြင့် တက်နိုင်သည် မဟုတ်ပါလော။ ထို့ပြင် လွန်ခဲ့သော တစ်နှစ်ခန့်က ဒေါက်တာသောင်းရွှေ၏ အတွင်းခန်း ပြတင်းပေါက်တွင်တိုက်အပြင်မှ လှေကားဖြင့် ဆေးသုတ်နေသော ကုလားတစ်ယောက် လိမ့်ကျသေဆုံးသွားသည်ဆိုခြင်းမှာလည်း ထိုကုလားသည် အခန်းထဲ၌ အလွန်ကြောက်မက်ဖွယ် ကောင်းသောအခြင်းအရာတစ်ခုကို မမျှော်လင့်ပဲ ရုတ်တရက်တွေ့မြင်လိုက်ရသဖြင့် လန့်ဖျပ်ကျသွားခြင်း မဖြစ်နိုင်သလော၊ ဒေါက်တာသောင်းရွှေသည် မည်



လက်တစ်ဖက်သည်
မသန်းနိုင်၏လည်မျိုဆီသို့
ရောက်လာပြီးလျှင်
ဖျစ်ညှစ်လေရာမသန်းနိုင်လည်း
အတင်းရုန်းကန်လျက်ရှိ၏။
သို့သော်
အင်းအားချင်းမမျှရကား
နောက်ဆုံး
အသက်မရှူနိုင်တော့ဘဲ
သတိလစ်၍သွားတော့၏။

သို့သော ဉာဏ်နီဉာဏ်နက်ဖြင့် ဤလျှို့ဝှက်သော ကောင်းကင်တံခါးပေါက်ကို ထားရှိလေသနည်း၊ နဖူးမှချွေးများပြန်ကာ လက်ဖျားများမှာလည်း ရေခဲစိမ်ထားသကဲ့သို့ အေးစက်လျက်ရှိလေ၏။

"မဖြစ်ဘူး...မဖြစ်ဘူး...ငါမြန်မြန်ပြေးမှ..."

ဟု စိတ်ထဲက ရေရွတ်မိ၏။ ကိုတင်စော သတိပေးစကားများကို ကြားယောင်ကာ ကိုတင်စောအား တွေး၍ကျေးဇူးတင်မိ၏။ သို့နှင့် မိမိစားပွဲရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့ပြီးလျှင် လက်နှိပ်စက်ကို အဖုံးဖုံးလိုက်၏။ စာရွက်များကိုအံ့ဆွဲအတွင်းသို့ ထည့်လိုက်၏။ မှန်ပြတင်းပေါက်များကို လျင်မြန်စွာ ပိတ်လေ၏။

"ဒီအကြောင်းတွေ ကိုတင်စော သွားပြောမှပဲ" ဟုစိတ်ထဲကအောက်မေ့ကာ အခန်းထဲမှ အမြန်ဆုံးထွက်ရန်ပြင်ဆင်လျက်ရှိလေ၏။ သွက်လက်သော မိမိ၏လက်များကိုပင် အားမရနိုင်ပဲ နေးလွန်းသည်ဟု ထင်မိ၏။ အံ့ဆွဲကိုသော့ခတ်ပြီးလျှင်သော့တွဲကလေးကိုပလပ်စတစ်လက်ပွေ့အိတ်ကလေးထဲသို့ ထည့်လိုက်၏။ ကုလားထိုင်နောက်ကျောတွင် ချိတ်၍ ထားသော အဝါနရောင် သားမွေးလက်ရှည်အကျီကို ကပျာကယာဝတ်ခါ အနီးတွင် ထောင်၍ထားသော ထီးကလေးကို ဆွဲယူလိုက်၏။ ထို့နောက် အခန်းကျယ်ကြီးကို ဖြတ်ကာ တံခါးပေါက်ဆီသို့ လျင်မြန်စွာလာခဲ့၏ ။ သို့သော် ... တံခါးပေါက်သို့ မရောက်မီ "ဂျိုင်း" ခနဲ ဓာတ်လှေကားရပ်သောအသံကို ကြားရသဖြင့် ခြေလှမ်းများ တန့်၍သွားလေသည်။

ထိုခဏ၌ ယောကျ်ားတစ်ယောက်၏ အရိပ်သည် လှေကားထိပ်တွင် ထွန်း၍ထားသော ဓာတ်မီးရောင်ကြောင့် အခန်း၏မှန်တံခါးပေါ်သို့ကျရောက်လာလျက်ထိုအချိန်၌ပင်မှန်တံခါးကိုတွန်း၍ဝင်လာသော ဒေါက်တာသောင်းရွှေနှင့် ပက်ပင်းတိုးမိလေ၏။

"အဆင်သင့်ပဲမသန်းနိုင်ရေ...မီမှမီပါ့မလားလို့ဗျာ၊ အုပ်မိအောင်အပြေးလာခဲ့ရတယ်၊ သိပ်အရေးကြီးတဲ့ စာတစ်စောင် ရိုက်ရမယ်ကွယ့်"

ထီးနှင့်လက်ပွေ့အိတ်ကလေး ကိုင်ထားသည်ကိုလှမ်း၍ကြည့်ကာ ဒေါက်တာသောင်းရွှေက ဆက်လက်၍...

"ဘယ်နယ့်လဲ ပြန်တော့မလို့လား၊ မိုးလည်းဖွဲနေပါသေးတယ်လေ၊ နေပါဦး၊ ပြီးတော့ ဆရာလိုက်ပို့မှာပေါ့"

"ဟုတ်ကဲ့"

မသန်းနိုင်မှာ "ဟုတ်ကဲ့" ဟု အလိုက်သင့်ပြန်ပြောလိုက်ရသော်လည်း ရင်ထဲတွင် ဒိတ်ခနဲဖြစ်ကာ လက်ကလေးများ တဆတ်ဆတ်တုန်လှုပ်လျက်ရှိ၏။ သို့သော် ဟန်ဆောင်၍ ပြုံးလိုက်ရလေသည်။

"ဆရာ နက်ဖြန်မှ ပြန်ရောက်မယ်ဆိုလို့"

"ဒီကနေ့လေယာဉ်ပျံတစ်စင်းကြုံတာနဲ့လိုက်လာတာ၊ ပြီးတော့စာတစ်စောင်ရေးဖို့က အရေးကြီးနေလို့..."

"ကိုင်းလေ ... ထိုင်ပါဦး၊ ဒီစာကို ဆရာပြောတဲ့အတိုင်းလက်ရေးတိုနဲ့လိုက်ရေး၊ နောက် ရိုက်ပြီးရင် ဟော်တယ်တစ်ခုခုသွားပြီး ညစာစားကြတာပေါ့ဆရာလည်း မစားရသေးပါဘူး၊ စထရင်းသွားစားမယ်၊ ကြိုက်ရဲ့ မဟုတ်လား"

"ဟုတ်ကဲ့"

မသန်းနိုင်သည် အားယူ၍ ပြုံးလိုက်ရ၏။ စားပွဲသို့ ပြန်၍သွားပြီးလျှင် တုန်ရီသော လက်များဖြင့် လက်နှိပ်စက်အဖုံးကိုဖွင့်ကာ အလုပ်လုပ်ရန်ပြင်ဆင်ရ ပြန်လေ၏။ ဟော်တယ်တွင် ညစာစားခါမှ အလစ်တွင် တစ်ယောက်တည်းလစ်ထွက်သွားရန် လွယ်ကူကြောင်းစဉ်းစားမိ၏။ ထို့ပြင်လွတ်မြောက်ရန် အခြားနည်းလမ်းများလည်းများစွာရှိသဖြင့် ထိုအခါမှ အတော်ပင်စိတ်အေး၍ သွားတော့၏။ ဒေါက်တာသောင်းရွှေကား မိုးကာအကျီကြီးကို ချွတ်လိုက်ပြီးလျှင် အကျီချိတ်တစ်ခုတွင် ချိတ်ထားလိုက်ပြီးနောက် အလုပ်စားပွဲ၌ထိုင်ကာ သူ၏လက်ဆွဲအိတ်ထဲမှ စာရွက်များကိုရှင်းလင်းလျက်ရှိရာ သူ၏အမူအရာမှာ ခါတိုင်းကဲ့သို့ပင် ဖျတ်လတ်သွက်လတ်လျက် ရှိလေသည်။

"ကိုင်း ... မသန်းနိုင် ဒီစားပွဲလာလေ၊ ဆရာပြောဖို့ အသင့်ပဲ"

"ဟုတ်ကဲ့ ဆရာ၊ လာပါပြီ"

မသန်းနိုင်သည် ခဲတံချွန်ချွန်တစ်ချောင်းနှင့် လက်ရေးတိုရေးသော စာအုပ်ကို ဆွဲယူပြီးလျှင် ဒေါက်တာသောင်းရွှေ၏ စားပွဲရှေ့သို့ သွားလေ၏။

လက်ရေးတိုဖြင့် လိုက်ရေးရသောစာများမှာ စာရှည်ကြီး ၇ စောင်ဖြစ်၍နောက်ဆုံးပြီးသောအခါ မသန်းနိုင်သည် နေရာမှထမည်ပြုလေသည်။ သို့သော်ဒေါက်တာသောင်းရွှေက ထိုင်ရန် ညွှန်ပြလျက်...

"ထိုင်ပါဦးမသန်းနိုင်၊ ဒါထက်မသန်းနိုင်ကြည့်ရတာ မျက်နှာခပ်ညှိုးညှိုးဖြစ်နေတယ်၊ နေမကောင်းဘူးလား"

"ဟုတ်ကဲ့၊ နည်းနည်းနေမကောင်းဘူးဆရာ၊ အခုညနေအအေးပတ်ချင်သလိုဖြစ်လာတယ်"

"မိုးကလည်း တဖြောက်ဖြောက်နဲ့ ခုထက်ထိမတိတ်သေးဘူး၊ နည်းနည်းလည်း အေးလာတယ်၊ အနွေးထည်အပေါ်ကထပ်ဝတ်ထားမှပေါ့၊ ဘယ့်နယ်ဗျာ ဟော်တယ်မှာပျော်ပျော်ပါးပါး ညစာသွားစားမယ်လုပ်ခါမှ အခုလိုဖြစ်ရတယ်၊ ပြောရင်းဆိုရင်းမိုးက သည်းတောင်လာပြန်ပါပြီ၊ အပြင်ထွက်စားလို့တော့ မဖြစ်တော့ဘူး၊ ဒီမှာ စားမယ်"

တယ်လီဖုန်းကို ကောက်၍ကိုင်ကာ နံပါတ်တစ်ခုကို လှည့်လိုက်ပြီးနောက်...

"စထရင်း ဟော်တယ်"

"ဟုတ်ပါတယ်၊ လူနှစ်ယောက်အတွက် ညစာဒီကို လာပို့စေချင်တယ်၊ ငါးထပ်ပေမယ့် ကိစ္စမရှိပါဘူး၊ ဓာတ်လှေကားစောင့်တဲ့လူကို ပေးလိုက်ရင်ပြီးတာပါပဲ၊ နာရီဝက်အတွင်း ဟုတ်လား ... ကိစ္စမရှိပါဘူး စောင့်နိုင်ပါတယ်"

ဒေါက်တာသောင်းရွှေသည် လမ်းနံပါတ်၊ တိုက်နံပါတ်၊ အခန်းနံပါတ်တို့ကို ပေးလိုက်လေ၏။

"ညစာကလေး ပူပူနွေးနွေးစားပြီးရင် ... နေကောင်းသွားပါလိမ့်မယ် မသန်းနိုင်၊ အဲဒီတော့မှ ဖျတ်ဖျတ်လတ်လတ် ဖြစ်လာပြီး အလုပ်လုပ်ချင်တဲ့စိတ်ပေါ်လာမှာ"

"နို့ပေမဲ့"

(စကားမဆက်မီ ဒေါက်တာသောင်းရွှေက ကြားဖြတ်၍) "ဆရာအခန်းထဲဆိုဖာပေါ်ခဏလဲ့နေပါလား၊ အခုရောက်လာမှာပဲ၊ ဆရာစောင့်ပြီးယူပါ့မယ်၊ အဗွဒူလာကို အောက်ထပ်မှာ စောင့်ပြီးယူလာဖို့ မှာထားရင် ပြီးတာပဲ"

မသန်းနိုင်သည်ဆရာ၏စကားကိုမလွှဲသာသဖြင့်နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ခပ်လဲ့လဲ့နေလိုက်ရ၏။ သို့သော်စိတ်ထဲ၌ကားဤအခန်းတွင်းမှမည်ကဲ့သို့ လွတ်မြောက်ရမည်ကိုသာ အဆက်မပြတ် စိတ်ကူး၍နေမိတော့၏။ ကိုတင်စောပြောသည့်အတိုင်းဒေါက်တာသောင်းရွှေ စိတ်မနှံ့ဟုဆိုခြင်းမှာ မှန်လေပြီဟုလည်း စိတ်ကူးမိ၏။ ယခုအချိန်၌မူ ဒေါက်တာသောင်းရွှေသည် မိမိအား အခန်းပြင်သို့ ထွက်ရန်ပင်အခွင့်အရေးမပေးတော့ချေ၊ အနည်းဆုံး အခန်းပြင်သို့ရောက်နိုင်က အဗွဒူလာလက်ထဲသို့သော်လည်းကောင်း၊ ဟိုတယ်မှ ညစာလာ၍ပို့သော ဘွိုင်ကုလားလက်သို့သော်လည်းကောင်း စာကလေးတစ်ရွက်ပေးလိုက်နိုင်၏။ လူသူလေးပါးကြားအောင် ဟစ်အော်မည်ဆိုကလည်း ဟစ်အော်နိုင်၏။ ယင်းတို့ကိုပင် ဒေါက်တာသောင်းရွှေသည် ကြိုတင်စိတ်ကူးထားမိဟန်တူ၏။ မသန်းနိုင်သည် အမျိုးမျိုး စိတ်ကူးထုတ်လျက်ရှိ၏။ လောလောဆယ်အားဖြင့်မူ သူနှင့်လိုက်လျောကာ ဟန်ဆောင်၍နေခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်းတွေးမိ၏။ ကပ်လျက်ရှိသော အခန်းများနှင့်အောက်ထပ်မှာ လူနေသော အခန်းများမဟုတ်ဘဲ ရုံးခန်းများသာဖြစ်သဖြင့် ပိတ်ထားလေပြီ။ အပြင်သို့အဆက်အသွယ်ရမည်ဆိုက မိမိအားအထူးဂရုစိုက်လျက်ရှိသော ဝတ်လုံကိုတင်စောထံအမြန်ဆုံးအကြောင်းကြားရန်ဖြစ်၏။ ပြတင်းပေါက်မှလည်း အချက်ပြနိုင်၏။ ထိုအချက် နှစ်ချက်သာ မိမိအတွက် လွတ်မြောက်ရန်သာရှိတော့၏။

"အို ... မဟုတ်တာ မသန်းနိုင်ကလဲ၊ နေမကောင်းတုန်းပြဲမပြဲမ်ကလေး အနားယူနေစမ်းပါ"

ဟု ပြောပြီးလျှင် တယ်လီဖုန်းကို သူ့ဘက်သို့တစ်ပေခန့်ဆွဲယူထားလိုက်လေသည်၊ မရေးမနောင်းပင်အပြင်မှတံခါးဝေါက်သံကြားရ၍အမွှေလာသည် ဟော်တယ်မှ ညစာများလာပို့ပြီဖြစ်ကြောင်း ပြောကြားလာ၏။

မသန်းနိုင်သည် အပြင်ပန်းတွင် မျက်နှာမပျက် မကြောက်ဟန်ဆောင်နေရသော်လည်း စိတ်ထဲကမူ လမ်းပေါ်သို့ အရောက်ဆင်းပြေးလိုသောဆန္ဒရှိ၏၊ အချိန်ဆွဲ၍ လူတစ်ယောက်အား လှည့်ဖြားနေရသည်မှာ မသက်သာလှ၍၊ မိမိလှည့်ဖြားနေရသည်မှာလည်း လူကောင်းတစ်ယောက်မဟုတ်ဘဲ စိတ်မနှံ့သူတစ်ယောက်ဖြစ်၏။

ဓာတ်လှေကား ပြန်ဆင်းသွားသံ ကြားလိုက်ရပြီးနောက် ဒေါက်တာသောင်းရွှေသည် တံခါးကိုပြန်ပိတ်လိုက်ပြီးလျှင် ဟိုတယ်မှ ညစာလက်ဆွဲခြင်းကလေးကို ကိုင်၍ ဝင်လာ၏။

"ကိုင်း ... မသန်းနိုင်ရေ၊ ညစာတော့ရောက်ပြီ၊ ဘယ်မှာစားကြမလဲ၊ မသန်းနိုင်စားပွဲမှာ စားချင်စားလေ"

မသန်းနိုင်သည် နေရာမှ လျင်မြန်စွာထလိုက်၏။ မိမိမစားချင်သော်လည်းစားဟန်ဆောင်ခြင်းသည် အနည်းနှင့် အများ ဧဝေးအန္တရာယ်နှင့် ဝေးကွာရန် အကြောင်းရှိသည်ဟု စဉ်းစားမိ၏။ သို့စားသောက်နေသည့် အချိန်အတွင်း အကြံဉာဏ်ထုတ်နိုင်ရန် အကြောင်းရှိလေသည်။

သို့နှင့် မသန်းနိုင်သည် မိမိအခဲဆွဲထဲတွင် ဓါးဝေါက်သိမ်းထားဧသော လက်ဇက်ရည်သောက်သည့်အခါ အသုံးပြုသည့် စားပွဲဝင်းအဖြူတစ်ထည်ကို ဖြန့်ခင်းလိုက်၏။ ထို့နောက် တစ်ဇက်တစ်ချက်တွင် ပန်းကန်ပြားတစ်ချပ်စီ ချ၍ဟင်းပန်းကန်များနှင့်ဇွန်းခက်ရင်းများကိုပြင်ဆင်လေ၏။ ပေါင်မုန့်ထောပတ် အာလူးကြော်၊ ကတ်တလိတ်များကို နေသားတကျထား၍ အငွေ့တထောင်းထောင်းထွက်နေသော စွပ်ပြုတ်ကို ရွှေဦးစွာ ထည့်လေသည်။

မိမိလွှမ်းရှားလိုက်တိုင်း အမှုအရာ ပြောင်းလိုက်တိုင်း ဒေါက်တာသောင်းရွှေသည် အကဲခတ် ကြည့်ရှုနေကြောင်း မသန်းနိုင်သတိပြုမိ၏။ သူဘာကို အလိုရှိလေသနည်း၊ မိမိအား မည်ကဲ့သို့ပြုလုပ်လေမည်နည်း၊ မသန်းနိုင်သည် အခန်းတစ်ခုလုံးကို မျက်လုံးဖြင့် လှည့်ပတ်ကြည့်ရှုမိ၏။ ဒေါက်တာသောင်းရွှေကား သိနှင့်လေပြီ၊ သူလည်း အခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်ရှု၏။ အခန်းထဲတွင် မသန်းနိုင်၏ ခြေရာများသည် အလုံခန်းတံခါးဝမှ မိမိအလုပ်စားပွဲအထိရှိနေသည်ကိုမြင်ရ၏။ မှန်စီရွှေချခေါင်းကြီးမှာ အတွင်း၌ ဖွဲပြာများထည့်၍ထားသဖြင့် ယင်းအနီးပတ်ဝန်းကျင်၌ ကျနေသော ဖွဲပြာများကို မသန်းနိုင်သည် သူ၏စိုထိုင်းနေသော ဖိနပ်ဖြင့်အမှတ်မဲ့နင်းမိခဲ့၏။ အလုံခန်းထဲမှ ထွက်ခဲ့ပြီးနောက် မိမိ စားပွဲရှိရာသို့ လာခဲ့သောအခါ ထိုဖွဲပြာများ ကပ်လျက်ရှိသော မသန်းနိုင်ဖိနပ်မှ ခြေရာများသည် အရောင်တင်ထားဧသော ကြမ်းပြင်တွင် အတိုင်းသားထင်၍နေဧတော့၏။ မသန်းနိုင်သည် ဆိုဇာပေါ်တွင် လဲနေသောအခါမှ ထိုခြေရာများကိုမြင်ရသဖြင့် အမှတ်မဲ့မြင် ရဇလရာ ကြောက်၍ထိတ်လန့်စွာ ကြည့်နေမိ၏။ ဒေါက်တာသောင်းရွှေသည်လည်း မသန်းနိုင်၏မျက်လုံးများကို လိုက်၍ကြည့်ကာ ... ထိုအခြင်းအရာများကို ရိပ်မိသွားပြီဖြစ်ကြောင်း မသန်းနိုင်သတိပြုလိုက်၏။

အိပ်မက်ထဲတွင် မိမိနောက်မှ ကြောက်မက်ဖွယ်ကောင်းသောသတ္တဝါကြီးတစ်ကောင်ကလိုက်သဖြင့် ထွက်ပြေးရသောအခါ ခြေလှမ်းနေး၍မပြေးနိုင်သကဲ့ မသန်းနိုင်သည်လည်း ဒေါက်တာသောင်းရွှေ၏ လက်ထဲမှ ရုန်းထွက်လွတ်မြောက်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မိမိစိတ်သွားသည့်အတိုင်း ကိုယ်က မပါဘဲရှိနေ၏။ အချိန်များကား တဖြည်းဖြည်း ကုန်၍လာခဲ့ချေပြီ။

"မဖြစ်ဘူး ... မဖြစ်ဘူး၊ ငါတစ်ခုခုလုပ်မှ၊ လုပ်ဆိုအခုလုပ်မှ" ဟု စိတ်ကို တင်းလိုက်၏။ တယ်လီဖုန်းဖြင့်မိမိနှင့်လက်တစ်ကမ်းမျှသာဝေးသဖြင့် မသန်းနိုင်သည် တယ်လီဖုန်းလက်ကိုင်ကို လှမ်း၍ ဆွဲမည်ပြုလိုက်၏။ သို့ရာတွင် ဒေါက်တာသောင်းရွှေက ...

ရွှေ ။ "ကြော်...ဒါထက်ဘုန်းကြီးမှာမှန်စီရွှေရဖေါင်းကြီးပြင်ခဲ့ရတော့ ဆရာဝယ်လာတဲ့ ရှင်ဘို့မယ်ဖေါင်းကြီး သွားပြီး သတိရမိသေးတယ် မသန်းနိုင်ရေ"

နိုင် ။ "ဟုတ်ကဲ့"

ရွှေ ။ နို့ပေမဲ့ . . . ဟိုက ကျွန်းသားဖေါင်း။ ဆရာတို့ပစ္စည်းက စန္ဒကူး အစစ်အင်မတန်မွှေးတယ်၊ အနားကပ် လိုက်ရင်ကြိုင်နေတာပဲ"

"စန္ဒကူးဆိုတော့ မွှေးမှာပေါ့"

"ပြီးတော့လည်းကျွပ်တို့ပစ္စည်းကအဖိုးတန်ရာဇဝင်ပစ္စည်းမသန်းနိုင်ရဲ့ အဖိုးတန်မိန်းမတစ်ယောက်အတွက် သက်သက်လုပ်ရတဲ့ ပစ္စည်းပေါ့"

"ဟုတ်ကဲ့"

"မဘို့မယ်ဟာ . . . အင်မတန်ချောတဲ့ မိန်းမတစ်ယောက်"

"ဟုတ်ကဲ့"

"အရုဓေတ်မျက်စိနဲ့ကြည့်ရရင် မသန်းနိုင်တို့ ရှုပ်မျိုးပေါ့"

"အိုး . . . ဆရာကလည်း မသန်းနိုင် မလှပါဘူး"

"လှတာပေါ့ဟု၊ ရှင်ဘို့မယ်ထက် သာရင်သာမယ် မလျော့ဘူး"

"ဆရာကလဲ"

"ပြီးတော့အရပ်ကျဖေငွလက်မလောက်ရှိတယ်၊ သေးသေးသွယ်သွယ် မသန်းနိုင်တို့ အရပ်အမောင်း၊ မသန်းနိုင်တို့ ကိုယ်လုံးကိုယ်ဝေါက်မျိုးပဲ"

"ဟာ"

ဒေါက်တာသောင်းရွှေသည်စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးနောက် မီးခိုးများ ဖွာထုတ်လိုက်၏။

"ကိုင်းလေ . . . မသန်းနိုင်အလုပ်လုပ်စရာရှိသေးတယ်၊ ကိုယ်က စကား ကောင်းနေလို့ မဖြစ်သေးဘူး"

ဒေါက်တာသောင်းရွှေသည် သူ၏ အလုပ်စားပွဲသို့ ပြန်သွားသဖြင့် အတော်စိတ်သက်သာရာ ရသွား၏။ သို့သော် ဖေါင်းအကြောင်းကို စိကာ

တော်ဒီကရားကို နံဆေးသို့ ဖယ်ထားပြီးနောက် ကြက်သွန်နှင့် အချဉ်ပုံးရည် တစ်ခွက်ကိုအလယ်၌ချထား၏။ သူ၏ ပြင်ဆင်ပုံမှာ ဖျတ်လတ်သွက်လတ်လှသဖြင့် ဒေါက်တာသောင်းရွှေပင် ငေးမောကြည့်ရှုလျက်ရှိလေသည်။

ဒေါက်တာသောင်းရွှေသည် ကုလားထိုင်နှစ်လုံးဆွဲယူလာကာ စားပွဲတွင် နေသားတကျထားလိုက်ပြီးနောက် ပြတင်းပေါက်မှ လှမ်းကြည့်၏။ အပြင်၌ကားအတန်ငယ်မိုးစဲသွားပြီဖြစ်သော်လည်း ငွေရောင်မိုးဖွဲကဖေးများသည် တဖွဲဖွဲကျလျက်ပင် ရှိသေး၏။

"စန်းဆီးကို ချလိုက်မယ်နော် . . . မသန်းနိုင်"

သူသည် စန်းဆီးကို သတိကြီးစွာဖြင့် ဖြည်းညင်းစွာ ဆွဲချပြီးနောက် မသန်းနိုင်နှင့် မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ထိုင်လိုက်၏။

ဒေါက်တာသောင်းရွှေမှာ အပြောကောင်းသူ၊ စကားတတ်သူတစ်ယောက်ဖြစ်သည့်အတိုင်း သူပြောဆိုနေသော စကားများမှာ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ မသန်းနိုင်ကလည်း စိတ်ထဲက ကြောက်ရွံ့လျက်နှင့်ပင် ဟန်ဆောင်ကာ သူ၏စကားများကို အလိုက်သင့် ပြန်ပြောလျက်ရှိ၏။ သူပုသိမ်တွင်ရှိစဉ်ကပြဇာတ်တစ်ခုကို ကြည့်ခဲ့ရကြောင်း၊ အားကစားရုပေးပွဲတစ်ခုသို့ မိတ်ဆွေတစ်ယောက်ကဖိတ်သဖြင့် သွားရောက်ကြည့်ရှုခဲ့ရကြောင်း၊ ဘုန်းကြီးပျံတစ်ခုသို့လည်း ရောက်ခဲ့၍ အလောင်းတော်ကို မှန်စီရွှေရဖေါင်းဖြင့် "စင်ရှင်" ပေါ်မှ "လောင်တိုက်" သို့ စက်ကြိုးဖြင့် ဆွဲယူသည်ကို ကြည့်ရကြောင်း၊ ထိုသို့ အလောင်းတော်ကို ပင့်ဆောင်လျက်ရှိစဉ် ဆိုင်းဝိုင်းကြီးကလည်း ကြိုးဘွဲ့အမျိုးမျိုးဖြင့် သာယာငြိမ့်ညောင်းစွာ တီးလျက်ရှိရာ လွန်စွာပင် ကြည်နူးဘွယ်ကောင်းကြောင်း စသည်ဖြင့် စကားကို ဖောင်လောက်အောင် ပြောလျက်ရှိလေ၏။ မသန်းနိုင်ကလည်း သူပြောသော စကားများကို လိုက်ခါ ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်း၊ အံ့သြခြင်း စသည့် အမူအရာအမျိုးမျိုးကိုပြုလျက်ရှိ၏။

ပတ်ကုံးပြောနေသည်ပြင် ထိုဓါဠ်းထဲသို့ ထည့်သွင်းခဲ့သော အလောင်းရှင်ဘို့မယ်မှာမိမိနှင့် အရပ်အမောင်းကိုယ်လုံးကိုယ်ပေါက်မှစ၍ တူညီလောက်သည်ဟု ပြောခြင်းမှာ မည်ကဲ့သို့ အဓိပ္ပာယ်ရှိလေသနည်း။ မသန်းနိုင်သည် ဖျန်းခနဲ ကြက်သီးထမိ၏။

စားပွဲပေါ်ရှိပန်းကန်ခွက်ယောက်များကိုလျင်မြန်စွာ သိမ်းဆည်းလိုက်ပြီးနောက် မသန်းနိုင်သည် စာအုပ်ထဲမှလက်ရေးတိုများကို လက်နှိပ်စက်ဖြင့် ရိုက်ကူးလျက်ရှိလေ၏။ ပထမ တစ်စောင်ပြီးသွားပြီးနောက် ဒုတိယစာကို စတော့၏။

အတွင်းခန်းအလုပ်စားပွဲဘက်သို့ကြည့်လိုက်ရာ ဒေါက်တာသောင်းရွှေသည် မိမိအား စိုက်ကြည့်နေကြောင်း အခန်းပေါက်တံခါးကို ဖွင့်ထားသဖြင့် ကောင်းစွာမြင်ရ၏။ သူ၏အပြုအမူများကား ထူးဆန်းလှတော့၏။

ဒုတိယစာများပြီးသွားသောအခါတတိယစာကို ဆက်လက်ရိုက်ပြန်၏။ တစ်ဖက်ကပြင်းထန်စွာ အကြံထုတ်နေရသဖြင့် စက်သံမှာ မမြန်လှဘဲ ဖင့်နွဲ့လျက်ရှိ၏။ သို့ရိုက်နေစဉ်အကြံတစ်ခုပေါ်လာ၏။ မိမိစားပွဲရှေ့ဧည့်ခန်းထောင့်၌ တယ်လီဖုန်းတစ်ခုရှိရာ ထိုတယ်လီဖုန်းဖြင့် ၉ သုံးလုံးသာ ဆက်နိုင်က အကျိုးအကြောင်းကိုပင် ရေလည်စွာ မပြောနိုင်စေကာမူ သက်ဆိုင်ရာအာဏာပိုင်များသည် ခေါ်သောနံပါတ်ကိုကြည့်၍ လိုက်လာပေလိမ့်မည်။ သို့နှင့် မသန်းနိုင်သည်စက်ရိုက်လျက်ရှိရာမှ တယ်လီဖုန်းရှိရာသို့ လျင်မြန်စွာထသွားလေ၏။ ဒေါက်တာသောင်းရွှေကား မသန်းနိုင် ထသွားသည်ကို မြင်လျှင် တစ်စုံတစ်ရာဟန့်တားခြင်းမပြုဘဲ ငေးၝိသာကြည့်နေ၏။

မသန်းနိုင်သည် တယ်လီဖုန်းလက်ကိုင်ကို ကောက်ယူကာ ၉ သုံးလုံးဌာနရှိရာနံပါတ်ကို လျင်မြန်စွာ လှည့်ပြီးနောက် နားထောင်လိုက်၏။ သို့သော် အတွင်းမှ မည်သည့် အသံမျှ မကြားရဘဲ ငြိမ်သက်လျက်ရှိ၏။ တယ်လီဖုန်းကြိုးကို တစ်စုံတစ်ယောက်က ဖြတ်တောက်ထားပြီး ဖြစ်ဟန်တူ၏။

ထိုအခါမှာ မိမိမှာ အပြင်လောကနှင့် အဆက်ပြတ်လျက်ရှိနေပြီဖြစ်

ကြောင်းကောင်းစွာသိရတော့၏။ မိမိအား ကူညီမည့်သူမှာ လမ်းတစ်လမ်းမျှသာခြားသောတိုက်ပေါ်တွင်အသင့်ရှိနေပါလျက် စိတ်မနံ့သူတစ်ယောက်မတရားချုပ်ချယ်ခြင်း ခံနေရသည်ကို အားမလိုအားမရဖြစ်လာ၏။

စတုတ္ထစာကို ဆက်လက်ရိုက်နေရာမှ အကြံထုတ်လျက်ရှိပြန်ရာ နောက်ဆုံး စွန့်စားရမည့် အခွင့်အရေးနှစ်ခုကို စဉ်းစားမိ၏။ သို့သော် ယင်းအချက်နှစ်ခုမှာ ဒေါက်တာသောင်းရွှေ မျက်မှောက်၌ အတင်းဒလကြမ်း စွန့်စား၍လုပ်နိုင်မှသာဖြစ်ပေမည်။ သို့သော် အောင်မြင်ရန်ကား ရာခိုင်နှုန်း ၅၀ မျှသာရှိ၏။ ပထမအချက်မှာ ပိတ်ထားသောပြတင်းပေါက်ကို ဖွင့်ပြီးနောက် ကိုတင်စောကြားလောက်အောင် ဟစ်အော်၍ခေါ်ခြင်း ဖြစ်၏။ ဒုတိယအချက်သည်ကား တံခါးဆီသို့အတင်းပြေးသွားပြီးနောက် တံခါးကိုဖွင့်လျှင် အောက်သို့တရကြမ်းဆင်းပြေးခြင်းဖြစ်၏။ ထိုအခွင့်အရေး နှစ်ခုအနက် တစ်ခုကို ပထမ ဇရူးရယ်ရပေမည်ဟု ဇရူးဦးစွာ အကြံပြုလိုက်၏။

သို့သော် ဒေါက်တာသောင်းရွှေသည် မသန်းနိုင်၏ စိတ်ထဲမှ အကြံကို ရိပ်မိသကဲ့သို့ အလုပ်စားပွဲမှ ထလာပြီးလျှင် -

"ပြတင်းပေါက်တွေဖွင့်မလားမသန်းနိုင်၊ မိုးလည်းတိတ်သွားပါပြီ၊ ပြတင်းပေါက်တွေပိတ်ထားတော့ နည်းနည်းပူတာပေါ့"

ဟုပြောကာ ဖွင့်လိုက်ပြီးနောက် ခန်းဆီးကိုအနည်းငယ် မြွင့်တင်ပေးလိုက်၏။

မသန်းနိုင်ကား တစ်စုံတစ်ရာပြန်မပြောချေ။ လက်နှိပ်စက်ကိုသာ တဖြည်းဖြည်း ရိုက်လျက်ရှိလေသည်။

စာအမှတ် ၅ ပြီးဆုံးပြီးနောက် အမှတ် ၆ ကိုဆက်၍ရိုက်ပြေ၏။ ဆရာဝန်၏ အပြုအမူမှာ ဆက်လက်ထူးခြားခြင်းမရှိ၍သာ စိတ်သက်သာရာရမိ၏။ သို့သော်အလုပ်ပြီးသွားလျှင် မည်သို့ဖြစ်ချိမ့်မည်နည်း။ သို့နှင့် အလုပ်ပြီးရန်ကိုပင် ကြောက်ရွံ့လျက်ရှိတော့၏။ လက်နှိပ်စက်ကလေးကားတဖြောက်ဖြောက် သွားလျက်ရှိလေသည်။

အရိုန်များကား နာရီစက္ကန့်လက်တံနှင့်အတူလျင်မြန်စွာပြေးသွားလျက်ရှိ၏။ မသန်းနိုင်ကားကြံရာမရရွာတော့ပြီ၊ နဖူးမှ ချွေးများပြန်လျက် လက်ချောင်းကလေးများသည်လည်း အေးစက်စေးကပ်လျက်ရှိလေ၏။

ထိုစကၠဍ် ဒေါက်တာသောင်းရွှေသည် အလုံခန်းအတွင်းမှ ဘီး ၄ ဘီး တပ်ထားသော မှန်စီရွှေရှုအခေါင်းကြီးကို တွန်းထုတ်လာသည်ကို မြင်ရ၏။ ဒေါက်တာသောင်းရွှေ၌ မည်သည့်အကြံရှိလေသည်မသိ၊ မသန်းနိုင်ကား အကူအညီကင်းမဲ့စွာဖြင့်စိတ်မနှံ့သောဆရာဝန်တစ်ယောက်၏လက်ထဲတွင် ပိတ်မိလေပြီ၊ နောက်ဒေါက်တာသောင်းရွှေသည် သူ၏အလုပ်စားပွဲ ရှေ့မှာပင် မသန်းနိုင်အားလုပ်း၍ ပြောလိုက်လေသည်၊

"ဘယ့်နယ် မလုဘူးလား မသန်းနိုင်၊ နို့ပေမဲ့ - အထဲမှာ လူမရှိတော့ လူသင့်သလောက် မလုသေးဘူး"

(ဟစ်အော်လျက်) "အို...ကြောက်ပါတယ်ဒေါက်တာ၊ကြောက်ပါတယ် ခေါင်းကြီးကို ပြန်သွင်းလိုက်ပါ"

"ကြောက်တယ်ဟုတ်လား၊အထဲမှာ မဘို့မယ်တစ်ယောက်ထည့်မယ်၊ ဒီတော့ ပိုပြီး ကျက်သရေရှိသွားမှာ မသန်းနိုင်ရဲ့၊ မင်းကလေးဟာလေ ကျွပ်စိတ်ထဲမှာ ရှင်ဘို့မယ်ထက်တောင် မင်းကရောလိမ့်မယ်၊ မင်းဟာ အိုမသွားဘဲ အခုလိုရုပ်အတိုင်းရှိနေအောင် ဆရာလုပ်ပေးမယ်ကြားလား၊ ဆရာလုပ်နိုင်တယ်၊ ဆေးရည်စိမ်ပြီး အနှစ် ၁၀၀ လောက် အလုပမျက်အောင် ဆရာလုပ်ပေးမယ်"

"အို ... ကြောက်တယ် မလုပ်ပါနဲ့ ဆရာ၊ မလုပ်နဲ့ - မလုပ်နဲ့..."

"အဲဒီတော့မှ မင်းအသားကလေးဟာ အခုထက်ပိုဝင်းလာပြီး ခေါင်းကဆံပင်ကလေးတွေဟာလည်း ပိတုန်းရောင် တောက်နေမှာပဲ၊ ဟိုဇွေးမသားတင်စောတော့ ဒီဘဝမှာ မင့်မြင်ရတော့မှာ မဟုတ်ဘူး၊ ဟီး...ဟီး... ဟီး"

ဒေါက်တာသောင်းရွှေကား ခေါင်းကြီးကို ရှေ့ခန်းသို့ ရောက်အောင်ပင် တွန်းလာခဲ့လေပြီ၊ မသန်းနိုင်သည်စားပွဲကို လှည့်ပတ်ပြေးလေ၏။ မသန်းနိုင်

မသန်းနိုင်သည်ဒုတိယနည်းကို စမ်းသပ်ကြည့်ပြန်၏။ ထိုနည်းမှာ တံခါးပေါက်ဆီသို့သွား၍ တံခါးကိုဖွင့်ရန်ဖြစ်လေသည်၊ သို့ဖွင့်ရန်မှာ ပစ္စည်းတစ်ခုခုကို တံခါးပေါက်ဆီသို့ ရောက်အောင်ပစ်လိုက်ပြီးမှ ကောက်ယူသည့်ဟန်ဖြင့် တံခါးကို ဖွင့်ရန်ဖြစ်လေသည် ။ သို့နှင့် မသန်းနိုင်သည် ဒေါက်တာသောင်းရွှေအလစ်ကို စောင့်ဆိုင်းလျက်ရှိတော့၏။ ခပ်ဖြည်းဖြည်းပင် ရှိက်လျက်ပင်ရှိသော်လည်း စာအမှတ် ၆ ပြီးသွားလေရာ နောက်ဆုံးစာကို ရိုက်ရန် စာရေးစက္ကူရုပ်ကို ကာဘွန်ခံ၍ စက်ထဲသို့ ထိုးသွင်းလိုက်ရပြန်၏။

ဒေါက်တာသောင်းရွှေကား မည်သည့်အရာကိုမျှ မကြည့်ဘဲ မသန်းနိုင် အလုပ်အပြီးကိုသာ စောင့်ကြည့်နေကြောင်း ထင်ရှားလှတော့၏။ သူသည် မသန်းနိုင် စားပွဲအနီးသို့ ထလာပြီးလျှင် အေးဆေးသော အမူအရာဖြင့် ...

"ပြီးတော့မယ်နော် မသန်းနိုင်"

"ဟုတ်ကဲ့ - ဆရာ"

"နောက်ဆုံးစာတောင် ရောက်နေပြီ မဟုတ်လား"

"ဟုတ်ကဲ့"

ထို့နောက် ဒေါက်တာသောင်းရွှေသည် ဖြေလှမ်းခပ်ကျဲကျဲဖြင့် သူ့စားပွဲသို့ ပြန်သွားပြီးလျှင် အလုံခန်းတံခါးဆီသို့သွားရောက်ကာ သော့ဖလောက်မှ နံပါတ်များကို လှည့်လျက်ရှိလေ၏။

ထိုအချိန်၌ကား ဒေါက်တာသောင်းရွှေသည် မသန်းနိုင်ဘက်သို့ လုံးဝ ကျောခိုင်းလျက်ရှိနေသဖြင့် မသန်းနိုင်သည် ဖောင်တိန်အဖုံးကို တံခါးဆီသို့ လွှင့်ပစ်မည်ပြုပြီးမှ မပစ်တော့ဘဲ ဒေါက်တာ၏ အလစ်ကို အခွင့်ကောင်းယူကာ တံခါးဆီသို့တဖြည်းဖြည်းခြေဖျားထောက်၍သွားလေ၏။ သို့သော် တံခါးလက်ကိုင်ကို လှည့်လိုက်သော အခါ၌ကား စိတ်အပျက်ကြီးပျက်၍သွားတော့၏။ သော့အိမ်မှာ အတွင်းမှ သော့ခတ်ပိတ်ထားသည်ကို တွေ့ရလေသည်။ ထို့အချိန်တွင် အလုံခန်းပွင့်နေလျက် ဒေါက်တာသောင်းရွှေကားအတွင်းသို့ ဝင်သွားလေပြီ။

သည် ဦးနောက်များကို ဖျစ်ညှစ်ကာ အကြံထုတ်လျက်ရှိလေ၏။ ဒေါက်တာသောင်းရွှေကား အိပ်ရာမှထလာသော လူတစ်ယောက်ကဲ့သို့ ပြူးကြောင်ကြောင်ရှိနေသောမျက်နှာများဖြင့် မသန်းနိုင်အနီးသို့ တဖြည်းဖြည်းချဉ်းကပ်လာတော့၏။

နောက်တစ်ပတ်လှည့်၍ အပြေး၌ မသန်းနိုင်၏ လက်တစ်ဖက်သည် လက်လေးသစ်ခန့် ဟ၍နေသော စားပွဲ၏ လက်ယာဘက် အံဆွဲအတွင်းသို့ ကျရောက်သွားရာ မိမိအစ်မ အသုံးပြုခဲ့သော လက်နှိပ်ဓာတ်မီးကို အမှတ်မထင်သွား၍ စမ်းမိလေ၏။ ထိုခဏ၌ ထက်မြက်သော အကြံဉာဏ်တစ်ခု လျှပ်ပြက်သကဲ့သို့ ပေါ်လာ၏။ မသန်းနိုင်သည် လက်နှိပ်ဓာတ်မီးကို ဆွဲယူလိုက်ပြီးလျှင် ပြတင်းပေါက်အပြင်သို့ လက်တစ်ဖက်ကို ထုတ်ကာ အပေါ်နှင့် အောက် နှိပ်ချည်မြင့်ချည် ပြုလုပ်အချက်ပေးလိုက်၏။ ဝင်းလက်သောဓာတ်မီးရောင်သည် မည်းမှောင်သော အမှောင်ထုကို ဖြတ်သန်းသွားလေသည်။ ထိုခဏ၌ပင် ဒေါက်တာသောင်းရွှေ၏ လက်တစ်ဖက်သည် မသန်းနိုင်၏ လည်မျိုဆီသို့ ရောက်လာပြီးလျှင် ဖျစ်ညှစ်လေရာ မသန်းနိုင်လည်းအတင်းရုန်းကန်လျက်ရှိ၏။ သို့သော်အင်းအားချင်းမမျှရကား ဓနောက်ဆုံး အသက်မရှူနိုင်တော့ဘဲ သတိလစ်၍သွားတော့၏။

===◈===

မည်မျှလောက်ကြာအောင် သတိလစ်သွားသည်ကို သူကိုယ်တိုင်မသိရှေးသတိပြန်ရလာသည်နှင့်တစ်ပြိုင်နက် သူ့ပါးစပ်ထဲသို့တစ်စုံတစ်ယောက်က ဘရန်ဒီ အနည်းငယ်လောင်းထည့်လျက်ရှိနေသည်ကိုလည်းကောင်း၊ ပူနွေးသောကိုယ်ဖြင့် ယုယထွေးပိုက်ထားသည်ကိုလည်းကောင်း ခံစားရပြီးလျှင်...

"သန်းသန်း သတိရပြီလား...အစ်ကိုကြီးလေ ဘာမှမကြောက်နဲ့တော့၊ အစ်ကိုကြီးရှိပြီ"

ဟု ယုယကြင်နာစွာ မေးလိုက်သော ကိုတင်စောဏ်၏ အသံကိုလည်းကြားရ၏၊

မသန်းနိုင်သည် မျက်လုံးများကို အားယူ၍ဖွင့်ကြည့်လိုက်ရာ ဝတ်လုံကိုတင်စောဏ်၏ အားကိုးလောက်သော မျက်နှာကို ရှုံ့ငဲ့စွာမြင်ရ၏၊ သူ၏အနီး၌ကား ရဲအုပ်တစ်ယောက်၊ ရဲသားတစ်ယောက်နှင့် မီးသတ်ဌာနမှ မီးသတ်ဗိုလ်တစ်ယောက်သည် လက်နက်အပြည့်အစုံဖြင့် ရပ်နေကြသည်ကို တွေ့ရလေသည်။ အခန်းတံခါးတစ်ဖက်မှာ အပြင်မှ ပုဆိန်ဖြင့် ပေါက်ဖွင့်သဖြင့် အစိတ်စိတ်အမြွာမြွာဖြစ်ကာ လဲပြိုလျက်ရှိ၏။ ဓေါင်းကြီးကိုလည်း ကောင်း။ သေကြောင်းကြံသော ဆရာဝန်ကိုလည်းကောင်း မမြင်ရတော့ချေ။

နိုင် ။ "ဟို - ဓွေးတိရိစ္ဆာန်ကော"

စော ။ "အခုလောက်ဆိုရင် ဘားလမ်းအချုပ်ခန်းထဲရောက်နေရော့ပေါ့၊ ဒါထက် သန်း - စကားမပြောနဲ့ဦးလေ၊ လက်နှိပ်ဓာတ်မီးနဲ့ သန်း ပြလိုက်တဲ့အဓိပ္ပာယ်က လက်ရေးတိုနဲ့ "ကယ်ပါ" ဆိုတဲ့အဓိပ္ပာယ်ရှိတယ်ဆိုတာအစ်ကို ကြီးသိပါတယ်။ ခုနာရီလုံးလုံးသန်းတို့တိုက်ဘက်ကိုအစ်ကိုကြီးစောင့်ကြည့်နေတာပဲ၊ ဒါကြောင့်လည်း ချက်ချင်းမြင်ရတာပေါ့၊ တကယ်ဗျာ...လက်မတင်ကလေးလိုတော့တယ်၊ နောက်ကို ၁၀ စက္ကန့်လောက်များ ဓနောက်ကျရင် ကိစ္စချောပြီးသားပဲ"

"ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရယ်... ဘယ်လို..."

(ပါးစပ်ကလေးကို လက်စံးဖြင့် ပိတ်လိုက်ပြီးဓနောက်)

"အို...စကားမပြောနဲ့ဦးဆိုမှပဲ"



ကျွန်တော် ခရီးထွက်ရန် ကိစ္စရှိနေတုန်း ဦးတည်ချက်က မန္တလေးမြို့လမ်းတွင်နေပြည့်တော်နှင့်ကျောက်ဆည်မြို့များသို့လည်း ဝင်ရဦးမည်။ တစ်ဦးတည်းခရီးရှည်ဖြစ်၍မသွားချင်၊အပေါင်းအသင်းများကလည်းရက်ရှည်ကြာမည်ဖြစ်သဖြင့်မလိုက်နိုင်။ ထို့ကြောင့် သာယာဝတီမှမျောက်တင်သောင်းနှင့်မုဆိုးအောင်သန်းတို့အားအကြောင်းကြားထားသော်လည်းပေါ်မလာကြသေး။ ရန်ကုန် သယ်နှင်းကျွန်းက သူရိုးမြင့်သိန်းနှင့် ကျော်ကြီးတို့ကဆက်သွယ်မရ၊ထောင်ထဲဘဲပြန်ရောက်နေကြပြီလားမသိ။အကျဉ်းဦးစီးဌာနကအလုပ်ထွက်ကတည်းက အင်းစိန်ထောင်ဘက်သို့မရောက်တာလည်းကြာချေပြီ။ မန္တလေးက ပုဏ္ဏားတင်ဦးကတော့ ဆယ်သွယ်၍ရသဖြင့် ယနေ့လာမည်ဟု သိရသည်။

လမ်းခရီးတွင်
မွေးလူနာတစ်ယောက်ကို
ကယ်တင်လိုက်ရာမှ
ထူးခြားသောမေတ္တာ၏
တုံ့ပြန်မှုကို
သိရှိသွားရသောအခါ...

ကျွန်တော်ခရီးရှည်ထွက်ရန် ပြင်ဆင်ထားပြီး၊ Sunny (pick up) ကားတလေးအားစစ်ဆေးနေသည်။ကားကလေးမှာ(ပ)အကွာရာဖြစ်သော် လည်း(88-MODEL)ဖြစ်၍မကြာမီကညနေသို့ဖျက်သိမ်းရန်အပ်နှံရမေ တော့်မည်။ ကားကလေးမှာ အလွန်ညာဉ်ကောင်းသည်။ ကျွန်တော် မြန်မာ တစ်ပြည်လုံးသွားလေသမျှ ဒုက္ခပေးသည် မရှိ။ ဘီးပေါက်လျှင်တောင် အိမ် ရောက်မှပေါက်သည်။ လမ်းခရီး၌ ဒုက္ခပေးခြင်းမရှိ။

ကျွန်တော်မျော်လင့်နေတုန်း မနက်ခုနစ်နာရီခန့်တွင် ပုလ္လားတင်ဦး အထုပ်အပိုးများဖြင့် ရောက်လာသည်။

"ဆရာ - နေကောင်းရဲ့လား"

"အား - ဒါနဲ့ ဟိုနှစ်ကောင့်ရော"

"ဆရာမသိသေးဘူး ထင်တယ်၊ မြင့်သိန်းနဲ့ ကျော်ကြီးလေ၊ ဖောက် ထွင်းမှုနဲ့အင်းစိန်ထောင်မှာ အချုပ်ခံနေရတယ်၊ ဒါဖေပမဲ့ - ဒီမနက်လွတ်မှာ ပါ၊ ဒါကြောင့် ကျွန်တော်ညရထားနဲ့ လိုက်လာတာ"

"ဟော - ငါမသိဘူး၊ အကြောင်းလည်းမကြားဘူး"

"သူတို့တွေက လူဟောင်းတွေပဲဆရာ၊ မသိတဲ့ဝန်ထမ်းမှမရှိတာ၊ ပြဿနာမရှိပါဘူး၊ကျွန်တော်ကလည်းရှေ့နေငှားပြီးအကုန်တာဝန်ယူထား ပါတယ်၊"

"ဘယ်လိုဖြစ်တာလဲကွ၊ ရှင်းစမ်းပါဦး၊ ဒီကောင်တွေငြိမ်နေတာကြာ တော့၊ ဘိုင်ပြတ်ပြီထင်တယ်"

"ဒီလိုဆရာရေ၊ သဃ်နန်းကျွန်းက မင်းသွီးရွှေဆိုင် အဖောက်ခံရတာ၊ သူနိုးမြင့်သိန်းနေတဲ့ ဘုရားလမ်း၊ အိမ်နဲ့နီးတော့ မြင့်သိန်းကိုဆွဲရာက အသင့်ရောက်နေတဲ့ ကျော်ကြီးပါ၊ အဆစ်ပါသွားတာပေါ့၊ အမှန်က သူတို့ မဟုတ်ဘူးဆရာ၊ အချောင်နံမည်ကြီးလို့ ခံရတာ၊ ဒါကြောင့် သူတို့ဘက်က သက်သေခိုင်လုံလို့ အာမခံရတာ"

"သူတို့ဘက်က ဘယ်လိုသက်သေခိုင်လုံတာလဲ"

"သူတို့(၂)ယောက်က အသုဘအိမ်မှာ မိုးအလင်းဖရိုက်နေတာ ဆရာ ရယ်၊ ထိုင်ရာမှမထဘဲ အဲဒီတော့ သက်သေခိုင်လုံတာပေါ့"

"ဒါဆို ဘယ်သူလက်ချက်လဲ၊ ပြေပွေးပိုးထိခံရတာပေါ့နော်"

"ဟုတ်တယ်ဆရာ၊ အမှန်က ကျွန်တော့်လက်ချက်၊ သူတို့အိမ်ကိုသွား ရင်းအသုံးစရိတ်ပြတ်တာနဲ့ ကြုံတုန်းသမလာခဲ့တာ"

"တန်ဖိုးအတော်များသလား"

"သိန်းရာဂဏန်းလောက်ပါ ဆရာရယ်၊ ခရီးသွားဟန်လွဲ အပျင်းပြေ လွယ်လွယ်ရတာနဲ့ တစ်ဦးတည်းဖောက်ခဲ့တာပါ"

"ဟ - ပုလ္လားရဲ့ဟိုကောင်တွေမသိဘူးလား"

"မသိနိုင်ဘူးဆရာ၊ကျွန်တော်သူတို့အိမ်ကိုသွားတာနှစ်ယောက်စလုံး အိမ်မှာမရှိကြဘူး။ ဘေးအိမ်က အသုဘဖဲ့ဝိုင်းမှာ ရောက်နေကြမယ်၊ အဲဒီ ညက ညကိုးနာရီလောက်ရှိပြီ၊ ကျွန်တော်ကပုသိမ်မြို့ကသတော်နဲ့ မြန် လာတာပါ"

လမ်းမှာ မင်းသမီးရွှေဆိုင်သိမ်းနေတာနဲ့ ကြုံတယ်၊ အာမခံတရုတ် ဝေ

အိမ်နဲ့နီးတော့ မြင့်သိန်းကိုဆွဲရာက အသင့်ရောက်နေတဲ့ ကျော်ကြီးပါ၊ အဆစ်ပါသွားတာပေါ့၊ အမှန်ကသူတို့မဟုတ်ဘူးဆရာ၊ အချောင်နံမည်ကြီးလို့ ခံရတာ။ ဒါကြောင့် သူတို့ဘက်က သက်သေခိုင်လုံလို့ အာမခံရတာ"



သော့ကြီးတွေသုံးလုံးတောင်ခတ်နေမြင်တော့ လက်ကယားတယ်။ မြင့်သိန်းတို့နဲ့တိုင်ပင်ပြီးလုပ်ဖို့ပဲ။ အသုဘအိမ်မီးရောင်အောက်မှာ သူတို့ကိုသွားခေါ်ရင် ကျွန်တော့်ကိုမြင်ကြမယ်လေ၊ သူတို့ကနာမည်ကြီးတော့ အဖမ်းခံရတာနဲ့ ကျွန်တော်နောက်လည်းလိုက်တော့မှာပေါ့၊ အသာလျှိုလစ်လာပြီး၊ တစ်ဦးတည်း ဖောက်ခဲ့တာပါ"

"သူတို့ အချုပ်ခံရတော့ - မင်းကိုဆက်သွယ်တာလား"

"မဟုတ်ဘူးဆရာ၊ ရန်ကုန်မှာ ကျွန်တော့်အဆက်အသွယ်ရှိတော့ ကျွန်တော်သိတာပေါ့၊ ဒါကြောင့်နောက်ကွယ်ကနေ ကူညီနေတာပါ။ ဒီ ညီအစ်ကိုတွေပဲရှိတာ ဆရာရယ်။ ကျွန်တော်ရှေ့နေငှားပေးတယ်။ ထောင်ဝင်စာတွေဖို့၊ ပေးဖို့ကမ်းဖို့ ကျွန်တော့်နောက်ကွယ်က ပံ့ပိုးကူညီနေတာပါ"

"ရဲက - မင်းမှန်း မမှတ်မိဘူးလား"

"မရိပ်မိနိုင်ဘူး ဆရာ၊ ကျွန်တော်ပုသိမ်အသွားကတည်းက သူတို့အိမ်မဝင်ခဲ့ဘူး၊ လူရိပ်လူယောင်တောင် မပြခဲ့ဘူး။ အမှောင်ထဲက လှမ်းအကဲခတ်ပြီး ပြန်ခဲ့တာ။ မြင့်သိန်းနဲ့ကျော်ကြီးတို့က အသုဘအိမ်က ဇဲသမားချင်း အလီဘိုင်သက်သေ ခိုင်ခိုင်လုံလုံပြနိုင်လို့၊ ဒီနေ့ အာမခံရမှာပါ"

"ဒါဆို - ဒီကောင်တွေ ဒီနေ့ရုံးထွက်ရဦးမှာပေါ့"

"ဟုတ်တယ်ဆရာ၊ ဒီနေ့ နေ့လယ်လောက်မှာ အာမခံရမယ်ထင်တယ်"

"ဒါဆို ရုံးကလွတ်တော့၊ မင်းနဲ့ဘယ်လိုဆက်သွယ်မလဲ၊ ငါက ဒီနေ့ခရီးထွက်ချင်တာ"

"မပူပါနဲ့ ဆရာ၊ ကျွန်တော့်အဆက်အသွယ်က အားလုံးစီစဉ်ပြီးပြီ"

"မင်းလက်ချက်မှန်းသိရင်တော့ ဟိုကောင်တွေဆဲကြလိမ့်မယ်"

"မဆဲပါဘူး ဆရာရယ်၊ သူတို့ဖောက်ထွင်းမှုမှာ မပါပေမဲ့ ဘော်ဒါကြေးရှယ်ယာခွဲပေးမှာပါ"

ကျွန်တော်တို့စကားကောင်းနေကြစဉ် သာယာဝတီမှ မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ အထုပ်အပိုးကိုယ်စီဖြင့် ရောက်လာကြသည်။

"ဟော့ကောင်တွေလာကြ၊ ငါဖုန်းဆက်တာဘာကြောင့် ပြန်မဆက်တာလဲ"

"ကျွန်တော်တို့ နောက်ပိုင်းစိတ်ချရအောင် လုပ်နေကြလို့ပါ၊ ဆရာက ဒီနေ့အရောက်လာဆို"

"အေးပါ၊ ညနေမှခရီးထွက်မှာ၊ မော်စကိုပြန်နှစ်ယောက်ကို စောင့်ရဦးမယ်၊ မြင့်သိန်းနဲ့ကျော်ကြီးလေ"

"ဟာ - ဒါဆိုဆရာ ဒီတစ်ခါအဖွဲ့စုံတာပေါ့နော်"

"အေး ငါကလည်း အဖွဲ့စုံစုံလင်လင်နဲ့ မန္တလေးဘက်ခရီးထွက်မလို့"

"ဆရာဘယ်နှစ်ရက်ကြာမှာလဲ"

"အေး ခန့်မှန်းတော့ တစ်ပတ်လောက်ပဲ၊ ဒါပေမဲ့ - အခြေအနေအရပဲ မင်းတို့နောက်ပိုင်း စိတ်ချရင် ရက်ကြာကြာနေမယ် စိတ်ကူးတယ်"

"စိတ်ချရပါပြီ ဆရာ၊ ကျွန်တော်တို့က အခုကားအုံနာတွေဖြစ်ကြတော့ ကားကို ကိုယ်တိုင်မမောင်းတော့ဘူး။ ဒရိုင်ဘာ စပယ်ယာကောင်းကောင်း ရှာပြီး ထည့်ထားတာပါ"

"အေး - အဲ့ဒါဆိုလည်း ပြီးရော၊ နောက်ပိုင်းစိတ်မချရရင် ခရီးသွားလို့ မကောင်းဘူး"

"ဆရာ ကျွန်တော်တို့ ဘာလုပ်ပေးရဦးမလဲ"

"ရေချိုးပြီး နားကြကွာ၊ တော်ကြာ အပြင်ဆိုင်မှာထမင်းထွက်စားကြမယ်၊ မြင့်သိန်းနဲ့ကျော်ကြီးကို ကြိုဖို့၊ ပုဏ္ဏားကမြို့ထဲသွားရဦးမှာ"

"ကျွန်တော်တို့လည်း မြို့ထဲလိုက်ချင်တယ် ဆရာ"

"အေး - အဲဒါလည်း ကောင်းပါတယ်၊ အောင်သန်းနဲ့တင်သောင်းက မျက်နှာစိမ်းတွေဆိုတော့ ဟိုနှစ်ကောင်ကို ကြိုဖို့ အဆင်ပြေတယ်။ ပုဏ္ဏားက ဘယ်လိုစီစဉ်ထားသလဲ"

"ကျွန်တော်က (၃၈)လမ်း၊ လက်ဖက်ရည်ဆိုင်မှာ ရိန်းထားတာဆရာ၊ တရားရုံးနဲ့မဝေးဘူး။ သူတို့လမ်းလျှောက်လာလို့ရတယ်"

"လမ်းလျှောက်လာတာမကောင်းဘူး။ သူတို့နောက်ကနောက်ယောင်

အရေးပေါ်ပြင်ဆင်ရန် toolbox နှင့် စပယ်ယာတာယာ၊ ညနေသုံးနာရီ တိတိတွင် ကျွန်တော်တို့အိမ်မှ ထွက်ခဲ့ကြသည်၊ စော်ဘွားကြီးကုန်း ရိုန်းထားရာဒေနရာသို့ (၃း၃၀) တွင် ရောက်သည်၊ ကားကိုလည်း အခြားကားများဖြင့် ရောရပ်ထားသည်၊ ညနေလေးနာရီကျော်ခန့်တွင် သူတို့ရောက်လာကြသည်နှင့် ချက်ချင်းထွက်ခဲ့သည်၊ ဆောက်ကြန့်ရောက်မှ နောက်ပိုင်း စိတ်ချရသဖြင့် ချောင်ကျသောစားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ထွေနားကြပြီး စားသောက်၍ စကားပြောကြရတော့သည်၊

"ဟေ့ကောင်တွေ - အဆာပြေနည်းနည်းစီ စားကြသောက်ကြ ဘုရားကြီးရောက်မှ ဒါမှမဟုတ် ညောင်လေးပင်လောက်ရောက်မှ စိတ်ချ လက်ချ ညစာအဝစားကြပေါ့၊ အခုတော့ ပုဏ္ဏားနဲ့တင်သောင်းက ဒီကောင်နှစ်ကောင်အတွက် အဝတ်အစားပုံစံပြောင်းဖို့ ဝတ်စုံတစ်စုံစီ အရေးပေါ်သွားဝယ်လိုက်ကြ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်တို့စားသောက်ကြပြီးပြန်ထွက်လာကြသည်၊ ကားကလေးမှာ High Way လမ်းတွင် အလွန်ကောင်းသည်၊ နှတ်မြင်းပုံလို ပြေးလွှားနေသည်၊ ရန်ကုန် - မန္တလေး အပြန်လမ်းမကြီးက ကားအသွားအလာနည်းသဖြင့် ကျွန်တော်လမ်းသစ်ကမဓောင်းဘဲလမ်းဓောင်းအတိုင်းသာ ဓောင်းခဲ့သည်၊ ပဲခူးဘုရားကြီးရောက်တော့ စောသေးသဖြင့် ဆက်မောင်းခဲ့ရာ ညောင်လေးပင်မြို့သို့ ညခုနစ်နာရီခန့်ဝင်လာသဖြင့် စားသောက်ဆိုင် ဝင်းကြီးတစ်ခုအတွင်း မောင်းဝင်လာခဲ့ပြီး ကားအား လမ်းမကြီးပေါ်က မမြင်နိုင်စေရန် ကိုယ်ရောင်ဖျောက်ထားလိုက်သည်၊

"ကဲ - ဟေ့ကောင်တွေကြိုက်သလို အေးအေးဆေးဆေး စားကြသောက်ကြပေတော့ - လွတ်ကင်းနယ်မြေရောက်ပြီ"

စားစရာမှာထားစဉ် သူခိုးမြင့်သိန်းက ပုဏ္ဏားတင်ဦးအား -

"ပုဏ္ဏားကြီးရေ၊ အစောကရှေ့ခန်းနောက်ခန်းခွဲစီးရတော့ စကားမပြော

ခံလိုက်လာလိမ့်မယ်၊ အဲဒီတော့ ဒီလိုလုပ် ပုဏ္ဏားက ငါနဲ့နေခဲ့တော့၊ အောင်သန်းနဲ့တင်သောင်း မဟာဗန္ဓုလပန်းခြံလမ်းက စုပေါင်းတရားရုံးကြီးကို သိတယ်မဟုတ်လား၊ အရင်တုန်းက ဘားလမ်းအချုပ်ခန်းနားမှာလေကွာ"

"သိပါတယ် ဆရာ"

"သိရင် ကားကို ကြိုင့်ပြီး တရားရုံးကြီးရှေ့က စောင့်နေ - သူတို့လွတ်လာတာနဲ့ ချက်ချင်းကားပေါ်တင်ပြီးထွက်ခဲ့၊ ကားသမားရှေ့မှာ စကားကို ဆင်ခြင်ပြော၊ နာမည်တွေမပြောမိစေနဲ့၊ ဘယ်သွားမယ်၊ ဘယ်လာမယ်၊ မပြောနဲ့ သူတို့ကိုလည်း တိုးတိုးမှာထား၊ ငါတို့က စော်ဘွားကြီးကုန်း၊ မင်းတို့ကားဝင်းကြီးရှေ့ကစောင့်နေမယ်၊ ဒီကားနော် - မှတ်ထားဦး...တော်ကြာလွဲနေရင် အရိုန်ကုန်တယ်"

"စိတ်ချပါဆရာ၊ ကျွန်တော်တို့ မုဆိုးတွေပါ၊ မျက်စေ့လျင်ပါတယ်"

"မင်းတို့က တောမုဆိုးတွေ မြို့မုဆိုးတွေမဟုတ်ဘူး၊ သတိထား"

ကျွန်တော်တို့ အပြင်ထွက်၍ နေ့လယ်စာစားကြပြီး တင်သောင်းနှင့် အောင်သန်းအား TAXI ကားပေါ်တင်၍ မြို့ထဲလွှတ်လိုက်သည်၊ ပုဏ္ဏားကလိုအပ်မည်ထင်သောငွေကြေးများ ထုတ်ပေးလိုက်ပါသည်၊



"ဆရာ့အစီအစဉ် ကောင်းတယ်ဆရာ၊ အောင်သန်းနဲ့တင်သောင်းက မျက်နှာစိမ်းတွေဆိုတော့ ပိုဟန်ကျတယ်၊ ဒါနဲ့အောင်သန်းနဲ့တင်သောင်းက ဟိုကောင်တွေကို မတွေ့တာကြာတော့ မှတ်မိပဲ့မလား"

"သူတို့က မုဆိုးတွေ၊ အမှတ်သညာကောင်းတယ်၊ ငါ့တပည့်တွေ ငါ စိတ်ချပါတယ်"

ကျွန်တော်တို့လည်း အိမ်ပြန်၍ လိုအပ်တာများပြင်ဆင်ပြီး ကားပေါ် အသင့်တင်သည်၊ သောက်ရေသန့်ဘူးကြီးများ၊ လက်ဆောင်များနှင့် ခရီးဆောင်အိတ်များ၊ လမ်းခရီးအရေးပေါ် စားစရာသောက်စရာများ၊ ကား

နိုင်ဘူး၊ ကျေးဇူးတင်တယ်ကွာ၊ ကိုတင်သောင်းပြောပြမှ ဒနောက်ကွယ်က မင်းကူညီနေမှန်းသိရတယ်။ ငါတို့ကတော့ ရှေ့နေကဘက်စုံကူညီနေတော့ အဆင်ပြေတယ်။ ဒါနဲ့ အတော်ကုန်သွားမှာပဲနော်”

“အေးပေါ့ဟာ - ရှေ့နေငှားခ၊ ထောင်ဝင်စာပို့တာနဲ့ မင်းတို့ပေးဖို့ကမ်းဖို့ ပေးရတာနဲ့ သိန်းငါးဆယ်လောက် ကုန်သွားတယ်”

“ထားပါကွယ်၊ ငါတို့ခွင်ရှာပြီး ပြန်ဆပ်ပါ့မယ်၊ ရွှေညီအစ်ကိုတွေဆို တော့ ဒီလိုပေါ့၊ မဟုတ်ပဲ ခံရတာတော့ နာသကွာ”

“မနာပါနဲ့ မြင့်သိန်းရယ်၊ အဲ့ဒါငှဲ့လက်ချက်ကွ၊ မင်းတို့အသုဘအိမ်မှာ ဇရိုက်နေကြတာ မနောင့်ယှက်ချင်တာနဲ့ ငါတစ်ကိုယ်တည်း လမ်းကြုံတာနဲ့ လှူပ်ရှားခဲ့တာ”

“ဟာ - သေချင်းဆိုး၊ ငါတို့ကတော့ အပေါင်းအသင်းကောင်း ကျေးဇူး ရှင်ကြီးရိုပြီး လွှတ်ပြီး ကျေးဇူးတင်နေတာ”

“ထားပါတော့၊ ငါမပြောရင် မင်းတို့မသိနိုင်ပါဘူး၊ နစ်နာဒုက္ခ ရှယ်ယာ ခွဲပေးပို့မယ်”

“ဘယ်လောက်ရလို့လဲ”

“သိန်းနှစ်ရာ့ငါးဆယ်လောက်ပါ၊ မင်းတို့နှစ်ယောက်ကို ငါးဆယ်စီ ခွဲ ပေးမယ်”

“မနည်းဘူးလား ပုဏ္ဏားရဲ့”

“မင်းတို့အတွက်ကုန်တာ သိန်းငါးဆယ်၊ အရှ သိန်းငါးဆယ် စီခွဲပေးရ ဦးမယ်ဆိုတော့ သိန်းတစ်ရာ့ငါးဆယ်၊ သိန်းတစ်ရာလောက်ပဲကျန်မယ်၊ ငါက ဆရာ့ကိုလည်း ကျေးဇူးဆပ်ရဦးမယ်လေကွာ၊ မင်းတို့လုပ်အားလည်း မပါဘဲနဲ့ ထော်ရောပေါ့”

“အေးပါ၊ ကျေနပ်ပါတယ်”

“ပုဏ္ဏားရေ့ ငဲ့အတွက်တော့ မပေးပါနဲ့၊ ငါကအရင်ကတည်းက သန့် သန့်ကလေးနေတာ၊ မင်းတို့လုပ်စာ မစားချင်ပါဘူး”

“ဟာ - ဆရာကလည်း အရှ အလုပ်ကထွက်လိုက်ပြီ မဟုတ်ဘူးလား အကျဉ်းဌာနဝန်ထမ်းမှ မဟုတ်တော့တာ”

“အေးပါ - ငါက ဝိုးရာပါပစ္စည်း မစားချင်ဘူးလို့ပြောတာ ဝန်ထမ်းဖြစ် ဖြစ် အရပ်သားဖြစ်ဖြစ်၊ ကင်းအောင်နေချင်လို့ပါ”

“ဆရာကလည်းဗျာ၊ ခရီးထွက်ရင် ဆရာကပဲ အမြဲတမ်းကျွေးနေတာ ကျွန်တော်တို့ထောတုန်း စားစမ်းပါ၊ ဝိုးတာပဲဖြစ်ဖြစ်၊ စေတနာနဲ့ပေးတာ ကမ်းတာ၊ ကျွေးတာ၊ ဖွေးတာ စားကောင်းပါတယ်”

“ပုဏ္ဏား၊ ငါအရှခရီးထွက်တဲ့ကိစ္စသိသလား”

“မသိဘူးလေ ဆရာ၊ မန္တလေးက မမကြီးဆီသွားမှာ မဟုတ်လား”

“မန္တလေးက မမကြီးဆီသွားမှတော့ မန္တလေးမှာနေတဲ့ မင်းကို တကူး တက လှမ်းခေါ်မလားဟ - ပုဏ္ဏားရဲ့”

“ဟင်၊ ဒါဖြင့် ဘာလဲဆရာ”

“ဒီနေ့ ဘာနေ့လဲ”

“သောကြာနေ့ ဆရာ”

“မြန်မာပြက္ခဒိန်နဲ့ ဘယ်နှရက်လဲလို့ မေးတာ”

“ဟာ - ဟုတ်ရဲ့လား ဆရာရယ်၊ ကျွန်တော်မေ့နေတာ၊ တန်ဆောင်မုန်း လပြည့်ညပဲ၊ မနက်ဖြန်လပြည့်ကျော်တစ်ရက်နေ့ - သူဝိုးကြီးည”

“အေး - အဲဒါကြောင့် ငါ မန္တလေးသွားရင် တံတားဦးက အသုံးလုံးလုပ် အားပေးခဲ့တဲ့ရွာကလေးတွေမှာ တည်းပြီး မင်းတို့အဖွဲ့ကို သူဝိုးကြီးငတက် ပြားရဲ့မရှိခင်ကဘုရားမှာ သိဒ္ဓိတင်ပေးမလို့ကြံရွယ်ထားတာကွ”

“ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကျွန်တော် ဆေးလှည့်ကု၊ ခရီးတွေ သွားရင်းမေ့နေတာ ဝတ္ထုရားဖျက်ရင် အရင်တစ်ခါလိုဒဏ်ခတ်ရဦးမှာ ထော် ပါသေးရဲ့ဗျာ”

“အေး - နတ်နဲ့နဂါးမလှည့်စားနဲ့တဲ့ကွ၊ လုပ်လေ့လုပ်ထရှိရင် နှစ်စဉ် လုပ်ပေးတာ၊ ဘာပဲဖြစ်ဖြစ် ကုသိုလ်ရပါတယ်၊ စိတ်ရှင်းတာပေါ့၊ ဟိုနှစ် ကောင်က လုပ်လေ့လုပ်ထမရှိပေမဲ့ သူဝိုးဂိုဏ်းဝင်တွေဆိုတော့ သူဝိုးဆရာ

ကြီးကို ပူဇော်ဂါရဝပြုတာ မမှားပါဘူး၊ ကိုယ့်ထက်ကြီးသူကို အပူထမ်းလုပ်ပြီး ဂါရဝပြုတာ လုပ်ငန်းသဘောအရ လုပ်သင့်လုပ်ထိုက်ပါတယ်"—



ကျွန်တော်တို့ကား ဆက်လက်ထွက်ခွါလာပြီး ည(၁၀)နာရီခန့် လယ်ဝေးပြေငှင်ခါနီးတော့ ရှေ့တွင်ခရီးသည်တင် ဘတ်စ်ကားကြီးတစ်စင်း လမ်းဘေးချရပ်ထားပြီး၊ မီးနှင့်အချက်ပြနေသဖြင့် ကျွန်တော်ကားကလေး အား ကားကြီးနောက်တွင် ရပ်ပေးလိုက်သည်၊

"ကားဆရာတစ်ဆိတ်လောက် ကူညီပါ၊ ကျွန်တော်တို့ကားပေါ်မှာမွေး လူနာပါလာပါတယ်၊ အဲ့ဒါဝိုက်နာနေလို့ နေပြည်တော်ဆေးရုံကြီးကို အမြန် ပို့ပေးစေချင်ပါတယ်"

"သူမှာ အဖော်ပါသလား"

"ပါပါတယ်၊ သူ့ညီမပါပါတယ်"

"ကဲ - အဲဒါဆို တင်ဗျာ၊ ကျွန်တော်တို့ကူညီပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်က ဒီကားကြီးက စပယ် ယာပါ၊ ကားကြီးက ဘရိတ်ပေါက်သွားလို့ ဝါရှာတွေလဲနေတာ ကြာဦးမှာမို့ ပါ"

ထိုစဉ် ကိုယ်ဝန်ဆောင်အမျိုးသမီးအား မိန်းမဖော်(၂)ဦးက တွဲပြီး အမျိုးသမီး(၁)ဦးက နောက်ကအထုပ်အပိုးများဖြင့် လိုက်လာပါသည်၊ မြင့်သိန်းနှင့်ကျော်ကြီးက ဝိုင်းကူကြသည်၊ အောင်သန်းနှင့်တင်သောင်းက ကားခုံများအား ခေါက်၍ ကြိုးချည်ပြီး အောက်ခင်း ခင်းပေးသည်၊ ကားမှာ နောက်ခန်း လူ(၆)ယောက်ဖြစ်သဖြင့် အောက်ဆင်းထိုင်ကြရမည်၊

ကျွန်တော်ကားကို ဖြည်းဖြည်းမောင်းပြီး ထွက်ခဲ့သည်၊ လယ်ဝေးနှင့် နေပြည်တော်ဖျဉ်းမနားမှာ ရှစ်မိုင်ခန့်သာဝေးသဖြင့် နာရီဝက်ပင် မကြာ လိုက် ဆေးရုံကြီးရှေ့သို့ရောက်သည်၊ ပုဏ္ဏားကဆင်း၍ သတင်းပို့သဖြင့်

ဆရာမများတွန်းလှည်းဖြင့် ရောက်လာသည်၊ လူနာမှာ မွေးဝါနီးဆဲဆဲ အောင့်အည်းထားရပုံပေါ်သည်၊

မွေးခန်းထဲသို့ရောက်သွားသော်လည်း ကျွန်တော်တို့စိတ်မချသဖြင့် စည့်ခန်း၌ထိုင်စောင့်နေကြစဉ် ညီမဖြစ်သူက ထွက်လာပြီး -

"ကျေးဇူးတင်လိုက်တာ အစ်ကိုတို့ရယ်၊ အခုပဲ မွေးတော့မှာပါ၊ လမ်း ပေါ်မှာဆိုရင် မတွေးဝံ့စရာပဲ၊ မမက နှလုံးရောဂါအစဉ်ရှိတယ်၊ ဆေးရုံကြီးမှာ ဆိုတော့ စိတ်ချရပါပြီ"

"ဒါနဲ့ ညီမတို့က ဘယ်ပြို့ကလဲ"

"ကျောက်ဆည် ပြို့သစ်ကပါရှင်၊ ကျွန်မက အလယ်တန်းပြဆရာမပါ၊ မသီတာလို့ ခေါ်ပါတယ်၊ မမက မြကြည်ပြာပါ၊ မမယောက်ျားက မလေးရှား အဲ့လုပ်သွားလုပ်နေတော့ မွေးဖွားဝါနီး မိဘအိမ်ပြန်ခေါ်လာတာပါ"

"ကျွန်တော်တို့လည်း ကျောက်ဆည်သွားကြမှာပါ၊ မိဘတွေလိပ်စာ ပြောလိုက်ပါ၊ ဝင်အကြောင်းကြားပေးပါ့မယ်"

"ဟုတ်ကဲ့ရှင်၊ မိဘတွေက အသက်ကြီးကြပြီဖြစ်လို့ လိုက်မလာကြဖို့ ပြောပေးပါရှင်၊ ဒီမှာလိပ်စာနဲ့ စာတိုလေးပါ"

ထိုစဉ် ပုဏ္ဏားတင်ဦးက သူ့အိတ်ကြီးထဲမှ ငါးထောင်တန်တစ်အုပ်ထုပ် ပြီး -

"ညီမတို့မှာ ငွေအင်အားနည်းလိမ့်မယ်၊ ရော့ - ဟောသည်မှာ ငွေငါး သိန်း၊ အကိုတို့အဖွဲ့က ကူညီတာ၊ အပြန်ကျစလွန်းကားငှားပြီးပြန်လာခဲ့ကြ၊ ဒါမှ သက်သာမှာ"

"ဟာ - မလုပ်ပါနဲ့ အစ်ကို၊ ညီမတို့မှာလည်းပါလာပါတယ်၊ အခုလို့ကူညီ တာပဲ တော်လှပါပြီ - ကျေးဇူးတင်ပါတယ်ရှင်"

ထိုကြောင့် ကျွန်တော်က ဝင်ပြောရပါတော့သည်၊

"ယူသာထားပါ ညီမ၊ အစ်ကိုတို့အဖွဲ့အတွက် မပြောပလောက်ပါဘူး၊ ငွေက တကယ်ကို လိုအပ်မှာပါ အားမနာပါနဲ့"

မကြာမီ ကလေးမွေးဖွားကြောင်း ဆရာမလေးတစ်ယောက်က လာပြောမှ ကျွန်တော်တို့စိတ်ချ၍ မသီတာအားနှုတ်ဆက်ပြီး ခရီးဆက်ခဲ့ကြသည်။ တစ်ညလုံး မောင်းလာရာ ကျောက်ဆည်ရောက်တော့ မိုးလင်းပြီ။ မြို့သစ်သို့သွားကြရာ ဆရာမလေးတို့အိမ်ကို အသင့်ရှာတွေ့၍ ဆရာမလေးပေးလိုက်သော စာအားပေးပြီး အကြောင်းကြားရာ အသက်(၆၀)ကျော်ခန့် အဖိုးကြီးက ကျွန်တော်တို့အဖွဲ့အား အိမ်ပေါ်ခေါ်၍ ဧည့်ခံရင်း -

"ကျေးဇူးတင်လိုက်တာ တူမောင်တို့ရယ်၊ သမီးမသီတာ ဖုန်းဆက်ပြောထားလို့ အဘတို့ သိပြီးပါပြီ၊ ဒီအိမ်မှာပဲ တည်းခိုကြပါ၊ အဘက သစ်တောဘက်က တောအုပ်ကြီးအငြိမ်းစားပါ၊ အငြိမ်းစားဆိုတော့ ချမ်းတော့ မချမ်းသာပါဘူး၊ အဖိုးတန်မယ်ထင်တာတစ်ခုတော့ ရှိပါတယ်။ ကျေးဇူးဆပ်ပါရစေ၊ အဘက ပင်စင်ယူခါနီး တစ်လအလိုမှာ သစ်တောထဲဆင်းရင်း သစ်သူခိုးတွေလိုက်ဖမ်းတုန်း ကျားဆွဲမယ့်ဆဲဆဲ ရသေ့ကြီးတစ်ဦးကို ကယ်လိုက်နိုင်တယ်၊ ဒါတောင် ရသေ့ကြီးကိုကျားပုတ်သွားလို့ ဆေးရုံကိုအချိန်မီတင်လိုက်လို့ အသက်ချမ်းသာသွားတယ်။ ကျားဆိုတော့ အဘတို့ပစ်သတ်လိုက်ရတာပေါ့၊ အဲဒါရသေ့ကြီးက ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောသည် ရတနာမြေပုံပါတဲ့ ကြေးနီလိပ်ကလေးကို ပေးသွားတယ်။ အဘကအသက်ကြီးပြီဆိုတော့ မရှာနိုင်တော့ပါဘူး။ တူမောင်တို့က လူငယ်တွေဆိုတော့ ရှာနိုင်ကြမှာပါ၊ ထိုက်လို့ရတာပါ။ လက်ခံကြပါကွယ်"

ကျွန်တော် မြေပုံလိပ်ကလေးအား ဖြန့်ကြည့်ပြီး အံ့သြနေမိသည်။ ပျဉ်းမနားသစ်တောထဲမှ ရတနာဂူဟု ခေါင်းစဉ်တပ်ထားသည်။ ကျွန်တော်တို့ ရတနာမုဆိုးအဖွဲ့နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် ကြုံရခြင်းဖြစ်သည်။ စေတနာရောင်ပြန်ဟပ်ခြင်းဖြစ်ပါသည်။ တစ်ဦးကစေတနာ၊ တစ်ဦးကမေတ္တာ ဆိုသည်မှာ လက်တွေ့ဖြစ်ပါတော့သည်။



သေရွာနှစ်ဘါပြန် ကိုဖိုးထူး

ဝင်းနိုင်(ရွှေပြည်သာ)

ဆယ်တန်းစာမေးပွဲပြီး၍ နောက်တစ်နေ့တွင်ဟိုင်းလပ်ကားဖြင့်မိသား စုကိုတင်ဆောင်ပြီး ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ရွာကလေးမှာ ဟံသာ ဝတီ အနောက်ခြမ်း မုတ်ကျွန်း၊ တိုက်နယ်တွင်တည်ရှိသည်၊ ရန်ကုန်မြစ် နှင့်တိုးမြစ်ကိုဆက်သွယ်ထားသော သဘက်မြစ်ကမ်းဘေးတွင်တည်ရှိသည်၊ ယခင်ကတည်းက သွားရေးလာရေးခက်ခဲသည့် ရေလမ်းခရီးဖြင့်ငင်း။ ကုန်း ကြောင်းခရီးဖြင့်ငင်း၊ နွေအခါလှည်းလမ်းခရီးဖြင့်ငင်းသွားလာကြရသည်။

နောက်ပိုင်းတွင် စီးပွားရေးအရငင်း၊ ဆက်သွယ်ရေးအရငင်းအားထား နေရသည်၊ သဘက်မြစ် တိမ်ကောပျောက်ကွယ်သွားသည့်အခါ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းသာမက သွားလာဆက်သွယ်ရေးပါ အလွန်ခက်ခဲလာ ခဲ့ရသည်၊



တပ်မတော်အစိုးရလက်ထက်တွင် ဒလ၊ လက်ခုပ်ကုန်းကားလမ်းကို ဖောက်လုပ်ပေးခဲ့သဖြင့် ယခင်ထက် သွားရေးလာရေးလွယ်ကူခဲ့သည်၊ ထို့ ပြင် တူးမြောင်းများ၊ ချောင်း - မြောင်းများကို တူးဖော်ပေးခဲ့သဖြင့် လယ်ယာ မြေများ ယခင်လို ရေကြီး နစ်မြုပ်ခြင်းမှ ကင်းဝေးပြီးစိုက်ပျိုးလုပ်ကိုင်၍ ကောင်းသောအခြေအထားသို့ ရောက်ရှိလာခဲ့သည်၊ ထွက်ကုန်ပစ္စည်းဖြစ် သော ဆန်စပါးတို့ကို ကားလမ်းခရီးဖြင့် အရိုးနိုတို့ ပို့ဆောင်နိုင်သော ကြောင့် မြေကြီးမှ ရွှေသီးခဲ့ကြပြီဖြစ်သည်၊

ကျွန်တော်တို့ကားကလေးသည် ရွှေပြည်သာမှ နံနက်စောစောထွက် လာခဲ့ကြသည်၊ လိုင်သာယာတံတား၊ ပန်းလိုင်တံတား၊ တွံတေးကြီးတံတား ထိုမှတစ်ဆင့် ကော့မှူးပြိုနယ်သို့ နံနက် ၇း၀၀နာရီအချိန်ခန့် ရောက်ရှိခဲ့ သည်၊ ကော့မှူးပြိုတွင် ခေတ္တနားခြင်း နံနက်စောစောစားကြသည်၊ ထို့နောက်

> လူသတ်မှု ပင်လယ်တွင်းတိုက်ခတ်မှုကြောင့် အသက်မသေဘဲ ရှင်သန် လွတ်မြောက်လာသည့် လူထူးဆန်းတစ်ယောက်၏ ဘဝကောက်ကြောင်း....

မရောက်ဘာကြောပြီ ဖြစ်သော မွေးရပ်မြေသို့ ယခုနှစ် သားငယ်ဆယ် တန်းစာမေးပွဲ ဖြေပြီးသည့် အချိန်တွင် ရောက်ရှိ ခဲ့ကြသည်၊ ကျွန်တော်ရွာမှ ထွက်ခဲ့သည်မှာ နှစ်ပေါင်း(၃၀)ခန့်ကြာ ခဲ့ပြီဖြစ်သည်၊ မိသားစုစားဝတ်နေရေး အတွက် လူတန်းစေ့နေနိုင်ရန် လုပ်ကိုင် ဆောင်ရွက်ရင်း မရောက်ဖြစ်ခဲ့ခြင်းပင် ဖြစ်ပါသည်၊

သမီးကြီး ဘွဲ့လွန်တက်၍ သား ငယ်ဆယ်တန်းဖြေပြီးချိန်အထိ အဘိုး အဖွားများရှိရာရွာကို နာမည်သာကြားဖူး ပြီး ရောက်ခဲ့ကြခြင်း မရှိပေ၊ ထို့ကြောင့် ကလေးများအား မိဘများ၏ မွေးရပ်မြေ ကိုရောက်ဖူးရန်နှင့် ဆွေမျိုးများအားတွေ့ ဆုံပေးနိုင်ရန်အတွက်ယခုနှစ်နွေရာသီ တွင် ထွက်လာခဲ့ကြခြင်းဖြစ်သည်၊

လည်း စာပေပဟုသုတ ရှိကြသည်။ ဧရိုဒေသတွင် ကျွန်တော်တို့ရွာတလေး. ပညာတတ်အလွန်ထွက်သည်။ ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်ဗိုလ်၊ ဥွန်ဟူး စသည်တို့မှတစ်ဆင့် အခြားအရာရှိ အရာထမ်း ဘွဲ့ရပညာတတ်ပေါင်းစုံပေါ် ပေါက်ခဲ့သည်။ ကျွန်တော်တို့ငယ်စဉ်က တစ်နှစ်လုံးမှ ဆယ်တန်းကို တစ်ယောက် နှစ်ယောက်လောက်သာ အောင်မြင်ခဲ့သော်လည်း ယခုအခါ နှစ်စဉ် ပညာရှာတက်ပြောက်ပြားစွာပေါ်နေပြီဖြစ်သည်။

ဆက်သွယ်ရေးအနေဖြင့်လည်း ကိုယ်ပိုင်ကားများ၊ ထော်လာရီများ၊ ခေတ်မီ ဓိဘိုင်းဖုန်းများ၊ ပြိုလ်တုစလောင်းများ တပ်ဆင်ထားနိုင်ကြသည်။ ကျွန်တော်တို့ပါသွားသော GSM CDMA ဖုန်းများပင် ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်ကြပြီ ဖြစ်သည်။ ယခု စကားဝိုင်းတွင်လည်း ထွေရာ လေးပါး ပြောဆိုနေကြတော့သည်။

"သူငယ်ချင်း - မင်းပြိုမှာအခြေအနေကောင်းနေတယ်ဆို"

"ဒီလိုပါပဲကွာ၊ လုပ်လုပ်စားစားပေါ့"

"စာတွေဘာတွေ ရေးနေတယ်ဆို"

"ဟိုဟာ ဒီဟာလေးတွေပါကွာ"

"မင်းရေးတဲ့ဝတ္ထုတို့ဇော်ရပါတယ်"

"အဲဗယ် - တယ်ဟုတ်ပါလား"

"ဒို့ရွာလေးကို အထင်မသေးပါနဲ့ကွာ၊ ရွာကစာကြည့်တိုက်မှာ လစဉ် ထုတ်မဂ္ဂဇင်းတို့ ဂန္ထဝရလောကတို့၊ သည်းထိတ်ရင်ဖိုတို့ မောင်ညီမိုင်းစီစဉ် သောတို့အကုန်ရှိတယ်၊ လစဉ်လည်းဝယ်တယ်၊ အဲဒီအထဲက မင်းရေးတာ တွေတို့ဇော်ရတာကွ"

"ကောင်းတာပေါ့ကွာ၊ ငါလည်း အရုအရဖိန်ရတာနဲ့ ရေးဖြစ်တာပါ"

တော့မှုး ထမနိုင်၊ ဝါးဘလောက်သောက်ကားလမ်း အတိုင်း ဆက်လက် ထွက်ခွာလာကြရာ ဝါးဘလောက်သောက်ရွာသို့ နံနက် ၉း၃၀ နာရီတွင် ရောက်ရှိခဲ့ကြသည်။

ထိုမှတစ်ဆင့် မွေးရပ်မြေဖြစ်သော ဘို့ဒင်ကျေးရွာသို့ နံနက်(၁၀း၃၀) နာရီတွင်ရောက်ရှိခဲ့သည်။ ရွာတွင် အစ်ကိုအစ်မများနှင့် ဆွေမျိုးများက ဝမ်း သာအားရ ကြိုဆိုကြသည်။ တစ်ရွာလုံးကလည်း ဆွေမျိုးတွေချည်းဖြစ်နေ သောကြောင့် လာရောက်နှုတ်ဆက်ကြသူများ၊ စကားပြောကြသူများဖြင့် နံနက်ခင်းတစ်ရုံလုံး ဆူညံဝေစည်နေတော့သည်။ နေ့လယ် ၁၂ နာရီထိုးမှ ပင်နံနက်စာကိုစားကြရတော့သည်။ တောဝေလှေလတ်ဆတ်သောထမင်းပွဲ ဖြစ်၍ စားကောင်းလှသည်။

ကလေးနှစ်ဦးမှာတော့ ကြွေတွေ့ရသမျှ အသစ်အဆန်းဖြစ်နေရတော့ သည်။ ပျော်လည်းပျော်နေကြသည်။ ညနေစောင်း၍ အိမ်အတွက်နှင့် မွေး ထားသော ကျွဲနွားများအတွက် သောက်ရေကန်မှရေကို ရေစည်လှည်းဖြင့် တိုက်သည်ကို စိတ်အဝင်စားဆုံးဖြစ်သည်။

ကျွန်တော်တို့ဒေသတွင် သောက်ရေ၊ သုံးရေကို ရေကန်ကြီးများမှ ရ ယူသုံးစွဲကြသည်။ ရေကန်နှင့်နီးသောသူများက ရေထမ်းပုံးဖြင့်သယ်ယူကြ ပြီး ဝေးသူများကနွားလှည်းဖြင့်တိုက်ကြသည်။ နွားလှည်းဖေါ်တွင် တိုင်ကီ (၁)လုံးသို့မဟုတ်(၂)လုံးကို အပေါ်ဘက်မှ အပေါက်ဖောက်ပြီး လှဲတာ ရေ ထည့်၍သယ်ယူခြင်းကို ရေစည်တိုက်သည်ဟု ခေါ်သည်။

ကလေးများမှ ရေစည်တိုက်သည်ကို အသစ်အဆန်းဖြစ်နေကြ၍ ကိုယ်တိုင်လှည်းမောင်းပြီး ပျော်ရွှင်နေကြသည်။ သူတို့ဝမ်းလည်း လှည်း နှင့်နွားကို ယခုမှ စိတ်ကြိုက်စီးရသည်တိုး။

ညနေစောင်းအချိန်တွင် ရွာမှသူငယ်ချင်းများနှင့် အေးအေးဆေးဆေး စကားပြောကြရသည်။ မတွေ့သည်မှာလည်း နှစ်ပေါင်းအတော်ကြာပြီဖြစ် ၍ စကားလက်ဆုံကျနေကြတော့သည်။ ရွာသူရွာသားများဖြစ်ကြသော

သူကြီးမင်းဦးဖိုးဆင်ပြောသလိုပဲ
တိုင်တဲ့လက်မှတ် အစောင်
(၆၀)လောက်မှာ အစစ်က
(၁၀)စောင်လောက်ပဲပါပြီး
ကျန်တာက အတုတွေ
ဖြစ်နေတယ်။
သူ့လက်ရေးနဲ့ ထိုးနေကျ
လက်မှတ် မဟုတ်တော့ဘူး။



"မင်းက စာရေးနေတယ်ဆိုတော့ စိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်လမ်းလေးတွေ ပြောပြရဦးမယ်"

"ပြောစမ်းပါ သူငယ်ချင်းရယ်၊ ငါလည်း ဇာတ်လမ်းရတာပေါ့"

"နေဦးကွ၊ ငါ့ဇာတ်လမ်းကိုမပြောခင်၊ ဟော့ကောင် - ဓွေးပိန် မင်းအဆိုးအကြောင်းကို အရင်ပြောလိုက်ကွာ၊ ရှေးတုန်းကလူကြီးတွေ ဘယ်လောက် ဉာဏ်များတဲ့အကြောင်း"

"ဓွေးပိန် ဟုတ်လား"

"ဟုတ်တယ် သူငယ်ချင်း၊ သူနာမည်က ဓွေးပိန်၊ သူ့အစ်ကိုက ကိုဓွေးကြီးတဲ့၊ ညီမလေးက ဓွေးဖြူမ၊ သူ့ဘကြီးက ကိုဓွေးသိုးတဲ့၊ သူ့အဖေက ကိုဓွေးညိုတဲ့၊ သူတို့အဘိုးကြတော့ ဦးဘိုးဆင်တဲ့ကွ"

"အခုလည်း သူ့အဖိုးဦးဖိုးဆင်အကြောင်းလေးကို မင်းနားထောင်ရအောင်ပြောရိုင်းတာ"

ကျွန်တော် သူတို့ပြောပြသည့်နာမည်များကို ကြား၍ ဓေါင်းပင်ရာရာလည်ချင်လာသည်၊ ဦးဖိုးဆင်၊ ဦးဓွေးသိုး၊ ဦးဓွေးညို၊ ကိုဓွေးကြီး၊ ကိုဓွေးပိန်၊

ဓွေးဖြူမတဲ့ အားလုံးတိရိစ္ဆာန်နာမည်ဖြစ်သော "ဓွေး" ထဲက မထွက်ကြတော့၊ ရယ်လည်းရယ်ချင်သည်၊ သို့သော် တစ်ဖက်သားကို ဇော်ကားသလိုဖြစ်နေမည်စိုး၍ မရယ်ဖြစ်တော့ပါ။

ဟုတ်လည်း ဟုတ်ပါသည်၊ ကျွန်တော်တို့ မြန်မာလူမျိုးများသည် ရှေးယခင်က မိမိတို့၏သားသမီးများကို ချစ်စနိုးဖြင့် တိရစ္ဆာန်နာမည်များကို မှည့်ခေါ်လေ့ရှိကြသည်၊ သို့သော် ယုခုကဲ့သို့ တစ်ဆွေလုံး တစ်မျိုးလုံးကို မှည့်ခေါ်သည်ကိုတော့ ယခုမှပင် အံ့သြစွာသိလိုက်ရသည်၊

"ကဲ - ပြောစမ်းပါဦး ကိုဓွေးပိန်ရဲ့ ခင်ဗျားအဘိုးအကြောင်း"

"ဒီလိုဆရာရဲ့ ကျွန်တော်က ဒီရွာသားမဟုတ်ဘူး၊ ဟိုး - ပင်လယ်ကမ်းနားဘက်ကလက်ပံပင်ဆိုတဲ့ရွာကပါ၊ ကျွန်တော့်အဖိုးက အင်္ဂလိပ်ခေတ်က အဲဒီရွာမှာ သူကြီးမင်းလေ၊ သူကြီးတောင် ဆယ်ရွာအုပ်သူကြီးမင်းဆိုတော့ နှစ်လုံးပြူးသေနတ်နဲ့ အလွန်တန်ဖိုးထွားတာပေါ့၊ အရက်ကလည်း သိပ်ကြိုက်တယ်၊ သူ့အိမ်မှာ သူ့အပေါင်းအသင်းတွေနဲ့ တစ်ပတ်ကိုနှစ်ခါလောက်ဆုံပြီး ဝိုင်းဖွဲ့ဖြစ်တယ်၊

ရွာမှာကလည်း ဓေါက်ဆွဲဆိုင်နဲ့ လိုင်စင်ရတဲ့အရက်ကို တွဲရောင်းတဲ့အရှောင်ဆိုတဲ့ တရုတ်တစ်ယောက်ရှိတယ်၊ ထုံးစံအတိုင်းပေါ့၊ ဆိုင်ရှင်ပေါက်ဖော်က သူကြီးမင်းဦးဖိုးဆင်ကို တစ်ပတ်အရက်တစ်လုံး ဆက်သရတယ်၊ ဆက်ကြေးသဘောမျိုးပေါ့၊ သူတစ်ယောက်ထဲဆိုရင် အခြားအရက်ပုန်းဆိုင်တွေကရတာနဲ့ လောက်တယ်၊ ဒါပေမဲ့ - အပေါင်းအသင်းတွေနဲ့ တစ်ပတ်နှစ်ခါလောက် ဝိုင်းဖွဲ့တော့ မလောက်တော့ဘူး၊

ဒီတော့ လိုတဲ့အရက်ကို တရုတ်အရှောင်ဆီသွားတောင်းရိုင်းတာပေါ့၊ သူကြီးမင်းက ဆိုတော့ တရုတ်ကလည်း မပေးလို့မဖြစ်ဘူး၊ ပေးရတယ်၊ ဒါပေမဲ့ အရှောင်က တရုတ်လူလည်၊ ပါးစပ်နဲ့တောင်းရိုင်းရင် မပေးဘူး၊ စာနဲ့ သူကြီးမင်းရဲ့လက်မှတ်ပါမှပေးတယ်၊ အဲဒီတော့ အရက်မလောက်လို့ ယူ

ခိုင်းတိုင်းသူကြီးကစာရေးလက်မှတ်ထိုးပြီးတော့မှလွှတ်ရတယ်။အဲဒီတော့မှ တရုတ်ကပေးတယ်။ ဒါတောင် ပါးစပ်က တဖျစ်တောက်တောက်ပြောသေးတယ်။

ပုံမှန် ဆက်ကြေးအပြင် နောက်ထပ်ပါ ထပ်ထပ်ပေးနေရတော့ တရုတ်အရှောင်က လုံးဝ မကျေနပ်တော့ဘူး။ တရုတ်ဆိုတာ စီးပွားရေးသမားတွေလေ။ သူတို့စီးပွားရေးကို ထိခိုက်လာရင် လုံးဝမကြိုက်တော့ဘူး။ ဒီကိစ္စကို ဘယ်လိုလုပ်ရမလဲလို့ တရုတ်ကအကြံထုတ်တယ်။ နောက်တော့ အကြံရသွားတယ်။ သူ့ဆီကိုအရက်တောင်းခိုင်းတဲ့ သူကြီးရဲ့စာတွေကိုစုထားပြီး အထက်မြို့ပိုင်မင်းကို တိုင်လိုက်ရင် ဒီသူကြီးတော့ပြုတ်မှာပဲ ဒါမှ သူ့ကို အနိုင်မကျင့်နိုင်မှာဆိုပြီး အကြံရသွားတယ်။

"အဲဒီအတိုင်း အကောင်အထည်ဖော်ဖို့ သူ့ဆီကို အရက်လာတောင်းခိုင်းတဲ့စာတွေကို တရုတ်ကစုထားတော့တယ်။ ခြောက်လလောက်ကြာပြီး သူကြီးမင်းရဲ့စာတွေလည်း အတော်များလာရော ကိုရွှေတရုတ်က သူ့အကြံကိုအကောင်အထည်ဖော်တော့တယ်။ မြို့ပိုင်မင်းထံကို စာတွေနဲ့တကွ အကျိုးအကြောင်းတင်ပြပြီး တိုင်ပါလေရော။ အဲဒီအချိန်မှာလည်း ကိုလိုနီခေတ်ဆိုတော့ မြို့ပိုင်တို့၊ နယ်ပိုင်တို့ဆိုတာ ဗမာလူမျိုးတွေ မရှိသလောက်ရှားတယ်လေ။

မျက်နှာဖြူနဲ့ ကပြားတွေချည်းပဲ။ ပြီးတော့ သူတို့ ကိုလိုနီအုပ်ချုပ်ရေးယန္တယားတည်တံ့အောင် ဗမာဆိုရင်ဖိနိပ်ပြီး မတရားစီးပွားလာရှာတဲ့ တရုတ်ကုလားဆိုရင် အရမ်းကိုကူညီချင်နေတာလေ။ ဗမာလူမျိုးကျုပ်အဘိုး သူကြီးမင်းကလည်း ခပ်ပေပေ၊ ခပ်ဆိုးဆိုးဆိုတော့ မြို့ပိုင်မင်းက သိပ်ကြည့်မရဘူး။ ဒီတော့ ကြုံတုန်းဆော်ပစ်လိုက်မယ်ဆိုပြီး ခေါ်စစ်တယ်။အပြစ်ထင်ရှားရင် ဖြုတ်ပစ်လိုက်မယ်ပေါ့။

ကျုပ်အဘိုးသူကြီးလည်း မြို့ပိုင်မင်းရုံးခန်းထဲကို မျက်နှာငယ်လေးနဲ့ ဝင်သွားတော့ မြို့ပိုင်က -

"မောင်မင်း - မောင်ဖိုးဆင့်၊ မောင်မင်း သိပ်ဆိုးနေပါလား"

"မှန်ပါ၊ ကျွန်တော်မျိုးကြီးသိပ်မဆိုးသေးပါဘူး ဘုရား"

"ဘာ မဆိုးရမှာလဲ၊ ကျုပ်ဆီမောင်းမင်းကိုတိုင်တဲ့ တိုင်စာတွေ ရောက်နေတယ်"

"ကျွန်တော်မျိုးကို မနာလိုတဲ့သူတွေက ရောက်တွန်းတာပါ ဘုရား"

"ဘာရောက်တွန်းရမှာလဲ၊ ဟောဒီမှာ မောင်မင်းတရုတ်အရှောင်ဆီကို အရက်တွေတောင်းတဲ့စာတွေချည်းပဲ၊ သူက ကျွန်ုပ်တို့ ဗြိတိသျှအစိုးရကို အခွန်လိုင်စင်ဆောင်ပြီး ရောင်းနေတာ၊ သူ့စီးပွားရေးထိခိုက်လို့ လိုင်စင်မဆွဲနိုင်တော့ရင် ကျွန်ုပ်တို့အစိုးရရဲ့ဘဏ္ဍာငွေတွေကို ထိခိုက်လာနိုင်တယ်လူကလေး"

"အဲဒီတော့၊ ဒီကိစ္စတွေကို မောင်မင်းဖြေရှင်းချက်ကောင်းကောင်းပေးပါ။ မဖြေရှင်းနိုင်ရင်တော့ ပြင်းပြင်းထန်ထန် အရေးယူရလိမ့်မယ်"

ထိုအခါ သူကြီးမင်းဦးဖိုးဆင်လည်း မျက်နှာငယ်ကလေးဖြင့် မြို့ပိုင်ရှေ့မှစာများကို တစ်ခုချင်းစစ်ဆေးကြည့်ရှုနေသည်။ မြို့ပိုင်မင်း၏မျက်နှာမှာလည်း ဒီတစ်ချီတော့အပိုင်ပဲဟူသောသဘောဖြင့် ကျေနပ်အားရလျက်ရှိသည်။ သူကြီးမင်းဦးဖိုးဆင်မှာလည်း တိုင်ထားသောစာရွက်များကို စစ်ဆေးနေရင်း မျက်နှာလေးငယ်နေရာမှ တဖြည်းဖြည်း ပြုံးရွှင်လာခဲ့သည်။ ထို့နောက် ကျေနပ်အားရသော အမူအရာဖြင့် -

"မှန်ပါ - မြို့ပိုင်မင်းဘုရား၊ ဒီစာရွက်တွေကို သေသေချာချာစစ်ဆေးကြည့်ပါဦး၊ ကျွန်တော်မျိုးလက်ရေးနဲ့ လက်မှတ်အစစ်က (၁၅)စောင်လောက်ပဲပါတယ်။ ကျန်တဲ့စာရွက်တွေက ကျွန်တော်မျိုးလက်ရေးနဲ့ လက်မှတ်မဟုတ်ပါဘူး။ လုပ်ကြံတိုင်တာပါ"

"ဟုတ်ရဲ့လား မောင်မင်း - ပြစမ်းပါဦး"

"ဟောဒါတွေက ကျွန်တော်မျိုးလက်ရေးနဲ့ လက်မှတ်အစစ်တွေပါ၊ ကျွန်တော်မျိုးလက်မှတ်အစစ်က "ဘ"နဲ့ "ဘိုး"ပြီး "ဆ"နဲ့ "ဆင်"တဲ့ "ဘိုးဆင်" ပါဘုရား၊ ကျန်တာတွေက မဟုတ်ပါဘူး"

အဲဒီလိုလည်းပြောလိုက်ရော၊ မြို့ပိုင်မင်းက သူ့ရုံးမှာရှိတဲ့ သူကြီးမင်းဦး ဘိုးဆင်ရဲ့လျှောက်လွှာလက်ရေးနဲ့ လက်မှတ်တွေကို ယူခိုင်းပြီးတိုက်ကြည့် လိုက်တယ်၊ သူကြီးမင်း ဦးဖိုးဆင်ပြောသလိုဘဲ တိုင်တဲ့လက်မှတ် အစောင် (၆၀)လောက်မှာ အစစ်က (၁၀)စောင်လောက်ပဲပါပြီး ကျန်တာက အတုတွေဖြစ်နေတယ်၊ သူ့လက်ရေးနဲ့ ထိုးနေကျလက်မှတ် မဟုတ်တော့ဘူး။

ခြောက်လလောက်အတွင်းမှာ (၁၀)ခါလောက်ပဲ တောင်းတာဆိုတော့ သူတို့အထက်အောက်ဝန်ထမ်းအချင်းချင်းပဲ ခွင့်လွှတ်ရတော့တာပေါ့၊ အဲဒီအပြင် ကျုပ်အဘိုးက -

"မြို့ပိုင်မင်းဘုရား၊ ကျွန်တော်မျိုးဗြိတိသျှဘုရင်မကြီးရဲ့ ပေးအပ်တဲ့ တာဝန်ကို အားကြိုးမာန်တက်ထမ်းဆောင်နေတာ၊ ဒီလိုမျိုး မနာလိုချောက် တွန်းသူတွေကြောင့် အရမ်းစိတ်ထိခိုက်ရပါတယ် ဘုရား၊ ကျွန်တော်မျိုးကို သူကြီးရာထူးက ထုတ်ပစ်လိုက်ပါဘုရား"

ဆိုပြီး မျက်ရည်ကလေးစမ်းစမ်း - စမ်းစမ်းနဲ့ လုပ်ပြလိုက်တော့ မြို့ပိုင်မင်းက စိတ်မကောင်းဖြစ်သွားပြီး -

"မောင်မင်းကြိုးစားပြီး အမှုတော်ကိုထမ်းတယ်ဆိုတာ ကျွန်ုပ်သိပါတယ်၊ ကိစ္စမရှိဘူး၊ ဆက်ပြီးတော့ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ပါ" ဆိုပြီး ပြန်ချော့လိုက်သေးတယ်၊ အပြစ်ကိုရှာမတွေ့တဲ့အပြင် မြို့ပိုင်မင်းအိမ်မှာ ကျုပ်အဖိုးသူကြီးပို့ထားတဲ့ ပုဇွန်ခြောက်နဲ့ငါးခြောက်က ပုံးလိုက်၊ အထုပ်လိုက်ရောက်နေပြီကိုး။

အဲဒါနဲ့ ကျုပ်အဖိုးသူကြီးမင်းလည်း ဘာမှမဖြစ်ဘဲ ရွာကိုပြန်လာခဲ့

တယ်၊ ရွာရောက်ပြီး အဲဒီညနေပဲ အရက်ကိုမူးအောင်သောက်၊ မြင်းစီးပြီး တရုတ်အရှောင်ရဲ့ဆိုင်ရှေ့မှာ ခေါက်တံ့ခေါက်ပြန် သွားဆဲနေတော့တယ်၊ အဲဒီအရိန်ကစပြီး တရုတ်အရှောင်လည်း သူကြီးမင်းက "ဟဲ့"ဆိုတာနဲ့ "ဘုရား"ဖြစ်သွားတော့တာပဲ။

"နေပါဦး - ကျုပ်မေးပါရစေဦး ကိုခွေးပိန်ရဲ့ တရုတ်အရှောင်က ခင်ဗျား အဘိုးပေးတဲ့စာတွေကို စုပြီးတော့မှ မြို့ပိုင်မင်းဆီကိုတိုင်တာ မဟုတ်လား"

"ဟုတ်တယ်လေ - စာတွေက ကျွန်တော့်အဘိုးဆီကပဲ"

"ဒါဆို ဘာလို့အများစုက အတုတွေဖြစ်နေတာလဲ"

"ဒီလိုပါ ဆရာ - ကျွန်တော့်အဘိုးသူကြီးမင်းက အင်္ဂလိပ် - မြန်မာ "၇" တန်းအထိ ကျောင်းနေခဲ့ဖူးတယ်၊ လူကလည်း လူလည်လူပါးကြီး၊ သူက အရှောင်ဆီကအရက်ကို ဒီလိုဿ ခဏခဏတောင်းနေရင် တစ်ရိန်ပြဿနာတက်လာနိုင်တယ်ဆိုတာကို တွေးမိတယ်၊ အဲဒီတော့ သူ့အိမ်မှာ သူငယ်ချင်းတွေ စုမိလို့ ဝိုင်းလုပ်တော့မယ်ဆိုရင် -

"ခင်ဗျားတို့ထဲကတစ်ယောက်လောက်အရှောင်ဆီကိုအရက်တောင်းတဲ့စာရေးဗျာ၊ ကျုပ်က မျက်စိသိပ်မကောင်းလို့ ပြီးမှ လက်မှတ်ထိုးမယ် ဆိုပြီး ရေးခိုင်းတယ်၊ သူတို့ရေးတဲ့စာတွေပေါ်မှာ -

"ဘိုးစင်"

"ဖိုးဆင်"

"ဖိုးစင်"ဆိုပြီး

"ဘ"နဲ့ "ဘိုး"ပြီး "စ"နဲ့စင်တယ်၊

"ဖ"နဲ့ "ဖိုး"ပြီး "ဆ"နဲ့ "ဆင်"တယ်၊

"ဖ"နဲ့ "ဖိုး"ပြီး "စ"နဲ့ "စင်"တယ်၊

အဲဒီအတိုင်း တစ်ခုခုနဲ့ လက်မှတ်ထိုးပေးလိုက်တယ်၊ သူ့လက်ရေးနဲ့ တစ်လကို "၂"ခါလောက်ပဲရေးပြီး လက်မှတ်အမှန်ဖြစ်တဲ့ "ဘိုးဆင်"ဆိုတဲ့

"ဘ"နဲ့ "ဘိုးပြီး" "ဆ"နဲ့ဆင်တဲ့ လက်မှတ်ကိုထိုးပေးလိုက်တယ်။ ဒါကြောင့် တိုင်စာ(၆၀)လောက်မှာ သူလက်ရေးအစစ်နဲ့ လက်မှတ်က(၁၀)စောင်လောက်ပဲပါတော့ သူ့ကိုခွင့်လွှတ်ရတာပေါ့။ အဲဒီအပြင် တရုတ်အရောင်းကလည်း ဗမာစာကို ကောင်းကောင်းမတတ်တော့ ခံလိုက်ရတာပေါ့"

"အော် - ဒီလိုလား"

"ဟုတ်တယ်ဆရာရေ၊ ကျွန်တော့်အဘိုးရဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့ ဥာဏ်များကွက်ပေါ့"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်ဗျာ"

"ကိုဇွေးဝိန်ကသူ့အဖိုးအကြောင်းပြောပြီးတော့သူငယ်ချင်းမင်းအဘိုးအကြောင်းလဲ ပြောပါဦး"

"ပြောမယ် သူငယ်ချင်း၊ ငါ့အဘိုးအကြောင်းက ပိုပြီးစိတ်ဝင်စားဖို့ကောင်းတယ်၊ ဒေသမင်းခံတွင်းဝကိုရောက်ပြီးမှ ဒေသမင်းက လက်မခံလို့နှစ်ခါတောင်ပြန်လာခဲ့ရတာ"

"ဒေသရွာ နှစ်ခါပြန်ပေါ့"

"ဟုတ်တယ် သူငယ်ချင်း၊ သူနာမည်က ကိုဖိုးထူးတဲ့"

သူနာမည်က မောင်ဖိုးထူးဖြစ်သည်၊ ဦးဘိုးရင် ဒေါ်မယ်မတို့၏ တစ်ဦးတည်းသောသား ဖြစ်သည်၊ မိဘများနှင့်အတူ လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေသည်၊ ဘို့ဒင်ရွာတောင်ဘက်ကွင်းတွင် လယ်တဲနှင့်နေထိုင်ကြသည်၊ ကိုလိုနီခေတ်က ချစ်တီးကုလားများနှင့်အပြိုင် လယ်ကောတစ်ရာနီးပါးကို လုပ်ကိုင်၍ လူချမ်းသာစာရင်းဝင်များဖြစ်ကြသည်။

မိဘနှစ်ပါးဖြစ်သော ဦးဘိုးရင်နှင့်ဒေါ်မယ်မတို့မှာ တောသူတောင်သားများဖြစ်ပြီး ဘာသာတရားကို ကိုင်းရှိုင်းကြသည်၊ အလှူရေစက် လက်နှင့်မကွာရိုသေတဲ့သို့ အလှူအတန်းများစောင်ရွက်ခြင်း။ မရှိဆင်းရဲသားများကို ပေးကမ်းထောက်ပံ့ခြင်းတို့ကို အမြဲဆောင်ရွက်ခဲ့သည်၊ သားဖြစ်သူ မောင်ဖိုးထူးမှာ တစ်ဦးတည်းသောသားဖြစ်သော်လည်း အသောက်အစား အဝတ်အပါးမရှိဘဲ ဒေးရမ်းစွာနေထိုင်ဖြစ်သည်။

အသားဖြူဖြူ အရပ်ပြင့်ပြင့်နှင့် စိတ်သဘောထားကောင်းမွန်ပြီး မိဘများကဲ့သို့ပင်မရှိဆင်းရဲသားများကို အမြဲကူညီလေ့ရှိသည်၊ အိမ်တွင်ခိုင်းစေသော အလုပ်သမားများနှင့် မိသားစုဝင်များကို ညီအစ်ကိုမောင်းနှမအရင်းကဲ့သို့ ဆက်ဆံလေ့ရှိသဖြင့် အားလုံးက သူ့ကိုချစ်ခင်ကြသည် သူ့တွင် ပြောစရာတစ်ခုသာရှိသည်၊ အပေါင်းအသင်းအလွန်မက်သည်၊ သူငယ်ချင်းများ၏ အိမ်နှင့်အနီးအနားရွာရှိ သူငယ်ချင်းများထံ သွားရောက်လည်ပတ်လျှင် တစ်ပတ်ဆယ်ရက်နဲ့ကြာတတ်လေ့ရှိသည်၊

မောင်ဖိုးထူးတို့မိသားစုကို အားလုံးက ချစ်ခင်ကြသော်လည်း ကြည့်ရသူကတော့ မောင်ဖိုးထူးတို့တဲတောင်ဘက်တွင်နေထိုင်သော ကိုမောင်လေးတို့မိသားစုဖြစ်သည်၊ ကိုမောင်လေးကလည်း ဧရာသူတော့်မဟုတ်၊ စားရုတ်မှုန်ခြင် ထောင်နှစ်ခါကျခဲ့ဖူးသူ ဖြစ်သည်၊ မောင်ဖိုးထူးတို့မိသားစုကို အသားလွတ်ကြည့်မရနေသူများ ဖြစ်သည်၊ မိန်းမဖြစ်သူကလည်း နံနက်ဦးလင်းသည်နှင့် ဧရေတော့၊ မောင်တော့နှင့်ဆဲဆိုပြီးဖွင့်လှစ်ရမှ ကျေနပ်သူတွေဖြစ်သည်၊ မောင်ဖိုးထူးတို့မိသားစုကို အမြဲတမ်း စောင်းမြောင်းဆဲဆိုနေကြသည်၊

မိဘနှစ်ပါးဖြစ်သောဦးဘိုးရင်နှင့်ဒေါ်မယ်မတို့ကအတတ်နိုင်ဆုံးသည်းခံပြီးနေထိုင်ခဲ့ကြသည်။ ကိုမောင်လေးတို့မိသားစု စားစရာမရှိ၍ ဒုက္ခရောက်လျှင် သူတို့ကပဲ ထောက်ပံ့ပေးကမ်းကြသည်။ ကိုမောင်လေးက နေ့တိုင်းမူးပြီး ဆဲဆိုရန်စလျှင် အတတ်နိုင်ဆုံးသည်းခံသည်။ အထူးသဖြင့် မောင်ဖိုးထူးသူငယ်ချင်းများထံ သွားရောက်လည်ပတ်နေလျှင် ကိုမောင်လေးက ပို၍ ဆဲဆိုရန်စတတ်သော်လည်း သားဖြစ်သူမောင်ဖိုးထူးသိမည်စိုး၍ ပိုသည်းခံနေသည်။

တစ်နေ့တွင် ကိုမောင်လေးအရက်မူးလာပြီး ဦးဘိုးရင် ဒေါ်မယ်မတို့ တဲရှေ့သို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် မောင်ဖိုးထူးက သူငယ်ချင်းများထံသွားရောက်လည်ပတ်နေ၍ တဲတွင်မရှိခဲ့ပါ။

"ဗျို့ - ဦဖိုးရင် အဖိုးကြီး"

"ဘာလဲကွ၊ ငါ့တူမောင်လေး"

"ငါ့တူတွေ မောင်လေးတွေလုပ်မနေနဲ့၊ ကျုပ်အရက်ထပ်သောက်ချင်လို့ အရက်ဖိုးပေးစမ်းပါ"

"ဟာ - မောင်လေး မင်းဟာမလွန်ဘူးလားကွ၊ စားစရာမရှိရင် ငါတို့က ပေးနေတာ၊ အခု မင်းကအရက်ဖိုးပါတောင်းတော့ သိပ်လွန်နေပြီကွ"

"စကားမရှည်နဲ့ဗျာ၊ ပေးမလား မပေးဘူးလား"

"အရက်သောက်ဖို့ကတော့ မပေးနိုင်ဘူးကွာ၊ မင်းဟာလွန်နေပြီ"

"လွန်တော့ရော၊ ခင်ဗျားက ဘာလုပ်ချင်သလဲ - ကဲဗျာ"

"ဗုန်း"

"အင့်"

"ဝုန်း"

ပြောပြောဆိုဆို ကိုမောင်လေးက ဦးဘိုးရင်ကို ဆောင့်တွန်းလိုက်ရာ ဖင်ထိုင်ရက် လဲကျသွားသည်။

"ဟဲ့ - မောင်လေး - နင်မိုက်ရိုင်းလှချည်လား၊ ကိုယ့်အဖေအရွယ်လောက်ကို"

"ရိုင်းတော့ ဘာဖြစ်လဲ၊ ခင်ဗျားတို့လင်မယားရော၊ ခင်ဗျားသားရော ကျုပ်ကြည့်မရတာကြာပြီ၊ ထမင်းသာဝအောင်စားထားကြ၊ ပိုက်ဆံလေး နည်းနည်းရှိလို့ လူတွေက ဆောင့်ကြွားကြွားနဲ့"

အားရအောင် ဆဲဆိုကြိမ်းဝါးပြီးမှ ပြန်သွားခဲ့သည်။ အဘိုးကြီးအဖွားကြီး လင်မယားနှစ်ယောက်တည်းဖြစ်၍ ကိုမောင်လေး၏ ဆဲဆိုရမ်းကားမှု၊ စော်ကားမှုကို ခံလိုက်ကြရသည်။

ထိုနေ့ညနေမှာပင် မောင်ဖိုးထူးသူငယ်ချင်းများထံ သွားလည်နေရာမှ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထမင်းဝိုင်းတွင် မိဘများမျက်နှာမကောင်း၍ အကျိုးအကြောင်းကိုမေးကြည့်ရာ မိဘများက ရန်မီးပွားမည်စိုး၍ မပြောပြခဲ့ပါ။ သို့သော် အတန်တန်မေးလွန်းမကမေးတော့မှ အကျိုးအကြောင်းအကုန်အစင်ပြောပြခဲ့သည်။ ထို့ပြင် မောင်ဖိုးထူးအားသည်းခံရန် ရန်ကိုရန်ချင်း မတုန့်ပြန်ရန်ကိုလည်း အတန်တန်သတိပေးခဲ့သည်။

မောင်ဖိုးထူးအဖို့ အကြောင်းကိုသိရသောအခါ ထမင်းပင်မစားနိုင်တော့ပါ။ မျက်ရည်များ တွေတွေကျလျက်ရှိပြီး ငါမရှိ၍ ငါ့မိဘများအစော်ကားခံရတယ်ဆိုပြီး ယူကြုံမရဖြစ်သွားခဲ့သည်။ ထိုနောက်တစ်ညနေလုံးမည်သူ့ကိုမျှ စကားမပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားနေတော့သည်။ ထိုနေ့ညနေ မိုးချုပ်ခါနီးအချိန်တွင် မောင်ဖိုးထူး၏သူငယ်ချင်းနှစ်ယောက် တဲသို့ ရောက်ရှိ လာပြီး ထိုနေ့က တဲတွင် မောင်ဖိုးထူးနှင့်အတူ အိပ်ခဲ့ကြသည်။

သန်းခေါင်ယံအချိန်တွင် မောင်ဖိုးထူးမှာ အဝတ်အစားများကို လဲလှယ်ဝတ်ဆင်၍ ဆောင်ဓားကိုကိုင်ပြီး တဲပေါ်မှ တိတ်တဆိတ်ဆင်းလာခဲ့သည်။ မိဘနှစ်ပါး သူငယ်ချင်းနှစ်ယောက်နှင့် လူငှားနှစ်ဦးတို့မှ နှစ်ချိုက်စွာအိပ်ပျော်နေကြသည်။ မိမိတဲနှင့် လယ်နှစ်ကွက်သာခြားသော ကိုမောင်လေး တဲသို့ ရောက်ရှိလာခဲ့သည်။ ကိုမောင်လေး တဲတံခါးကိုသာတွန်းဖွင့်ပြီး အပေါ်သို့ တက်လိုက်သည်။

တဲရှေ့ခန်းတွင် ခြင်ထောင်တစ်လုံးထောင်၍ ကိုမောင်လေးနှင့် သူ့မိန်းမသားနှစ်ယောက်ပေါင်း(၄)ဦး နှစ်ချိုက်စွာအိပ်ပျော်နေသည်ကို မှန်အိမ်မီးရောင်ဖြင့် တွေ့လိုက်ရသည်။ ထိုခဏတွင် မိဘနှစ်ပါးမျက်ရည်ပေါက်ကြီးငယ် ကျရသည့်အဖြစ်ကို ပြန်မြင်ယောင်လာပြီး ဒေါသအလျှောက်ပါလာသော ဆောင်ဓားဖြင့် ခြင်ထောင်ကြိုးများကိုဖြတ်ချလိုက်ပြီး ခြင်ထောင်နှင့်လုံးထွေးနေသော မိသားစုကို အချက်ပေါင်းများစွာ ခုတ်သတ်လိုက်တော့သည်။

ဆောင်ဓားမှာ ခြေသလုံးမွေးကျအောင် သွေးထားသဖြင့် အလွန်ထက်မြက်နေခြင်း၊ ဒေါသအလျှောက်အချက်ပေါင်းများစွာ ခုတ်သတ်ခံရခြင်း၊ အရက်မူးလွန်ပြီး နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်နေခြင်းတို့ကြောင့် မိသားစု(၄)ဦးမှာ တစ်ခဏချင်း သေဆုံးခဲ့ရသည်။

မိသားစုကိုဓားဖြင့်ခုတ်သတ်ပြီးနောက်တဲရှေ့နှင့်တဲပေါ်သို့တက်သည့် ခြေရာကို သုံးလေးမျိုးဖြစ်အောင် ရွံ့ဗွက်ဖြင့်ပြုလုပ်ထားခဲ့သည်။ ထို့နောက်တဲရှေ့တွင် တစ်ကိုယ်လုံး စင်ကြယ်အောင် စိမ်ပြေနံပြေချိုး၍ ဓားနှင့်အဝတ်များကို တစ်နေရာတွင် မြေမြှုပ်၍ ဖျောက်ပစ်လိုက်သည်။ ညဦးပိုင်းက ဝတ်ထားခဲ့သော အဝတ်အစားများကို ပြန်လည်ဝတ်ဆင်၍ တဲပေါ်သို့တက်ပြီး သူငယ်ချင်းများကြားတွင် ဟန်မပျက်ပြန်လည်အိပ်ပျော်နေခဲ့သည်။

နောက်တစ်နေ့တွင် ကိုမောင်လေးတို့မိသားစုတစ်ခုလုံး အသတ်ခံရ

သည့် ကိစ္စသည် တစ်နယ်လုံးသို့ ပျံ့နှံ့သွားခဲ့သည်။ သက်ဆိုင်ရာလူကြီးမင်းများနှင့် ဌာနအုပ်တို့က လာရောက်စစ်ဆေးကြသည်။ သက်သေခံပစ္စည်း၊ ပစ္စည်းသက်သေ၊ လူသက်သေ ဘာတစ်ခုမျှမရသော်လည်း သံသယရှိသူ တရားခံအဖြစ် တဲနီးချင်းဖြစ်သော မောင်ဖိုးထူးကို ဖမ်းဆီးစစ်ဆေးခဲ့သည်။ မောင်ဖိုးထူးကလည်း မည်သို့ပင်စစ်ဆေးပါစေ၊ လုံးဝ ဝန်ခံခြင်းမပြုခဲ့ပါ။ ဖြောင့်ချက်ပေးခြင်း မရှိခဲ့ပါ။ သို့သော် ရဲဌာနာက အမှုကိုတည်ဆောက်ပြီး ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီးရုံးသို့ တင်ပို့လိုက်တော့သည်။

ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီးမင်းကလည်း တရားခံ၏ဖြောင့်ချက်၊ လူသက်သေ၊ ပစ္စည်းသက်သေမရှိခဲ့သော်လည်း တရားခံမောင်ဖိုးထူးမှာ ဖြစ်နိုင်ခြေရှိသည်ဟုဆိုပြီး သေစားသေရန်အမိန့်ချမှတ်ခဲ့သည်။ သေဒဏ်ချမှတ်ခြင်းခံခဲ့ရသော်လည်း မောင်ဖိုးထူးမှာ မျက်နှာတစ်ချက်မပျက်ဘဲ ခပ်ပြုံးပြုံးပင်ရှိနေခဲ့သည်။ အောက်ရုံးမှ သေဒဏ်ချမှတ်ခံရခြင်းကို အထက်ရုံးသို့ အယူခံတက်ရောက်ခဲ့သည်။

အယူခံတက်ရာတွင် ရန်ကုန်မြို့မှ အတော်ဆုံးဆိုသောဝတ်လုံတော်ရများကို ငှားရမ်းပြီး အမှုကိုလိုက်စေခဲ့သည်။ ဝတ်လုံငှားရမ်းခနှင့် တရားရုံးစရိတ်ပင် ထိုခေတ်ကငွေဒဂါး ဆန်ကောတစ်ချပ်အမောက် ကုန်ခဲ့သည်။ အယူခံတွင် အခင်းဖြစ်သည့်ညကမောင်ဖိုးထူးနှင့်တဲတွင်အတူလာရောက်အိပ်နေသော သူငယ်ချင်းနှစ်ဦးမှ ၎င်းတို့နှင့်အတူမောင်ဖိုးထူးတစ်ညလုံးရှိနေကြောင်း ညဦးပိုင်းဝတ်ဆင်သောအဝတ်အစားနှင့် နံနက်ဝတ်ဆင်သော အဝတ်အစားမှာလည်း အတူတူပင်ဖြစ်ကြောင်း အလီဘိုင်ပြ၍ ထွက်ဆိုပေးခဲ့ကြသည်။

အယူခံအမိန့်ကိုချမှတ်ရာတွင် တရားသူကြီးက တရားခံ၏ဖြောင့်ချက်မပါရှိခြင်း သက်သေခံပစ္စည်းမပြည့်စုံခြင်း၊ မောင်ဖိုးထူးနှင့် ထိုညက အတူရှိနေပါသည်ဟု သူငယ်ချင်းနှစ်ဦးက အလီဘိုင်ပြနိုင်ခြင်း၊ မောင်ဖိုးထူး ကျူး

(ကျွန်တော့်စိတ်ထဲမှ ပြောလိုက်ခြင်းဖြစ်ပါသည်)

"ရေနွေးကြမ်းလေးပေးပါဦးကွ၊ ငါလည်း ဦးဖိုးထူးအကြောင်းပြောရလို့ အတော်မောသွားပြီ"

"ရော့ပါဗျာ - ရောပါ၊ လက်ဖက်လည်းစား - နောက်တစ်ခါသေရွာပြန် အကြောင်းပြောပါဦး"

"ပြောပါ့မယ်ဗျာ၊ ပြောပါ့မယ်"

"ကဲ - သူငယ်ချင်း၊ အမောလည်းပြေရောပေါ့၊ ဆက်ပြောကွာ"

"အေးပါကွ၊ အဲဒီလိုလူသတ်မှုက ကွင်းလုံးကျွတ်လွတ်လာပြီးတဲ့ နောက်ပိုင်းမောင်ဖိုးထူးကို မိဘတွေကရွာထဲကမသောင်းဆိုတဲ့အမျိုးသမီး နဲ့ အိမ်ထောင်ချပေးလိုက်တော့တယ်၊ လယ်တွေကို သူရင်းငှားတွေနဲ့ လုပ်ကိုင်စေပြီး သူတို့မိသားစုရွာထဲကို ပြောင်းလာကြတယ်၊ ရွာထဲပြောင်းလာပြီး ကိုဖိုးထူးနဲ့မသောင်းတို့လင်မယားက ကုန်စုံဆိုင်ကြီးတည်ပြီး ရောင်းတယ်၊ အဲဒီအပြင် ကိုဖိုးထူးက စပါး(၅၀၀)ပါတဲ့ သမ္မန်တစ်စင်းနဲ့ ဇရာဝတီတိုင်းဘိုကလေးအောက်ဘက်ကကျွန်းတွေမှာမဒမတိုင်တို့သင်ဖေါင်းတိုင်တို့ကနစိုသားတို့ကို သွားရုတ်ပြီး ရောင်းသေးတယ်၊"

"စီးပွားလည်းအလွန်ဖြစ်ခဲ့တယ်၊ လူချမ်းသာတွေပေါ့၊ အင်္ဂလိပ်ခေတ်မှာ ချစ်တီးကုလားတွေ တရုတ်တွေနဲ့အပြိုင် စီးပွားရှာပြီး လူချမ်းသာစာရင်းဝင်ခဲ့တယ်၊ ချမ်းသာသလောက် ခါတိုင်းထက်ပိုပြီး အလှူရေစက်လက်နဲ့ မကွာ ပိုပြီးလှူဒါန်းခဲ့တယ်၊ မရှိဆင်းရဲသားတွေကို ပိုပြီးကူညီထောက်ပံ့ခဲ့တယ်၊ လူတိုင်းက သူတို့မိသားစုကိုချစ်ခင်ကြတယ်၊ ဘုရားဒကာကြီး ကျောင်းဒကာကြီးဦးဖိုးထူး ဒေါ်သောင်းဆိုရင် တစ်နယ်လုံးက သိကြတယ်၊

လွန်ကြောင်း မည်သူတစ်ဦးတစ်ယောက်ကမျှ တွေ့ မြင်မှုမရှိခြင်း၊ ဤလူသတ်မှုကို မောင်ဖိုးထူးကျူးလွန်သည်ဟု ဆုံးဖြတ်၍မရနိုင်ခြင်းတို့ကြောင့် တရားခံမောင်ဖိုးထူးအား သံသယအကျိုးခံစားခွင့်အဖြစ် သေဒဏ်ကိုပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်လိုက်ကြောင်းအမိန့်ချမှတ်ခဲ့ပါသည်၊

ဤသို့ဖြင့် လူသတ်မှုမှသေဒဏ်ကျခံရပြီးမှ၊ အယူခံဖြင့် မောင်ဖိုးထူးမှာပြန်လည်လွတ်မြောက်လာခဲ့ပါသည်၊ သေရွာမှ ပထမအကြိမ်ပြန်လာခဲ့ခြင်းဖြစ်ပါသည်၊

"အဲဒါကတော့ ကိုဖိုးထူး ပထမအကြိမ်သေရွာပြန်ပေါ့"

"အေးဗျာ - မိသားစုတစ်စုလုံးကို သတ်ခဲ့တာတောင် ပြန်လွတ်လာသေးတယ်"

"ကိုလိုနီခေတ်က တရားစီရင်ရေးလေဗျာ"

"ကျွန်တော်ပြောဖို့ တစ်စုကျန်သွားသေးတယ်ဗျ၊ ဝတ်လုံတွားစနဲ့တရားရုံးစရိတ်အဖြစ် ငွေဒဂိုးဆန်ကောတစ်ချပ်အမောက်ကုန်ခဲ့တယ်လို့ ပြောခဲ့တယ်နော်"

"ဟုတ်တယ်လေ"

"အဲဒီအပြင် အမိန့်ချခါနီးမှာ နောက်ထပ်ငွေဒဂိုးဆန်ကောနဲ့ တစ်ချပ်ထပ်ကုန်ခဲ့သေးတယ်၊ ဒါကတော့ဘယ်နေရာမှာဘယ်လိုကုန်တယ်ဆိုတာ ပြောဖို့မလိုပါဘူး၊ ဧင်ဗျားလည်း ရိပ်မိမှာပါ"

"သိပါတယ်ဗျာ၊ သိပါတယ်၊ လွန်ခဲ့တဲ့နှစ်တစ်ရာလောက် ကိုလိုနီခေတ်တရားစီရင်ရေးဖို့လို့ပေါ့ဗျာ၊ အခုခေတ် တရားစီရင်ရေးဆိုရင်တော့ ဘယ်ရမလဲ"

ဦးဗိုးထူး အသက်(၄၀)လောက်ရောက်တော့ ဖခင်ကြီးနဲ့ မိခင်ကြီးတို့ ရွှေဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့ကြတယ်။ အဲဒီအချိန်မှာ ကိုဗိုးထူးတို့ လင်မယား၊ ကလေးငါးယောက်ရနေပြီ။ ဒီတော့ ဇနီးဖြစ်သူဒေါ်သောင်းကသမွန်နဲ့ ဧရာဝတီတိုင်းကိုသွားပြီး ထင်းတွေ၊ တိုင်တွေတိုက်ရောင်းတာ မလုပ်တော့ဘဲ အေးအေးဆေးဆေးနေပါတော့လို့ ဖြောတာကိုလက်မခံဘူး။ သူကလည်း လုပ်ချင်ရင်ဘယ်သူတားတားမရဘူး။ တစ်နေ့တော့ သူ သမွန်နဲ့ ဘိုကလေးကို ခရီးထွက်ဖို့ပြင်တယ်၊ အဲဒါကိုဒေါ်သောင်းက -"

"ကိုဗိုးထူး၊ ရှင်ဒီတစ်ခေါက် သမွန်မထွက်ပါနဲ့လားတော်"

"ဘာဖြစ်လို့လည်း မသောင်းရ၊ ခါတိုင်းလည်း သွားနေကျတာကို"

"ကျွန်မစိတ်ထဲမှာ ဝေးနေလို့ပါတော်၊ ပြီးတော့ အချိန်ကလည်း မိုးဦးကျလေဦးကျလေ"

"ဘာမှမဖြစ်ပါဘူး မသောင်းရယ်၊ စိတ်ချနေစမ်းပါ"

"ဟုတ်တယ် အဘရယ်၊ ရာသီဥတုကြည့်ရတာ ကျွန်တော်တို့လည်း သိပ်မကြိုက်ဘူး"

"ဟကောင် - ဘာမှမဖြစ်ဘူး၊ မင်းမလိုက်ချင်နေခဲ့"

"မနေပါဘူး အဘရယ်၊ အဘသွားရင်လိုက်မှာပေါ့"

ဇနီးဖြစ်သူအပြင် သမွန်ပဲ့နင်းကပါ ဝင်ပြောသည်ကို လုံးဝလက်မခံတဲ့ခရီးထွက်ခဲ့သည်။ ကိုလိုနီခေတ်ဖြစ်၍ ယခုအချိန်ကဲ့သို့ မိုးဇလဝသသတင်းကိုလည်းမရရှိခဲ့ပါ။ သွားရသည်ကလည်း တိုးမြစ်ဝမှ ပင်လယ်ထွက်၍ ပင်လယ်မှတစ်ဆင့် ဘိုကလေးမြစ်ဝကို ရွက်လွှင့်သွားရခြင်းဖြစ်သည်။

ထိုခရီးကိုစတင်ပြီးပင်လယ်ထဲသို့ရောက်သောအခါမုန်တိုင်းကျသည်နှင့်တိုးတော့သည်။ စပါးငါးရာပါသမွန်မှာ မြစ်ထဲချောင်းထဲတွင် အတော်အသင့်ကြီးသော်လည်း ပင်လယ်ထဲတွင်တော့ စက္ကူလေးတစ်ရွက်ပမာဖြစ်နေတော့သည်။ မုန်တိုင်းကို မည်သို့မျှအံမတုနိုင်ဘဲ သမွန်နှစ်မြုပ်သည့်

အခါလေ့သမားနှစ်ဦးမှာပင်လယ်ထဲသို့ပုံးပုံးမြုပ်သွားတော့သည်။ ကိုဗိုးထူးတစ်ယောက်မှာတော့ ကံကောင်းထောက်မစွာပင် ရေရွံ့ထည့်ထားသောလေးထောင့်သံပုံးကိုရ၍ ဇက်ပြီး ပင်လယ်ထဲတွင် စုန်ကာဆန်ကာမျောနေခဲ့တော့သည်။

အစားမစားရသော်လည်း ဇက်တွယ်မိခဲ့သည့် သံပုံးထဲတွင် ရေရွံ့ကသုံးပုံတစ်ပုံပါလာသဖြင့် သောက်ရေအတွက် မပူခဲ့ရပါ။ သေရမည်ဟူသောအသိဝင်လာသောအခါ ဘုရားကိုသတိရမိတော့သည်။ သေရတော့မည်၊ အစားမစားရ၍ ဥပုသ်စောင့်နေရသည့် အစားမရသရွေ့ ဘုရားစာများဂုဏ်တော်များကို ရွတ်ဆိုပွားများနေတော့သည်။

မုန်တိုင်းစဲသော်လည်းပင်လယ်ထဲတွင်ဆက်လက်မျောပါနေခဲ့သည်။ ထူးခြားသည်မှာ ဘုရားဂုဏ်တော်ကို အချိန်ပြည့်ပွားများရွတ်မှစ၍ နေ့အခါနေမှရှိန်ပြင်းထန်သည့်အချိန်တွင် ကိုဗိုးထူးအပေါ် ကောင်းကင်ထံ၌ မိုးတိမ်တစ်ကွက်က အံ့ဆိုင်းပြီးလိုက်ပါနေခြင်းဖြစ်သည်။ ထို့ကြောင့် နေ့အခါအပူဒဏ်ကို သက်သာပြီး မသေခဲ့ခြင်းဖြစ်သည်။

ကိုဗိုးထူး ပင်လယ်ထဲမျောပါပြီး ငါးရက်မြောက်နေ့တွင် ဘိုကလေးမြစ်ဝအနီး မိန်းမလှကျွန်းအနားတွင်နေထိုင်သော တံငါသည်သားအဖတွင် သားဖြစ်သူက ပင်လယ်ထဲသို့ ပို့က်ချထွက်ရန် အလွန်ဆန္ဒပြင်းပြနေသည်။

"အဘ - ဒီနေ့ ပင်လယ်ထဲပို့က်ချသွားရအောင် အဘရဲ့"

"လူလေးကလည်း - မုန်တိုင်းကျပြီးတော့ မကြာသေးတော့ ငါးလည်း သိပ်ရှာမဟုတ်ဘူး၊ နောက်နှစ်ရက်သုံးရက်လောက်နေမှ သွားတာပေါ့ကွာ"

"မဟုတ်ဘူး အဘရ၊ သား ဒီနေ့သွားချင်လို့ပါ။ သားစိတ်ထဲမှာ တစ်ခုခုတော့ ထူးခြားမယ်ထင်နေတယ်"

"အေးလေ - လူလေးသွားချင်တဲ့ဆန္ဒရှိရင်လည်း သွားကြတာပေါ့"

သားအဖနှစ်ယောက် လှေနှင့်ပိုက်များကိုပြင်ဆင်ပြီး ပင်လယ်ပြင်သို့ ထွက်ခွာလာခဲ့ကြသည်။ ပင်လယ်ပြင်သို့ရောက်ပြီး အတော်ကြာသော အခါ -

"အဘရေ၊ ဟိုး - ရှေ့မှာ တစ်ခုခုမျောလာတယ် ထင်တယ်"

"ဟုတ်တယ်လူလေး အဘလည်းမြင်တယ်၊ အဲဒီကို လှော်စမ်းဟေ့"

"ကဲကဲ - လှေပေါ်ကိုဆွဲတင်ကြရအောင်"

လှေပေါ်သို့ဆွဲတင်လိုက်တော့ ကိုဖိုးထူးမှာ အသက်မြော့မြော့သာ ကျန်တော့သည်။ တံငါသည်သားအဖလည်း ကိုဖိုးထူးကို လှေဖြင့် သူတို့တဲ ကိုတင်ခေါ်လာပြီး ပြုစုကုသပေးကြသည်။ ဆယ့်ငါးရက်ခန့်ပြုစုကုသပေး တော့မှ ကိုဖိုးထူးမှာ လူကောင်းပြန်ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် ရွာ၌ ကျန်ရစ်ခဲ့သောဒေါ်သောင်းနှင့် သားသမီးများမှာ မျက်ရည်နှင့်မျက်ခွက်ဖြစ်နေကြသည်။ မုန်တိုင်းမိပြီး အရက်(၂၀)ခန့်ကြာ သောအခါကိုဖိုးထူးပင်လယ်ပြင်တွင်တစ်ထစ်ချသေဆုံးသွားပြီဟုယူဆပြီး ရက်လည်ဆွမ်းသွတ်အမျှဝေရန် ပြင်ဆင်တော့သည်။ အိမ်ရှေ့တွင်မဏ္ဍပ်ကြီးထိုး၍တစ်ရွာလုံးကိုဖိတ်ကြားပြီးဒါနပြုခဲ့သည့်ရွာကျောင်းရှိဆရာတော်နှင့် သံဃာတော်များကိုလည်း ပင့်ဖိတ်၍ ဆွမ်းသွတ်အမျှဝေရန် စီစဉ်ကြတော့သည်။

ဆွမ်းသွတ်မည့်နေ့သို့ ရောက်ရှိလာခဲ့သည်။ ဖိတ်ကြားထား၍ ကြွရောက်လာသော ရွာသူရွာသား နယ်သူနယ်သားအပေါင်းတို့ကလည်း ဝမ်းနည်းကြောင်းတွင်တွင်ပြော၍ဝက်သားဟင်းနှင့်ထမင်းကိုဗိုက်ကားအောင်

စားသောက်ကြသည်။ ထို့နောက် ဆရာတော်များထံ သီလယူတရားနာပြီး အမျှဝေရန် ပြုလုပ်နေချိန်တွင်...

"အဒေါ်ရေ"

"အဒေါ်မသောင်းရေ၊ ဟိုမှာ - ဦးဖိုးထူးကြီး"

"အဒေါ်ယောက်ျားကြီး မသေဘူး၊ ပြန်လာပြီဗျ"

"ဟာ"

"ဦးဖိုးထူး မသေဘူးတဲ့လား"

"ဟ...ဟ... လုပ်ကြပါဦး၊ သေပြီးမှ သရဲလာခြောက်တာလားမသိဘူး"

"နေ့ခင်းဘက်ကြီး သရဲလာခြောက်ပါ့မလားကွ"

အိမ်ပေါ်နှင့်အိမ်ရှေ့မဏ္ဍပ်အတွင်းမှ လူအားလုံးမှာလည်း အုန်းအုန်း ကျွက်ကျွက်ဖြစ်ကုန်တော့သည်။

အမျှဝေရန်ပြင်နေသော ဒေါ်သောင်းတစ်ယောက်မှာ ငေါက်ခနဲထရပ်လိုက်ပြီး မဏ္ဍပ်အပြင်သို့ ပြေးထွက်လာခဲ့သည်။ သံဃာတော်များမှာလည်း အခြေအနေကို ရိပ်စားမိ၍ ကျောင်းသို့ပြန်ကြွသွားကုန်ပြီ ဖြစ်သည်။

"ဟုတ်တယ်ဟေ့၊ ဦးဖိုးထူးကြီး မသေဘူးကွ"

"ဟုတ်တယ်ကွ၊ လုံချည်အနက်ကွက်ကြီးနဲ့"

"အမေရေ - အဖေမသေဘူးဗျ၊ ဟိုမှာ ပြန်လာနေပြီ"

ထိုအချိန်တွင် ဒေါ်သောင်းက လူအုပ်ကြားမှပြေးထွက်ပြီး ကိုဖိုးထူးရှေ့တွင် သွားရပ်လိုက်သည်။

"တော်က ကိုဖိုးထူးလား"

"ဟုတ်တယ်လေဟ၊ မသောင်း မင်းရှူးသွားပြီလား၊ ကိုယ့်ယောက်ျား ကိုယ်တောင် မမှတ်မိတော့ဘူးလား"

"ကျွမ်းယောက်ျားတော့ ကျွမ်းသိတာပေါ့၊ ရှင်က သေသွားပြီ မဟုတ်လား"

"မသေပါဘူး မသောင်းရယ်၊ မုန်တိုင်းမိလို့ ပင်လယ်ထဲမျောပြီး သေခါနီးအချိန်မှာ တံငါသည်သားအဖကတွေ့ပြီး ကယ်ခဲ့လို့ အခုမင်းတို့နဲ့ ပြန်တွေ့ရတာ"

"ကျွမ်းကတော့ မယုံဘူး၊ ရှင်ဒေသပြီး အပတွေဘာတွေ ဖိလာသလားမသိဘူး"

"မဟုတ်ရပါဘူး မသောင်းရယ်၊ ဖိုးထူးမှ ဖိုးထူးအစစ်ပါ၊ မင်းယုံအောင် ဘယ်လိုသက်သေပြရမလဲ"

"ဒါတော့ ကျွမ်းဘယ်သိမလဲတော့"

"ကဲကွာ - မင်းနဲ့ငါ့မှာကလေးငါးယောက်ရှိတယ်ကွာ"

"အိုး - ဒါကတော့ လူတိုင်းသိနေတာပဲ"

"လယ်ဧက(၇၀)လုပ်တယ်ကွာ"

"ဒါလဲ လူတိုင်းသိတာပဲ"

"သားအဖနှစ်ယောက်ကို မနှစ်က ရှင်ပြုတယ်ကွာ"

"ဒါလဲ - ထူးထူးခြားခြားမဟုတ်သေးဘူး"

"ဒီမယ် ရှင်နဲ့ကျွန်မနှစ်ယောက်တည်းသိတဲ့ ထူးထူးခြားခြားကိစ္စမျိုးကိုပြော၊ ဒါမှ ကျွမ်းယုံမယ်"

"ကဲကဲ - ဟုတ်ပြီ၊ မင်းနဲ့ငါနှစ်ယောက် အိပ်ခါနီးတိုင်း ဟိုဟာလုပ်တယ်လေကွာ"

"ရှင် မဟုတ်က ဟုတ်က၊ ညစ်တီးညစ်ပတ်တွေ မပြောနဲ့"

"ငါပြောတာက မင်းကို အိပ်ခါနီးတိုင်း တင်ပါးကိုပုတ်ပြီး သိပ်တယ်လေကွာ၊ အဲဒါကိုပြောတာ"

"နည်းနည်းတော့ ဟုတ်လာပြီ နောက်တစ်ခုထပ်ပြောဦး"

"နောက်တစ်ခုက "ဟို - အဲ" ဟုတ်ပြီ"

"မင်းနဲ့ငါ မင်္ဂလာဆောင်ခါနီးမှာ အမှတ်တမဲ့ရရိုပြီး မင်းကိုရွေ့ရှိန်သုံးကျပ်သားရှိတဲ့ ဒေါင်းဘယက်ဆွဲကြိုးတစ်ကုံးကို လက်ဆောင်ပေးခဲ့တယ်ကွာ၊ အဲဒါကို မင်းကသဘောကျလို့ရိုပြီး မဝတ်ဘဲ မင်းအဝတ်အစားတွေရဲ့ အောက်မှာ သိမ်းထားခဲ့တယ်ကွာ"

"အမလေး - ကျေးဇူးရှင်ကြီးရဲ့...မသေလို့တွေ့ရတာပါလာတော့"

ဟီး ဟီး ဟီး -

ထိုအခါမှပင် ဒေါ်သောင်းက ကိုဖိုးထူးကိုဖက်၍ ရှိက်ကြီးတငင်ငိုတော့သည်၊ သားသမီးများကလည်း အဖေနှင့်အမေကိုကြည့်၍ သူတို့ပါရောငိုနေကြတော့သည်၊ ကြွရောက်လာကြသော ပရိသတ်အပေါင်းမှာလည်း မျက်ရည်လည်ရွဲ ဖြစ်ကုန်ကြတော့သည်၊ ယခုအချိန်ကျသော မျက်ရည်များသည် ဝမ်းသာ၍ကျသော မျက်ရည်များပင် ဖြစ်ကြပါလိမ့်မည်၊ ကိုဖိုးထူးအတွက်ရည်စူး၍ ပြုလုပ်သောဆွမ်းသွတ်တဲ့အလှူသည် ရွာသူရွာသားနှင့် သူ့မိသားစုအဝိုင်းတွက် ပျော်စရာအလှူတစ်ခုပင် ဖြစ်ခဲ့ပါတော့သည်၊

ကဲ - စာရေးဆရာရေကျွန်တော့်အဖိုးဦးဖိုးထူးရဲ့သေရွာနှစ်ခါပြန်အဖြစ်အပျက်ကတော့အဲဒီအတိုင်းပါပဲ၊ဦးဖိုးထူးလည်းသက်တမ်းစေ့နေပြီးအလှူဒါနတွေကိုအသက်ထက်ဆုံးပြုလုပ်ပြီးအသက်ရှစ်ဆယ်ကျော်မှကွယ်လွန်သွားခဲ့တယ်၊

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်ကို အခုလိုဇာတ်လမ်းကောင်းလေးတွေ ပြောပြတာကို"

"ကျွန်တော်မရှင်းတာတစ်ခုလောက် မေးပါရစေခင်ဗျာ"

သောမှ နားထောင်နေသူတစ်ဦးက ဝင်ပြောလိုက်သည်။

"မေးပါဗျာ၊ မေးပါ"

"ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ကောင်းတာလုပ်ရင် ကုသိုလ်ဖြစ်တယ်။ မကောင်းတာလုပ်ရင် အကုသိုလ်ဖြစ်တယ်လို့ ဆိုကြတယ်။ ကံကဲရဲ့အကျိုးပေးဆိုတာလည်းရှိတယ်။ ကျွန်တော်ပြောချင်တာက ဦးဖိုးထူးဟာ မိသားစု (၄)ဦးစလုံးကိုသတ်ဖြတ်ခဲ့တာကြောင့် အဲဒါရဲ့အကုသိုလ်ကံတွေကို သူမခံရဘူး။ ပြီးတော့ မုန်တိုင်းမိပြီး ပင်လယ်ထဲမျောပါနေတာတောင် ဒေသအပူရှိန်ပြင်းတဲ့အရှိန်မှာတိမ်တိုက်ကြီးကလိုက်ပါဖုံးအုပ်ပေးပြီးအပူဒဏ်သက်သာအောင်ဖန်တီးပေးနေတာ အဲဒါ ဘာကြောင့်လည်းဆရာ"

"ဒီလိုရှိပါတယ်၊ ငါညီပြောတာလည်း မှန်တယ်၊ တို့ဗုဒ္ဓဘာသာအလို အရကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရမယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးခံစားရမယ်၊ ဒါက ရှောင်လွဲလို့မရနိုင်ဘူး၊ ချက်ချင်းလက်ငင်း အကျိုးမပေးသေးပေမဲ့ သူ့အရိန်အဝါရောက်လာရင် ကောင်းကျိုးရောဆိုး ကျိုးရော ရှောင်လွဲလို့မရနိုင်ပါဘူး။

အဲဒီအပြင် တချို့ဆိုရင်လည်း ဒီဘဝမှာကောင်းတာလုပ်ပေမယ့် ဒီဘဝမှာခံစားချင်မှခံစားကြရတယ်၊ အရင်ဘဝက အကုသိုလ်ကံတွေမကုန်သေးသရွေ့ အကျိုးမပေးသေးဘူး၊ အဲဒီအကုသိုလ်ကံတွေကုန်မှ ကုသိုလ်က အကျိုးပေးတယ်၊ အကျိုးပေးတာကလည်းဒီဘဝမှာမဟုတ်ရင်နောက်ဘဝ နောက်နောင်ဘဝတိုင်အောင်ဖြစ်သွားနိုင်တယ်။

"အဲဒီလိုပဲ - ဒီဘဝမှာလုပ်ခဲ့တဲ့အကုသိုလ်ကံအကျိုးပေးက အရင်ဘဝက ပြုခဲ့တဲ့အကုသိုလ်ကံအကျိုးပေးတွေ ကြီးမားနေသေးရင် အဲဒီအကျိုးဆက်ကို မခံရသေးဘူး။ ကုသိုလ်ကံအကျိုးပေးကုန်သွားတဲ့အချိန် နောက်နောင်ဘဝတွေမှာ မလွဲမသွေခံစားရမှာ၊ "ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်

ထံပြန်လာသည်" ဆိုသလိုပေါ့၊ ဒါကိုလည်း ဘုရားဟောတရားတွေမှာ အထင်အရှားရှိပါတယ်၊ လေ့လာနိုင်ပါတယ်။

"ဟုတ်ကဲ့၊ အခုလိုရှင်းပြတာကို ကျေးဇူးတင်ပါတယ် ဆရာ"

"စာရေးဆရာရေ၊ ကျွန်တော်တစ်ခုပြောဖို့လိုသွားတယ်ဗျ"

"ပြောစမ်းပါဦးဗျ၊ ဘာများလဲ"

"အခု ကျွန်တော်ပြောခဲ့တဲ့ သေရွာနှစ်ခါပြန် ဦးဖိုးထူးဆိုတာကျွန်တော့် အဘိုးလို့ပေမယ့် ခင်ဗျားဇနီး ကျောင်းဆရာမရဲ့အဘိုးအရင်းတော်တယ်ဗျ၊ သူ့အဖေ ဦးအောင်ညွှန့်ရဲ့အဖေအရင်း၊ ခင်ဗျားဇနီးနဲ့ ကျွမ်းနဲ့က မောင်နှမဝမ်းကွဲတွေ၊ အဲဒီလိုစပ်လိုက်ရင် အဲဒီဦးဖိုးထူးဟာ ခင်ဗျားရဲ့အဘိုးလည်းဖြစ်သွားပြန်ရော"

"ဗျာ"



အပိုဆုံးလေးကိုး
ပေါ်ဆိုးနှိုး

ဘဏ္ဍာ...ခုနှစ် (၁၁) လပိုင်း (၁၁) ရက်နေ့
ညဉ့် (၁၁) နာရီမှာကျွန်တော်တို့မိသားစုအိပ်ဖျော်နေခိုက်
ကျွန်တော့်အိမ်လေးကို
ရဲတပ်ဖွဲ့ဝင်များနဲ့ လက်နက်ကိုင်များက
ဝိုင်းထားလိုက်ကြတယ်...။
သည့်နောက် ကျွန်တော့်ကို နှိုးတယ်။
စုတ်ဖြဖာထေးထားသည့် ခြင်ထောင်ထဲကနေ
ကျွန်တော့်မိန်းမ (ဇနီး) နှင့်
သားသမီးသုံးယောက်တို့က
ကြောက်လန့်တကြားဖြစ်ပြီး
မိခင်လုပ်သူကို မျက်ရည်စိုရှဲနှင့်
ဝိုင်းဖက်ထားကြတယ်...



လက်နှိပ်ဓာတ်မီးရောင် လေးငါးခြောက်လက်က အိမ်ကျဉ်းကျဉ်းလေး ထဲမှာ နေ့ခင်းလို လင်းထိန်နေတယ်...

"ကိုညီမိုင်း...ဟုတ်ပါသလား"

"ဟုတ်ပါတယ်..."

မေးနေတဲ့လူက လွယ်အိတ်တစ်လုံးကိုလွယ်လို့ ဂျာကင်အင်္ကျီနဲ့ သူနဲ့ အေးမှာ တစ်ပွင့်နဲ့ ရဲအုပ်၊ ပြီး - လက်နက်ကိုင်များ...။

ကျွန်တော့်ကိုချိန်ထားသည့် သေနတ်များက ကြောက်စရာ၊ ဂျီဗို့။ ဂျီသရီး၊ အမ်...၁၆၊ ရှင်ဇယ်...စုံနေတာပဲ။

လွယ်အိတ်တစ်လုံးလွယ်ထားတဲ့အရပ်ဝတ်အရပ်စားစစ်ဆင်ရေးများ ကလည်း အနီးမှာ သုံးလေးယောက်၊

ကျွန်တော် ကြောက်တာက အခန့်မသင့်၊ မတော်တဆ ကျည်ဆန် ထွက်ပြီး ထိမှန်မှာကို စိုးရိမ်နေတယ်။

ကျွန်တော့်မှာ ဘာလက်နက်မှ မရှိ၊

လေးဂွမရှိ၊ ဓားလုံမရှိ၊ သေနတ်မရှိ၊ ကျည်ဆန်မရှိ၊

ကျွန်တော်အလံနီမဟုတ်၊

ကျွန်တော် ဗ.က.ပ မဟုတ်၊

"နာမည်ရင်းကရော..."

"ကိုရွှေတင်ပါ"

"အဘဦးသာဟန်၊ အမိဒေါ်မြရီရော ဟုတ်သလား"

"ဟုတ်ပါတယ်"

အလို သူတို့က မှတ်စုစာအုပ်လေးကြည့်ပြီး ရွတ်ပြနေတာပဲ၊ အေးနေတာပဲ။

"စာရေးဆရာနော်"

"ဟုတ်ပါတယ်... ဘာကိစ္စရှိလို့ပါလဲ"

"ကျွန်တော်တို့ ကိုညီမိုင်းအိမ်ကို ရှာစရာရှိလို့ပါ၊ ဒီမှာ ရှာဖွေဝရမ်းရောအရပ်လူကြီးများလည်း ပါပါတယ်"

"ရှာပေါ့"

"ကိုညီမိုင်းက အောက်ကို ခဏဆင်းပေးပါ"

ဒါနဲ့ မိသားစုလေးဦးကို ခြင်ထောင်အစုတ်ကလေးအောက်မှာ ထားခဲ့ပြီး ကျွန်တော်က အိမ်ရှေ့သူတို့စီးလာတဲ့ ကားနံဘေးမြေပြင်မှာ ငုတ်တုတ်ထိုင်နေရတယ်၊

စစ်သားလိုလို၊ ရဲလိုလို၊ လုံထိန်းလိုလို "အီကွေးမင်းဝတ်စုံအပြည့်နဲ့ လက်နက်ကိုင်များက ကျွန်တော်ထွက်ပြေးလို့မရအောင် ဝိုင်းပြီးတစ်တောင့်မှန်ရုံနဲ့ ပွဲချင်းပြီး သေနိုင်သည့်လက်နက်တွေနဲ့ အသင့်ချိန်ရွယ်ကြတယ်၊

နောင်အခါ ကျွန်တော့်ဇနီး (မခင်စန်းမြင့် - ကွယ်လွန်) ပြန်ပြောပြလို့ သိရသမျှကို ရေးရရင် -

ဘုရားသောက်တော်ရေအိုးကို သွန်ပြီး ရှာကြတယ်၊

စာအုပ်မျိုးစုံကို လှန်လှောရှာကြတယ်၊

အိပ်နေတဲ့ ဇာကို စားနဲ့ခွပြီး ရှာတယ်၊

ဆန်အိုး၊ ထမင်းအိုး၊ ပန်းကန်ဇလုံ၊ ဘူးခွက်များပါမကျန် ဓနိဇက်ကိုပါ မကျန်၊ အိမ်သာမကျန်၊ သစ်ခေါင်းပေါက်မကျန်၊ အဝတ်အစားနဲ့ထီးပါမကျန် မူလတန်းကျောင်းသားလွယ်အိတ်ပါမကျန် အကုန်ပိုက်စိပ်တိုက်လှန်လှောရှာကြတယ်၊

သူတို့ဖွလှန်လှောရှာလို့ ပွရောင်းရောင်းဝတ်ကျန်နေတာကို သူတို့ပြန်ရှင်းပေးမသွားဘူး။ ဒီအတိုင်း ထားပစ်ခဲ့ကြတယ်၊

သည်နောက် လွယ်အိတ်လွယ်ထားတဲ့ ပုဂ္ဂိုလ်က -

"ရဲစခန်းကို ခဏလိုက်ခဲ့ပါ"

"ဘာလုပ်ဖို့လဲ"

"နည်းနည်းပါးပါး မေးစရာရှိလို့ပါ"

"ဒီမှာပဲ မေးပါ"

"ခဏလေးပါ၊ ပြီးရင်ပြန်ပို့ပေးမှာပါ၊ ဩော် ညီမ ... ညည်းအမျိုးသားကို ခဏလေးခေါ်သွားမယ်နော်၊ မေးမြန်းပြီးရင် ပြန်ပို့ပေးပါ့မယ် ... ဟုတ်လား"

ကျွန်တော့်ဇနီးနဲ့ ကလေးများက ဘာမှ ပြန်မပြောနိုင်ဘူး၊ မျက်ရည်ပေါက်ကြီးတွေ စီးကျပြီး ကျွန်တော့်ကို လှမ်းကြည့်နေကြတယ်၊

"ကို ... လိုက်သွားမယ်၊ စောင့်နေနော်"

အဲဒီညတုန်းက ခဏလေးဆိုပြီး ခေါ်သွားလိုက်တာ ...၊ အချုပ်စစ်ကြောရေးစခန်းနဲ့ အင်းစိန်အကျဉ်းထောင်မှာ တစ်နှစ်နီးပါးကြာခဲ့ရတယ်၊

တိုက်ပိတ်ခံရတယ်၊

(၄)တိုက်(၅)တိုက်(၆)တိုက်၊ (၃)တိုက် ပြောင်းနေခဲ့ရတယ်၊

ပုဒ်မက (၅-ည)တဲ့၊

အရေးပေါ်အက်ဥပဒေတဲ့၊

စစ်လိုက်ဆေးလိုက်၊ မေးမြန်းဟိန်းဟောက်လိုက်တာက ကြောက်စရာ၊ အံ့သြစရာ၊

ကျွန်တော်က အစိုးရကို လက်နက်ကိုင်တော်လှန်ရန် ကြံစည်သတဲ့၊

စစ်သင်တန်းပေးသတဲ့၊

လူသူစုရုံးစည်းရုံးသတဲ့၊

ဗ.က.ပ နဲ့ သိသလား၊

အဃံနဲ့ သိသလား၊

ဘာလက်နက်တွေရှိတုံး ... ဘယ်ကရတုံး၊

ဘယ်သူတွေပါသေးတုံး၊

ခေါင်းဆောင်က ဘယ်သူတုံး၊ မေးလိုက်တာစုံလို့၊ ကျွန်တော်အဲဒီအလုပ်တွေ တစ်ခုမှ မလုပ်ဘူး၊ မသိဘူး၊ ပြောလည်း မရဘူး၊

"ကျုပ်တို့ကို အတိအကျ သတင်းပေးတဲ့လူတွေရှိတယ်၊ မညာပါနဲ့"

"အဲဒါဆိုရင် အတိအကျသတင်းပေးတဲ့လူတွေကို ကျွန်တော်နဲ့ တွေ့ပေးပါ၊ သူတို့ကို အခု ကျွန်တော့်ရှေ့မှာ မေးမယ်၊ မဟုတ်မမှန်ပြောရင် ကျွန်တော်တရားပြန်စွဲမယ်"

အဲဒီလိုပြန်ပြောတော့ ထောက်လှမ်းရေးကခြိမ်သွားရော၊

"ကျုပ်တို့က အတိအကျသိထားတာ ခင်ဗျားဝန်ခံဖို့ပဲ လိုအပ်တာ"

"ဝန်မခံနိုင်ပါဘူး"

"ဘာလို့လဲ"

"ကျွန်တော်မှ ဒီပြစ်မှုအလုပ်ကို လုံးဝမလုပ်တာ၊ ကျွန်တော်ဘာလို့ လုပ်ပါတယ်လို့ သက်သက်မဲ့ ဝန်ခံရမှာလား"

"သေချာလား"

"သေချာပါတယ်၊ (.....)တို့ စစ်ဆေးမေးမြန်းစုံစမ်းလို့ ကျွန်တော် အစိုးရကို လက်နက်ကိုင်ပုန်ကန်တော်လှန်ရန် စစ်လက်နက်စုဆောင်းတယ်၊ စစ်သင်ခန်းပေးတယ်၊ လူစုပေးတယ်ဆို မှန်ကန်သေချာရင် ကျွန်တော့်ကိုတင် မဟုတ်ဘူး၊ ကျွန်တော့်မိန်းမအပါအဝင် ကျွန်တော့်သားသမီးသုံးဦးပေါင်း ကျွန်တော့်တို့ ငါးဦးကို လမ်းမပေါ်မှာ ကြိုက်ရာသေနတ်နဲ့ ပစ်သတ်အဆုံးစီရင်လိုက်ပါ"

"ခင်ဗျား အာမခံရဲလုရဲညည်လား"

"ကိုယ်လုပ်ရင် လုပ်တယ်၊ မလုပ်ရင် မလုပ်ဘူး၊ သတ္တိရှိတယ်"

"ဒါဖြင့် ခင်ဗျား ဘာလုပ်ခဲ့လဲ"

"ရဲသတင်းတစ်ဖွဲ့မှာ ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်ကို ထွက်ဆိုပြီး ကိုယ်တိုင် ထွက်ဆိုချက်ပေါ်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်၊ မေးကြည့်ပါ"

အဲဒီလိုနဲ့ အင်းစိန်ထောင်နှင့် မြို့နယ်အချုပ်မှာ တစ်နှစ်နီးပါးကြာခဲ့ပြီး နောင်အခါပြစ်ဒဏ် စီရင်ခြင်းခံခဲ့ရတယ်၊

အခု... လွတ်လပ်စွာ စည်းနဲ့ကမ်းနဲ့ ဥပဒေခွင့်ပြုချက်နဲ့ ဆန္ဒပြအရေး ဆိုလို့ရခဲ့ပြီ...။

အမျိုးသား ရင်ကြားစေ့ရေးနဲ့ ပြန်လည်သင့်မြတ်ရေးတွေ ဖြစ်ပေါ်ခဲ့ပြီ၊ ယုံကြည်ချက်အကျဉ်းသားတွေလွှတ်ငြိမ်းချမ်းသာခွင့်နဲ့လွှတ်မြောက်ခဲ့ပြီ၊ တိုင်းပြည်ရဲ့အကျိုး၊ လူထုရဲ့အကျိုးကို ဝိုင်းဝန်းသည်ပိုး ကူညီထောင်ရွက်လို့ရကြပြီ...။

စာပေ လွတ်လပ်ခွင့်၊ သတင်းစာလွတ်လပ်ခွင့်လည်း ရနေပြီ၊

နရသိန် မဂ္ဂဇင်းတဲ့...။

အကျဉ်းဦးစီးဌာန ကိုယ်စားပြုနဲ့တူပါရဲ့ မဂ္ဂဇင်းကောင်းတစ်ခု ထွက်ပေါ်လာခဲ့တယ်၊

အင်းစိန်ထောင်ပြန် စာရေးဆရာတွေလည်း ကိုယ်တွေ့အဖြစ်အပျက်များ ရေးသားပေးပို့လို့ရပါတယ်လို့ - ဖွင့်ပေးလို့၊

ကျွန်တော်လည်း ရေးခဲ့တယ်၊

ဆရာမကြီး ရွှေကူမေနှင်းလည်း ရေးခဲ့တယ်၊

သုဝဏ္ဏ ဆရာကျော်စိန်လည်း ရေးခဲ့တယ်၊

အခြား အခြားသော နရသိန်ပြန် စာရေးဆရာများ၊ ထောင်မှူး၊ ထောင်ဝိုင် စာရေးဆရာကြီးများပါ ဝင်ရောက်ရေးသားကြလို့ အကျဉ်းထောင်ဘဝ သရုပ်ဖော်ဝတ္ထုတို ဝတ္ထုရှည်တွေ တို့လစဉ်ဖတ်ဖန်များပြီ၊

ကြေကွဲစရာ၊ ရဲရင့်စရာ၊ သနားစရာ၊ အံကြိတ်စရာ၊ တရားရစရာ၊ ဆင်ခြင်ဖွယ်ရာ၊ အသိအမြင်တွေ စာဖတ်ရင်းရခဲ့ကြလေရဲ့၊

ကျွန်တော်ဆိုမူ ကိုယ့်ဘဝခံစားချက်များကို နရသိန်မဂ္ဂဇင်းမှာ အိတ်ဇာသွန်မှောက် ရေးခဲ့တယ်၊

ထောင်ကျတာ မရှက်ပါဘူး၊

ကိုယ်က သူခိုးဂျိုးပုဒ်မနဲ့ အပြစ်ခံကျခဲ့တာ မဟုတ်ဘူး၊ ဒီမိုကရေစီ

စာရေးဆရာထောင်ထဲရောက်တာ...ရေငတ်တုန်းရေတွင်းထဲကျသွားသလိုပါပဲ၊ နှာရော၊ ပါးစပ်ရော၊ မျက်စိရော ဖွင့်ပြီး မေးမြန်းမှတ်သားလေ့လာလိုက်တာ ကျွန်တော်ထောင်ကပြန်ထွက်လာတော့ ရေးစရာကုန်ကြမ်းဇာတ်လမ်းတွေအများကြီးရခဲ့တယ် ခင်ဗျား၊ ကျေးဇူးတင်ပါတယ် ဆရာကြီးတို့ရယ်...။

အခု... ခေတ်ပြောင်းသွားခဲ့ပါပြီ၊

တစ်ပါတီ အာဏာရှင်စနစ်လည်း မဟုတ်တော့ဘူး၊

စစ်အုပ်ချုပ်ရေးကာလလည်း မဟုတ်တော့ဘူး၊

ပါတီစုံဒီမိုကရေစီခေတ်ကို ရောက်သွားခဲ့ပြီ၊ ဟိုတစ်ချိန်တုန်းက လူစုပြီးဆန္ဒပြရင်း ချက်ချင်းအချုပ်ထဲ ထောင်ထဲရောက်ပြီး ထောင်ဒဏ်ပြစ်ဒဏ် စီရင်ခံရတယ်၊



ခေါင်းပေါ်မှာ
သစ္ခါးသီးထောင်၊
ဘူးသီးထောင်၊
ဂေါ်ရခါးသီးထောင်ပြီးမားပစ်
နေ့တိုင်းလိုလို စမ်းနေတော့။။
ကြာတော့ မသည်းပွင့်ခမျာ
ကြောက်လန့်စိုးရိမ်ပြီး၊
ပိန်ချုံးလို့ နှလုံးရောဂါ
ရင်တုန်ရောဂါရလာခဲ့တယ်။။

ရင်း သူတို့ဘဝတွေကို စာရေးဆရာဝီပီ၊ တွေ့ဆုံဖမ်းမြန်း ရေးသားခွင့်ရခဲ့တယ်။

အဲဒီမှာ စားရုတ်မှုနဲ့အင်းစိန်ရောက်လာတဲ့ စားရှည်ကြီးခေါ် ငသောင်းနဲ့ ရင်းနှီးသိကျွမ်းခဲ့ရတယ်။

ငသောင်းက (၁၉၈၈) ပြုန်းယ်ဆား၊ လူပိုက်...။

"မှားခြင်းသနာတစ်ခုခြင်ရဲ့ဟာရင် စားရှည်နဲ့ခုတ်ရေလှရှိလို့ "စားရှည်ကြီး" လို့ ခေါ်ရေလှရှိသတဲ့၊ တစ်ခုတော့ ရှိတယ်၊ သူက စားရှည်နဲ့ခုတ်ရင် အသေခုတ်လေ့မရှိဘူး၊ ကြောက်ရုံလန့်ရုံခုတ်တာ...

အခုဖြစ်တဲ့အမှုက...။

ငလူပိုတဲ့တစ်ယောက်ကတွဲကျယ်တွဲကျယ်နဲ့ စားကြောင်ပြပြီး မိုစာကြေးလိုက်ခွဲနေလို့ အဲဒီလူပိုကို ရှိုက်ရှာပြီး စားရှည်နဲ့ခုစစ်ပွဲဖြစ်ကြတာ၊ မနိုဝင်ဘာမှာလွတ်ရောနှာခေါင်းရောလေတော်ရောပြေးတွေရောပြတ်ပြီး၊ မှုဒေသမရှိခဲ့ခဲ့ရဲ့ ရောက်ခွဲခဲ့ဖြစ်ဖြောဖွယ်။

အဲဒီ စားခုတ်မှုနဲ့ တရားရင်ဆိုင်နေရတာ...

စားရှည်ကြီးဒေသခံနဲ့ စစ်အစိုးစံပါဒီရာစာစိန်ကောင်စီတပ်ခုကို ရလိုက်ရတာ၊

"ဆရာမိုင်းရေ... ကျွန်တော်တို့နယ်ခံတိုက်မှာ စားစိုးရွာဒေါ်ဖြောင့်ဆိုတာ ရှိတယ်ဆရာရဲ့..."

"မဟုတ်ဘူး ဆရာ၊ ဒီရွာရဲ့မြောက်ဘက် မိုင်းမဲမှာ ပါခြံပဒေသူမကြီးရှိတာပဲ"

"မှာကြားလား စားဝိစိုးဆိုတာက စားသိုင်းကိုကျွမ်းကျင်လို့လား၊ ဒေါ်သူကို ခေတ္တခဲ့ခဲ့ရတာလဲ..." ကိုဝဲလေးခင်းရင်း

အရေးတော်ပုံမှာ တာဝန်သိစွာ တက်ကြွစွာ ပါဝင်လှုပ်ရှားရင်း ဖူးခဲ့ရတာ-

ကိုယ်လို့ တဝတူတွေ အများကြီး-

အောင်ပွဲဆိုတာ ရွှေးနဲ့ သွေးနဲ့ရင်းရတဲ့ အစဉ်လည်းရှိတယ်၊ မျက်ရည်ရွှိက်သံဘဝပျက်ခြင်းစတဲ့အရောင်တွေနဲ့ စတေးခဲ့ရတဲ့ အရင်းအနှီးတွေလည်း ရှိခဲ့ကြရတာပဲ၊ အရင်းမရှိရင် အမြတ်မရဘူး။

အဲဒီလို ကိုယ်တွေ့အဖြစ်အပျက်များကို အရင်းပြုပြီး "နေရသိန်စံ အိပ်မက်များ" အမည်ရှိအကျဉ်းထောင်ကိုယ်တွေ့ဘဝသရုပ်ဖော်ဝတ္ထုတိုပေါင်း ချုပ်တစ်အုပ်ကို အောင်မြင်စွာရေးသားထုတ်ဝေနိုင်ခဲ့တယ်။

ကိုယ့်အကြောင်းလည်းပါရဲ့၊

သူများဘဝအဖြစ်အပျက်လည်းပါရဲ့၊

မမှားသင့်တာ မမှားကြရအောင် ပုံဖော်ဖွဲ့သီရတာလည်းပါရဲ့။

တစ်ခန်း...

တိုက်ပိတ်ခံထားရရာကနေ အတော်ကို ပြန်ပြောင်းနေရာရွေးလိုက်တော့၊ ကျွန်တော်တို့ ကျယ်ကျယ်ဝန်းဝန်းနဲ့ သွားလာလှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းလုပ်လို့ ရလာခဲ့တယ်။

ဘဝတူရော၊ ဘဝမတူရော၊ ပြစ်မှုတူရော၊ ပြစ်မှုမတူဖူရော၊ မိတ်သဟဲ့ ဆွေသစ်ဖွေတွေ တိုးပွားလာခဲ့တယ်၊ လူသတ်သမား၊ စားပြ...၊ သူပုန်၊ မုဒိမ်းကောင်၊ သူခိုး၊ ဂျုပိုး၊ ခါးပိုက်နှိုက်၊ လူလိမ်လူညာပေါင်းစုံကို မြင်တွေ့ရင်းနှီးခဲ့ရတယ်။

ဘုန်းကြီးလူထွက်၊ အကျဉ်း အရှုပ်သားရော၊ ဘုန်းကြီးရော သီကျွမ်း

အဝိုင်းပေါ့ဗျာ၊

အဲဒါကို (၁၅)ပေအကွာကနေ ဓားမြှောင်သုံးချောင်းနဲ့ပစ်ရင် စက်ဝိုင်းထဲမှာ ဓားသုံးချောင်းဝိုက်နေရော၊

ဇလောင်းကြေး စားကြေး ပစ်တာ၊

ကိုလောင်းရှည်ရှည်းပဲ နိုင်လေ့ရှိတယ်၊ အဲဒီဝင်ငွေနဲ့ အရက်ကို စိတ်ကြိုက်သောက်နေတာ၊

နောင်အစ်... သစ်သား လူရုပ်ကိုလုပ်ပြီး (၁၅)ပေ၊ ပေ (၂၀) အကွာကနေ ဓားမြှောင်နဲ့ပစ်ရင် ညာမျက်လုံးဆို ညာမျက်လုံး၊ ဘယ်မျက်လုံးဆို ဘယ်မျက်လုံး၊ နှာခေါင်းဆို နှာခေါင်း၊ လက်ဝါး၊ ရင်ဝ၊ ဆီးခုံ ပစ်မှတ်ကို တန်းနေတာပဲ၊

ဒါကြောင့်... သူ့ကို လူတိုင်းက ရိုးကျူးကြတယ်၊

ဓားပြိုင်ပေါက်ရင် ကိုလောင်းရှည်ပဲ နိုင်လေ့ရှိတယ်၊

အရက်မူးရင်တော့ အရမ်းဒေသွးထိုးတယ်၊ တွေ့သမျှရမ်းတော့တာပဲ၊ ပေါက်ခွဲရှိက်ချိုး လုပ်တာပဲ၊ ဓားကြိမ်းကြိမ်းတာပဲဗျ၊

သူ့ကို ဘယ်သူမှ မပြောရဲဘူး၊ ယှဉ်မဖြစ်ရဲကြဘူး၊

အကြောင်းက ဓားနဲ့ပစ်ပေါက်သတ်မှာစိုးလို့ပဲ၊

"ကြိုက်တဲ့ကောင် - ဓိုက်တဲ့ကောင် - ထွက်ခဲ့၊ ဟောဒီ - ဓားသုံးချောင်း ကြိုက်ရာဓားကိုပြော"

သူမှာ ပေါက်ဓားသုံးချောင်းရှိတယ်၊ ကိုပန်းဝေ ပန်းပဓိမှာ သူစိတ်ကြိုက်လုပ်ခိုင်းထားတာ၊

အပြားကြီး မျှော့ကြောင်းပါးပါး၊

အပြားလတ် မြှော့ကြောင်းပါးပါး၊

နောက်တစ်ချောင်းက နှစ်ဖက်ဓားသွားပါဓား၊

အားလုံး ကျွဲချိုရိုးတပ်ချည်းပဲ၊ အလေးချိန်မျှအောင် စီရင်ပြုလုပ်ထား

"သူ့သားမက်ကို သူပြန်သတ်တာဗျ"

"ဟာ... ဓားဝိဇ္ဇာမကြီးက သူ့သားမက်ကို သူပြန်သတ်တယ်၊ ဘယ်လို ကြောင့်မျှား"

"ဆရာမိုင်း စိတ်ဝင်စားသွားပြီလား"

"အေး... စိတ်ဝင်စားသွားပြီ၊ အစအဆုံးပြောလို့ရရင် ပြန်ပြောပြစမ်း ကိုသောင်း..."

"ဆရာက စာရေးဆရာဆိုတော့ သေသေချာချာ ပြောပြမှကောင်းမှာ"



ကျွန်တော်တို့(.....)မြို့နယ်မှာ "ကိုလောင်းရှည်" ဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ သူ့မယားနာမည်က မသည်းပွင့်တဲ့၊

ကိုလောင်းရှည်က ထောင်ထောင်မောင်းမောင်း မြင့်မြင့် ဗလကောင်းကောင်းကြီးဗျ၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးထူထူကြီးနဲ့ သူ့ကိုမြင်ရင် လူတိုင်းဟန့်တန့် ရှိန်သွားရော၊

အရက်က ညနေစောင်းရင် နှစ်ပုလင်းနေ့တိုင်းသောက်တယ်၊ အလုပ်က မည်မည်ရရ မလုပ်ဘူး၊

သူမှာ ထူးခြားတာ ဓားပေါက်ကျွမ်းကျင်တာပဲ၊

ကိုလောင်းရှည်က ကာလသားပေါက်စဘဝကတည်းက ဓားမြှောင်တစ်ချောင်းကို ပေါက်ကစားလာတာ၊ သူ့အိမ်လမ်းဝန်းကျင်က ညောင်ပင်၊ ကုက္ကိုပင်၊ သတော်ပင်မှန်သမျှ ဓားပေါက်ချက်ချည်းပဲ၊

ဓားပေါက်ကလည်း ကျွမ်းတယ်၊

တစ်ပတ်လည် ဓားပေါက်၊ နှစ်ပတ်လည်ဓားပေါက်၊ တန်းနေတာပဲ သစ်ပင်မှာထုံး၊ မြေဖြူနဲ့ စက်ဝိုင်းဝိုင်းထား၊ စက်ဝိုင်းကနို့မှန့်ဘူးအခွံလောက်

တော့ သူ့ခွန် သူ့အား၊ သူကျွမ်းကျင်တဲ့ပစ်ချက်အချိန်အဆနဲ့ ပေါင်းလိုက်ရင် ဓားကလိုချင်တဲ့ ပစ်မှတ်ကို တန်းနေတာ။

ဒါကြောင့် ကိုလောင်းရှည်ကို လူရော ခွေးရော ကြောက်တယ်။

သိပ်သောင်းကျန်းတဲ့ ခွေးများ သူ့ဓားနဲ့ ပစ်လိုက်ရင် နှလုံးရှိရာစိုက်ပြီး နေရာတင်သေတယ်။

ပုတ်သင်ညို၊ ကင်းလိပ်ချော၊ မြွေ...။

ပြေးနေတာတောင် ထိအောင် သေအောင် ပစ်နိုင်တယ်။

ထိုင်လျက်က ပစ်ပေါက်။ ဒူးထောက်လျက်ကနေ ပစ်ပေါက်။ နောက်ပြန်လှည့် ပစ်ပေါက်။ အိပ်ရာပက်လက်ကနေ ပစ်ပေါက်။ အကုန် စွယ်စုံရတယ်။ ယှဉ်နိုင်သူ မရှိဘူး။

အဲဒါ နာမည်ကျော် ဆပ်ကပ်အဖွဲ့က ကြေးကောင်းကောင်းပေးခေါ်တယ်။ မလိုက်ဘူး။

ဒါကြောင့်...လောင်းရှည် အရက်မူးလာရင် ဘယ်သူမှ သူ့အနီးမှာ မနေရဲဘူး။ သူ့မယား မသည်းပွင့်ပါ ထွက်ပြေးရတာ။

နောင်တော့ ကိုယ့်လူက ပညာစွမ်းကို ပိုပြလာတယ် ဆရာ။

တိုင်ပေါ်မှာ ပန်းသီး၊ လိမွော်သီး၊ မာလကာသီး တင်ပြီး ဓားနဲ့ပစ်တာတို့ ကျီးကန်း၊ စာကလေး၊ ဆက်ရက်တို့ကို ကြိုးရှည်နဲ့ချည် ပျံခုန်ခိုင်းပြီး ပစ်တာတို့ကို ရက်ရက်စက်စက် လုပ်လာခဲ့တယ်။

အဆိုးဆုံးက...

သူ့မိန်းမ မသည်းပွင့်ရဲ့ ဦးခေါင်းပေါ်မှာ သဘော်သီးကို အညွှာကဖြတ်တင်ပြီး ဓားနဲ့ပစ်တဲ့ လုပ်ချက်ပဲ။

မသည်းပွင့်က မလုပ်ရဲဘူး။ ငြင်းတယ်။ ငြင်းတာမှ မျက်ရည်လည်ရွဲ ရှိရိုးဦးတင် ငြင်းတာ။ မရဘူး။ မသည်းပွင့်ကြောက်လို့ ထွက်ပြေးတော့ ဓားနဲ့လိုက်ရှာပြီး ဆွဲခေါ်ခဲ့တယ်။

ဘယ်သူမှမပြောရဲ၊ မတားရဲဘူး။

ရဲလည်း မတိုင်ရဲကြဘူး။

တိုင်တဲ့လူ ဓားစာမိမယ်လို့ ကြိမ်းဝါးထားသကိုး။ ဒီတော့ မသည်းပွင့်ကလေးကို သနားကြပေမင့် ဝင်မပါရဲကြဘူး။

အဲဒါ ... သင်းက မသည်းပွင့်ခေါင်းပေါ်ကို သဘော်သီး ရွက်တင်ခိုင်းပြီး အဝေးကနေ ဓားနဲ့ပေါက်သတဲ့။

မသည်းပွင့် သတိလစ်မေ့မြောသွားခဲ့တယ်။

ဓားကတော့ ခေါင်းပေါ်ကသဘော်သီးကို ဖောက်ဝင်စိုက်နေတယ်။ အဲဒါ...မသည်းပွင့်သတိပြန်ရတော့ သူ့အမေရှိတဲ့ရွာကို ပြေးရော...လောင်းရှည်ကလည်း မရအရ ပြန်လိုက်ခေါ်တယ်။

ဟိုက မလိုက်ရဲဘူး။

မအေမုဆိုးမကြီး ဒေါ်ဖြောင့်က မခံနိုင်သည့်အဆုံး လင်မယားကြားဝင်ပြောရရော။

"လောင်းရှည် နင် ငါ့သမီးကို မခေါ်နဲ့တော့"

"ကျုပ်မယား ကျုပ်ခေါ်တာ ခင်ဗျားကိုခေါ်တာမဟုတ်ဘူး၊ မိသည်းပွင့် ခုချက်ချင်းလိုက်ခဲ့"

"မလိုက်ဘူး...၊ ရှင်ကို လုံးဝမပေါင်းနိုင်ဘူး"

"ဟေ့-လောင်းရှည်"

"ဘာတုံး အမယ်ကြီး၊ ဘာလျှာရှည်ချင်လို့တုံး"

"နင့်လို လူကြမ်းလူရမ်း၊ လူစိတ်မရှိတဲ့ကောင်စားမျိုးနဲ့ ငါ့သမီးနဲ့ မတန်တော့ဘူး။ ငါ့သမီးကို နင် ရပ်ကွက်လူကြီးရုံးမှာ ကွာရှင်းပေး"

"မပေးဘူး။ မိသည်းပွင့် - ခုချက်ချင်းလိုက်ခဲ့"

"မလိုက်ဘူး"

"အေး... မလိုက်ရင် နင့်ကို ဟောဒီအိမ်ပေါ်မှာတင် အသေသတ်မယ်၊ တိုင်း"

ပြောရင်းက လောင်းရှည်က စားမြောင်တစ်ချောင်းကို ကိုင်မြောက်ရင်း မိသည်းပွင့်ကို ပစ်မလို့ချိန်ရော...

"မ...မ...လုပ်...ပါနဲ့၊ မ... မလုပ်...ပါနဲ့"

မိသည်းပွင့်က မျက်ရည်အသွယ်သွယ်နဲ့ ဒူးထောက်ငိုလို့ တောင်းပန်ခဲ့တယ်။

"လိုက်မှာလား...ပြော"

"အင်း... ဟီး..."

နောက်ဆုံး ကြောက်လွန်းလို့ သူ့လင်နောက်ကို ပြန်လိုက်သွားခဲ့ရတယ်။ မအေမုဆိုးမကြီးက အံကြိတ်တောက်ခတ် ကျန်ရစ်ခဲ့ပေါ့ဗျာ။

တိုတိုပြောရရင်...

မသည်းပွင့်ခမျာ သင်းမူးယစ်လာတိုင်း အညှဉ်းဆဲခံနေရတယ်။ လောင်းရှည်က မူးလာရင်၊ မသည်းပွင့်ကို သစ်ပင်မှီပြီးရပ်ခိုင်း...

ခေါင်းပေါ်မှာ သခွားသီးထောင်၊ ဘူးသီးထောင်၊ ဂေါ်ရခါးသီးထောင်၊ ပြီးစားပစ်နေ့တိုင်းလိုလိုစမ်းနေတော့။ ကြာတော့ မသည်းပွင့်ခမျာကြောက်လန့်စိုးရိမ်ပြီး၊ ပိန်ချုံးလို့ နှလုံးရောဂါ ရင်တုန်ရောဂါ ရလာခဲ့တယ်။

ကလေးသားသမီးလည်း မရဘူး။

တစ်ခါတလေ၊ မယားငယ်မိန်းမ လုံးကြီးပေါက်လှတွေ အိမ်ပေါ်ခေါ်လာ။ ညအိပ်ချင် ညအိပ်တယ်။

ဒါကြောင့်... မသည်းပွင့်က ပြောရတယ်။

"ကိုလောင်းရှည်၊ ရှင်ကြိုက်ရာ မိန်းမကိုယူပါ၊ ကျွန်မကို ကွာရှင်းပေးပါ"

"နင်က ဘယ်သူ့ကိုလိုချင်လို့တုံး"

"ကျွန်မ အမေ့ဆီကို ပြန်မှာပါ"

"မကွာပေးနိုင်ဘူး"

"ဟင့်...ဟီး...ဟီး"

နေ့တိုင်း ချုံးပွဲချ ငိုရတယ်။ သူ့မယားငယ်တွေရဲ့ ခေါင်းပေါ်ကို ခုလိုသစ်သီးတွေတင်ပြီး အဝေးကနေ စားပေါက်စမ်းလို့ မရဘူးလေဗျာ။ ဟိုမယားငယ်တွေ လက်မခံဘူးကိုး။

လောင်းရှည်အနိုင်ကျင့်လို့ရတာက သူ့မယား ငယ်နိုင်မသည်းပွင့်ကိုပဲ စားစမ်းလေ့ကျင့်လို့ရတာကိုး။ အဲဒီလို လေ့ကျင့်နေရတာကိုက သူက လျှာခံတွင်း၊ လက်ခံတွင်းတွေ့နေတာလေ။

ပြေးဖို့စဉ်းစားတာ အကြိမ်ကြိမ်ပါပဲ။

ဒါပေမဲ့...ကိုလောင်းရှည်ရဲ့လက်က ပြေးမလွတ်မှန်း သိနေတော့ ပြေးဖို့ရယ်၊ ကွာရှင်းဖို့ရယ်ကို လုံးဝမေ့ပစ်လိုက်ရတယ်...

တစ်ခါတစ်ခါ စဉ်းစားကြည့်တယ်။

နဖူးကို စားစိုက်ပြီး သေရမှာလား။

လည်မျိုကိုစားစိုက်ပြီး သေရမှာလား။ ရင်တထိတ်ထိတ်နဲ့နေပြီး အိပ်မပျော်စားမဝင်ဘဝကနေအပြီးလွတ်မြောက်သွားအောင်ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ စဉ်းစားတယ်။

ကြိုးဆွဲချသေရင် ကောင်းမှာလား။

အဆိပ်(ကြွက်သတ်ဆေး)သောက်ပြီးသေရင် ကောင်းမှာလား။

မြစ်ထဲခုန်ချသေရင် ကောင်းမှာလား။

အဖန်ငါးရာ ငါးကမ္ဘာ သံသရာပြန်လည်ခံစားရမှာ ကြောက်တယ်။ ပြီးအမေ... အမေ။

အမေက မုဆိုးမ...

တစ်ယောက်တည်း ကြုံရာကျရာအလုပ်မျိုးစုံကို လုပ်ပြီး အသက်မွေးဝမ်းကြောင်း ရပ်တည်နေရတာ။

အိမ်ထောင်ပြုမယ်ဆို ရနိုင်သေးပေမယ့် မပြုဘူး။ မသည်းပွင့်အမေ့ကို

သနားတယ်။ တစ်နှစ်နေလို့ ထမီတစ်ထည် ဝယ်မကန်တော့နိုင်ဘူး။ အကျီတစ်ထည်ဝယ်မပေးနိုင်ဘူး။

အမေ့ဆီရောက်ရင်သာ အမေက အပြန်မှာပုဇွန်ကြော်ပေးလိုက်၊ ငါးရှဉ့် ကျပ်ကင်ပေးလိုက်။ ဆတ်သားခြောက်ပေးလိုက်။

အမေ့မှာရှိတာ သတ္တိပဲ။

အမေက ဘယ်သူမှ မကြောက်ဘူး။

အနားမှာ ငှက်ကြီးတောင် ဓားရှည်ထားအိပ်တာ၊ အရွယ်ကောင်းတုန်းရှိသေးတဲ့အမေ့ကို ဘယ်ယောက်ျားသားမှ မစော်ကားရဲဘူး။ စော်ကားမော်ကားပြောရင် ဓားရှည်နဲ့လိုက်ခုတ်တာ။

သမီးလုပ်သူရဲ့ဒုက္ခကို ကြားရတော့ ရင်ပွင့်မတတ်ခံစားရတယ်။

"အမေ သူ့ကို သတ်ပစ်မယ် သမီး"

"မလုပ်နဲ့ အမေ၊ လောင်းရှည်ကို ဘယ်သူမှ ယှဉ်လို့မရဘူး။ ပြီး...သူက ဘာမှမကြောက်ဘူး၊ လူမိုက်"

"ညည်းယောက်ျားကို ဘာကြောင့်ယှဉ်မရတာတုံး"

"သူက ဓားပေါက်ကျွမ်းကျင်တယ်၊ သွားမယှဉ်နဲ့"

"ဒီလိုလား...အေးပေါ့။ တစ်နေ့တော့ ငါနဲ့တွေ့ ကြသေးတာပေါ့အေ၊ ဟင်း...ဟင်း...ဟင်း..."

လွန်ခဲ့သည့်တစ်နှစ်အမေ့အိမ်ပြေးတုန်းက မိသည်းပွင့်ကမခံမရပ်ဖြစ်နေတဲ့ အမေ့ကို သို့ကလိုပြောပြီး တားခဲ့ရတယ်...။

အခုတော့ အမေ့အိမ်မရောက်တာ နှစ်နဲ့ချီခဲ့ပြီ။ အမေနေမှ ကောင်းရဲ့လား မသိ။

သမီးတစ်ယောက်ရဲ့ ကြောက်လန့်အိပ်မက်နဲ့ ကျီးလန့်စာစား ချောက်ချောက်ချားချား အသက်မြော့မြော့ ရှင်နေရတဲ့ဘဝကို ဘယ်အမေကြည့်ရက်မှာတုံးလေ...။

သို့သော်...

ဝင့်ကြွေးဆိုတာရှိခဲ့ရင် အကြေဆပ်ရရိုး ထုံးစံဥစ္စာ။

ကိုလောင်းရှည်က ကြွေးရှင်...

သူမ(မိသည်းပွင့်)က ပေးဆပ်ရသူ...

အရင်းများတော့ အတိုးများနေတာပေါ့။ အတိုးရော အရင်းရောပေါင်းတဲ့ တိုးရင်းပေါင်းကို မကြေကြေအောင် ဆပ်ရမှာ သူမရဲ့ဘဝ...။

"ဟေ့... မိသည်းပွင့်"

"ရှင်..."

"အေ...ဟေ့...ဘာလုပ်နေတာလဲ...အခုထွက်ခဲ့"



လောင်းရှည် လွှားခနဲခုန်ပြီး
မြေကြီးမှာစိုက်နေတဲ့
သူ့ဓားမြှောင်ကို -
ညာလက်နဲနုတ်ယူလို့...
သူ့ပြိုင်ဘက် ယောက္ခမ
ဒေါ်ဖြောင့်ကို
ပစ်ပေါက်သတ်ရန်
လက်ကိုင်ဓားကို
ခေါင်းကျော်
မြှောက်လိုက်ချိန်...

"ကျွန်မ ထမင်းအိုးငဲ့နေတယ်၊ ကိုလောင်းရှည်"

"ဟဲ့... သေနာမ ...၊ ထမင်းအိုးငဲ့တာ၊ ငရုတ်သီးထောင်းနေတာ ငါမလို ချင်အူး အခုလာခဲ့...လာနော်"

"ဟုတ်...ဟုတ်ကဲ့"

မိသည်းပွင့် ငဲ့လက်စ ထမင်းအိုးကိုအသာချပြီး အိုးမည်းပေလူးနဲ့ အိမ်ရှေ့ကို အမြန်ပြေးထွက်ခဲ့လိုက်တယ်၊

အိမ်ရှေ့မှာ သူ့လင်ကိုလောင်းရှည်နဲ့ ဝဝဖိုင့်ဖိုင့်လူကြီးတစ်ယောက်၊ ထုံးစံအတိုင်း လောင်းရှည်ကမူးယစ်ယစ်နဲ့၊ သူနဲ့ပါလာတဲ့လူကြီးကအတက် ရီကေ့(စ်)ကို ဆွဲလို့၊

"ကြည့်နေ ကျုပ်ပစ်ပြမယ် ကိုချမ်းသာ"

"ကိုလောင်းရှည်... မလုပ်ပါနဲ့ဗျာ၊ အဲဒီလို မလုပ်ပါနဲ့၊ ကျုပ် မကြည့်ရဲ လို့ပါ၊ ရိုးရိုးပဲ အရှပ်တို့ဘာတို့ကို ပစ်ပြရင် ရပါတယ်ဗျာ..."

"ဟား...ဟား...ဟား...ဟား ကိုချမ်းသာရာ၊ ကျုပ်က ခင်ဗျားကို ဘော(စ်)ရဲနဲ့ဘေးမှာ ကြိုက်ဈေးယူပြီး သက်တော်ဧစောင့်လုပ်ရမှာလေဗျာ၊ ကျုပ်ဘာကောင်လဲ၊ ကျုပ်လက် ဘယ်လိုလဲကို မျက်မြင်ကိုယ်တွေ့ ပြချင်လို့ပါဗျ၊ ဟော့...မိသည်းပွင့်"

"ရှင်...ရှင်"

"ဟောဟိုသစ်ပင်မှာ ကျောက်ပြီး၊ ဟောဒီသဘော်သီးကို နှင့်ခေါင်း ပေါ်တင်ထားလိုက်"

"ရှင်...ရှင်...ဟို...ဟို"

"စကားမရှည်နဲ့၊ သေသွားချင်လို့လား"

လောင်းရှည်က ပေါက်ဖားနှစ်ချောင်းကို ဘယ်ညာကိုက်ရင်းက ဟိန်း ဟောက်လိုက်လို့မသည်းပွင့်ကြောက်ကြောက်လန့်လန့်နဲ့အညွှာဖြတ်ထား တဲ့သဘော်သီးကြီးတစ်လုံးကို ဦးခေါင်းပေါ်ရွက်ပြီး ကတုန်ကယင် ရပ်နေရ

တော့တယ်၊

"ငြိမ်ငြိမ်နေနော်၊ မနေဘဲလူပ်ရင် နင်သေမှာပဲ"

လောင်းရှည်က ညာလက်နဲ့ဓားဖျားကိုင် ဆရင်းက ကတုန်ကယင်ဖြစ် နေတဲ့ သူမယားကို လှမ်းပြောလိုက်တယ်၊

ကိုချမ်းသာဆိုတဲ့ လူဝဝကြီးက သဘော်သီးတစ်လုံး ခေါင်းပေါ်ရွက်ပြီး သစ်ပင်ကို ကျောကပ်လို့ ကြောက်လွန်လို့ရိုမ်တုန်ယင်နေတဲ့ မသည်းပွင့်ကို ကြည့်ပြီး အရမ်းဂိုးရိမ်သွားတယ်၊

သူဒီကို လိုက်လာတာက...

သူတို့သူဌေးဘော့(စ်) ဦးရွှေဂုက်ရောင်က ယုံကြည်စိတ်ချရတဲ့ သက် တော်စောင့်ကောင်းကောင်း တစ်ယောက်လို့ချင်တယ်ဆိုလို့ စုံစမ်းရင်းက ဓားပေါက်ကျွမ်းကျင် လျင်မြန်တဲ့ လောင်းရှည်ကိုသိသွားပြီး အိမ်ကိုလိုက် လာခဲ့တာ၊

စက်ဝိုင်းတို့...သစ်သားရုပ်တုတို့... သစ်ပင်တို့၊ သက်ငြိမ်ပစ်မှတ်များ ကို ဓားနဲ့ အနီးအဝေးကနေ လက်ရည်ပြပေါက်ပြမယ် မှတ်တာ...

ခုတော့ဓားသမားဇောင်းရှည်ကသူ့ဝိန်းမဦးခေါင်းပေါ်ကိုသစ်သီးတစ် လုံးတင်ပြီး (၁၅)ပေ အကွာကနေ ဓားနဲ့ သစ်သီးကို မှန်အောင်ပေါက်ပြဖို့ လုပ်နေတော့...၊

ကိုချမ်းသာ ကျောချမ်းသွားတယ်၊

"ကို...လောင်း...ရှည်"

"ဘာလဲ...ကိုချမ်းသာ...ပြော"

"အဲအဲဒီ...လုပ်...လုပ်...မပြပါနဲ့ဗျာ၊ ရိုးရိုးပဲပစ်"

"ခေါက်ထားစမ်းပါ၊ ဒါ-ငါးပြားဆယ်ပြားကိစ္စပါ၊ အော့...အော့... ကြည့် နေ"

ဘယ်လိုမှ ပြောလို့၊ တားလို့၊ မေတ္တာရပ်ခံလို့ မရဘူး၊

"အသင့်ပြင်"

"ဝမ်း...တူး...သ...သ"

"ရပ်..."

ခြံဝကနေ အော်လိုက်သံကြားလို့ သူတို့သုံးယောက်ပြိုင်တူ လှည့်ကြည့်လိုက်ရော...

"ဟင်..."

"အ...မေ"

ခြံဝမှာ ခါးထောက်ပြီး ခြေခွဲလို့ ရပ်အော်ကြည့်နေတာက မသည်းပွင့်ရဲ့အမေ... မုဆိုးမ ဒေါ်ဖြောင့်...။

ဒေါ်ဖြောင့်က ရှမ်းဘောင်းဘီအနက်ကို ဝတ်ထားပြီး စစ်ဆွယ်တာ အပြာရောင်ကို ကိုယ်ပေါ်မှာ ခေါက်ဝတ်ထားတယ်။ ဆံပင်ကဆံထုံးနဲ့။

"ခင်...များ ဘာနောင့်ယှက်တာလဲ"

လောင်းရှည်က ယောက္ခမမှန်းသိတော့ ဒေါသတကြီး အော်ဟစ်လို့ မေးလိုက်တယ်။ ရှိသေခြင်းတရားက နတ္တိကိုး။

"မိသည်းပွင့်"

"ရှင်...အမေ"

"နင့်ခေါင်းပေါ်က သဘော်သီးကို လွှင့်ပစ်ပြီး ခပ်ဝေးဝေးမှာ သွားနေ"

"ရှင်..."

"ဘာ... ခင်များက ကျူပ်အလုပ်ကို အနောင့်အယှက်ဝင်ပေးတာပေါ့၊ ဒါဆို ခင်များ အရင်သေရမှာပဲ၊ ...ကိုင်း"

"မ...မ...လုပ်ပါနဲ့"

မသည်းပွင့်က ကြုံးအော်ပြီး(၁၅)ပေကွာ နစ်ယောက်ကြားမှာ ဝင်ရပ်လို့ လင်လုပ်သူကို မျက်ရည်လည်ရွဲနဲ့ မေတ္တာရပ်ခံနေတယ်။

လောင်းရှည်ကလည်း ဇည့်သူလူစိမ်း လုပ်ငန်းရှင်ကိုယ်စားလှယ်ရှေ့

မှာ ခုလိုအလုပ်ခံရလို့ ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်ပြီး စားမြှောင်နဲ့ ယောက္ခမဒေါ်ဖြောင့်ကို ပစ်ပေါက်ဖို့ လက်ကို မြှောက်ချိန်...

ကြည့်စမ်း...

ဒေါ်ဖြောင့်ဗျာ...။

အပေါ်က ထပ်ဝတ်ထာတဲ့ ဆွယ်တာကို ညာလက်နဲ့လှန်ပြီး စားမြှောင် နစ်ချောင်းကို လှစ်ခနဲ ဆွဲထုတ်လိုက်တယ်။

"ခင်...ခင်ဗျားက...စားမြှောင်နဲ့"

"ဟုတ်တယ်...၊ ဒီနေ့ နင့်အသက်ကို နတ်မလို့ဟဲ့"

"ဟား...ဟား...ဟား...ဟား၊ ဟီး..ဟီး..ဟီး..ဟီး ဟား...ဟား...ဟား ရယ်ရတယ်ဗျာ။ ကျုပ်ကို သတ်မလို့ ဟား...ဟား...ဟား ...ဟား ကျုပ်ကို သတ်ရဲတဲ့လူ၊ ကျုပ်ကို ယှဉ်ရဲတဲ့လူ ဟောဒီမြို့မှာရော၊ အခြားမြို့မှာရော မရှိဘူး။ ခုချက်ချင်း - ခင်ဗျားထွက်သွား...ထွက်လေ"

"ငါ့သမီးပါရင် ပြန်မယ်"

"ဒါ ကျုပ်မယားဗျ"

"ဒါ... ငါသမီးဟဲ့။ နင့်ကို အရမ်းကွာရှင်းချင်နေတဲ့ ငါ့သမီး။ နင် နှိပ်စက်လွန်းလို့ ရုပ်မရှိတော့တဲ့ ငါ့သမီး - မသည်းပွင့် လာလိုက်ခဲ့"

"အ...မေ"

"မိသည်းပွင့် နင်မသွားနဲ့၊ သေမယ်နော်"

"လာခဲ့..."

"ဟာ...သေဟာ"

"အမေ...အမေ"

"ရှီး..."

"ဇတ်..."

"ဟင်..."

"ဟင်..."

"ဟာ..."

လောင်းရှည်ရော၊ ကိုချမ်းသာရော၊ မသည်းပွင့်ရော၊ ခပ်လှမ်းလှမ်းက နေ ရောင်းကြည့်နေတဲ့ ကျွန်တော်(ဓားရှည်ကြီး ငသောင်း)တို့ရော အံ့အား သင့်သွားကြပါရော - ဆရာမိုင်းရေ၊

ကျွန်တော်တို့ကလည်း မုဆိုးမဒေါ်ဖြောင့်တော့ ပေါက်ဓားဝိဇ္ဇာ သူ့သား မက် လူမိုက်လူရွတ် ကိုလောင်းရှည်ပစ်ပေါက်လိုက်တဲ့ ဓားမြောင်နဲ့လည်မျိုး စိုက်ပြီး ပွဲချင်းပြီးသေပြီလို့ ထင်မှတ်နေချိန်မှာပဲ...

အံ့သြစရာပါဗျာ၊

ဒါမျိုးကျွန်တော်တို့ ရုပ်ရှင်ထဲမှာပဲ မြင်ဖူးတယ်၊ အပြင်မှာ ကိုယ်တိုင် မြင်ရတာ ဒါ ပထမဦးဆုံး အကြိမ်ပဲဗျာ၊

ကြည့်ဗျာ...

လောင်းရှည်ပစ်လိုက်တဲ့ဓားမြောင်ကို မုဆိုးမဒေါ်ဖြောင့်က ညာလက်နဲ့ ဖမ်းထားလိုက်တာ ဓားမြောင်က ဒေါ်ဖြောင့်ရဲ့ လက်ညှိုးနဲ့ လက်ခလယ် ကြားမှာ ဓားမြောင်ညှပ်ပြီး ရပ်နေပါရောဗျာ၊ ထူးပါပေ့၊

အားလုံး အံ့သြနေချိန်မှာပဲ လောင်းရှည်က ဒုတိယမြောက်ပေါက်ဓားနဲ့ လှမ်းပစ်လိုက်တဲ့ဓားကို ဒေါ်ဖြောင့်က လက်ထဲမှာ ကိုင်ထားတဲ့ ဓားမြောင် နဲ့ စတ်ထုတ်လိုက်တာ၊

ဓားမြောင်က အပေါက်ကိုမြှောက်ပြီး မြေကြီးပြန်ကျစိုက်နေတယ်၊ အား လုံးအကြီးအကျယ် အံ့အားသင့်နေပြီ၊

ပိုပြီး အံ့အားသင့်နေကြတာက...၊

လောင်းရှည်နဲ့ မိသည်းပွင့်ပဲ...

အမေ...ဘယ်လိုများ ဒီပညာတွေကို တတ်သွားတာတုံး၊

လောင်းရှည်က ပိုပြီး အံ့သြနေတာ၊ ဒီဇမ္ဗူမှာ ငါလိုလူပြိုင်ဘက်မရှိဘူး

လို့ ထင်နေတာ၊ ခုတော့... အံ့ဖွယ်ပြိုင်ဘက်ကို မျက်ဝါးထင်ထင် တွေ့နေရ ပြီး - ပြိုင်ဘက်က မိန်းမသား၊ ကိုယ့်ယောကျ်မ၊ ရှက်စရာ၊ ကိုယ်ညှဉ်ရင် ကိုယ် ခံရတော့မယ်၊

လောင်းရှည်လွှားခနဲ ခုန်ပြီး မြေကြီးမှာစိုက်နေတဲ့ သူ့ဓားမြောင်ကို ညာ လက်နဲ့နုတ်ယူလို့...

သူ့ပြိုင်ဘက် ယောကျ်မဒေါ်ဖြောင့်ကို ပစ်ပေါက်သတ်ရန် လက်ကိုင် ဓားကို ဓါးကျော်မြှောက်လိုက်ချိန်...

"ရှီး..."

"ဖောက်..."

"အားမလေး ...ဗျ"

"ဟင်..."

"ဟာ"

"အမေ..."

ဒေါ်ဖြောင့်ပစ်လိုက်တဲ့ဓားမြောင်ကလောင်းရှည်ရဲ့လည်မျိုကိုဓားတစ် ဆုံး နစ်ဝင်သွားခဲ့တယ်၊ လောင်းရှည်အသံနက်ကြီးနဲ့ အော်ဟစ်ရင်း သူ့ လည်ပင်းကို လက်နဲ့အုပ်လို့ ရွာလည်လည်နေတယ်၊

နီပုပ်ပုပ် သွေးညစ်သွေးဆိုးတွေက သူလည်ပင်းကြားကနေရင်ပတ် ပေါက်ပို စီးကျရင်းက မျက်လုံးပြူးရင်း လဲကျသေဆုံးသွားခဲ့တယ်...၊

"နောက်တော့ ဒေါ်ဖြောင့် ဘယ်လိုဖြစ်သွားတုံး - ကိုသောင်း"

"ဒေါ်ဖြောင့်က ရဲစခန်းမှာ အဖမ်းခံခဲ့တယ်"

သူ့သားမက်ကို သူကိုယ်တိုင် ဓားမြောင်နဲ့ပစ်သတ်တာကို တရားသူ

ကြီးရှေ့မှာ ဝန်ခံခဲ့တယ်။

ဘာကြောင့်သတ်ရတာလည်း ဆိုတဲ့ နာကြည်းခံစားချက်ကိုလည်း တင်ပြခဲ့တယ်။

သေသူ ရှင်သူ နှစ်ဖက်လျှောက်လဲချက်ကို ကြည့်ရှုစစ်ဆေးပြီး (ပြည်သူ့တရားရုံး)က ဟိုဘက်ခေတ်တုံးက ဒေါ်ဖြောင့်ကို ထောင်ဒဏ်(၁၀)နှစ် အပြစ်ပေးလိုက်တယ်။ ထောင်ထဲမှာ ဒေါ်ဖြောင့် ကျန်းမာရေးမကောင်းခဲ့ရှာဘူး။ (၁၉၈၈) အရေးအခင်းကာလမှာ ထောင်ခါတော့ ဒေါ်ဖြောင့်လည်း လွတ်မြောက်သွားခဲ့တယ်။ သူမရဲ့ဇာတိက(.....)မြို့နယ်၊ (.....)ရွာပဲ။ ဆရာမှိုင်း ကိစ္စဝိစ္စပြီးရင် သွားတွေ့လိုက်ပါ"

"ခင်ဗျားကို တစ်ချက်မေးစရာရှိတယ် ကိုသောင်း"

"ဘာတုံးဆရာ - မေးလေ"

"ဒေါ်ဖြောင့်က ဘယ်လိုလုပ်ပြီး။ ဓားပစ်ကျွမ်းကျင်ရတာတုံးဗျ"

"ဟုတ်တာပေါ့ဗျာ၊ အရေးကြီးတာပြောဖို့ ကျန်နေတယ်။ ဒီလို ဆရာမှိုင်းရေ၊ ဒေါ်ဖြောင့်က သူ့သမီးကို သူ့သားမက် ဓားပေါက်ပြီးနှိပ်စက်နေတာ ကြားတာကြာပြီလေ။ မခံနိုင်လို့ အမေ့အိမ်ပြေးလာတော့လည်း ဟိုကဓား ပြခြိမ်းခြောက်ပြန်ခေါ်တယ်။ ကွာရှင်းပေးပါလို့ ပြောလည်းမရဘူး။ သတ်ပစ်မယ်လည်း ခြိမ်းခြောက်ပြီး အရက်မူးလာတိုင်း သမီးခေါင်းပေါ်ပစ္စည်းတင် ဓားနဲ့ပေါက်နေတာကို နားနဲ့မဆံ့အောင် ကြားရတယ်။ ရဲကိုသွားတိုင်လည်း တစ်နေ့သတ်မယ်ချည်း ကြိမ်းဝါးနေတော့ ဘယ်သူမှ ရဲမတိုင်ရဲကြဘူး။

ဒီမှာဒေါ်ဖြောင့်က ဓားကို ဓားချင်းယှဉ်မှ ရမယ်။ ဒီလိုကောင်စားမျိုး လူ့ပြည်မှာမရှိရင် သူ့သမီး သည်းပွင့်သာမက အခြားလူကောင်းတွေပါ စိတ်ရောကိုယ်ပါ ချမ်းသာမယ်လို့ တွေးယူဆခဲ့တယ်။ အမှန်က အဝိဇ္ဇာအမှားပေါ့ဗျာ။ တစ်နည်းပြန်ငဲ့ညှာကြည့်ရင် ပစ္စက္ခအမှန်တရားပဲပေါ့။ ဒီမှာဒေါ်ဖြောင့် သူနေတဲ့ရွာကနေ တစ်နှစ်နီးပါးလောက် ရုတ်ခြည်းပျောက်သွား

တယ်။ နောက်သိရတာက ဒေါ်ဖြောင့်၊ ရှမ်းပြည်နယ်ကို ရောက်သွားခဲ့ပြီး။ နောင်ချိုက ရှမ်းသိုင်းဆရာကြီး ဦးခမ်းထီးလှိုင်ထံမှာ ဓားရေး၊ လှံရေး၊ ဗန်တို ဗန်ရှည်ပညာများကို ကြိုးစားပမ်းစား သင်ယူခဲ့တယ်။

အဲဒီမှာ ဓားပစ်နဲ့လှံပစ်အတတ်ကို အားရကျေနပ်လောက်အောင် တတ်မြောက်ပြီးရော၊ သူ့ဆရာကိုကန်တော့လို့ သူမဒေသကို ပြန်လာခဲ့တယ်။ ပြီး... သူ့သမီး မသည်းပွင့်ကိုလာပြန်ခေါ်တာ၊ ကွာရှင်းခိုင်းမှာ။ လိုအပ်ရင် လောင်းရှည်ကို ငွေအလျှော်ပေးပြီး သူ့သမီး ရင်တထိတ်ထိတ် ဒုက္ခဆင်းရဲဝင့်ဆင်းရဲ့ လွတ်မြောက်စေချင်လို့ မိဘမေတ္တာ စေတနာအမှန်နဲ့ လာခဲ့တာ။ လိုအပ်မှ အစွယ်ကိုထုတ်ပြမှာ။ သို့သော်... သူ့သမီး အိမ်ရောက်တော့ မြင်ကွင်းက ခေါင်းမီးတောက်၊ ရင်မသည်းဖိုမြင်ကွင်းဖြစ်ပြီးအခြေအနေဆိုးသွားခဲ့ရော...။ အဝိဇ္ဇာအမှောင်လွှမ်းပြီး ဒေါ်သတရားကပါ ကုတ်ကိုခွစီးတော့ သားမက်လုပ်သူကို ပေါက်ဓားနဲ့ ရှင်းလိုက်ရတာပဲ ဆရာ ဒေါ်ဖြောင့်ကို တရားရုံးက စီရင်ချက်ချလိုက်တော့ ရှိုက်ကြီးတင်ငိုနေတဲ့သူ့သမီး ကို ပြောသွားခဲ့သေးတယ် ဆရာရဲ့"

"ဘယ်လို ပြောသွားလို့တုံး ကိုသောင်းရ"

"တန်ပါတယ် သမီးရယ်၊ နောင်ကို မျက်ရည်မကျနဲ့တော့တဲ့"

"ကျွတ်...ကျွတ်...ကျွတ်... အာဂဒေါ်ဖြောင့်ပဲဗျာ"

နောင်အခါ ကျွန်တော်တို့ အမှုအခင်းကိစ္စများပြီးစီးသွားပြီး အပြင်သို့ ပြန်ရောက်ခဲ့ကြတယ်။

ကျွန်တော်လည်း မခံချင်စိတ်နဲ့ကြိုးစားရင်း အောင်မြင်တဲ့စာရေးဆရာ ဘဝကို ရရှိခဲ့တယ်။

တစ်နေ့... စာပေကိစ္စနဲ့ (.....)မြို့ကလေးကို ရောက်တော့ ဓားပညာရှင် ဒေါ်ဖြောင့်တို့သားအမိအကြောင်း မေးမြန်းစုံစမ်းတော့ -

စာရေးဆရာတစ်ဦးက ပြောတယ်...။

ဓားပညာရှင် ဒေါ်ဖြောင့် ... ထောင်ကလွတ်လာတော့ တော်တော် မကျန်းမမာဖြစ်နေတာတဲ့။ အဲဒါ ဆရာဝန်နဲ့ရော တိုင်းရင်းဆေးနဲ့ ကုသပါ သော်လည်း မရရှာပါဘူး။ ဒေါ်ဖြောင့်ကွယ်လွန်သွားသတဲ့။ သူ့အလောင်း ကို တောက်တဲ့ကုန်းသချိုင်းမှာ မြှုပ်ခဲ့ရတယ်တဲ့...။

သူ့သမီး မသည်းပွင့်ရောလို့ မေးတော့။

ဒေါ်ဖြောင့် အသုဘရက်လည်ပြီးနောက်မှာ မသည်းပွင့် သီလရှင်ဝတ် သွားခဲ့တယ်။ အခု ဘယ်အရပ်ဒေသမှာ ရောက်နေမှန်းတော့ မသိရဘူးတဲ့ လေ။

၈ ဖောင်ညိုရှိုင်း(ထန်ဈပ်)

စာမူများပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/၈)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။


အလောင်းကောင်ကြီးနှင့်
ရထားတွဲပေါ်မှ
ပန်းမြိုင်လယ်စိန်ဝင်း

သည်းထိတ်ရင်ဖို အတွေးအကြံုလေးကို တစ်ယောက်ထဲ ကြိတ်မှိတ်ပြီး ခံစားနေလို့အားမရနိုင်တာမို့ အများကိုပါ ရင်ဖွင့်ပြပြီးရေးပြချင်တာ မျှဝေခံစားစေချင်တာ ရင်သိမ့်တုန်ပြီး သည်းဖိလှိုက်မောစေချင်တာကြောင့်ပါလို့ ဆိုပါရစေ။

(၂)

အသုဘဆိုတာကို မတင့်တယ်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဲဒီ... မတင့်မတယ် ရှုရှင်စဖွယ်မရှိတဲ့ အနိဋ္ဌာရုံ လူသေအလောင်းကောင်ကြီးနဲ့ ရထားတစ်စီးထဲက တွဲတစ်တွဲထဲမှာအတူလိုက်ပါပြီး စီးခဲ့ရတဲ့အဖြစ်ဟာ တွေးကြည့်ရုံနဲ့ ဘေးလန့်စရာအဖြစ်မျိုးပါ။

သက်ရှိသတ္တဝါမှန်သမျှ အားလုံးဟာ မနေရလို့ ဘေကြရတယ်ဆိုတာ ဖြစ်မြဲမှတ်မို့ သိပ်တော့အဆန်းတကြယ်ကြီးတော့ မဟုတ်ပါဘူး။ ဖြစ်ပျက်မွေ့သစ်ရလို့တောင် ဆိုထားသေးတာပဲ။ ဖြစ်ပြီးရင်တော့ ပျက်ရမှာ အမှန်ပါ။ ဒါပေမဲ့ - ပျက်စီးတယ်၊ သေဆုံးတယ်ဆိုတဲ့နေရာမှာ ကွဲပြားခြားနားမှုတွေတော့ ရှိနေပေတာပေါ့။ သေတဲ့အမျိုးအစားနဲ့ အချိန်အခါတွေက (၄)မျိုးလောက်ရှိပါတယ်၊ ဗီးစာကုန် ဆီခန်းဆိုတဲ့အရွယ်ဓောက်မှသေတာ မဆန်းပေမဲ့ အချိန်မတန်ခင် ဥပစ္ဆေဒကံဆိုတဲ့ အသေဆိုးနဲ့သေတာမျိုးကတော့ ထိတ်လန့်အံ့ဩဘွယ်ဖြစ်ပြီး ဆန်းကြယ်တယ်လို့ ဆိုနိုင်ပါတယ်။

ငွေကြေးဓနချမ်းသာလို့ပဲဖြစ်ဖြစ်၊ နာမည်ကျော်အနုပညာရှင်ပဲ ဖြစ်ဖြစ်၊ သာမန်အရပ်သားပဲဖြစ်ဖြစ် သွေးရိုးသားရိုးသေတာမျိုးတွေမှာ တချို့များဆို သေပန်းပွင့်တယ်လို့တောင် ချီးမွမ်းထောမနာပြုတာတွေကို ကြားရမြင်ရကြုံနေရတာပါ။

"မ... တို့များဟယ် သေနေတာလေးတောင် ချစ်စရာလေး ပြုံးပြုံးလေးနဲ့ အိပ်ပျော်နေသလိုပါပဲလား" ဆိုပြီး အသုဘကမ္မဋ္ဌာန်းမရမြင်နိုင်ဘဲ အသု

> ရထားဝန်ထမ်းတစ်ယောက် ရထားတွဲပေါ်ပါလာသည့် ရုပ်အလောင်းနှင့် တစ်ညလုံး အတူတကွရှိနေပုံကို စိတ်ချောက်ချားဖွယ်ရာ...

"ဘြိခရီး နီးသလား၊ ငါးနာရီလာရတာ၊ မီးရထားစီးလာပါ" ဆိုတဲ့ မူလတန်းက လေးငယ်တစ်ယောက်ရဲ့ စာဇတ်သိမ်းကို အမှတ်မထင် ကြားလိုက်မိပါတယ်။ လူ့ဘဝရဲ့ဖြတ်သန်းရတဲ့ ခရီးလမ်းမှာဘဝရဲ့ ပြုသင့်ပြုထိုက်တာ ရှောင်သင့်တာတွေနဲ့ပညာပေးထားတာဆိုတော့ ကောင်းမှ ကောင်းပေါ့။

ဒီအတွေးနဲ့တစ်ဆက်တည်းစီးမျောလာတဲ့ အတွေးရိပ်က ပြက်ပြက်ထင်ထင် ပြန်မြင်မိသလို ခံစားရတာကတော့ ကျွန်တော့်ရဲ့ရထား(စက်မှု)ဌာနမှာ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်၊ သူငယ်ချင်းလို ညီတစ်ယောက်လို ခင်မင်ရင်းနှီးခဲ့လည်း ဖြစ်တဲ့ ကြွက်ကတိုးနာမည်ပြောင်တွင်နေတဲ့ ဖိုးကျော်စိုးရဲ့ အတွေးအကြုံဟာ ပြန်တွေးမိလေတိုင်း ရင်ထဲမှာ ဒုတ်ဒုတ်ထိ ခံစားနေမိသလိုပါပဲ၊ သူပြောပြတဲ့

ဘကို အမြင်တင့်တယ်နေတယ် ထင်ပါရဲ့၊ သေခါမှ နှမြောတသ ပူဆွေးနေတတ်ကြတာ၊ မပစ်ရက်ကြပေဘူးပေါ့။ တစ်ရက်က နှစ်ရက်သုံးရက်ကြာလာတော့ အနံ့ဆိုးလေးက ထွက်လာ၊ အပုပ်နံ့လေးက လှိုင်ပြီး မသတီစရာ အပုပ်ရေလေးတွေပါ စီးကျလာတော့ ရုပ်ကလေးလည်း ပျက်လာတော့တာပါပဲ။ ဒါကလည်း တဖြည်းဖြည်းချင်း မသိမသာလေး ပြောင်းလဲလာတာမျိုးဆိုတော့ ကြည့်ရတဲ့သူ မြင်ရတဲ့သူအဖို့ရာမှာတော့ နည်းနည်းတော့ခံသာတာပေါ့။ ကဲ...ထားတော့ အသုဘဋ္ဌိကာဖွင့်သလို ဖြစ်နေပြီလားတောင် မသိတော့ပါဘူး။ ပြောပြချင်တာက သူငယ်ချင်းဖိုးကျော်စိုးရဲ့ ဘဝတစ်ကွေ့အတွေ့အကြုံလေးပြန်ဆက်ပြောချင်တယ်။

သူငယ်ချင်းကျော်စိုးဟာ ကျုပ်တို့ရထားစက်မှုဌာနက လျှပ်စစ်မီးတွဲ ဝန်ထမ်းတစ်ဦးပါ။ ကိုကျော်စိုးက ကျွမ်းကျင်(၅)ဝန်ထမ်းအဆင့်ပါ။ သူ့အောက်မှာတော့ လေဘာဝန်ထမ်းငယ်တွေတော့ ရှိပါတယ်။ တွဲမီးဝန်ထမ်းတွေဟာ ဇာတ်သမားတွေနဲ့ တူပါတယ်။ ကြည့်လေ...သဘာဝအလင်းရောင်ရနေတဲ့နေ့အခါမှာတော့ သူတို့အခန်းကဏ္ဍဟာ ဘာမှမဟုတ်သလိုပါပဲ။ ရထားပေါ်မှာ လတ်လျားလတ်လျားနဲ့ ဟိုတွဲကူး ဒီတွဲသွားနဲ့ အာချောင်ပြီး အချိန်တွေကုန်ခဲ့ကြပါတယ်။

(Night Running) လို့ဆိုတဲ့ ညဘက်အမှောင်ထုထဲမှာ ရထားပြေးဆွဲရတဲ့အခါမှာတော့ သူတို့အလုပ်က အဓိကကျပေတာပေါ့။ ရထားစီးခရီးသည်တွေကို အလင်းရောင်ပေးဖို့ရာ တွဲမီးတွေလင်းဖို့ သူတို့မှာ အပြည့်အဝတာဝန်ရှိလာပြီပဲ။ မြန်မာ့မီးရထားရဲ့ ရည်မှန်းချက်(၁၁)ချက်မှာ နံပါတ်(၁) အချက်ဖြစ်တဲ့ "ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေရေး" ဆိုတော့ ခရီးသွားလုပ်သားပြည်သူတွေအတွက် သွားလာခိုက်မှာ စိတ်ချမ်းသာဖို့က အဓိကပါ။ ဝန်ကြီးရဲ့အမှာစကားအရ ပြောရရင်တော့ ပြည်သူကို မိဘသဖွယ်သဘောထားရမယ်လို့ ညွှန်ကြားထားတာပါ။

ညရထားစီးပြီး မှောင်မည်းနေရင် ပြည်သူတွေ ဘယ်လာစိတ်ချမ်းသာနိုင်မှာတုံး၊ မှောင်နေရင် မသမာမှုတွေ ဖြစ်လာနိုင်တယ်။ သူခိုး သူဝှက် လုယက်မှုတွေ ဖြစ်လာနိုင်တယ်။ မမြင်ရတဲ့ပြဿနာတွေ၊ မလိုလားအပ်တဲ့အမှုအခင်းတွေပါဖြစ်လာနိုင်တာဆိုတော့ တွဲမီးဝန်ထမ်းတွေဟာ ညရထားမှာ မရှိမဖြစ်၊ မလင်းမဖြစ် အရေးပါအရာရောက်တယ်ဆိုတာ အသေအချာပေါ့။

တကယ်တော့ရထားတစ်စီးလုံးမှာ ရထားဝန်ထမ်းတွေဟာ သူ့နေရာနဲ့သူ အရေးပါကြတာချည်းပါပဲ။ ရထားမောင်းတဲ့ စက်ခေါင်းမှူးကြီးဟာ (Engine cab) စက်မောင်းခန်းထဲမှာ သူ့လက်ထောက် စက်ခေါင်းမှူးနဲ့ နှစ်ယောက်တည်း ရှေ့မြင်ကွင်းကို ဂရုစိုက်ကြည့်ပြီး မောင်းကြရတယ်။ မူးလို့မရဘူး၊ ငိုက်လို့မရပါဘူး၊ ခရီးသည်တွေအားလုံးရဲ့ အသက်ဟာ သူတို့နှစ်ယောက်ရဲ့ လက်ထဲမှာ ရှိနေပါတယ်။ ရထားနောက်ပါတွဲတွေ အလိုက်ကောင်းရဲ့လား... ခုန်လူးဆောင့်ဆိုတဲ့ လမ်းပိုင်းကြုံခိုင်မှုနည်းရင် မိုင်နှုန်းလျှော့မောင်းရတာ၊ သတ်မှတ်နှုန်းထက်လည်း ပိုမောင်းလို့မရပါဘူး၊ လမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်တွေကို လိုက်နာရတယ်။ ရထားတစ်စီးလုံးရဲ့အသက်ဟာ လမ်းရှင်းလက်မှတ်ဆိုတဲ့ Line Clear ပါ ဘူတာရုံပိုင်တွေကလည်းသေချာမှလမ်းရှင်းလက်မှတ်ပေးဝံ့တာ၊ မသေချာရင်ရထားနှစ်စီးခေါင်းချင်းဆိုင်တိုက်ကုန်မှာပေါ့။

ရထားထိန်းဆိုတဲ့ ဂါတ်ဗိုလ်ကြီးကလည်း အတက်အဆင်းခရီးသည်တွေ အန္တရာယ်ကင်းအောင် တာဝန်ယူထားရတာ၊ ရထားတင်တဲ့ကုန်တွေကို မပျက်စီးရလေအောင် ပို့လိုရာဘူတာအရောက် မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရတာ၊ အလံစိမ်းနဲ့အလံနီဟာ ရထားကြီးရဲ့အသက်ပါ။ အလံစိမ်းပြလျှင် ရထားထွက်ခွာစေသလို အလံနီပြရင်လည်း ရထားကြီးရပ်ဆိုင်းစေမှာ ဖြစ်ပါတယ်။ ရထားထိန်း ဂါတ်ဗိုလ်ကြီးရဲ့ ရှေ့ဘက်အခန်းဖြစ်တဲ့ (Luggage) လပ်ဂိတ်လို့ခေါ်တဲ့ ကုန်ပစ္စည်းတွေတင်တဲ့အခန်းမှာတော့ ပါဆယ်ကုန်တွေတင်လေ့ရှိပါတယ်။ ကုန်တွေတင်နိုင်ဖို့ရာ နှစ်ထပ်ကုတင်လိုစင်တွေပါ ရှိနေပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးကိုတော့ ရထားတိုင်းအမှတ်(၉)လို့ခေါ်တာ။

အမြန်ရထားဖြစ်တဲ့(၁၈၁)အဆန်ရထားကိုပုသိမ်-ဟင်္သာတ၊ကြံခင်း အထိပြေးဆွဲရတာ၊(၁၈၂)အစုန်အမြန်ရထားကိုတော့ကြံခင်း-ဟင်္သာတ ပုသိမ်အထိ ပြေးဆွဲပေးရပါတယ်။ ပုသိမ်နဲ့ ကြံခင်းက(၁၄၇)မိုင်ကွာဝေး တာဆိုတော့ တစ်နေ့ခရီးပါပဲ။ ဒါတွေကို အခန့်သင့်တုန်းပြောပြတာ အလ ကားလျှာရှည်နေတာတော့ မဟုတ်ပါဘူး။ သိစေချင်သလို ရထားဗဟုသုတ လေးလည်း ရစေချင်တဲ့စေတနာကြောင့်ပါဗျာ...။

(၃)

ရထားတွဲမီးအဖွဲ့အတွက်ကို သီးသီးသန့်သန့် တွဲပေးမထားပါဘူး။ ရထားရဲ့ နောက်ဆုံးပိတ်က ဘရိတ်တွဲမှာ(Luggage)ကုန်တင်ခန်းကို အခန်းငယ်အဖြစ် နေရာမပေးနိုင်တာမို့ မီးစက်ကို ထောင့်တစ်နေရာမှာ နေရာချပြီး ဝန်ထမ်းတွေကတော့ ဖြစ်သလိုလိုက်ကြရပါတယ်။ Luggage



တွေ့ပြီ...။ ဘရိတ်တွဲနဲ့ ရှေ့တစ်တွဲကျော်မှာ ရထားသံလမ်းနှစ်ခုကြား ရဲ့အလယ်တည့်တည့်မှာ ဝမ်းလျားမှောက်ရက်သား သွေးသံရဲရဲ အကျီမပါ ကျောပြောင်ကြီး။ အသားက နက်ကျောကျောနဲ့

တွဲဖြစ်တာမို့ ခရီးသည်တွေစီးလို့ မရပါဘူး။ ဒါပေမဲ့ ချင်းချက်တစ်ခုတော့ ရှိပေတာပေါ့။ ရထားပြေးနေတုန်း မတော်တဆ လူကြိတ်မိတိုက်မိဖြစ်တာ မျိုးဆိုရင်တော့ ရထားရပ်ပြီး လူသေအလောင်းကို ကောက်တင်ရရင်တော့ ခရီးသည်တွေနဲ့ ကင်းလွတ်ရာ ဘရိတ်တွဲက လပ်ဂိတ်အခန်းမှာပဲ တင်ရ တော့တာပေါ့။

ခက်တာက လပ်ဂိတ်အခန်းမှာက မီးစက်ကြီးတင်ထားတယ်။ မီးစက် ကြီးရှိတော့ တွဲမီးလျှပ်စစ်ဝန်ထမ်းတွေပါ ရှိနေပေးရတာပေါ့။ သိကြတဲ့ အတိုင်းပါပဲ ကျွန်တော်တို့ဧရာဝတီတိုင်းမှာက ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်းပိုင်းတစ်လျှောက်လုံးမှာ အင်းအိုင်၊ ချောင်းမြောင်းတွေ ပေါလှ သလို ရထားလမ်းခုံးပေါက်တွေလည်း အများကြီးဇောက်ပြီး တံတားတွေ ထားပေးရပါတယ်။ ဒီလို အင်းအိုင်ချောင်းမြောင်းတွေကို အမှီပြုပြီး ခုံးပေါက် မှာဆည်ဆောက် တံငါလုပ်၊ ငါးဖမ်းကြတဲ့သူတွေကလည်း များပြားလှပါ တယ်။

ဒီတော့ ညဘက် ငါးစောင့်ရင်း သောက်စားမူးယစ်ပြီး ရထားလမ်းပေါ် တက်အိပ်နေကြသူတွေဟာ မကြာခဏဆိုသလို ရထားကြိတ်ခံပြီး သေဆုံး နေကြရရှာတယ်။ ဒီလို ရထားကြိတ်မိပြီဆိုရင်တော့ သေဆုံးသွားသည် ဖြစ်စေ၊ အသက်မသေသေးတဲ့ လူနာပင်ဖြစ်စေ ရထားရပ်ပြီး ရထားပေါ် ကောက်တင်ကြရပါတယ်။ ဒီဘရိတ်တွဲတွေပေါ်မှာ ရထားတိုက်လို့ သေတဲ့ အလောင်းကောင်တွေ ဘယ်လောက်တောင် တင်ထားပြီးခဲ့ပြီဆိုတာကို တော့ဘယ်သူမှတိတိကျကျပြောနိုင်မှာတော့မဟုတ်ပါဘူး။ ရထားတွဲတိုင်း ဟာ မြန်မာပြည်ရဲ့အထက်အောက် အစုန်အဆန် တစ်နံတစ်လျား အခေါက် ရေပေါင်း ဘယ်လောက်ပြေးဆွဲပြီးခဲ့ပြီဆိုတာကို မသိနိုင်သလို ဘရိတ်တွဲ တွေပေါ်မှာ လူသေတွေဘယ်နယောက်လောက် ကောက်တင်ပြီးခဲ့ပြီလဲ ဆိုတာကိုပါ ဘယ်သူမှ တိကျရေရာ သိမှာမဟုတ်ပါဘူး။

ဒါကြောင့် ရထားဘရိတ်တွဲပေါ်မှာ မကြာခဏဆိုသလို သရဲအခြောက် ခံရတယ်လို့ ပြောတာတော့ ကြားနေရပါတယ်။ ဒီတော့ တော်ရုံလူတွေဟာ

အဲဒီအချိန်လေးမှာတောင် အောင်စိုးကပြေးပြီး အရက်ပြုတစ်ပြားဝယ်လာလိုက်သေးတယ်၊ ဆိုင်မှာလည်း အပြေးအလွှား၊ မော့လာတာဆိုတော့ တယည့်ကျော်မလွန်အောင်လို့ ပုလင်းပြားကို ယူပြီးသိမ်းထားလိုက်ပြန်ပါတယ်။

ကံမကောင်းချင်တော့ ဒီနေ့ကမှ နတ်မော်တံတားသံဘောင်လဲနေတာနဲ့ဆုံပြီး ရထားကို ဟာသံတမှာ ရပ်စောင့်ထားလိုက်ရပေတယ်၊ သွားပြီပေါ့၊ ပုသိမ်ကို Night Running နဲ့ ရဲရီးသွားရတော့မှာသေချာနေပြီပဲ၊ တစ်ညလုံးလိုလို မီးစက်မောင်းပေးရတော့မှာပါ၊ လိုမယ်ထင်တဲ့ ဒီဇယ်ဆီကိုလည်း လုံလောက်အောင် ထုတ်ထားရတယ်၊ အောင်စိုးကတော့ ပြောတယ်၊ "ဆရာကျော်ရေ...ဒီနေ့တွတ်ပိတို့ကံမကောင်းဘူးဗျ..." တဲ့၊

ရထားထွက်ရတော့ ညနေငါးနာရီကျော်နေပြီပဲ၊ ဟာသံတ၊ ပုသိမ်ခရီးတစ်ဝက်ဖြစ်တဲ့ အသုတ်သူတာရောက်တော့ ၈ နာရီထိုးနေပြီ၊ မီးစက်ကလည်း တစ်ညလုံးနီးပါး မောင်းထားရတော့မယ်ထင်ပါရဲ့ ရထားနောက်ကျတာသူတို့အတွက်တော့ အလုပ်တွေများရတာပေါ့၊ တွတ်ပိတို့ကံမကောင်းချင်တော့ အရေးထဲမှာ အရာပေါ်ဆိုသလို အသုတ်နဲ့ ယိုးဒယားတက်ဘူတာအကြားမှာ ရထားရပ်ရမယ့်နေရာ မဟုတ်ပါဘဲနဲ့ ပြုန်းခနဲ အရှိန်လျော့ပြီး ရှပ်ဆိုင်းသွားပါတော့တယ်၊

"ဘာဖြစ်တာလဲ...ရထားကြီးဘာလို့ရပ်တာလဲ...၊ ဆီကုန်သွားလို့လား စက်ပျက်လို့လားဆိုတဲ့ လားပေါင်းများစွာတွေဟာ ခရီးသည်တွေဆီက အသံတွေထွက်လာတာပါ၊ အဖြစ်မှန်ကတော့ "လူတိုက်မိလို့" ဆိုပဲ၊ သွားပြီပေါ့၊ ရထားက နောက်ကျပါတယ်ဆိုခါမှ အရေးထဲအရာပေါ်ဆိုသလို ဖြစ်ရပြန်ပါပြီ၊ ရထားရဲတွေနဲ့ ရထားလိုက်ဝန်ထမ်းတွေကတော့ ဓာတ်မီးတွေတဝင်းဝင်းနဲ့ ရထားတွဲတွေအောက်ကို လိုက်ပြီးထိုးကြည့်ကြ၊ လုပ်ဖဲနေကြပါတယ်၊

တွေ့ပြီ...၊ ဘရိတ်တွဲနဲ့ ရှေ့တစ်တွဲကျော်မှာ ရထားသံလမ်းနှစ်ခုကြားရဲ့အလယ်တည့်တည့်မှာ ဝမ်းလျားမှောက်လျက်သား၊ ဒေါ်းသံရဲရဲ အကျီမပါကျောပြောင်ကြီး၊ အသားက နက်ကျောကျောနဲ့ ဗောဘားတစ်ယောက်

ဘရိတ်တွဲမှာ အဖော်မပါဘဲ မစီးရဲကြပါဘူး၊ ကြဲပျံးတဲ့ ရထားထိန်းကြီးတွေကတော့ ပြောပါတယ်၊ အရှိန်အခါလင့်လို့ မှောင်လာပြီဆိုရင် လူမပါတဲ့ Luggage အခန်းထဲမှာ လူရိပ်လူယောင်တွေ့လိုက်ရသလိုမျိုးဆိုတော့ သူရိုးပါလာသလား..လို့ထင်ပြီး ဓာတ်မီးနဲ့သေချာ ရှာကြည့်တော့လည်း ဘာမှမရှိပြန်ပါဘူး၊ တော်တော်များများရထားထိန်းကြီးတွေကတော့ တောက်တိုမည်ရ ခိုင်းဖို့နဲ့ အဖော်အဖြစ် ရင်းနှီးသူတွေ၊ ကုန်သည်တွေကို ခေါ်ထားတတ်ကြပါတယ်၊ ဘာကြောင့်ဆိုတော့ နာနာဘာဝ၊ တစ္ဆေသရဲကို ကြောက်ရတာထက် ညကြီးအရှိန်အခါမတော်မှာ မသူတော်တွေကိုပါ ကြောက်နေရတတ်လို့ပါပဲ၊ အခုတော့ ရထားတွဲမီးအဖွဲ့က လပ်ဂိတ်တွဲမှာရှိနေတာဆိုတော့ တော်သေးတာပေါ့... ခရီးဖော်ဆိုတာ တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်သလို အရေးကြုံလာတဲ့အခါမျိုးမှာဆိုရင်တော့ ကောက်ရိုးတစ်မျှင်တော့ အားကိုးရမှာပေါ့လေ...၊



သည်ခရီးကိုလာရတာမှာ ကိုကျော်စိုးအတွက် ဇလဘာတွဲမီးအကူက အောင်စိုးကို ထည့်ပေးထားပါတယ်၊ အောင်စိုးက အရှိန်ပြည့်သောက်ပြီးမူးနေတတ်တာ၊ ဂျူတီရှိန်မှာတော့ ခပ်ပါးပါးလေးပါပဲ၊ အသောက်အစားဆိုတာ ယောက်ျားတော်တော်များများ မကင်းတတ်ကြပါဘူး၊ ဒါပေမဲ့ အရှိန်အခါနေရာဒေသအလိုက် ဆင်ခြင်ရတာရှိသလို တာဝန်ရှိန်မှာတော့ ကျော်စိုးကရှောင်ပါတယ်၊ (off Duty)အဖြစ် ခရီးဆုံးဘူတာရောက်လို့ကတော့ စားကောင်းသောက်ကောင်းလေးဆိုပြီး သောက်တာပါ၊

အစုန်အမြန်ရထား ကြဲခင်းကထွက်တော့ မနက်မလင်းသေးပါဘူး၊ အဲဒီအရှိန်မှာ ခရီးသည်တွေ မြင်သာထင်သာရှိအောင် မီးဖောင်းပေးရပါတယ်၊ အလင်းရောင်လာမှ မီးစက်ကို ပိတ်လိုက်ရတာပါ၊ ဟာသံတရောက်တော့ နေ့လယ်စာထမင်းထုပ်ဝယ်တယ်၊ ရထားက (၅)မိနစ်ပဲအရှိန်ရတာ၊

ဖြစ်မှာတော့သေချာပါတယ်။လူတွေဟာအရာရာမှာစပ်စပ်စုစုနိုင်ကြတယ်ထင်ရဲ့ ဓာတ်မီးတွေ အသီးသီးနဲ့ ဝိုင်းအုံပြီး ထိုးကြည့်နေလိုက်ကြတာ။ တာဝန်ရှိတဲ့ရထားလုံခြုံရေးရဲတွေနဲ့ သတ္တိရှိတဲ့ကုန်သည်တွေဟာ ရထားအောက်ထဲဝင်ပြီး အတိုက်ခံရသူကို ဆွဲမလို့ မနည်းထုတ်ယူကြရတယ်။

"သေပြီလား...၊ အသက်ကောရှိသေးလား၊ မူးနေတာနဲ့ တူပါတယ်ကွာ ရထားတစ်စီးလုံးလာပြီ၊ ဥသြဆွဲတာတောင် လမ်းဘေးဆင်းမလျှောက်ပဲ ရထားလမ်းကို သူ့ယောက္ခမဖောက်ပေးထားတဲ့လမ်းများ အောက်မေ့နေသလား မသိပါဘူး"

ဆိုတဲ့ ခန့်မှန်းဝေဖန်မှုတွေကလည်း ခရီးသည်တွေဆီက အသံထွက်လာတာပါ။ ရထားဈေးသည်တွေနဲ့ ကုန်သည်တွေဟာ တကယ်တော့ အားကိုးရပါတယ်။ မရွံမရှာ မကြောက်မရွံ့ သူတို့ပဲရှိမပြီး...၊ ဘရိတ်တွဲပေါ်ကလပ်ဂိတ်ခန်းထဲတင်လိုက်ကြပါတယ်။ မီးစက်မောင်းနေတဲ့ ကိုကျော်စိုးနဲ့ လူသေအလောင်းကောင်ကြီးဟာ တစ်လံအကွာလောက်မှာ ရှိနေပါတယ်။ မရှိမဆုံ အသေဆိုးနဲ့ သေထားရတာဆိုတော့ ရုပ်ပျက်ဆင်း ပျက်ကြီးဖြစ်လို့ ကြောက်ရွံ့ထိတ်လန့်တဲ့ မျက်နှာလိုမျက်စိပြူးပြီး၊ ပါးစပ်ကလည်းဟလျက်သား ပါးစပ်ထဲက သွေးတွေကလည်း စီးကျလို့နေပါတယ်။ အကျီကမပါတော့ နက်မှောင်နေတဲ့ ကျောပြောင်ဟာ ၆၀ ဝပ်မီးလုံးအောက်မှာ အထင်းသားမြင်နေရတာပေါ့...။



မီးစက်ခန်းတွဲပေါ်မှာတော့ ကိုကျော်စိုးနဲ့ အလောင်းကောင်ကြီးသာကျန်ခဲ့ပါတယ်။ အားလုံးဟာ အခြားတွဲတွေဆီကို လူစုခွဲ အသီးသီးပြန်သွားကြပါပြီး။ တပည့်ကျော် အောင်စိုးကလည်း ဘယ်ချောင်တိုးနေသည်မသိပြန်မလာပါဘူး။ အဖော်မရှိတော့ တပည့်ကျော်ကို မျှော်မိတာပေါ့၊ မျှော်သာမျှော်ရအောင်စိုးကတော့ ပေါ်မလာဇာတ်ကားရိုက်သွားပြီလား မသိပါဘူး။

စူဥလိပ်တော့ ရေနစ်နေပြီထင်ရဲ့၊ ရထားကလည်း ထွက်ဖို့ဥသြဆွဲ၊ ရထားထိန်းကြီးကလည်း မီးစိမ်းပြလိုက်တော့ ငြိမ့်ခနဲစထွက်လိုက်ချိန်မှာပဲ...။

ဘယ်လိုမှ မျှော်လင့်မထားတဲ့မီးစက်က အလိုလိုနေရင်း "ဖွတ်ချက်...ဖွတ်ချက်"နဲ့ ရပ်သွားတော့တယ်။ မှောင်အတိကျသွားပြီး ရထားတစ်စီးလုံးမှောင်လို့။ စက်ခေါင်းက Head Light မီးရောင်ဟာ ရှေ့တူရှုကို တည့်တည့်ထိုးလင်းလို့နေလေရဲ့။ နှစ်တောင့်ထိုးဓာတ်မီးအားကိုးနဲ့ စက်ကို စစ်ဆေးရတယ်။ စက်က ကူဘိုတာနဲ့ဒိုင်နမိုတွဲထားတာဆိုတော့ ဒီဇယ်ဆီချောဆီ အရင်စစ်ရာမှာ ဒီဇယ်ဆီရောချောဆီပါ ရှိနေတယ်။ ရေကိုတော့ ရေပူရေအေးလှည့်ပတ်တဲ့စနစ်နဲ့ ပိုက်ဆင်ထားတော့ ရေလည်းရှိတယ်။ ဒီတော့ မီးအထွက်ကြိုးတွေကိုစစ်ဆေးပေါ့။ ဒါတွေလည်း ဘာမှ ချို့ယွင်းချက်မရှိပါဘူး။ အားလုံးကောင်းတယ်။ ဒါပေမဲ့-ဘယ်လိုမှစက်နှိုးလို့ မရဘူး။ ဟန်ဒယ်ကိုလှည့်ရတာလည်း လက်အံတွေသေကုန်ပြီ။ မောလည်းမောချွေးတွေလည်းပြန်နေပြီပဲ၊ ဘာလုပ်ရမှန်းလည်း မသိတော့ဘူး။

"တောက်...အရေးထဲကျမှ အောင်စိုးကလည်း ဘယ်သွားခွေနေလဲ မသိပါဘူးကွာ" ဆိုတဲ့ အဆင်မပြေမှုတွေကြားမှာ ညည်းတွားစကားဆိုလိုက်မိတယ်။ အမှောင်ထုကို ဖြိုခွင်းဖို့ လက်နှိပ်ဓာတ်မီးကို မပြတ်ထိုးနေလို့ ကတော့ မဖြစ်ဘူး။ တော်ကြာဓာတ်ခဲအားကုန်မှ အခက်၊ ဒီတော့ သူ့လွယ်အိတ်ထဲ စမ်းကြည့်တယ်။ ဖယောင်းတိုင်အကြီးတစ်တိုင်နဲ့ မီးခြစ်ကိုတွေ့ပါတယ်။ လေအကွယ်မှာ မီးမငြိမ်းအောင် ထွန်းထားလိုက်တော့ မှုန်ပျပျအလင်းက ယိမ်းထိုးလှုပ်ခါနေပါတယ်။ ဓာတ်မီးကိုလည်း လက်ကမချရဲဘူး။ ဝက်အူလှည့် (Screw Driver)နဲ့ ပလာယာကိုတော့ ခါးကြားမှာ ထိုးထားတယ်။ သူ့မှာ အားကိုးစရာလက်နက်ဆိုလို့ ဒါပဲရှိတာကိုး။

အလောင်းကောင်ကြီးကိုတော့ လှည့်မကြည့်ဖြစ်အောင် သတိထားနေရတယ်။ ဒါပေမဲ့-တစ်လံအကွာမှာရှိနေတဲ့ အလောင်းကောင်ကြီးကို မကြည့်ပေမဲ့ မြင်နေရသလိုပါပဲ။ မကြည့်ပါဘူးဆိုပေမယ့်...ဂလုန်း ဂလိုင်း ဂျန်း ဂျိုင်းနဲ့ ခုန်လိုက်ဆောင့်လိုက်၊ လူးလိုက်ပြေးဆွဲနေတဲ့ ရထားပေါ်မှာ

ကြီးထလာရင် ဝက်အူလှည့်(Screw Driver)နဲ့ ထိုးမယ်ဆိုတဲ့အတွေးနဲ့ ခါးကြားက ဝက်အူလှည့်အရှိုးပေါ်ကို လက်က ရောက်သွားပြန်ပါတယ်။ နောက်တော့ မူးနေပေမယ့် သူသတိရလိုက်တာက ရခဲ့သမျှဘုရားစာတွေကို အဆီအငေါ်မတည့်ဘဲ ရွတ်ဆိုနေမိပါတယ်။ နောက်ဆုံးမှာတော့ သူ့ရဲ့ကြောက်စိတ်ကို မျိုသိပ်လိုက်ပြီး ဘုရားရှိခိုးတိုင်း ရွတ်ဆိုရတဲ့ သဝေမပါကိုးဂါထာခေါ် သရဏဂုံကို ရွတ်ဆိုဖို့ စိတ်ကူးရလိုက်ပါတယ်။ အရက်သောက်ထားတဲ့ပါးစပ်နဲ့ ပြင့်မြတ်တဲ့ဘုရားစာရွတ်ဆိုတယ်ဆိုတာ တယ်ပြီးနေရာတော့မကျပါဘူး။ ဒါပေမဲ့-ကွယ်လွန်သွားရှာပြီဖြစ်တဲ့ စက်ရုံအုပ်ဆရာကြီးဦးသိန်းဟန်က ပြောခဲ့ဖူးတာလေးကို ပြေးပြီးသတိရလိုက်မိတယ်။ "တပည့်တို့ရဲ့မှတ်ထားက၊ အရက်သမား ဘုရားမရှိခိုးရဘူး၊ ဘုရားစာ မဆိုရဘူးလို့ ဘယ်စာတွေမှ မတွေ့ဖူးဘူး။ အရက်သောက်တာ သောက်တာပဲ၊ ပုတီးစိပ်တာစိပ်တာပဲ။ သူ့အကန့်နဲ့သူ သလဲသီးများလိုပေါ့ကွာ" ဆိုပြီး အရက်သောက်ထားပေမယ့် စိပ်ပုတီးကို မပြတ်စိပ်တတ်တဲ့ဆရာရဲ့စကားသံဟာ တွဲနဲ့ရံတွေကနေ ပဲ့တင်ပြန်လာတော့ အားရှိသွားပါတော့တယ်။

ဒီတော့ အရက်သောက်ထားတဲ့ သူပါးစပ်ကို ရေသန့်နဲ့ ပလုတ်ကျင်းလိုက်တယ်။ လူကတော့ မူးတူးရီဝေပါပဲ။ ဒါပေမဲ့-ဘုရားကိုအာရုံပြုပြီး သရဏဂုံသုံးပါးကို ရွတ်ဆိုလိုက်ပါတော့တယ်။ စိတ်ထဲမှာတော့ အားကိုးတစ်ခုရလိုက်သလို ပေါ့ပါးသွားတယ်။ ဘယ်လိုမှ နိုးလို့မရတဲ့မီးစက်ကို နိုးကြည့်ဖို့ မသိစိတ်ကို တိုက်တွန်းနေသလိုလို ဖြစ်တာမို့ စက်လှည့်လက်ကိုင်ယူပြီး အားနဲ့လှည့်နိုးလိုက်တော့...

"ဒုန်း...ဒုန်း...ဒုန်းနဲ့ ကုဘိုတာစက်က နိုးသွားပါတော့တယ်။ စက်သံမှန်တော့မှ မီးဓလုတ်(ဗိန်းဆွဲရှိ)ကို တင်လိုက်တာ တစ်တွဲလုံးလင်းထိန်သွားပါပြီ။ ရှေ့တွဲတွေကို ခေါင်းပြုပြီး ထွက်ကြည့်လိုက်တော့ တွဲအားလုံးလင်းထိန်နေတာကို တွဲပြတင်းက ကျလာတဲ့အလင်းရောင်က သိသာထင်ရှားလှပါပေတယ်။

အလောင်းကောင်ကြီးကလည်း စည်းချက်ညီညီ လူးခါလှုပ်ယမ်းနေတာပါပဲ။ ဒီတော့ ကြောက်ကြောက်နဲ့ မျက်စိအကြည့်က ရောက်ရောက်သွားမိပေတာပေါ့။ လူတွေများကြောက်လာပြီဆိုရင်ကြဖန်ကြောက်တာ၊ ကြဲကြောက်လှည်းအောက်တောင် မအိပ်ရဲကြဘူးလို့တောင် အဆိုရှိတာပါ။

ကြည့်လိုက်မိခါမှ မပီဝိုးဝါး မီးရောင်အောက်မှာ အလောင်းကောင်ကြီး မျက်စိက ပိုပြီးပြူးထွက်လာသလို ပါးစပ်ကလည်း ပိုပြီးဟလာပါတယ်။ အကြည့်ကို ချက်ချင်းလွှဲလိုက်ပြီး...။ ဖယောင်းတိုင်နဲ့ မီးခြစ်စမ်းတုန်းက လွယ်အိတ်ထဲမှ အောင်စိုးဝယ်ထားတဲ့ ပုလင်းပြားလေးကို စမ်းမိတာကို သတိရလိုက်တယ်...။ တာဝန်ရိန်မှာအရက်သောက်ပြီးအမှားတွေဖြစ်မိမှာစိုးလို့အောင်စိုးဆီက သိမ်းထားတဲ့ ဒီပုလင်းကို နှိုက်ပြီး ဖန်ခွက်မရှာ ရေမပါဘဲ နှစ်ကျိုက်လောက်သောက်မျိုချလိုက်တယ်။ ခါးသက်ပူရှိုးရင်ထဲပူဝမ်းထဲဆင်းသွားတာမို့ ရေသန့်ဘူးထဲကရေကို ထပ်မော့သောက်လိုက်ရတာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲလေ... ဝမ်းထဲကျမှပဲ ရောသမမွှေကြပစေတော့ပေါ့။ လူကတော့ ထူပူပြီး ရှိန်းဖိန်းသွားတာမို့ နည်းနည်းတော့ အဆင်ပြေသွားပုံရပါတယ်။

သူ့အတွက်ကတော့ ရဲဆေးတင်လိုက်တာပါ။ ဒါပေမဲ့ သူ အရက်သောက်နေတုန်းမှာ အလောင်းကောင်ကြီးဆီက သွေးညှီနံ့တွေဟာ ရှဲအော့အော်ဂလီဆန်စရာကောင်းလောက်အောင်ကိုပဲ သူနှာခေါင်းထဲ ဝူးဝူးရှရှဝင်လာပါတယ်။ သူနားထဲမှာတော့ ရထားပြေးနေလို့ ချွန်းချွန်းရှိုင်းရှိုင်း ဆူညံနေတဲ့ကြားက ရေတောင်းတဲ့အသံလိုလို၊ ညည်းညူနေတဲ့အသံ လိုလို သူ့အရောက်ကို တောင်းနေသလိုလို ကြားနေရတာမျိုးကိုဆိုတော့ ကြက်သီးဖွေးညှင်းထပြီး ဆံပင်တွေတောင်၊ ထောင်ထလာသလား အောက်ဖမ်လိုက်ရတာပါ။

ကြောက်ကြောက်နဲ့ ဆက်သောက်လိုက်တာ ပုလင်းပြားလေးလည်း ကုန်သွားပါပြီ။ လူလည်းထူပူရှိန်းဖိန်းသွားသလို ကြောက်တာကတော့ အတန်အသင့်သက်သာသွားတယ်။ မတော်တဆများ အလောင်းကောင်

အလင်းရောင်ဟာ လူကိုအားရှိစေတာ အမှန်ပါပဲ။ ပြီးတော့ သူ့စိတ်ထဲမှာ ဘုရားဂုဏ်တော်ရဲ့ အစွမ်းထက်လှတာကို ယုံကြည်အံ့ဩနေမိတယ်ပေါ့။



ရထားကြီးကပုသိမ်ဘူတာကိုချောမောစွာဆိုက်ရောက်ခဲ့ပါပြီ။ ဘူတာအရောက်မှာတော့ ရထားရဲဝန်ထမ်းတွေနဲ့ ဘူတာကုန်တင်ကုန်ချအလုပ်သမားတွေ ရောက်လာပြီး အလောင်းကောင်ကြီးကို ကတ်ပေါ်တင်လို့ ပြည်သူ့ဆေးရုံကြီးကို သယ်သွားကြပါပြီ။ ဘူတာရောက်မှ ပြန်ပေါ်လာတဲ့ တပည့်ကျော်အောင်စိုးကိုတော့ ခပ်ထန်ထန်လေး ဆူလိုက်မိပါတယ်။

"ဆရာကျော်ရယ်၊ ကျွန်တော် မမူးပါဘူးဗျာ၊ ဗိုက်နာလို့ ရှေ့တွဲက အိမ်သာမှာ သွားတက်နေတာပါ၊ ဆရာကျော် မကြောက်တတ်တာ ကျွန်တော် သိနေတာပဲဥစ္စာ။ ဆရာသွေးမနည်းပါဘူး။ ဆရာကသတ္တိရှိပြီးသားပဲ" ဆိုတဲ့မြောက်လုံးတွေကြားမှာတော့ မြောက်ချင်သလိုလို။

"သွား...ခွေးမသား၊ ရေခပ်ပြီး တွဲပေါ်ကို ပြောင်အောင်ဆေး၊ တရော်ကင်ပွန်းနဲ့ပါ စင်အောင်ဆေး...၊ ငါမလုပ်လိုက်ချင်ဘူး။ သွားကွာ...မြန်မြန်" ဆိုတော့တပည့်အောင်စိုးလည်း ဆရာ့လက်သီးဘေးက ဝေးဝေးမြန်မြန် ပြေးခဲ့ရပါတော့တယ်။



လှသိန်းသတင်းပေးပေးခြင်း လာချင်ကြတာ၊ အလုပ်ကလည်းသိတဲ့အတိုင်း တနင်္ဂနွေနေ့မှာ အားတာဆိုတော့ ကြားရက် မလားနိုင်ခဲ့ဘူးဗျာ"

လက်ထောက်အင်ဂျင်နီယာ (AE) ဦးအောင်မြတ်က ရောက်ရောက်ခြင်း ပြောလိုက်ခြင်းဖြစ်သည်။

"လာ...လာ...ထိုင်ကြ၊ထိုင်ကြပါ....ဒုက္ခရှာလို့- အလကားတကူးတက လာနေကြတယ်ဗျာ..."

"ဘယ်ဒုက္ခရှာတယ် ဟုတ်မှာလဲ ဦးဘမင်းရာ၊ ကျွန်တော်ရော၊ ဟောဒီ နှစ်ယောက်ကပါ လာချင်နေကြတာ၊ (AE) ဦးအောင်မြတ် မအားလို့ အခုမှ လာရတာ..."

အောင်ကျော်ဇောက စကားဆုံးသည်နှင့် သူလက်ထဲက မုန့်ပုံးကြီးနှင့် ကိုရီယား (၂)ယောက်လက်ထဲမှ (DEXTROSE) အချိုရည်၊ အင်ရည် ဆေးပုလင်းကြီးနှစ်ပုလင်းကို ကျွန်တော် ရှေ့ချပေးလိုက်သည်။ "သူတို့ယူလာသော DEXTROSE ဆေးပုလင်းကြီးများမှာ သာမန်ဆေးပုလင်းတွေထက် နှစ်ဆကြီးပြီး သူတို့ ကုမ္ပဏီဝန်ထမ်းများအတွက် အထူးထုတ်ထားခြင်းဖြစ်သည်ဟု သိရသည်။

"ဟာ... ဒါတွေ အလကား ယူလာတယ်၊ အောင်ကျော်ဇောရာ... အားနာစရာ"

"အားနာမနေနဲ့ ဆရာကြီးရ ခင်ဗျားသူတို့ကို မေတ္တာနဲ့ပေးခဲ့တဲ့၊ ပစ္စည်းက ဒီထက်မက တန်ဘိုးကြီးလို့၊ သူတို့က ကျေးဇူးအထူးတင်ကြောင်းပြောနေတာ၊ သူတို့ မြန်မာစကား လည်လည်ပတ်ပတ် မပြောတတ်လို့ ကျွမ်းကို အထပ်ထပ်၊ ကျေးဇူးတင်ဝမ်းသာကြောင်း ပြောခိုင်းနေတာ၊ အခုလည်း ခင်ဗျားငှက်ဗျားဖြစ်လို့ ဆေးရုံတက်နေရကြောင်း (AE) ဆီက သတင်းရရ ချင်း လာမေးချင်နေကြတာ.."

အောင်ကျော်ဇော စကားကြားလိုက်မှ ကျွန်တော်က ပါလာသော ကိုရီးယားဧည့်သည်နှစ်ယောက်ကို အသေချာကြည့်လိုက်မိသည်၊ ဟုတ်ပေသားပဲ၊ ညောင်ကြပ်၊ ကင်းတားဆည်၊ တောလည်သွားခဲ့စဉ်က အောင်

"တိရစ္ဆာန်မျိုးစုံကို မော်တော်ယာဉ်ဖြင့် လိုက်လံပစ်ခတ်ပုံ၊ ဆေးဖက်ဝင်တိရစ္ဆာန်ကို ရှိုပုံတို့ကို စိတ်ဝင်စားဖွယ် တော်ပြထားသည်။

၁၉၈၄ ခုနှစ်က မန္တလေးမြို့ပြည်သူ့ဆေးရုံကြီး ဗျားနာရုံ(၃) (MU.3)တွင် ငှက်ဗျားနိုပ်စက်၍ တစ်ပတ်မျှ အလှူးအလဲခံစားခဲ့ရသည်။ ထိုအချိန်က(MU. 3) ဆေးရုံအုပ်ကြီးမှာ ဒေါက်တာဦးထွန်းသင် ဖြစ်သည်။ ဆရာကြီးမှာ စေတနာမေတ္တာကောင်းသလောက် အပြောအဆို အငေါက် အငမ်းဘက်တွင်တော့ စံတင်လောက်သူ ဖြစ်သည်။

တနင်္ဂနွေနေ့ မနက်စာဆန်ပြုတ်သောက်နေစဉ် ကင်းတားဆည် (ညောင်ကြပ်ဆည်)မှ (AE) ဦးအောင်မြတ်နှင့် (EE)စောဝါသာလူး၏သားဒေါ်အောင်ကျော်ဇောတို့ နိုင်ငံခြားသား ကိုရီးယားနှစ်ယောက်နှင့် ကျွန်တော့်ဆီ ရောက်လာကြသည်။

"ဟာ ... ကိုဘမင်း ... အတော်နေကောင်းနေပြီပဲ.. ကျွမ်းတို့လည်း ဆရာ

ကျော်ဆေနှင့်အတူ ကျွန်တော်တို့မုဆိုးအဖွဲ့ကို မိတ်ဖွဲ့လာပြီး၊ ဝံသည်းခြေ၊ ဝံလက်၊ ဝံခြေထောက်ရရင် ဝယ်ချင်ကြောင်း ပြောရာ ကျွန်တော်က ဝံတစ်ကောင်လုံး မေတ္တာနှင့် လက်ဆောင်ပေးခဲ့ဖူးသော ပုဂ္ဂိုလ်နှစ်ဦးဖြစ်ကြောင်း မှတ်မိသွားတော့သည်။ (အမည်နှင့် ရာထူး၊ အဆင့်တွေကိုတော့၊ မမှတ်မိတော့ပြီ။)

ဒီတော့မှ ကျွန်တော်က သူတို့ကို လက်ဆွဲနှုတ်ဆက်ပြီး "Thank You"ဟု ကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောလိုက်ရတော့သည်။ သူတို့ပြန်သွားမှ အိပ်ရာထက်လှဲကာ တစ်နှစ်က ကင်းတားဆည်၊ ညောင်ကြပ်ဘက် တောပစ်သွားခဲ့ပုံလေးကို တရေးရေးတွေးပြီး မြင်ယောင် ထင်ယောင် လာမိပါတော့သည်။



1983- ခုနှစ် မတ်လလောက်က ဖြစ်မည့်။ ကင်းတားဆည်၊ ညောင်ကြပ်ဆည် ရေလှောင်တမံ တည်ဆောက်နေစဉ်အချိန်က ဖြစ်သည်။ ညောင်ကြပ်၊ ကင်းတားဆည်မှာ ကူမဲမြို့ အရှေ့ မိုင်(၃၀)ကျော်လောက် ရွာငံရွာအောက်ဘက်၊ ညောင်ကြပ်ရွာအနီး ဇော်ဂျီမြစ်ကိုဖြတ်၍ ဆည်တည်ဆောက်ခြင်းဖြစ်သည်။

ကျွန်တော်အပါအဝင် မန္တလေးမုဆိုးအဖွဲ့များဖြစ်သော တပ်ကြပ်ကြီး လှသိန်း၊ ကိုညွန့်ခင်၊ ရစ်ချဒ်(ထွန်းအောင်ကျော်)တို့ ဆည်မြောင်းဌာနမှ (AE)ဦးအောင်မြတ်နှင့်နွယ်ပြီး ညောင်ကြပ်၊ ကင်းတားဆည်ဘက်သို့ တောပစ်ရောက်ခဲ့ကြခြင်း ဖြစ်သည်။ (AE)ဦးအောင်မြတ်၏ စခန်းမှာ၊ "ကံဆည်" ဂိတ်စခန်းမရောက်ခင် ပိန္နဲပင်ရွာအနီး၊ ပိန္နဲပင်စခန်း လမ်းဘေးမှာပင် ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့ရောက်သွားသဖြင့် တောပစ်ဝါသနာပါသော (AE) ဦးအောင်မြတ်မှာလည်း ဝမ်းအသာကြီး သာနေရှာသည်။

"ကျုပ်က ပြီးခဲ့တဲ့အပတ် လမိုက်စကတည်းကမျှော်နေတာ အခုမှ ပေါ်လာကြတော့တယ်..."

"ဟုတ်တယ် ဦးအောင်မြတ်ရ၊ ပြီးခဲ့တဲ့အပတ်က လမိုက်မိုက်ချင်းလာကြဖို့ပဲ ... ဆရာလှသိန်း၊ သူ့တပ်ကအလုပ်တွေ မပြတ်လို့ တစ်ပတ်နောက်ဆုတ်ပြီး၊ အခုမှ လာနိုင်ကြတော့တာ..."

ရစ်ချဒ်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"အခုလည်း လ မသာသေးပါဘူး၊ လည်လို့ကောင်းကောင်းရပါသေးတယ် အေအီးရ..."

ကျွန်တော်လည်း ဂျစ်ကားပေါ်မှ၊ သေနတ်၊ ဘက်ထရီအိုးပစ္စည်းပစ္စယများကို ချရင်း ပြောလိုက်ပါသည်။

"အကောင်ကရော၊ ပစ်ရပါမလား ဦးအောင်မြတ်...ရ "ကျုပ်ကဒီ (.22) ပွိုင့် တူးတူးရိုင်ဇယ်ဝယ်ပြီးမှ၊ ခြေလေးချောင်းတစ်ကောင်မှ မပစ်စမ်းရသေးလို့ ချေးဦးဇောက်ချင်နေတာ..."

ကိုညွန့်ခင်က ကျွန်တော်တို့တစ်တွေကို မျက်စေ့ဝေ့ပြရင်း ပြန်ပြောလိုက်သည်။

"ဟုတ်ပါပြီဗျာ ... ဘယ်သူပစ်ပစ်၊ ရဖို့က အဓိကပါ... ညဘယ်လိုလည်ကြမယ်ဆိုတဲ့ အစီအစဉ်ကလေး အရင်ချလိုက်ရအောင်..."

"ညအတွက် ကျုပ်ကတော့ တစ်လုံးထိုးကို ယူပြီး ရွာထဲကမုဆိုးနဲ့ လှည့်ခေါ်လိုက်မယ်...ကျန်တဲ့၊ "ကိုမင်း"၊ "ကိုညွန့်ခင်" ရယ် "ရစ်ချဒ်" ရယ်က AE ကို ခေါ်ပြီး ကားနဲ့ လှည့်လည်လိုက်ကြပေါ့..."

"ဟာ.. အဲဒီ အစီအစဉ်ကောင်းတယ်၊ ကျုပ်က ကားမောင်းပေးမယ်... ပစ်တာခတ်တာတော၊ ကျန်တဲ့ ဆရာတွေတာဝန်ပဲ..."

"ကိုင်း-လည်ဖို့ အစီအစဉ်ဆွဲပြီးရင် ထမင်းမစားမီ သောက်ဖို့စားဖို့ အစီအစဉ် ကလေးကျုပ်လုပ်လိုက်မယ်..."

ကိုညွန့်ခင်က ပြောပြောဆိုဆို၊ ပါလာသော (RUM) ရမ် (SODA) ဆိုဒါ (BEER) ဘီယာ၊ စပါးနှံသံဘူးတွေ ချပေးရင်း ဝယ်ခြမ်းလာသော အခြောက်အခြမ်းတွေကို မီးဖိုတွင် ကင်တန်ကင်၊ ဖုတ်တန်ဖုတ်၊ ကြော်တန်ကြော်ပြီး အမြည်းအဖြစ် ယူလာပေးသည်။

ထမင်းနှင့်စားရန်လည်း ကြက်သားရေချို (ကာလသားချက်) အိုးကို ပြင်၍ မီးဖိုပေါ်တင်ထားခဲ့ပြီး ဦးအောင်မြတ် တပည့်တစ်ယောက်ကို စောင့်ကြည့်ခိုင်းထားလိုက်သည်။ (ကိုညွှန့်ခင်မှာ မန္တလေးမြို့တွင် တစ်ခုတည်း၊ တစ်ဆိုင်တည်းသော တောသား၊ တောငါးနှင့် ရောင်းသော "စန်းရွှေလာ" ထမင်းဆိုင်ပိုင်ရှင်ဖြစ်ပြီး ကိုယ်တိုင်ချက်ပြုတ်ရမှ ကျေနပ်သူဖြစ်သည်။)

စားသောက်ပြီးစီးကြသည်နှင့် ဆရာလှသိန်းက AEရဲ့ တပည့်တစ်ယောက်ကို ခေါ်ကာ သေနတ်၊ ဘက်ထရီမီးများနှင့် ပိန္ဒဲပင်ရွာမှ မုဆိုးဆီ ထွက်သွားကြတော့သည်။ ကျန်ခဲ့သော ကျွန်တော်တို့အဖွဲ့မှာလည်း ဂျစ်ကားတွင် ဆီဖြည့်လျက် တောလည်ထွက်ရန် သေနတ်ရှာမီး (SPOT LIGHT) တွေကို အရန်သင့်ပြင်ဆင်ထားလိုက်ကြသည်။

ည(၈)နာရီထိုးသည်နှင့်စခန်းမှနောက်ကြောင်း၊ကူမဲဘက်သို့ဦးတည်ထွက်ခဲ့ကြသည်။ ပြောထားသည့်အတိုင်း AE ဦးအောင်မြတ်က ကားမောင်းပေးပြီး ရစ်ချဒ်က မီးကိုင်ကာ ကိုညွှန့်ခင်နှင့်ကျွန်တော်က သေနတ်များ ကိုင်ထားကြသည်။

ကျွန်တော်ကလည်း၊အရန်သင့်ပြင်ထားသော
ရိုင်ဖယ်သေနတ်ကို အရောင်မဲမဲအမွေးထူထူ၊
ရင်ဘတ်မှ လခြမ်းဖြူဖြူကြီးကို
အမိအရချိန်လျက် အမြန်ဆုံး
မောင်းခလုတ်ကို ဖြုတ်ချ
လိုက်ပါတော့သည်။



စခန်းကထွက်သည်နှင့် ကျွန်တော်က လက်ထဲမှ (.30-06) ရိုင်ဖယ်ကို ယမ်းတောင့်တစ်တောင့် ထိုးကာ မောင်းတစ်ဝက်တင် အရန်သင့်ပြင်ထားလိုက်သလို ကိုညွှန့်ခင်ကလည်း သူ (.22)ပွိုင့်တူးတူး သေနတ်တွင် ကျည်ကပ်မဂွဇင်း ထိုးတပ်ထားလိုက်တော့သည်။

AEက ဂျစ်ကားကို ခပ်မြန်မြန်မောင်းနေသည်နှင့် ကားကို အရှိန်နေးနေးမောင်းစေရန် ရစ်ချဒ်က ကားရှေ့ကျောက်လမ်းကို ကန့်လန့်ဖြတ်မီး ဘယ်ညာယမ်းအချက်ပြနေသည်။ သို့သော် ဦးအောင်မြတ်က မုဆိုးအထာ အချက်ပြ မကြုံဘူး၊ မလုပ်ဘူးတော့၊ နားမလည်၊ ဆက်ပြီး ခပ်မြန်မြန် ပင်မောင်းနေလိုက်သည်။

ဒီတော့မှ ကျွန်တော်က ကားကို ခေတ္တရပ်ခိုင်းလိုက်ပြီး၊ (AE) အားစက်မှန်မှန်ကလေးမောင်းရန်နှင့် မီးသမားက ကားမောင်းသူကို အချိတ်အဆက်၊ အချက်ပြပုံနည်းပညာကို အသေးစိတ် လက်တွေ့ ရှင်းပြလိုက်ရသည်။

"ဒီလို ရှိတယ် (AE)-ရ၊ ကားကိုနေးစေချင်ရင်၊ ရပ်စေချင်ရင်၊ အကောင်တွေ့ရင် မီးသမားက ကားမောင်းသူကို စကားနဲ့မပြောဘူး၊ မီးနဲ့ ဘဲအချက်ပြမယ်၊ လက်နဲ့ အချက်ပေးမယ်၊ ခြေတောက်နဲ့ တို့မယ်...."

ကားကို နေးနေးမှန်မှန် မောင်းစေချင်ရင် မီးနဲ့ကားရှေ့လမ်းကို ဘယ်ပြန်ညာပြန်ကန့်လန့်ယမ်းပြမယ်။ရပ်စေချင်ရင်၊ရပ်ချင်တဲ့နေရာမီးထောက်ပြမယ်... နောက်ဆုတ်စေချင်ရင် ကားဘေးက နောက်ပြန် မီးယမ်းပြမယ်။ ရှေ့သွားစေချင်ရင်၊ ရှေ့ကို မီးယမ်းပြမယ်။ အကောင်မျက်လုံးတွေ့ကြောင်းပြောချင်ရင်၊ လက်နဲ့ခေါင်းကို တို့လိမ့်မယ်။ အနီးကပ်ကွေ့လို့ ပြုန်းစားကြီး ရပ်စေချင်ရင် ခြေတောက်နဲ့တို့ပြီး အချက်ပေးလိမ့်မယ်... အဲဒီ အရိန်မှာ ကားသမားကနောက်ဆက်တွဲ၊ ဘယ်လို အချက်ပြမယ်ဆိုတာ၊ အလေးထားနေရတယ်..."

"အိုကေ (Ok) သိပြီ၊ ကိုဘမင်းရေ၊ ကျုပ်က တစ်ခါမှကားနဲ့တော့ မပစ်ဘူးတော့ အထာတွေ ဘယ်သိမလဲ... အခုလို ရှင်းပြလိုက်တော့ သဘောပေါက်သွားပြီပေါ့...ဟဲ - ဟဲ"

ပြောပြီးသည်နှင့် (AE) က ကားကို စတင်မောင်းလိုက်သည်၊ စောစော ကလိုမဟုတ်တော့၊ စက်မှန်မှန် အသံညက်ညက်ကလေးနှင့် မောင်းပေးနေတော့သည်၊ ကားလမ်းမှာ တစ်ဖက်က ဇော်ဂျီချောင်း၊ ကျန်တစ်ဖက်က တောင်ခင်တန်းဖြစ်နေသဖြင့် သားကောင်ရှာကွင်းက တွေ့ချင်စရာကောင်းလှသည်၊

သို့သော် အခုအချိန်ထိတော့ ဘာကောင်မှ မတွေ့ရသေး၊ မှုပစ်ရသေး...၊ မီးသမား ရစ်ချဒ်က သားကောင်တွေ့ရန်အတွက် မီးကို နေရာလွတ်မကျန် အောင် စေ့စေ့စပ်စပ် ရှာနေတော့သည်၊ တစ်နေရာရောက်သောအခါ ယုန်တစ်ကောင်ကို လမ်းမပေါ်မှာ တွေ့ရသဖြင့် (AE) ကို လက်တို့အချက်ပေးလိုက်သည်၊ အကွာအဝေး အခြေအနေအရ သားကောင်နှင့်နီးမှ ကားကို ရပ်ပေးရမယ့်အစား ချက်ချင်းကြီးမှားပြီး ရပ်ပေးလိုက်ရာ ပစ်မည့်သေနတ်သမား၊ ဘိုးပစ်ချင် ကိုညွှန့်ခင်ကလည်း အနီးအဝေးကို ထည့်မတွက်ဘဲ ကားရပ်တဲ့နေရာကပင် ပစ်လိုက်တော့သည်၊ ကျည်ဆန်က ယုန်၏ဒီဘက် နှစ်တောင်လောက်အလို မြေကြီးကို ထောက်ပြီး လေချွန်တက်သွားသည်၊

အပစ်ခံရသောယုန်မှာ ကျည်ဆန်လေတိုးသံကြောင့် လန့်ပြီး လမ်းတစ်ဖက်သို့ ပြေးထွက်သွားသည်၊ သို့သော် သူပြေးသောဘက်မှာ ကမ်းပါးယံစောက်စောက်ကြီးဖြစ်နေသဖြင့် ရှေ့လမ်းအတိုင်း စွတ်ပြေးရပြန်သည်၊

ရစ်ချဒ်က (AE) ကို ကားရှေ့သို့ ခပ်မြန်မြန်မောင်းလိုက်ရန် မီးနှင့် အချက်ပြလိုက်သည်နှင့် ကားက အရှိန်နဲ့ ထွက်သွားသည်၊ နောက်က ကားသံကြောင့် ထင်သည်၊ ယုန်မှာ လမ်းအတိုင်းစွတ်ပြေးနေတော့သည်၊ (AE) ကလည်း ကားကို အရှိန်မြှင့်မောင်းလိုက်သည်၊ သေနတ်သမား၊ ကို ညွှန့်ခင်ကလည်း သေနတ်ကို ကျည်နောက်တစ်တောင့်ထိုးကာ မတ်တတ်ရပ်လျက် ပစ်ဖို့ အခွင့်အရေးကို စောင့်နေတော့သည်၊

ကျန်တော်ကတော့ ပွဲကြည့်ပရိသတ်လုပ်ကာ လက်တွေ့ မြင်ကွင်း ရှုကွက်ကိုကြည့်ပြီး ငယ်ငယ်က ကြွက်နဲ့ကြောင် လိုက်ကြ၊ ပြေးကြသော ကာတွန်းကား ပြန်သတိရမြင်ယောင်ပြီး ပြုံးနေမိတော့သည်၊

ရှေ့က ယုန်က အားကြိုးမာန်တက် အသက်လုပြေးနေသလို နောက်က ကားကလည်း အရှိန်တိုးသထက်တိုး၍ အမီလိုက်နေရာ၊ မကြာခင်မှာ ပင်ကားနှင့်ယုန် (၁၀) ကိုက်သာသာမျှသာကွာတော့သဖြင့် သေနတ်သမားကိုညွှန့်ခင်မှ မနေနိုင် စိတ်မထိန်းနိုင်တော့ဘဲ၊ သေနတ်ကို ထိုးချိန်လျက် မောင်းခလုတ်ကို ဖြုတ်လိုက်ပြန်ပါသည်၊

သို့သော် ကျည်ဆန်က၊ ယုန်ခေါင်းပေါ်ကကျော်သွားပြီး ရှေ့တစ်လေလောက်အကွာတွင်မြေထောက်မိုးပေါ်ထောင်တက်သွားပြန်သဖြင့်ယုန်မှာ ရှေ့ဆက် မပြေးရဲတော့ဘဲ ဘေးဘက်ဖောက်ပြီး ကွင်းပြင်ချုပုတ်ရိုရာသို့ ပြေးဝင်သွားပါတော့သည်၊

ဒီတော့မှ ရစ်ချဒ်က ကားကိုရပ်ခိုင်းလိုက်ပြီး ကွင်းပြင်ချုပုတ်ရိုရာသို့ ဝင်သွားပါတော့သည်၊

ဒီတော့မှ ရစ်ချဒ်က ကားကိုရပ်ခိုင်းလိုက်ပြီး ကိုညွှန့်ခင်ထံမှ (.22) ပွိုင့်တူးတူး သေနတ်ကိုတောင်းယူလျက် ယုန်ဝင်ပြေးသွားသော ချုပုတ်ဆီမီးနှင့်ဆင်းလိုက်သွားပါတော့သည်၊ မီးနှင့် တောင်ဝှေ့ မြောက်ဝှေ့ ထိုးရှာပြီး မကြာခင်မှာပင် "ဖြန်း" ... "ဖေါက်" ... ဆိုသော အသံကြားလိုက်ရပြီး... ရစ်ချဒ် တစ်ယောက် ယုန်ကိုလက်ဖြင့်ဆွဲ၍ ကားဆီပြန်ရောက်လာပါတော့သည်၊

"ဟုတ်လှပါလား... ရစ်ချဒ်ရာ၊ ... ဝိုင်လှချည်လား... ကွာ"

(AE) က အားရဝမ်းသာနှင့် ချီးကျူးပြောကြားလိုက်သည်၊ ရစ်ချဒ်က သေနတ်ကို... ကိုညွှန့်ခင်ပြန်ပေးပြီး... ယုန်ကို ကျွန်တော်ရှိရာ ကားနောက်ခန်းကို ပေးလိုက်ရင်း...

"ဝိုင်တာလဲ မပြောနဲ့ (AE)ရ၊ ယုန်ကပြေးထားရတာ မောလို့ပဲနေတာ အဝိုင်ကပ်ပစ်ခဲ့ရတာ ဥစ္စာ..."

ရစ်ချဒ်ကားပေါ်ပြန်ရောက်ပြီး မီးကိုင်လိုက်သည်နှင့် ကားက ရှေ့ဆက် ထွက်ခဲ့ကြပြန်သည်၊ မြေပြင်အနေအထားက ပြန့်သောကွင်းများဖြစ်လေသည်၊ တချို့တချို့နေရာများတွင် ကွက်ကျားမီးလောင်ထားသဖြင့် မြင်ကွင်းက ရှင်းနေသည်၊

သစ်ထုတ်လုပ်ရေးမှ သစ်လုံးများစုပုံထားသော သစ်ကွင်း တစ်နေရာ ရောက်လာသောအခါ သစ်တုံးတစ်တုံးပေါ်တွင် ငုတ်တုတ် ထိုင်နေသော ကြောင်ဘားကြီးတစ်ကောင်တွေ့ရသဖြင့် ပစ်ကွင်းအကွာအဝေး အနေတော် နေရာမှာ ကားရပ်ပေးလိုက်သည်။

ရစ်ချဒ်က သေနတ်သမား ကိုညွှန့်ခင်ကို အသေအချာ ချိန်ပြီး အေး အေးဆေးဆေးပစ်ရန် သတိပေးလိုက်ပြီး၊ မီးကို သေနတ်ဆိုင်မြင်အောင် အကျအန ထိုးပေးလိုက်သည်။

"ဖြန်း"... "ဖေါက်"...

(.၂၂) ပွိုင့်တူးတူး ကျည်ပေါက်ကွဲသံ၊ ... မှန်သံတို့က အရှင်းသားကြား ရပြီး ကြောင်ဘားကြီးမှာ လေထဲသို့ လူတစ်ရပ်ခန့်ခုန်လိုက်ပြီးမှ သစ်တုံး အောက်ကျသွားတော့သည်။ အားရဝမ်းသာနှင့် ကိုညွှန့်ခင်က ပြေးကောက် ယူလာလိုက်သည်။

"အပါးပါး၊ ဒီကြောင်ဘား အတော်ကြီးပါလား၊ (၃)ပိသာတော့ မအောက်ဘူး ကိုမင်းရေ..."

ရစ်ချဒ်က ကိုညွှန့်ခင်ဆွဲထားသော ကြောင်ဘားကြီးကို ကြည့်ပြီး ကျွန် တော့်အား၊ ပြောကြားလိုက်ခြင်း ဖြစ်သည်။

"အေး... ယုန်ရော၊ ကြောင်ရောတော့ ရပြီးပြီ... ဒီတခါ ရေအလှည့်ပဲ... ကွ"

ဤသို့ ပြောရင်းဆိုရင်း ကျွန်တော်တို့အဖွဲ့ ကြောင်ဘားကြီး ကားပေါ် တင်ပြီး ရေခဲရီးဆက်ခဲ့ကြပြန်သည်။

"ဝေါင်း... ဝေါင်း... ဝုတ်... ဝုတ်..."

"ဟာ ... ရေဟောက်သံကြားရပြီ... ရှေ့ဆိုရင် ရေတွေတော့မယ်... နော်၊ ကိုမင်း သေနတ်အရန်သင့်လုပ်ထားဦး..."

"အေးပါ... ငါ့သေနတ်က အရန်သင့်ပါ... အကောင်သာ ထွေပါစေ..."

နွေမိန် တပေါင်းလမို့ ဇုန်မှန်လိုလို၊ မြမှန်လိုလိုတွေက၊ မီးဂိုးတွေနှင့်ရော ယှက်နေကြသည်။ တစ်ခါ တစ်ခါ မီးရောင်ပင် မှုန်ဝါးဝါး ဖြစ်ဖြစ်သွားသည်။

မြေဝပ် ငှက်တစ်ကောင်၏ တတုတ်တုတ် အော်မြည်နေသံကလည်း ညယ်၏ တိတ်ဆိတ်မှုကို ချိုးဖျက်နေသယောင်ယောင်၊

"ဝေါင်း... ဝေါင်း..."

မြေဝပ်ငှက်အော်မြည်သံကို လွှမ်းမိုးသွားစေသည်က မနီးမဝေးမှ ရေ တစ်ကောင်၏ ဟောက်သံ...။

"ဒီရေ... ရှေ့လမ်းဘေး ကမ်းပါးထက်က ဟောက်သံများ (AE) ကား ကို ဖြည်းဖြည်း မှန်မှန်၊ စက်သံ ညက်ညက်ကလေးနဲ့ မောင်း"...

ကိုညွှန့်ခင်က သူ့အထင် သူ့အကြားကိုပုံဖော်ပြီး ကားကိုဖြည်းဖြည်း မှန်မှန် စက်သံမကြားရအောင်မောင်းရန် သတိပေးလိုက်သည်။

မှန်ပါသည်၊ ကိုညွှန့်ခင်ပြောသည့်အတိုင်းပင်၊ ရေဟောက်သံကလမ်း ဘေး ကမ်းပါးယံထိပ်က ဖြစ်နေသည်။ မီးသမားက မီးကို အပေါက်အကြား ဟာကွက်မရှိအောင် စေ့စေ့စပ်စပ် ပိုက်စိပ်တိုက်ရှာနေသည်။

တွေ့ပါပြီ၊ ကမ်းပါးယံထိပ်မှ မျက်လုံးအလင်း ဝါဝင်းဝင်း၊ မြင်ကွင်းကို မြင်ရသောနေရာတွင် ကားကို ရပ်ခိုင်းလိုက်ပြီး၊ ကျွန်တော် ပစ်နှိုင်အောင် ရစ်ချဒ်က မီးကို အသေအချာ ထိုးပြထားသည်။

သားကောင် ရေမျက်လုံးနှစ်လုံးက ကားအထွက် တည့်တည့် (၁၅) ကိုက် လောက်နေရာမှာဖြစ်သဖြင့် သေနတ်ချိန်ရသည်က မော့လွန်းနေ သည်၊ သို့သော် ကိစ္စမရှိ ဒီပစ်ကွင်းမျိုး ကျွန်တော်ပစ်ခဲ့ဖူးပေါင်းများပေပြီ၊ ကျွန်တော်က မြင်နေရသောရေမျက်လုံးအစုံဝင်းဝင်း၏ အောက်လက်နှစ် လုံးလောက်ရှရှိန်ပြီး၊ သေနတ်မောင်းလုတ်ကို အညှင်သာ ဆုံးဖြုတ်လိုက် တော့သည်။

အပေါ်ထောင်ပစ်လိုက်သော (.30-06) ကျည်ဆံပေါက်ကွဲသံက တစ်တောလုံး၊ တစ်တောင်လုံးဟိန်းပြီး ပဲ့တင်ထပ်သွားစေတော့သည်။ အပစ်ခံရသော ရေမှာလည်း အရှပ်ကျိုးပြတ်၊ ကမ်းပါးထိပ်မှာ အောက်သို့ တလိမ့်ဇေါက်ကွေး၊ ကျလာတော့သည်။

"အလိုလေး... ကံကောင်းလို့၊ ကားပေါ် လူတွေပေါ်မကျတာ..."

(AE)က စိုးရွှံ့စကားဆိုလိုက်သလို ကျွန်တော်နှင့် ရစ်ချဒ်ကတော့ ကျလာသောချေကို သွားမလာကြပြီး ကားနောက်ခန်းထဲပစ်ထည့်လိုက်ကြသည်။

"ဒီတခါ တွေ့တဲ့ချေ၊ ကျူပ် (၂၂) တူးတူးနဲ့ ပစ်ကြည့်ချင်တယ် ရပ့ဲ မလား"

"ခင်ဗျားသေနတ်နဲ့ ချေတော့ကောင်းကောင်း သေပါတယ်ဗျ.... ဒီတစ်ခါတွေ့တဲ့အကောင် လက်တွေ့ပစ်စမ်းကြည့်လေ..."

ကျွန်တော်ရော ရစ်ချဒ်ပါ ပြောရင်းဆိုရင်း ကားပေါ်တက်လိုက်ကြသည်နှင့် ကားက ထွက်သွားတော့သည်။ ကျွန်တော်တို့ နောက်မှ မီးရောင်ဝင်းဝင်း အရှိန်ပြင်းပြင်းနှင့် မောင်းလာသောကားတစ်စင်းကို ကျော်တက်သွားတော့သည်။ ကျွန်တော်တို့နောက်မှ မီးရောင်ဝင်းဝင်း အရှိန်ပြင်းပြင်းနှင့် မောင်းလာသော ကားတစ်စင်းကို ကျော်တက်သွားစေရန် ရှောင်ပေးသည်အနေနှင့်လမ်းဘေးကပ်ပေးလိုက်သည်။ ကျော်တက်သွားသောကားမှာ "ဟွန်ဒိုင်း" (HYUNDAI) တံဆိပ်နှင့် ကားအဖြူကလေး တစ်စီးဖြစ်သည်။

"ဒါ.... (EE) စောဝါသာလူးကားပဲ၊ ဘယ်သွားတာပါလိမ့်..."

ဦးအောင်မြတ်က ကားကို လမ်းပေါ်ပြန်တင်မောင်းရင်း ပြောလိုက်သည်။

"ဒါနဲ့... (EE) စောဝါသာလူးလည်း ဝေတာပစ်ဝါသနာပါတယ်ဆို ကြဲရင် ကျွန်တော်တို့နဲ့ မိတ်ဆက်ပေးဦးလေ"

"ရတယ်...ရတယ်၊ သဘောကောင်းတယ်... အပြန်တောင် ကျွန်တော်စခန်းဝင်ချင်ဝင်ဦးမှာ... အဲဒီတော့မှ မိတ်ဆက်ကြတာပေါ့..."

ကျွန်တော်တို့ ကားကလေးက မြေညီပြန့်ဝါးတောဆီသို့ ရောက်လာကြသည်၊ ချေဟောက်သံများကလည်း တဝေါင်းဝေါင်း စောစောကထက် ပိုကြားလာရသည်၊ ဟိုကဝေါင်း... ဒီကဝေါင်း၊ တဝေါင်းဝေါင်း...။

ရှေ့ကိုက် (၁၀၀)လောက် လမ်းမပေါ်တွင်ယုန်တစ်ကောင် လှမ်းတွေ့နေရသဖြင့် ရစ်ချဒ်က မီးနှင့် ကားမြန်မြန်ကလေးမောင်းရန် အချက်ပြ

လိုက်ရာ (AE)က လိဘာကိုနင်း အရှိန်မြှင့်လိုက်သည်။ ကားမှာ စောစောကထက်နှစ်ဆလောက်မြန်လာသည်။ ယုန်တွေ့သောနေရာနှင့်ကိုက် (၅၀) လောက်အကွာရောက်သွားသည်နှင့် ရစ်ချဒ်ကပြန်းစားကြီး ကားကို ရပ်ရန် အချက်ပေးလိုက်ပြန်ရာ (AE)က ကားကို ဘရိတ်အုပ်လိုက်ရပြန်သည်။

"ဟာ... ရစ်ချဒ်ရ... မဝေးလွန်းဘူးလား။ တိုးလို့ရသေးပါတယ်..."

(AE) က ... အကောင်ကသေး။ ပစ်ကွင်းကဝေးသေးသဖြင့် မမှန်မှာ၊ မရမှာစိုးသဖြင့် သတိပေးလိုက်ခြင်း ဖြစ်သည်။ သို့သော် ရစ်ချဒ်က ပါးစပ်ဖြင့် ဘာမှပြန်မပြော၊ မီးကိုသာ လမ်းဘေးဝါးတောအစပ်သို့ ထိုးပြလိုက်ပြီး ကိုညွှန့်ခင်ကို ပစ်ရန် အချက်ပေးလိုက်သည်။

ကိုညွှန့်ခင်က ထိုင်နေရာမှ ထလျက် မီးထိုးထားရာ ကြည့်လိုက်သည်။ ချေတစ်ကောင်မှာ ထိပ်တိုက်ကြီး မီးလောင်ပြာင့်လျက်နေသည်ကို အရှင်းသား တွေ့လိုက်ရသည်။

"ပစ်... ပစ်... အသေအချာ ခေါင်းကိုချိန်ပစ်..."

ရစ်ချဒ်က ဆိုဒ်မြင်ရအောင် မီးကို အသေအချာထိုးပေးရင်း ပြောလိုက်သည်။ ကိုညွှန့်ခင်ကလည်း ဝင်းဝင်းတောက်နေသော ချေမျက်လုံး (၂)လုံးကြားကို အသေအချာချိန်လျက် မောင်းစလုတ်ကို အမြန်ဆုံးဖြုတ်ချလိုက်တော့သည်။

သို့သော် မောင်းဖြုတ်လိုင်သောအချိန်မှာပင် ချေကငဲ့ပြီးပြာလျက် နေရာမှ ခေါင်းထောင် အမော့လိုက်နှင့် ကြဲသွားရာ ကျည်ဆန်မှာ လိုရာကို မမှန် ရှေ့ခြေထောက်သာ မှန်သွားပုံရ၍ ညွတ်ခနဲပိုက်သွားပြီး ပြာများနှင့် လုံးထွေးသွားပါတော့သည်။

"မှန်တယ်... မှန်တယ်... ဆင်း... ဆင်း... မြန်မြန်... ဆင်း"

(AE)စကားဆုံးသည်နှင့် ရစ်ချဒ်ရော၊ ကိုညွှန့်ခင်ပါဆင်းသွားရာကြသော်လည်း ချေကိုမတွေ့သဖြင့်၊ သစ်ခက်ချိုးချနေရာမှတ်ပြီး မြန်လာကြသည်။

"အသေရွာကြီး စိုက်ကျသွားတာမြင်ရတာတောင် မတွေ့ခဲ့ကြဘူးလား။ မနက်လာရွာရင်တော့ တွေ့မှာပါ။ ကဲ - ကဲ လာ ရှေ့ဆက်ရအောင်"

"ရှေ့မဆက်နဲ့တော့ AE၊ နောက်ကြောင်းပြန်ဓါတ်ကြရအောင် ဒါမှ စခန်းပြန်ရောက်မိုးလင်းမှာနဲ့ အံကျနေမှာ..."

ကျွန်တော့်စကားကြောင့် ရှေ့မဆက်ကြတော့ဘဲ ကားကိုနောက်ကြောင်းပြန်ကွေ့ခဲ့ကြသည်။ အပြန်တွင် ကားကို ကိုညွှန့်ခင်ကမောင်းလိုက်ပြီး မီးကို ကျွန်တော်ကတလှည့်ပြောင်းကိုင်ခဲ့သည် AEကိုတော့ အနားပေးထိုင်ခိုင်းလိုက်သည်။

တစ်နေရာရောက်သောအခါ အတော်လှမ်းလှမ်းတွင်၊ မျက်လုံး လက်ခနဲ တွေ့ရသဖြင့် မီးကစားကြည့်လိုက်ရာ ချဖြစ်နေသဖြင့် ကိုညွှန့်ခင် ကားရပ်ခိုင်းလိုက်သည်။

"ရစ်ချဒ်... ဂျီကွ... ဂျီ၊ ဝေးတော့ဝေးတယ်... ပစ်မလား..."

ရစ်ချဒ်ကနေရာမှထပြီး သားဖောကောင်ရှိရာလှမ်းကြည့်လိုက်သည်။ သားကောင်မှာချောင်းတစ်ဖက်ကမ်း ကုန်းရိုးပေါ်မှ လက်ပံပင်ကြီးအောက်တွင် ဖြစ်ပြီး၊ ကိုက်(၁၀၀)လောက် ဝေးမည်ဖြစ်သည်။ မျက်လုံးက ငဲ့လိုက်၊ မော့လိုက်နှင့် လက်ပံပွင့်ကောက်စားနေသည်နှင့် တူသည်။

"ဝေးလိုက်တာ ကိုမင်းရာ၊ ကျုပ်လက်က အဲဒီလောက်အဝေး သေချာရွာမှာ မဟုတ်ဘူး၊ ကိုမင်းသေနတ်နဲ့ ကိုမင်းသာပစ်ပါ... ဒါမှ သေချာမှာ..."

ရစ်ချဒ်က သူကိုင်ထားသော (.၃၀ - ၀၆) ရိုင်ဖယ်ကို ကျွန်တော်ပြန်ပေးရင်းသူက မီးပြောင်းကိုင်လိုက်သည်။ ကျွန်တော်ကို ဆိုဒ်ကောင်းကောင်းမြင်ရရန်၊ နောက်ဆိုဒ်ရှေ့နားက ကပ်မီးထိုးပေးထားသည်။ သားကောင်မှာငြိမ်ပြီး မီးစိုက်ကြည့်နေစေရန် မီးကစားခိုင်းလိုက်ရသည်။ ဒီတော့မှ မီးရောင်တန်းကို မျက်လုံးများက စူးစိုက်ကြည့်နေတော့သည်။

ရရှိလာသော အခွင့်အရေးကိုတော့ လက်လွတ်မခံ၊ ငြိမ်ကြည့်နေသော မျက်လုံးနှစ်လုံးကြားကို အသေအချာချိန်လျက် မောင်းလုတ်ကို အညှင်းဆုံး ဖြုတ်လိုက်ပါသည်။

"ဒိုင်း" ... ဟူသော သေနတ်သံက ချောင်းရိုးတစ်လျှောက် ဗဲ့တင်ထပ်သွားပြီး ချမျက်လုံးလည်းနေရာမှ ပျောက်သွားပါတော့သည်။

ရစ်ချဒ်က ဘယ်လိုလဲဟုဖေးရင်း မီးကို ဆက်ထိုးရှာနေပါသည်။

"ငါ့လက်ထဲတော့ မီးသွားတာဘဲ... မှန်လောက်ပါတယ်" ဟုကျွန်တော်က ပြောရင်း ကျည်ခွံထုတ်ပြီး အသစ်တစ်တောင့် အပြန်ထိုးထည့်လိုက်ပါသည်။

"ဟော... ဟော... ဒီမှာ ပြန်တွေ့နေပြန်ပြီ... ကိုမင်း၊ မထိဘူးထင်တယ်.. ထပ်ပစ်.. ထပ်ပစ်... ဒီတစ်ခါ အကောင်လုံးပေါ်ကြီး အပိုင်ပစ်..."

သူမီးထိုးထားရာ ကျွန်တော်ကြည့်လိုက်သောအခါ စောစောက ပစ်လိုက်သော အကောင်နေရာနှင့် ဝါးနှစ်ရိုက်လောက်မှာ ဖြစ်သည်။ မြင်မြင်ချင်း သေနတ်ပြောင်းတန်းချိန်လိုက်ပြီး မောင်းဖြုတ်ရန် အသက်အောင့်လိုက်သည်။ စိတ်ထဲတွင် ဒီမျက်လုံးများက စောစောကထက်ကျယ်ပြီး အနီရောင်ဘက် နည်းနည်းသမ်းနေသလို ထင်မိသည်။

ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်တာဝန်က ထပ်ပစ်ရမည်မို့ သေးတိုက် အနေအထားရှိသော ချေကို အသေအချာ လက်နောက်ရိုန်လိုက်ပြီးမှ ပစ်လိုက်ပြန်ပါသည်။ ဒီတစ်ခါတော့ သေနတ်သံနှင့်အတူ ချမျက်လုံးများမှာ မြောက်တက်သွားပြီးမှ ပျောက်သွားသည်။

"မှန်တယ်... မှန်တယ်၊ ဒီအချက်ကတော့ သေချာမှန်တယ်၊ မီးရောင်ထဲမှာ မျက်လုံးရော အကောင်းလုံးပါ မြောက်တက်သွားတာ ကျုပ်မြင်လိုက်ရတယ်..."

ရစ်ချဒ်က သူ့မြင်ကွင်းကို အားရပါးရပြောလိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ "ကားအောက်ရောက်သွားမှတစ်ခုကိုသတိရပြီးအဲဒါမှပြဿနာဘဲ... အကောင်က ချောင်းဟိုဘက်ကြီးမှာ ဘယ်လိုလုပ်ယူရမှဲ့မလဲ"

"အား... ဟုတ်သားဘဲ၊ စောစောက ပစ်ချင်ဇောနဲ့ အဲဒါ မစဉ်းစားမိဘူးဟော့... ကူးစရာ တံတားကလည်း မမြင်ဘူး၊ ညကြီးမင်းကြီး ရေကူးရတော့ မယ်ထင်တယ်..."

"ကိုင်းပါ...အဲဒီအတွက် ပူမနေကြပါနဲ့ မနက်ကျမှ၊ ကိုညွှန့်ခင်ပစ်တဲ့ အကောင်လာရှာရင်း၊ ကျုပ်တပည့် တစ်ယောက် ကူးယူခိုင်းပါ့မယ့်... အခုတော့ စခန်းအရောက်ပြန်ပြီး အချိန်ရသလောက် အိပ်လိုက်ကြဦးစို့..."

AEရဲ့ အိပ်ချင်မူးတူးအသံလေးလေးကြီးက ကျွန်တော်တို့အခက်အခဲကို ဖြေရှင်းပေးလိုက်ပါတော့သည်။

===❁===

အရုဏ်ကျင်း၍ အလင်းရောင်လေးလာသည်နှင့် ဝီရိယ ကောင်းသော ကိုညွှန့်ခင်က အားလုံးကိုနှိုးလိုက်သည်။ နံနက်စောစောအဆာပြေအတွက် ကိုညွှန့်ခင်ကထမင်းကြော်၊ ချေဝမ်းတွင်းသားကြော်ချက်နှင့် လက်ဖက်ရည် တစ်ခွက်စီ အရန်သင့်လုပ်ပေးသည်။

စားသောက်ပြီးသည်နှင့် AE၏ တပည့် (၃)ယောက်နှင့် ကိုညွှန့်ခင်ကဂျီရှာရန်အတွက် (.22)ကိုယူပြီး ကားနှင့်ထွက်သွားကြသည်။ ရစ်ချဒ်နှင့် ကျွန်တော်က ကြောင်ဘားနှင့်ချေကို အရေခွာနေကြသည်။ ချေကိုအရေခွာ၍ ပြီးခါနီးတွင် AE စခန်းဝင်အတွင်းသို့ "ဟွန်ဒိုင်း"ကားအဖြူကလေး တစ်စီမောင်းဝင်လာသည်။ ကားပေါ်မှ လူရွယ်တစ်ယောက်နှင့် ကိုရီးယား (၂)ယောက်ဆင်းလာပြီး...

"AEရှိလား...အေအီး" ...ဟုမေးရင်းကျွန်တော်တို့နားရောက်လာကြသည်။

"ဟာ... အောင်ကျော်ဇော"တို့ပါလား၊ စောစောစီးစီးကြီး ဘယ်သွားကြမလို့လဲ..."

"AEကလည်း သွားမလို့မဟုတ်ဘူး ပြန်လာတာပါ... မနေ့ညက ဖားသား (FATHER)ကြီးက ကူမဲကိစ္စရှိလို့ ခိုင်းလိုက်တာအခါ မနက်မှ ပြန်လာတာ..."

"ဒါဖြင့် မနေ့ညက ဒို့ကားကို ရှောင်ပြီး အမြန်မောင်းသွားတာ မင်းတို့လား.."

"ဟုတ်ပါ့ဗျာ... ဟုတ်ပါ့... အတော်ပဲ၊ ဒီမှာလာ အင်ထရှိ (INTRO) လုပ်ပေးရဦးမယ်..."

AEက ကျွန်တော်တို့နှင့် EE စောဝါသာလူးသား အောင်ကျော်ဇောကို မိတ်ဆက်ပေးလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်လည်း တောပစ်ဝါသနာပါတယ်... ဒါပေမဲ့ တွဲဘက်မရှိလို့၊ မလည်ဖြစ်ဘူး... နောက်လာရင် ကျွန်တော့် ဆီရောက်အောင် လာပါဦး... ဖားသားကြီးနဲ့လည်း တွေ့ရအောင်ပေါ့..."

အောင်ကျော်ဇောက ဖော်ဖော်ရွေရွေ မွန်မွန်ရည်ရည် လက်ဆွဲ နှုတ်ဆက်ရင်း ဖိတ်ခေါ်လိုက်သည်။

ကျွန်တော်နှင့် ရစ်ချဒ်ကလည်းဝမ်းသာကြောင်း၊ နောက်တစ်ခေါက်လာရင် အတူလည်ကြမည်ဖြစ်ကြောင်း ပြောလိုက်သည်။ နောက်ပြီး ချေသား ရှေ့ပိုင်းတစ်ပိုင်းလုံး ဟင်းစားပေးလိုက်ရန် AE ကို ပြောလိုက်ရသည်။

AEက ချေရှေ့ပိုင်းကို ဟင်းစားပေးလိုက်ရာ၊ အောင်ကျော်ဇောက အားနာစွာဖြင့်...

"ဟာ... ရှေ့ပိုင်းကြီး အကုန်လုံးများပါတယ်၊ အမြည်းရရင် တော်ပါပြီ... AE ရာ"...ဟုငြင်းနေသည်။

"ယူသွားပါ.... မင်းမိတ်ဆွေတွေ (ကိုရီးယားနှစ်ယောက်ကို မေးငေါ့ပြရင်း)လည်းပေးစားရတာပေါ့...ငါတို့ကအတော်ကြာထပ်ပါလာဦးမှာ၊ ညက မယူနိုင်တဲ့ အကောင်တွေ၊ သွားယူနေကြတုန်းကွ"

ဤသို့ ပြောဆိုနေကြစဉ်မှာပင် လှည်းတစ်စီးနှင့် ဆရာလှသိန်းတို့အဖွဲ့ ချေတစ်ကောင်နှင့် ရောက်လာကြသည်။

"ဟော.. တွေ့လား၊ ဒါလည်း ဒို့အဖွဲ့ပဲကွ၊ သူလည်း ချေရလာတယ်"

ကျွန်တော်တို့ရှိရှာ ဆရာလှသိန်း ရောက်လာသည်နှင့် AEက အောင်ကျော်ဇောနှင့် မိတ်ဆက်ပေးလိုက်ပြန်သည်။

"အော် ... ဆရာက တပ်ကလား၊ တွေ့ရတာ ဝမ်းသာပါတယ်... ဆရာ... ဒါနဲ့ ညက သားကောင်တွေ ပစ်ခဲ့ရလား"

"အင်း... ဒီချေနဲ့ ဝက်ဝံတစ်ကောင် ပစ်လိုက်ရတယ်၊ ဝံကပီနဲ့ပင် အသီးစားနေရာက မီးမြင်လို့ ဆင်းအလာ ပစ်ထည့်လိုက်တာ၊ မှန်ပြီးပြေးသွားတယ်၊ ရိုင်ဖယ်မဟုတ်တော့၊ နေရာတင်မလဲဘူး၊ ... ဒီမနက် ဆက်လိုက်ရင်တော့ ရမှာပါ..."

အောင်ကျော်ဇော်က သူ့အဖော်ကိုရီးယား (၂)ယောက်ကို ပြန်ပြောပြလိုက်ရာ ဝံရရင် "သည်းခြေ" "ဝံလက်"... "ဝံခြေထောက်"တွေ ဝယ်ချင်ကြောင်း ပြောလာသည်၊

ဝံလက်၊ ဝံခြေထောက်နဲ့ ဝံသည်းခြေ ဘာလုပ်ဖို့လဲဟု အောင်ကျော်ဇော်ကတစ်ဆင့် မေးခိုင်းရာ ဆေးဖော်စားဖို့ဖြစ်ကြောင် သိရသည်၊

ဒီအချိန်မှာပင် ချေသွားရှာသော ကိုညွှန့်ခင်တို့အဖွဲ့လည်း ပြန်ရောက်လာကြပြီး ကားပေါ်တွင်၊ ချေဖို၊ ချေမ နှစ်ကောင်ပါလာပြန်သည်၊ ချေနှစ်ကောင်၏ မှန်ရာမှန်ချက်များကို ကြည့်လိုက်ရာ၊ အထီးတစ်ကောင်မှာ လက်နောက်မှန်ထားပြီး၊ အမမှာထိပ်တည့်တည့်မှ ကျည်ဝင်ထားသည်ကို တွေ့ရသဖြင့် အံ့သြသွားမိသည်၊ ပို၍ အံ့သြရသည်မှာ နှစ်ကောင်စလုံး၏ ဒက်ရာ၊ မှန်ချက်များမှာ (.22)ဒက်ရာမပါ (.30-06)ဒက်ရာတွေကြီးပါလား... ဘယ်လိုဖြစ်ရတာလဲ... ကိုညွှန့်ခင်ရ"

"ဟုတ်တယ်... ကိုမင်းပစ်တာ နှစ်ကောင်ဗျ၊ ပဌမ ပစ်တဲ့ အမကောင်က ထိပ်တည့်တည့်ဝင်ပြီး နေရာတင်ပုံနေတာ၊ နောက်အကောင်က အထီးလက်နောက်မှန်ပြီး၊ နှစ်လှမ်း၊ သုံးလှမ်းလောက် ရွေ့ပြီးမှ သေနေတာတွေ့ရတာ..."

"ဒါဖြင့်၊ ခင်ဗျားပစ်တဲ့အကောင်ကော မရှာခဲ့ဘူးလား..."

ရစ်ချင်္ဂါက... ဝင်ထောက်မေးလိုက်ပြန်သည်၊

"မရှာဘဲနေပါ့မလားကွာ... ရှာတာပေါ့... သွေးစက်နည်းနည်းသာတွေ့ရပြီး အကောင်ကာ ရှာမတွေ့ခဲ့ဘူးကွ၊ ချက်မလှဘူးနဲ့တူပါတယ်...ကွာ"

ကိုညွှန့်ခင်အား အောင်ကျော်ဇောနှင့် ထပ်မံ ဖိတ်ခေါ်ပေးလိုက်ပြန်သည်၊ ကိုညွှန့်ခင်က မန္တလေးရောက်ရင် တောသားတေဘင်း အစုံစားချင်ရင် လမ်းခေါင့်ရှိ၊ သူ့ထမင်းဆိုင်... "စန်းဇရွလာ" သို့ ဝင်ခဲ့ရန်ဖိတ်ခေါ်လိုက်သည်၊

အောင်ကျော်ဇော်တို့ အပြန်တွင် ချေရေ့ပိုင်းမဟုတ်တော့ဘူး၊ အဖွဲ့၏ သဘောတူညီမှုဖြင့် ချေတစ်ကောင်လုံး သက်သက် အရေမွှာရသေးတာပေးလိုက်ရာ... ကိုရီးယားများက ... "ဂျူးဆူးဒင်ဇာဒယ်..." ဟု မပြီကလာ၊ ပြီကလာနှင့် တစ်လုံးချင်းအား ယူပြောပြီး သူတို့ကား ပေါ်မှ (HENIKEN) ဟန်နီကင်ဘီယာသံ ဘူးတစ်ဖာလုတ်ပေးကြပါသည်၊

ကျွန်တော်တို့ကတော့... လူဆီ (ယမကာ) မလိုကြောင်း ဖြစ်နိုင်ရင်... ကားဆီသာ နည်းနည်းရချင်ကြောင့် ပြောလိုက်ရာ အောင်ကျော်ဇောက၊ အခုလောလောဆယ် လူဆီ (ဘီယာ)တွေသာပါ၍ ယူထားလို့ကပါရန်နှင့် ညနေပိုင်းတွင်မှ ကားဆီတစ်ပုံး ပို့ပေးမည်ဖြစ်ကြောင်း ပြောပြီး ထွက်သွားကြပါတော့သည်၊



နံနက်စာထမင်းကို ချောသားနှပ်ချက်၊ ချောသား ကလီစာကြော်၊ ယုန်သားထောင်းကြော်၊ ... ယုန်ရိုးနှင့်ဆူးပုတ်ဟင်းချို... ကြောင်ကင်ပြန်ချက်... ငံပြာရည်ဖျော်၊ အတို့အပြုပ်သီးရွက်စုံ၊ ချေရိုးဆွန်တန်ဟင်းရည်၊ ရှည်ဖေါင်ရွက်စပ်ချဉ်ချက်...စသည်ဟင်းမျိုးစုံနှင့် ခေါင်းမဖေါ်တမ်းပွဲတော်တည်လိုက်ကြသည်၊

အဲဒီနေ့ကစားလိုက်ရသည့် ကိုညွှန့်ခင်၏လက်ရာကို တွန့်တော့်အနေနှင့် ဒီနေ့ထိ တသသ သတိရနေလျက်ရှိပါသေးသည်... ဟု ဆိုပါလျှင် ပို့မည်မထင်...၊

အဖွဲ့သားအားလုံး၊ ထမင်းစားပြီးသည်နှင့် ထမင်းလုံးစိရင်းထမင်းထိပ်တက်ကာ၊ တဖမှ မှေးလိုက်ကြသည်၊ ကျွန်တော် တစ်ယောက်သာ ဆရာ

လှသိန်း ပစ်ခဲ့သည်ဆိုသော ဝံနာနောက်သို့လိုက်ပြီး စစန်းသိမ်းရန် AE တပည့်နှင့် ပိန္နဲပင်ရွာသို့ ထွက်ခဲ့ကြသည်။

ညကဆရာလှသိန်းနှင့်ပါသွားသောရွာခံမုဆိုးကိုဓေါ်ကာဝံပစ်ရသော နေရာသို့ထွက်ခဲ့ကြသည်။ရွာခံမုဆိုးအားတစ်လုံးထိုးသေနတ်နှင့်ကျည်ခါး ထက်ကိုပေးလိုက်ပြီး ရှေ့ကသွားစေလိုက်သည်။ ကျွန်တော်က (.30-06) သေနတ်ကို ကျည်ထိုးမောင်းတစ်ဝက်တင်ပြီး ကပ်လိုက်သွားသည်။ AE တပည့်ကတော့ ဓါးမတစ်ချောင်းကိုထမ်းလျက် နောက် ခပ်ဝေးဝေး လိုက်စေသည်။

ဝံမှာ ပစ်လိုက်သောပိန္နဲပင်နှင့် ဝါးနှစ်ရိုက်လောက်မှ စ၍ သွေးစက်များ ကျသွားသည်။ ကျသွားသော သွေးစက်အမှန်အတိုင်း ကျွန်တော်တို့က တဖြည်းဖြည်းလိုက်ခဲ့ကြသည်။ ဝံဦးတည်သွားနေသည်မှာ တောင်ခြေသို့ ဖြစ်သည်။ တစ်မိုင်လောက်လိုက်မိကြသောအခါ ရေအိုင်တစ်ခုဆီ ရောက်လာသည်။ ရေအိုင်တွင် ရေသောက်ပြီး ဆင်းစိမ်သွားသည်။

-အိုင်မှ အတက်တွင်တော့ ခြေရာသာတွေ့ရပြီး သွေးအမှတ်က မတွေ့ရတော့။ ရေစိမ်၍ သွေးခဲသွားသလား ဒါမှမဟုတ် ရွံများနှင့်လူး၍ ဒဏ်ရာတွေ ပိတ်သွားသည်လားတော့ မပြောတတ်၊ သွေးက လုံးဝမကျတော့...။

သွေးအမှတ်ပျောက်သွားသဖြင့် ကျွန်တော်တို့အဖွဲ့ အလိုက်ရကြပ်သွားသည်။ သုံးယောက်သား လူဖြန့်၍ သွေးအစ အနက့်လိုက်ရှာကြသော်လည်း မတွေ့ရတော့။

နေကမြင့်၍ ရင့်လာသဖြင့် သုံးယောက်သားချွေးပေါက်ပေါက် ကျနေကြပြီး AEတပည့်ကတော့ နေပူဒဏ် မခံနိုင်၍ထင့်၊ သစ်ပင်ရိပ်တစ်ခုတွင် ခြေပစ်၊ လက်ပစ်ထိုင်လိုက်တော့သည်။ကျွန်တော်နှင့်ရွာခံမုဆိုးနှစ်ဦးသား ဇွဲမလျော့သေးဘဲ ထင်သောနေရာများကို တကုန်းကုန်း၊ တကွက်ကွ၊ မရမက သဲလွန်စရှာနေကြဆဲဖြစ်သည်။

အခုရောက်နေသောနေရာမှာ တောင်ခြေနှင့်သိပ်မဝေးလှတော့၊ ကိုက် (၅၀၀)လောက်သာ ဝေးတော့သည်။ နေမှာ နွေနေဖြစ်သည့်အပြင်၊ နေ

လယ်ပိုင်းရောက်လာသဖြင့် စူးစူးရဲရဲ ပူလွန်းလှသည်။ တစ်ခါတစ်ခါ မျက်စေ့များပင် ပြာပြာ၊ ဝါးဝါး သွားသည်။ နဖူးမှချွေးများက မျက်လုံးထဲစီးကျသဖြင့် ကျိန်းစပ်စပ်လည်း ဖြစ်ထတ်သေးသည်။

ကျွန်တော်လည်းနေဒဏ်ကြောင့် နွမ်းလျလျဖြစ်လာခါ စိတ်ဓာတ်ပင် ကျရောင်လာသည်။ ရွာခံမုဆိုး တစ်ယောက်သာ ဇွဲကောင်းကောင်း။ အသည်းကောင်းကောင်းနှင့် နေဒဏ်ကိုမမူ အပူဒဏ်ကိုအံတုပြီး ဂရုမစိုက်တမ်း အားကြိုးမာန်တက်၊ ဆက်ရှာနေဆဲပင်...။

တစ်နေရာကျောက်ကုန်းတက်ရောက်သောအခါအောက်ကိုငုံ၍တစ်ခုခုကို အသေအချာ လေ့လာနေလိုက်၊ မျက်နှာမူရာ တောင်ခြေကို မျှော်ကြည့်လိုက်နှင့်လုပ်နေပြီးမှ ကျွန်တော်တို့ကို လက်ယပ်ခေါ်လိုက်သည်။ ကျွန်တော်နှင့် AE တပည့်မှာ မထချင် ထရှင်ထ၍ သူ့အနားရောက်အောင် သွားရတော့သည်။

"ကိုင်... ဆရာတို့ရေ၊ ဒီဟာ အသေအချာကြည့်ကြစမ်းပါဦး။ ကျုပ်အမြင်ကတော့၊ ဒါဟာ သွေးနဲ့ ရွံ့စေး ရောထွေးကျနေတာလို့ တွက်လာပဲ"

သူညွှန်ပြတဲ့ အသေချာကြည့်လိုက်တော့ ကျောက်တုံး အထက်တွင် ကပ်နေသော၊ ရွံမြေ မခြောက်တခြောက် ကလေးဖြစ်သည်။

"ဒါဟာ၊ကျောက်တုံးပေါ်အားပြုအတက်လိုက်ဒဏ်ရာကသွေးနဲ့ရွံ့ကပ်နေတာကို ညှစ်ထုတ်လိုက်သလိုဖြစ်ပြီး ထွက်ကျကျန်ရစ်တာလို့ ကျုပ်ယူဆတယ်၊ ဆရာတို့အမြင်ကရော... ဘယ်လိုလဲ..."

ကျွန်တော်တို့နှစ်ယောက်စလုံးက ဘာမှ တိတိကျကျအဖြေမပေးနိုင်၊ ခပ်ငိုင်ငိုင်နှင့်သာ ကြည့်နေကြသည်။ ဒီတော့ သူကဆက်ပြောလာသည်။

"ဟောဟို တောင်စွယ်ကလေးမှာ ကျောက်ဂူတစ်ခုလည်း ကျုပ်တော်တက်ရင်း တွေ့ဖူးတယ်... အနီးပတ်ဝန်းကျင်မှာလည်း ဝံခြေရာတွေ တွေ့ခဲ့ဖူးတယ်၊ အဲဒီမှာ နေတဲ့အကောင်လို့ ကျုပ်ထင်တယ်၊ ဟုတ်မဟုတ်တော့ အတတ် မပြောနိုင်သေးဘူး။ ဂူဝနားသွားလေ့လာမှ သေချာမှာ ဆရာတို့... သဘောက ဘယ်လိုလဲ"

ကံကောင်းသည်မှာ ဂူကတောင်ဘက် မျက်နှာမူဂူဖြစ်ပြီး လေက နွေ ဦ့်တောင်ဘက်က အတိုက်နှင့် အဝင်ခွင်ကျဖြစ်နေခြင်းပင်၊ မီးရိုးများအဖြစ် သစ်ရွက်စိမ်းများပါသဖြင့် အညှော်နံ့ကလည်း ပါသွားသည်။

မီးရိုးများပိုပြီး ဂူထဲဝင်စေရန် AE တပည့်က၊ သစ်ကိုင်းတစ်ခုနဲ့ ဆွဲပေး ပြီး၊ လုံချည်ရွှေတ်လျက် ယပ်စတ်သွင်းနေသည်။ ကျွန်တော်နှင့် တောမုဆိုး (၂)ယောက်ကတော့ ထွက်လာမည့်သားဖကောင်ကို အပိုင်အနိုင်ပစ်ရန် ဂူဝ တစ်ဖက်၊ တစ်ချက်စီမှ သေနတ်တွေ အရန်သင့်ပြင်လျက် စောင့်စားနေကြ သည်။

(၁၀)မိနစ် (၁၅)မိနစ်အထိ ဂူတွင်းမှ ဘာသံမှ မကြားရ၊ ထင်ထားကြ သလို၊ အကောင်မှရှိပါ့လေစ၊ ဒါမှမဟုတ် သေများသေနေပေါ့လား။ သို့ သော် သိပ်မကြာခင်မှာပင် အတွင်းမှာ "ဂါ-ဂရား" ဟူသော ဝံအော်သံကြီး ကြားလိုက်ရသည်။

AE တပည့်က မီးပုံဆွေးနေရာမှ ကမျာကရာ ကျောက်တုံးကြီးရှိရာ အတွယ်သို့ ပြေးကပ်လိုက်သလို ကျွန်တော်နှင့် ရွာခံမုဆိုးတို့ကတော့ သေနတ်မောင်းတင်၊ ပြင်လာရသည်နှင့် ပစ်ရန် တာစူနေလိုက်ကြသည်။

ဝက်ဝံကြီးမှာ မီးရိုးဒဏ်မခံနိုင်၍ ထင်သည်၊ တဝေါဝေါ အဆက်မပြတ် အော်လျက် ဂူဝနှင့်နီးလာသည်။ ဂူဝတည့်တည့်တွင် မီးပုံကြီးရှိသဖြင့် ဂူဝ လက်ျာဘက် ရွာခံမုဆိုးရှိရာသို့ အပြေးထွက်သွားပါတော့သည်။ ရွာခံမုဆိုး ကလည်း မနေးတမ်း၊ မလွတ်တမ်း ထွက်လာသောဝက်ဝံကြီးကို ဆီးပစ် လိုက်ပါသည်။

တစ်လုံးထိုးခဲလုံးများက ဝက်ဝံကြီးကိုထိမှန်လိုက်သဖြင့် ဦးတည်ရာ လက်ျာဘက်မှ လက်ခဲဘက်သို့လည်ပါသွားပြီး ကျွန်တော့်ဘက်သို့ ရောက် လာပြန်တော့သည်။ ကျွန်တော်နှင့် (၅)ကိုက်၊ (၆)ကိုက်လောက် အကွာ ရောက်သောအခါ ကျွန်တော့်ကိုမြင်သွား၍လား မပြောတတ်၊ လေဖက် ကုန်း ပြေးလာရာမှ မတ်တတ်ရပ်လိုက်ပြီး ရှေ့လက်နှစ်ချောင်းကားရား၊ ရှေ့သွားများဖြဲလျက်... "ဂါး" ဟူသော အသံနက်ကြီးနှင့် ပြေးဝင်လာပါ တော့သည်။

သူက အားတက်သရော ပြောလာမှတော့ ကျွန်တော်က စိတ်ဓါတ်ကျ တာ ခဏဖယ်ထားလိုက်ပြီး... "ထင်ရင်လည်း သွားလေ့လာကြည့်ကြတာ ပေါ့... ဝေးတော့တာမှ မဟုတ်ဘဲဗျာ"

ကျွန်တော့် စကားဆုံးသည်နှင့် ရွာခံမုဆိုးမှာ ဂူရှိရာသို့ ရှေ့ကခပ်သွက် သွက်လှမ်းသွားနေပါတော့သည်၊ ကျွန်တော်နှင့် AE တပည့်မှာလည်း နေမူလွန်းသဖြင့် မလိုက်ချင်လိုက်ချင်နှင့်ပင် သူ့ဖိအောင်လိုက်ခဲ့ရတော့ သည်။

ဂူနားရောက်ကြသောအခါ အသေးစိတ်လေ့လာနေပြန်သည်၊ အဝင် ဝကျောက်တုံးပေါ်မှ စောစောကတွေ့ခဲ့သော ရွံနှင့်သွေးရောကျံသော အမှတ်အသားနှစ်ခုကို တွေ့ရသဖြင့် ရွာခံမုဆိုးမှာ သူထင်မြင်ချက် မှန်ကန် ကြောင်းသိစေရန် လက်မထောင်၍ပြပါသည်။

ဂူထဲမှာ ဝံရှိတာကတော့ အထောက်အထား သဲလွန်စအရ သေချာပေ ပြီ၊ သို့သော် ... ဒီဂူထဲဝင်လိုက်ဖို့ကတော့၊ မီးမပါဘာမပါနှင့် ဝင်ရန်က မလွယ်၊ ဒါကြောင့် ဘယ်လိုလုပ်ရရင်ကောင်းမလဲဟု (၃)ယောက်သား ဆွေးနွေးရင်း တိုင်ပင်ရတော့သည်။

"ဆရာတို့နှစ်ယောက်က သေနတ်တွေနဲ့ အရန်သင့်ပြင်ထား၊ ကျုပ်က ဂူဝက အတွင်းကို ခဲတွေနဲ့ပစ်ပြီး လှုံ့သံပေးအော်ဟစ်မယ်၊ ဒါဆို ထွက်လာ မှာပဲ၊ ထွက်လာမှ နှစ်ယောက်သား ဝိုင်းပစ်... မကောင်းဘူးလား"

AE တပည့်က အကြံပြုစကားဆိုလေသည်...

"ဒီကောင်က ဒဏ်ရာနဲ့ နာနေတာဆိုတော့ လူသံကြားရုံနဲ့ ထွက်ချင်မှ ထွက်မှာ၊ သူ့ကိုပစ်တဲ့ ခဲမှန်ရင်တော့ ဒေါသဖြစ်ပြီး ထွက်လိုက်ချင်လိုက် မယ်...၊ သေချာတာကတော့ သစ်ရွက်သစ်ခက်တွေကို ဂူဝမှာ မီးရှို့... မီးရိုး တွေ့ဂူထဲဝင်ရင်၊ ဒီအကောင်မခံနိုင်ဘဲ ထွက်ကိုထွက်လာမှာသေချာတယ်"

ရွာခံမုဆိုးက သေချာပေါက်ထွက်မယ့်နည်း အကြံပြုပါသည်၊ ဒါကြောင့် ကျွန်တော်တို့တွေ အနီးမှ ရသမျှသစ်ကိုင်းသစ်ခက် အခြောက်များအပြင်၊ သစ်ရွက်အစိုများများပါ ဂူဝတွင် စုပုံမီးရှို့လိုက်ကြသည်။

ကျွန်တော်ကလည်း အရန်သင့်ပြင်ထားသော ရိုင်ဖယ်သေနတ်ကို အရောင်ပဲပဲအမွေးထူထူ၊ရင်ဘတ်မှလခြမ်းဖြူဖြူကြီးကိုအဓိအရရွံရှာက် အပြန်ဆုံး မောင်းခလုတ်ကို ဖြုတ်ချလိုက်ပါတော့သည်။ သေနတ်သံက အနီးကပ်မှန်လိုက်သဖြင့် တိုပြီးပြတ်သော်လည်း လွှိက်ခေါင်းသံကြောင့် ပဲ့တင်ထပ်သွားတော့သည်။

ဝက်ပုံကြီးမှာ အနီးကပ် (၂၂၀)ဂရမ် ကျည် အဖျော့ဖူး၏ ထိမှန်တွန်းကန်မှုကြောင့် ပက်လက်လန် မဟန်နိုင်တော့ဘဲ၊ နေရာတင် လဲကျသေဆုံးသွားပါတော့သည်။



ကျွန်တော်တို့ဝက်ပံသေနှင့် AE ဦးအောင်မြတ်၏ စခန်းကို ည(၄) နာရီမှပြန်ရောက်ကြသည်။ကျွန်တော်တို့ရောက်ပြီးမကြာခင်မှာပင်၊အောင်ကျော်ဇောနှင့် ကိုရီးယား(၂)ယောက်တို့ ဟွန်ဒိုင်းကားဖြူကလေးနှင့်ရောက်လာကြပြန်သည်။ အောင်ကျော်ဇောက ကားပေါ်မှာ ဝါတ်ဆီ (၅)ဂါလံပုံးကို ရွှေ့လာရင်း ဦးအောင်မြတ်အား...

"ကိုင်း AE ... ကားဆီလည်း ယူလာခဲ့ပါပြီဗျာ၊ ဒီညအတွက်တော့ လုံလောက်မှာပါနော်..."

"(Ok) အိုကေ... ကျေးဇူးပဲကွာ... မင်းလူတွေလည်းဝေါ်ပါဦး။ ဒီမှာကို ကမင်းတို့ ဝက်ပံရလာကြပြီကွ"

အောင်ကျော်ဇောလှမ်းပြောလိုက်သဖြင့် ကိုရီးယား (၂)ယောက်အပြေးရောက်လာကြသည်။ ဝံသေကိုတွေ့လိုက်သောအခါ ဝမ်းသာအားရဖြင့် ဝံလက်၊ ဝံခြေထောက်တွေကို ကိုင်ကြည့်ပြီး သူတို့အချင်းချင်း၊ ကွိကွိကွက်တွေပြော၊ သဘောကျသည့်မျက်နှာနှင့် အောင်ကျော်ဇောမှ တစ်ဆင့် ရောင်းပေးပါရန် ပြောလာသည်။

ကျွန်တော်က "မရောင်းပါဘူး" ဟု ခေါင်းယမ်းပြောလိုက်ရာ ကိုရီးယား (၂)ယောက်မှာ မျက်နှာမျက်သွားပြီး အောင်ကျော်ဇောနှင့် ကွိကွိကွက်တွေ ပြောနေကြပြန်သည်။ ကျွန်တော်က သူတို့ အခြေအနေ ပြောဆိုနေပုံကို အရိပ်အကဲကြည့်နေပြီး ပြုံးစိစိလုပ်နေမိသည်။

သူတို့အချင်းချင်း ပြောဆိုပြီးသည်နှင့် အောင်ကျော်ဇောက သူတို့. တကယ်ရချင်ကြောင်း... ဖြစ်နိုင်ပါက ရောင်းပေးဖို့အကြောင်းကျွန်တော့်ကို မေတ္တာရပ်ခံ တောင်းပန်ပြောနေပြန်သည်။

ဒီတော့မှ ကျွန်တော်ကပိုက်ဆံ (၎င်း)နဲ့တော့ မရောင်းနိုင်ကြောင်း။ ကျွန်းမာရေးအတွက် ဆေးအဖြစ်တကယ်သုံးမှာဆိုက ငွေကြေးမပါ၊ သက်သက် မေတ္တာနဲ့ တစ်ပြားမှမယူ အလကားလက်ဆောင်အဖြစ်ပေးမည်ဖြစ်ကြောင်း ပြောပြလိုက်သည်။

ကျွန်တော့်စကားကို အောင်ကျော်ဇောကပင် မယုံတစ်ဝက်၊ ယုံတစ်ဝက်၊ ယုံရစက်စက် မျက်နှာနှင့် ကျွန်တော့်ကို အကဲခတ်နေရာသည်။

"ဘာလဲ...ကိုယ်ပြောတာ၊မယုံဘူးလားအတည်ပြောနေတာပါအောင်ကျော်ဇော၊ ကိုယ်တို့က စီးပွားရေးမုဆိုးတွေ မဟုတ်ပါဘူး။ ဝါသနာမုဆိုးတွေပါ...။

သူတို့ကဆေးအတွက်ဆိုတော့၊ကိုယ်ကမေတ္တာစေတနာသက်သက်နဲ့ပေးမှာပါ၊ အကောင်လိုက်သာယူသွားပါ...အေးတစ်ခုတော့ရှိတယ်၊ရွာခံမုဆိုးနဲ့ AE တပည့်တို့တော့ ကြည့်ပေးလိုက်ကြပေါ့ကွာ.."

ကျွန်တော့်စကားကို အောင်ကျော်ဇောက ပြန်ပြောလိုက်ရာ ကိုရီးယား(၂)ယောက်မှာ ကျွန်တော့်ကို ဖွတ်အောင်းလက်ဆွဲပြီး (Thank You) (Thank You Very Much) "ကျေးဇူး အဒူးထင်ဘာဒယ်"... "ကျေးဇူး အဒူးထင်ဘာဒယ်"ဟု အင်္ဂလိပ်လိုရော မြန်မာလိုပါ မပြီကလာ ပြီကလာနှင့် အားရဝမ်းနည်းစွာ ဆိုလာကြသည်။

ကင်းတားဆည် (ညောင်ကြပ်) တောပစ်သွားခဲ့သော အဖြစ်အပျက်ကလေးကတော့ ဒီမျှသာ... ဒီအကျိုးအကြောင်းပေါ်မှာ ဖြစ်လာသော ရလဒ်

အသိတရားများက ကျွန်တော့် အာရုံစိတ်အစဉ်တွင် ပီပီပြင်ပြင် မြင်လာကြသည်။

တကယ်တော့ တစ်ချိန်က သူတို့အပေါ် မေတ္တာရှေ့ထား၊ လိုချင်တာဖြည့်ဆည်းပေးခဲ့တဲ့ ကိုယ့်စေတနာအတွက် ... ယခုတစ်ဖန်ရောင်ပြန်ဟပ်သည့်သဘော၊ ကိုယ်ဆေးရုံတက်ရာ မန္တလေးကို တကူးတက ကင်းတားဆည်(ညောင်ကြပ်) ကလာပြီး တုန့်ပြန်သောငှာ.... မုန့်ပုံး၊ ဆေးပုလင်းများနဲ့ သတင်းလာမေးကြခြင်းသာ ဖြစ်သည်။

ဒီအဖြစ်ကိုဆန်းစစ်လိုက်ပါက မေတ္တာနဲ့စေတနာဆိုတာ အပြန်အလှန်၊ ရောင်ပြန်ဟပ်၊ အမြဲဒွန်တွဲနေကြပါလား ... ကိုယ်ထားခဲ့တဲ့ မေတ္တာတန်ခိုးဟာ အလကားမဖြစ် တစ်ချိန်ချိန်တစ်ခါခါမှာ ပြန်လည်တုန့်ပြန် စေတနာအကျိုးပေးလာတတ်ကြောင်း လက်တွေ့ ကောင်းကောင်း သဘောပေါက်လိုက်ပြီး ပီတိတွေ ဖြစ်သွားမိပါတော့သတည်း။

ဇ ဇန္တဏထား

စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့
မည်မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း


ဆောဇာ
မင်းဝသုန်

တိတိကျကျပြောရလျှင် ယခုရှာနေသည့်မိုးကုန်၍ ဆောင်းဦးပေါက် ဖြစ်သည့် သီတင်းကျွတ်လဆန်း(၇)ရက်နေ့သို့ ရောက်လျှင် အသက်၅၂ နှစ်တင်းတင်းပြည့်မည် ဖြစ်သည်၊ လူဘဝသက်တမ်းတစ်လျှောက်၌ အသက်၈၀ကျော်နေထိုင်ခဲ့ရသည့် ကျွန်ုပ်၏ခန္ဓာဝန်အတ္တဘောကြီးမှာ ယိုင်နဲ့နေခဲ့လေပြီ၊

ကျွန်ုပ်သည် ငယ်စဉ်ကတည်းက လွန်စွာကျန်းမာရေး ကောင်းသူတစ်ယောက်ဖြစ်၏၊ အထူးသဖြင့် ကျွန်ုပ်ကိုယ်တိုင်ကမူကျန်းမာရေးကိုလေ့လာလိုက်စား၏၊ ခန္ဓာကိုယ်ကျန်းမာတောင့်တင်းစေရန် နေ့စဉ်အားကစားနှင့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးကိုလုပ်ကိုင်၏၊ အစားအသောက်စားသောက်ရာ၌လည်းကျန်းမာရေးနှင့်အညီဟင်းသီးဟင်းရွက်အသားငါးများကိုမျှတစွာ စားသောက်၏၊ ထိုမျှ ကျန်းမာရေးကို အထူးဂရုစိုက်ခဲ့သော်လည်း ခန္ဓာ၏သဘောသည် အနိစ္စတရားကို မကျော်လွှားနိုင်ရကား ယခုအချိန်၌ဇေဋ္ဌန်ခေါ်ကျွန်ုပ်ကံတလူမှာဟိုရောဂါ၊ သည်နာရောဂါဖြင့်အိပ်ရာထက် ပက်လက်လဲနေသည်မှာ ခန္ဓာကိုယ်၏ဖြစ်တတ်ပျက်တတ်သောသဘောတရားဖြစ်ကြောင်း မိတ်ဆွေအပေါင်းအသင်းများအား အသိပေးလိုခြင်းဖြစ်၏၊



လူသည် မသန်စွမ်းတော့သည့်အချိန်၌ မချင့်မရဲဖြစ်တတ်ကြ၏၊ မစွမ်းသောအချိန်၌ကား အရာရာကို အပြစ်တင်လာတတ်၏၊ ယခု ကျွန်ုပ်၏ ရုပ်ခန္ဓာမှာ သန်မာခြင်းမရှိတော့သည့်အပြင် စိတ်ခန္ဓာမှာလည်း မစွမ်းသောအခြေအနေဖြစ်လေရာ အိပ်ရာထက်လဲလျောင်းရှိန်၌ပင် မိမိကိုယ်မိမိ မချင့်မရဲဖြစ်ကာ အရာရာကို အပြစ်မြင်မိတော့သည်၊ ၎င်းစိတ်ဝင်စိတ်လျှင်



သေခြင်းတရား၏ ဘွဲ့ခေါ်ရာ နောက်ဆုံး အချိန်ထိ ကွယ်လွန်သူ၏ အမွေခွဲဝေ ရှင်းတမ်းပြုပုံကို စိတ်ဝင်စားဖွယ်...

ကျွန်ုပ်အမည်ဇေဋ္ဌန်ဖြစ်၏၊ လွန်စွာ ရင်းနှီးသော အပေါင်းအသင်းမိတ်ဆွေများကကျွန်ုပ်အမည်ကိုဇေဋ္ဌန်ဟုခေါ်ခေါ်ခြင်းမရှိကြဘဲကံတလူဟုသာခေါ်ခေါ်ကြရာကျွန်ုပ်အမည်ဇေဋ္ဌန်ဖြစ်ကြောင်း ဦးစွာမိတ်ဆက်ခြင်း ဖြစ်၏၊ ထို့အတူ ကျွန်ုပ်ဘဝတစ်လျှောက်လုံး၌ကံတလူဟူသောအမည်ခြွင်းသာအသက်ရှင်နေထိုင်ခဲ့ရပြီး ဇေဋ္ဌန်ဟူသောအမည်မှာ စုန်းစုန်းမြုပ်ကွယ်ခဲ့ရလေသည်၊ သို့သော် ယခုကဲ့သို့ အရှိန်၌ကျွန်ုပ်အမည်ကိုဇေဋ္ဌန်ဟုသာခေါ်ဆိုကြရန်မိတ်ဆွေအပေါင်းအသင်းများကိုအသိပေးလို၏၊

ကံတလူ ဟူသောအမည်နှင့် နှစ်ပေါင်းများစွာအသက်ရှင်လာခဲ့သော ကျွန်ုပ်သည် ယခုအရှိန်၌ မီးစာကုန် ဆီခန်းခြောက်ရတော့မည့်အခြေအနေဖြစ်၏၊ ကျွန်ုပ်အသက် ၅၂ပြည့်တော့မည်

ကျွန်ုပ်ငယ်စဉ်က ဖြတ်သန်းခဲ့ရသည်များကို သတိတရဖြစ်မိလေ၏။ထိုသို့ သတိတရဖြစ်မိသောအခါ၌ကား ကျွန်ုပ်၏ရင်၌ လှိုက်ခနဲ ဝမ်းနည်းမိကာ မျက်ရည်များပိုးပိုးပေါက်ပေါက်ကျမိလေ၏။ အတိတ်အကြောင်းများကိုပို၍ သတိတရဖြစ်မိရကား ပြန်ပြောင်းအောက်မေ့ ပြောဆိုရန် သူနာပြုဆရာမ တစ်ဦးကို ကျွန်ုပ်သားသမီးများက ငှားရမ်းပေးထားလေသည်။

သူနာပြုဆရာမကလေး၏ အမည်မှာ မမြရွှေဖြစ်၏။ ၎င်းဆရာမကလေးကို ကျွန်ုပ်၏သား မောင်ဖေခင်က ကျွန်ုပ်နေမကောင်းစအချိန်မှာပင် စတင်ငှားရမ်းထားပေးခြင်း ဖြစ်သည်။ ဆရာမကလေး၏ ရုပ်ရည်မှာလွန်စွာကြည့်ကောင်း၍ အသားအရေမှာလည်း ဖြူဝင်းနေလေရာ အရပ်အဝေါ် ကတော် ရုပ်ပေါက်သူတစ်ဦး ဖြစ်၏။ ဆရာမကလေးမှာ ကျွန်ုပ်၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကိုမရွံမရှာပြုစုသည်ဖြစ်ရကားအခကြေးငွေဖြင့်ငှားရမ်းထားသူ တစ်ဦးကဲ့သို့ မဟုတ်တော့ဘဲ ကျွန်ုပ်၏ သမီးအရင်းသဖွယ် ဖြစ်နေလေတော့သည်။

မမြရွှေသည် နံနက်ဓနာရီထိုးသည်နှင့် ကျွန်ုပ်နေထိုင်ရာ ကြားတောရလမ်းသို့အချိန်အတိအကျရောက်လာ၏။ ပြီးသော် တစ်ညလုံးကျွန်ုပ်၏ ဝတ်ကြီးဝတ်ငယ်များကို ဦးစွာလုပ်ကိုင်ပေးလေ၏။ ဝတ်ကြီးဝတ်ငယ်များပြီးသောအခါ၌ ကျွန်ုပ်၏နံနက်ခင်းစာစားသောက်ရန်အတွက် ကော်ဖီနှင့် မုန့်တစ်မျိုးကို ပြင်ဆင်ကျွေးမွေးလေသည်။ ၎င်းနောက်၌ကား ကျွန်ုပ်၏ တစ်ကိုယ်ရေကျန်းမာရေး၊ အစားအသောက်နှင့် ဆေးဝါးများကိုအလုပ်လုပ်ကျတိုက်ကျွေးလေ၏။ တစ်နေကုန်တစ်နေခန်း ဝတ်ကြီးဝတ်ငယ်ပြီးသောအခါ ည ဓနာရီတွင် သူမနေထိုင်သည့် ရွှေတိဂုံဘုရားလမ်းရှိ ရွှေရင်အေးသီလရှင်ကျောင်းသို့ပြန်လေသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း သူနာပြုဆရာမကလေး မမြရွှေသည် ကျွန်ုပ်၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို အမိအဖအရင်းကဲ့သို့ ပြုစု

စောင့်ရှောက်လာခဲ့သည်မှာ နှစ်နှစ်ခန့်ကြာမြင့်လေပြီဖြစ်သည်။ ရက်ပေါင်း ၇၀၀ ကျော်အတွင်း မမြရွှေ ကျွန်ုပ်ကိုပြုစုစောင့်ရှောက်ရာ၌ ဝတ္တရားလစ်ဟင်းခဲ့သည်ဟူ၍ မရှိခဲ့ချေ။ ကျွန်ုပ်အား ပြုစုစောင့်ရှောက်ရသဖြင့် ညည်းညူခြင်းလည်း မရှိခဲ့ချေ။

ကျွန်ုပ်၏ ရောဂါဝေဒနာအခြေအနေမှာ လူကြီးနာရောဂါဟုဆိုသော်လည်း ဝင့်နာကံနာဟုပြောလျှင် ပို၍ မှန်ကန်မည်ဖြစ်သည်။ ကျွန်ုပ်၏ ကျန်းမာရေးကို လာရောက်ကုသပေးနေသည့် အိန္ဒိယလူမျိုးဆရာဝန် ရာဂျစ်နားသည် ကျွန်ုပ်အား လေဖြတ်ရောဂါဟုပြောသော်လည်း မဖြစ်နိုင်မှန်း ကျွန်ုပ်သိလေသည်။ အကယ်၍ ဆရာဝန်ရာဂျစ်နားပြောသကဲ့သို့ လေဖြတ်ရောဂါဟုဆိုပါက ပျောက်ကင်းသည်အထိ ကုသနိုင်ပေရာ ယခုနှစ်နှစ်ကျော်ကာလအတွင်း ရောဂါအခြေအနေမှာ အကောင်းဘက်သို့ ဦးမလှည့်နိုင်ဖြစ်နေချေ၏။

အိပ်ရာထက်၌ မသွားနိုင်မလာနိုင် အခြေအနေမျိုးမဖြစ်မီက မိတ်ဆွေတချို့ လေဖြတ်ရောဂါဖြင့် အိပ်ရာထက်လဲနေသည်ကို ကျွန်ုပ် သွားရောက်ကြည့်ရှုခဲ့ဖူး၏။ ထိုသူတို့သည် ရောဂါဖြစ်ပြီး တစ်လမျှကြာသောအခါ အနောက်တိုင်း ဆေးကြောင့်လည်းဖောင်း၊ တိုင်းရင်းလိမ်းဆေးများကြောင့်လည်းကောင်းထူထူထောင်ထောင်ဖြစ်လာကြ၏။ လေးငါးလခန့်ကြာသောအခါ အိမ်ပြင်ခြံဝန်း၊ လမ်းမများ၌ အကူတစ်ဦးဦးဖြင့် အညောင်းပြေလေ့ကျင့်ခန်းများ လုပ်ဆောင်နိုင်ပြီ ဖြစ်သည်။ ကျွန်ုပ်မှာမူကား ထိုသို့သောမိတ်ဆွေ လေဖြတ်ရောဂါသည်များကဲ့သို့ အခွင့်အရေး မရရှိနိုင်သေးသဖြင့် ဆရာဝန်ရာဂျစ်နားပြောသည့်လေဖြတ်ရောဂါဟူသောရောဂါသည်မဟုတ်မှန်း သိရှိရိုပ်စားမိလာသည်။

ရံဖန်ရံခန်း၌ ရောဂါအခြေအနေကို ကျွန်ုပ်စူးစမ်းဆင်ခြင်မိပေ၏။ ထိုသို့ ဆင်ခြင်တွေးတောမိရာ၌ ကျွန်ုပ်၏ ဦးခေါင်းသည် ဆင်နင်းထားသကဲ့

ကို ကျွန်ုပ်မသိလှသော်လည်း ထိုဆေးထိုးသွင်းပြီး ဆယ်မိနစ်ခန့်ကြာသော အခါ ကျွန်ုပ်၏မျက်လုံးမှာ လေးလံမှုန်ဝါးလာပြီး မကြာမီ အိပ်ပျော်ခြင်းသို့ ရောက်ရှိလေတော့သည်။ ကျွန်ုပ်အိပ်ရာ ပြန်နိုးလာသောအခါ၌မည်သည့် ခံစားမှုမျိုးမျှ မခံစားရတော့ဘဲ ခန္ဓာကိုယ်မှာ လန်းဆန်းကြည်လင်သွားလေ တော့သည်။

တစ်ခါက ကျွန်ုပ်သည် ရောဂါအခြေအနေကို ပိုးစိမ်းဆင်ခြင်မိလေရာ ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်မောဟိုက်လာပြီး ချွေးစေးများပြန်လျက်ရှိ နေသဖြင့် သူနာပြုဆရာမကလေး မမြရွှေက ဆရာဝန်ရာဂျစ်နားအား အပြေး သွားရောက်ခေါ်ဆောင်လေသည်။ အချိန်မှာ မမြရွှေ ရွှေတိဂုံဘုရား လမ်းရှိရွှေရင်အေးသီလရှင်စာသင်ကျောင်းဝသို့ပြန်ရန်အချိန်ဖြစ်နေသော် လည်း ကျွန်ုပ်၏ ရောဂါအခြေအနေကြောင့် သိမ်းဆည်းလက်စ လက်ဆွဲ ခြင်းကိုချကာ ဆရာဝန်ရာဂျစ်နားအား သွားရောက်ခေါ်ဆောင်ခြင်း ဖြစ်နေ လေသည်။

ကျွန်ုပ်မှာ ရောဂါနှင့်ယဉ်ပါးနေသူဖြစ်သည့်အလျောက် သူနာပြုဆရာ မကလေး၏ လှုပ်ရှားပြုမူပုံကို မြင်တွေ့ရသဖြင့် ဆရာဝန်အားသွားရောက် ခေါ်ဆောင်ခြင်းမပြုဘဲ ရွှေရင်အေးသီလရှင်တိုက်သို့သာပြန်ရန်တားမြစ်ရာ သူနာပြုဆရာမကလေးမှာ ကျွန်ုပ်၏ပြုမူပုံကို သိရှိခြင်းမရှိရုံမျှမက ကျွန်ုပ် ဘာကိုဆိုလိုသည်ကိုပင် မသိနိုင်ဖြစ်ရလေသည်။

သူနာပြုဆရာမကလေး မမြရွှေသွားရောက်သည့် ဆရာဝန်ရာဂျစ်နား အိမ်နှင့် ကျွန်ုပ်၏အိမ်မှာ လမ်းတစ်လမ်းမျှသာခြားသဖြင့် အသွားအပြန် ဆယ့်ငါးမိနစ်မျှသာ ကြာလေ၏။ ယခင်နေများက သူနာပြုဆရာမကလေး ဆရာဝန်ရာဂျစ်နားအား သွားရောက်ခေါ်ဆောင်လျှင် မိနစ်ဆယ်မျှသာ

သို့ တိုက်ခဲနေပြီး မူးဝေနောက်ကျိလျက် ရှိနေတော့သည်။ လှုပ်ရှား၍ မရ နိုင်သေးသည့် ခြေလက်တို့ကိုလည်း စမ်းသပ်လှုပ်ရှားကြည့်၍ ရင်တမုန်း ဒုန်းခုန်၍ နဖူး၌ ချွေးစများထွက်လာရုံမျှအပ မည်သို့မျှ မတတ်နိုင်အောင် ရှိနေ၏။ ထိုသို့ ကြိုးစားဖန်များသောအခါ ကျွန်ုပ်အား ကြီးအထပ်ထပ်တုပ်၍ စည်းနှောင်ထားသကဲ့သို့ ခံစားရလေ၏။ ယင်းအချိန်တွင် ရင်ဘတ်၌



မမြရွှေ အတိုးကျရောက်နေသော နေရာသည် ကျွန်ုပ်နေထိုင်သည့် လမ်းထိပ်အင်္ဂလိပ်ကင်းတဲအဟောင်းနေရာပင် ဖြစ်နိုင်သည်။ ၎င်းကင်းတဲနေရာ၌ ဂျပန်စစ်သားများ ရောက်နေလိမ့်မည်။ ညအမှောင်ဖြစ်သဖြင့် ဂျပန်စစ်သားများ မမြရွှေကို...

လည်း သံပူချောင်းနှင့် ထိုးနေသကဲ့သို့ ပူလောင်နေ၏။ တစ်ကိုယ်လုံးတုန် ယင်လိုက်မောလာပြီးလျှင် မျက်စိများပြာဝေလာကာ ရေတံသကဲ့သို့ အာခေါင်များ ပူလောင်လာလေ၏။ ထိုသို့သောနေ့များတွင် သူနာပြုဆရာမ ကလေး မမြရွှေက ဆရာဝန်ရာဂျစ်နားအား အလျင်မြန်ပြေးခေါ်ကာ ကျွန်ုပ် ၏ လက်ရှိအကြောထဲသို့ အဝါရောင်ဆေးရည်များကို ဆေးထိုးအပ်နှင့် ထိုး သွင်းပြန်လေ၏။ ဆရာဝန်ရာဂျစ်နား ထိုးသွင်းပေးသည့် ဆေးအများအပြား

ကြာတတ်သော်လည်း ယနေ့တွင် သူနာပြုဆရာမကလေး ထွက်သွားသည်မှာ အတော်ကြာသည်ဟု ကျွန်ုပ်စိတ်ထဲမှ မှတ်ထင်လိုက်လေသည်။

ကျွန်ုပ်မှာ ရောဂါဝေဒနာကြားမှ ဆရာမလေးမမြရွှေအား စိုးရိမ်စိတ်ဝင်မိလေသည်။ ခေတ်ကာလအခြေအနေသည် အင်္ဂလိပ်တို့ မြန်မာပြည်မှ စစ်ရှုံးထွက်ခွာရသော အချိန်ဖြစ်ပြီး ဂျပန်များမြန်မာပြည်ထဲသို့ ဝင်ရောက်လာသည့်အချိန်ဖြစ်လေရာ လူနာကြည့် မိတ်ဆွေအပေါင်းအသင်းများက ဂျပန်သည် အင်္ဂလိပ်ထက် ရိုင်းစိုင်းယုတ်မာသည်ဟု ပြောသံကြားဖူးသဖြင့် အခြေအနေနှင့် အချိန်အခါကိုထောက်၍ ဆရာမကလေး မမြရွှေအတွက် ပိုမိုစိုးရိမ်စိတ်ဝင်မိပြန်သည်။

ဆရာဝန် ရာဂျစ်နားအိမ်နှင့် ကျွန်ုပ်အိမ်မှာ တစ်လမ်းကျော်မျှခြားသော်လည်း ကျွန်ုပ်တို့လမ်းထိပ်၌ အင်္ဂလိပ်စစ်သားများ၏ ကင်းတဲတစ်လုံးမျှ ရှိရာ ထိုကင်းတဲတွင် စစ်နိုင်ဂျပန်များက အင်္ဂလိပ်စစ်သားများနေရာ၌ အစားထိုးဝင်ရောက်နေမည်ဆိုပါက သူနာပြုဆရာမကလေး မမြရွှေအတွက် ကျွန်ုပ်မတွေးဝံ့အောင်ပင် ဖြစ်ရချေတော့သည်။

အချိန်အနည်းငယ်ကြာမြင့်သည်နှင့်ကျွန်ုပ်၏စိတ်များမှာပို၍ကယောက်ကယက်နိုင်နေလေတော့သည်။ လမ်းခရီး၌ မမြရွှေ မသေကောင်းမပျောက်ကောင်း အကြောင်းတစ်ခုကြောင့် အသက်အန္တရာယ်ကြုံပါက ကျွန်ုပ်၏ ဘဝလည်း သေဆုံးသွားပေမည်။ သူနာပြုဆရာမကလေး မမြရွှေကဲ့သို့သော ပြုစုစောင့်ရှောက်တတ်သည့် လူစားမျိုး ထပ်မံမရနိုင်တော့ဟုလည်း ကျွန်ုပ်တစ်ထစ်ချ ယုံကြည်ထားမိလေ၏။

ကျွန်ုပ်ကုတင်ခေါင်းရင်းတွင် တပ်ထားသည့် စက်နာရီမှ လက်တံသွားသည့်အသံတချပ်ချပ်ကို ရောယောင်ပြီး ရေတွက်မိလေသည်။ တစ်မိနစ်တွင် စက္ကန့်ခြောက်ဆယ်ရှိလေရာ ဂဏန်းအရေအတွက်ခြောက်ဆယ်ပြည့်တိုင်း တစ်မိနစ်ဟု စိတ်ထဲတေးမှတ်ထားမိပြန်သည်။ ကျွန်ုပ်စတင်ရေတွက်

ချိန်က သူနာပြုဆရာမကလေး မမြရွှေထွက်သွာသည်မှာ ဆယ့်ငါးမိနစ်ခန့်ရှိလေရာ ကျွန်ုပ်လိုက်လံမှတ်သားထားသည့် မိနစ်အရေအတွက် သုံးဆယ့်ငါးမိနစ်နှင့်ပေါင်းသော် မိနစ်လေးဆယ်ခန့် ကြာမြင့်နေလေပြီ။ သူနာပြုဆရာမကလေးမမြရွှေတစ်ယောက်လမ်းခရီး၌တစ်စုံတစ်ရာအန္တရာယ်ဖြစ်နေပြီဟု တွေးထင်မိလေသည်။

ဖြူသလား၊ မည်းသလား၊ ယောကျ်ားလား၊ မိန်းမလား၊ ဂျပန်ငပုကောင်တွေပဲဖြစ်မလားဟူသော အတွေးပေါင်းစုံတို့ ဝင်ရောက်လာတော့သည်။ အမှန်မှာ မမြရွှေဂျူတီချိန်ကုန်ဆုံးနေပြီဖြစ်သည်။ အိမ်ပြန်သင့်သည့် အချိန်ဖြစ်သည်။ ကျွန်ုပ်အတွက်ကြောင့် မမြရွှေတစ်စုံတစ်ခုဖြစ်ပါက ကျွန်ုပ်အပေါ် အခဲကျေမည်မဟုတ်။ ကျွန်ုပ်ကြောင့်သာလျှင် ဤကဲ့သို့အဖြစ်ဆိုးကြုံတွေ့ရခြင်းဖြစ်ရာ မမြရွှေသည် ယခုဘဝ၌သာမက နောင်ဘဝများ၌လည်း ခွင့်လွှတ်ကျေအေးမည်မဟုတ်။ သို့ဆိုလျှင် မမြရွှေသည် သုံးဆယ့်တစ်ဘုံ ဘယ်ဘုံဘဝရောက်ရောက် ကျွန်ုပ်အား နည်းလမ်းအမျိုးမျိုးဖြင့် လက်စားချေတုန့်ပြန်လေတော့မည်။

ကျွန်ုပ်ခြေထောက်များကို စမ်းသပ်လှုပ်ရှားကြည့်သည်။ ညာခြေတစ်ဖက်သည် ကျွန်ုပ်စေခိုင်းသည့်အတိုင်း လိုက်ပါဆောင်ရွက်နေပြီဟု သတိပြုမိလိုက်လေသည်။ ခြေထောက်တစ်လျှောက် ထုံကျဉ်ကိုက်ခဲနေလေရာ ဒူးခေါင်းနေရာ၌ ပူခနဲနေသည်ဟု ခံစားလိုက်မိသည်။ ပေါင်ရင်းနေရာသည် အာလူးမီးဖုတ်တင်ထားသကဲ့သို့ ပူလောင်နေလေ၏။ ကျွန်ုပ်မျက်လုံးကို ညာခြေသို့ စူးစိုက်ကြည့်မိရာ ထင်ထားသည့်အတိုင်း ညာခြေဒူးခေါင်းသည် ထောင်မတ်လာလေသည်။

စိတ်ထဲမှလည်း အောင်ပြီဟု အားကုန်ကြုံးဝါးမိလေသည်။ ညာခြေတစ်ဖက် ယခုကဲ့သို့ လှုပ်ရှားနိုင်ခြင်းသည် နှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ရကား ခံစားနေရသည့် ရောဂါဝေဒနာများ အရှင်းပျောက်

မဟုတ်မှန်းသိသော်လည်း မိနစ်နှစ်ဆယ်အတွင်း ညာခြေတစ်ဖက်လှုပ်ရှားနိုင်ခြင်းကြောင့် စိုးရိမ်စိတ်များ လွှင့်ပျောက်သွားတော့သည်။

ကျွန်ုပ် ညာခြေထောက်ကို အဖြောင့်အတိုင်း ဆင်းလိုက်သည်။ ၎င်းနောက် ဒူးကို သုံးလေးကြိမ်မျှ ပြန်ထောင်ကြည့်ရာ အခက်အခဲမရှိ လွယ်ကူစွာလုပ်ဆောင်နိုင်သဖြင့် ညာခြေတစ်ဖက်အတွက် စိတ်အေးရပေပြီ။ ညာခြေကို နဂိုမူလအတိုင်း ဆင်းထားလိုက်ပြီး ဘယ်ခြေထောက်ကိုသာ အာရုံစိုက်ထားလိုက်သည်။

စိတ်ကိုတည်ငြိမ်အောင် ထိန်းလိုက်ပြီး ဘယ်ခြေထောက်လှုပ်ရှားနိုင်ရေးကို အဓိကထား ကြိုးစားရတော့မည်။ အရေးကြီးသည်မှာ စိတ်တည်ငြိမ်စေရန် ဖြစ်သည်။ အသက်ကိုဝအောင်ရှူသွင်းလိုက်ပြီး ခြေချောင်းများကို စမ်းသပ်လှုပ်ရှားကြည့်ရာ ကျွန်ုပ်ခြေထောက်တစ်ခုလုံး မီးရဲရဲပူနေသည့် မီးဖိုထဲ ထိုးချလိုက်သကဲ့သို့ရှိနေရာ နှုတ်မှ "အောင်မလေး" ဟု ကယောင်ကတမ်း ဝူးဝူးဝါးဝါး ရေရွတ်မိ၏။ ညာခြေထောက် ခြေချောင်းကလေးများကို လှုပ်ရှားစမ်းသပ်ကြည့်စဉ်က ထိုကဲ့သို့သော ခံစားမှုမျိုး မရှိသဖြင့် စိုးရိမ်စိတ် ဝင်မိပြန်သည်။

တစ်ကြိမ်တည်းနှင့်မရလျှင် နောက်ထပ်တစ်ကြိမ် ကြိုးစားကြည့်ရပေမည်။ လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင်ထိန်းလိုက်ပြီး ခြေချောင်းကလေးများ လှုပ်ရှားနိုင်ရေးကိုသာ အာရုံစိုက်ထားရတော့မည်။ နောက်တစ်ကြိမ် ခြေချောင်းကလေးများ လှုပ်ရှားကြည့်သည်။ ခြေထောက်တစ်ချောင်းလုံး မီးပူထဲထိုးနှစ်သကဲ့သို့ ခံစားရရုံမျှမက ဘယ်ဘက်လက်ဖြင့် ပါးတစ်ပြင်လုံးပူလောင်သွားလေတော့သည်။ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် အထပ်ထပ် အခါခါ ကြိုးစားကြည့်ရာ ကျွန်ုပ်ခန္ဓာကိုယ်တစ်ခုလုံး မီးပူထဲထိုးနှစ်လိုက်သကဲ့သို့ ခံစားရသည်မှအပ မည်သည့်ကြိုးစားမှုမှ အရာမထင်ရှိလေပြန်၏။

ကင်းသွားသည်ဟုထင်မြင်မိလေတော့သည်။ အဲဒါကိုတင်းတင်းကြိတ်လျက် ကျွန်ုပ်နောက်ထပ်လုပ်ဆောင်ရမည့် ကိစ္စကို အကောင်အထည်ဖော်ရန် စိတ်စောမိလေသည်။



စောစောက ကျွန်ုပ်ရေတွက်ထားသည်မှာ မိနစ်လေးဆယ်ဖြစ်၍ ညာခြေထောက်တစ်ချောင်းလှုပ်ရှားနိုင်ရန် ကြိုးစားချိန်မှာ နောက်ထပ်မိနစ်နှစ်ဆယ်မျှ ကြာလေရာ မမြွေ့ထွက်သွားသည်မှာ တစ်နာရီသို့မဟုတ် ရှိရမည်သည်။ ကျွန်ုပ်ခေါင်းရင်းမှ စက်နာရီသံကိုလည်း သတိမထားနိုင်တော့ပေ။ မမြွေ့၏အကူအညီတောင်းသံကိုသာ ကြားနေရသည်။ အသံမှာ ထိတ်လန့်ကြောက်ရွံ့ရုံမျှမက တစ်စုံတစ်ရာကို ကျိန်တွယ်နေပုံလည်း ရလေသည်။

ကျွန်ုပ်၏ သက်ပြင်းချမိလေသည်။ အကယ်၍ ကျွန်ုပ်ခြေထောက်နှစ်ဖက်လုံး လှုပ်ရှားနိုင်ပါက မမြွေ့ထွက်သွားသည့်ဘက်သို့ နောက်က လိုက်သွားရမှာမည်။ မမြွေ့ အတိဒုက္ခရောက်နေသော နေရာသည် ကျွန်ုပ်နေထိုင်သည့်လမ်းထိပ် အင်္ဂလိပ်ကင်းတဲအဟောင်းနေရာပင် ဖြစ်နိုင်သည်။ ၎င်းကင်းတဲနေရာ၌ ဂျပန်စစ်သားများရောက်နေလိမ့်မည်။ ညအဖျော်ဖြစ်သဖြင့် ဂျပန်စစ်သားများ မမြွေ့ကို...။

အတွေးကို ရပ်ပစ်လိုက်သည်။ ၎င်းအတွေးကြောင့်ပင် ကျွန်ုပ်မမြွေ့ကို သွားရောက်ကယ်ဆယ်မည့် အစီအစဉ်မှာ နှောင့်နှေးသွားနိုင်ပေသည်။ ကျွန်ုပ်ခြေထောက်များလည် လျင်မြန်စွာလျှောက်နိုင်ရန်သာ အရေးကြီးနေလေပြီ။ နှစ်နှစ်ခန့် အိပ်ရာထက်လဲလျောင်းနေရသဖြင့် လွယ်ကူမည်

ညာခြေချောင်းကလေးများ လှုပ်ရှားနိုင်ရေးအတွက် ကျွန်ုပ်ကြိုးစားမှုမှာ အလှမ်းဝေး ဖြစ်နေပေပြီ၊ ကျွန်ုပ်ကြိုးစားမှု အောင်မြင်ဟန်မပြသော အခါ ကာလကတ္တား ရောက်နေသည့်သားကို သတိတရဖြစ်မိလေ၏၊ အကယ်၍ ကျွန်ုပ်အနီးအပါး၌ ကျွန်ုပ်၏သား မောင်ဖေခင်ရှိနေပါလျှင် မမြင်ရွေနောက်သို့ လိုက်ပါနိုင်ငေပြီ၊ ထို့အတူ မမြင်ရွေသည်လည်း အိန္ဒိယလူမျိုး ဆရာဝန် ရာဂျီးနားအား သွားရောက်ခေါ်ဆောင်ရမည်မဟုတ်၊ ရွှေတိဂုံဘုရားလမ်းရှိ ရွှေရင်အေးသီလရှင်ကျောင်းသို့ ပြန်လည်ရောက်ရှိပြီး အနားယူနေလောက်ပေမည်၊

ကျွန်ုပ်၏ တစ်ဦးတည်းသောသား မောင်ဖေခင်မှာ ငယ်စဉ်ကတည်းက လိမ္မာရေးခြားရှိလှပြီး ငယ်စဉ်ကပင် ပညာထူးချွန်သူတစ်ဦး ဖြစ်ရကား အစိုးရအထက်တန်းကျောင်း အောင်မြင်သောအခါ အစိုးရဆေးကျောင်း သို့တက်ခွင့်ရလေသည်၊ ၎င်းဆေးကျောင်း၌မြန်မာလူမျိုးထဲမှမောင်ဖေခင် တစ်ဦးတည်းသာ တက်ခွင့်ရလေရာ ၎င်းဆေးကျောင်းမှ L.M.P(Local Medical Practionars) ဘွဲ့ရရှိပြီးနောက် ရန်ကုန်ခရိုင်ဆရာဝန်ကြီး ကာနယ်ဒေဗီးက ကာလကတ္တားသို့ ခေတ်မီဆေးပညာ သွားရောက်သင်ယူစေရန် တိုက်တွန်းသဖြင့် ကာလကတ္တား၌ ဆေးပညာသွားရောက်သင်ယူပြန်၏၊ (၎င်းဆေးကျောင်းမှာ ရွှေတိဂုံဘုရားလမ်းနှင့် ဝိုလ်ချုပ်အောင်ဆန်းလမ်းထောင့် ယခုလဟာပြင်ဈေး နေရာ၌ရှိပြီး ၁၉၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်၊ ရန်ကုန်ဆေးကောလိပ် ပေါ်ပေါက်လာသောအခါ ၎င်းကျောင်းကိုဖျက်သိမ်းခဲ့၏၊) ကျွန်ုပ်မှာ သားဖြစ်သူ မောင်ဖေခင်ကို သတိရလွမ်းဆွတ်မိသော်လည်း ယခုအချိန်တွင် ကျွန်ုပ်တစ်ဦးတည်းသားဖြစ်သဖြင့် "မိမိကိုယ်သာ အားကိုးရာ"ဟူသော တရားတော်အတိုင်း မေ့ဖျောက်နိုင်ရန် ကြိုးစားရပေတော့မည်၊

စောစောက ကြိုးစားမအောင်မြင်ခဲ့သည့် ညာခြေထောက်ကို ကျွန်ုပ် စိတ်လည်သွား၏၊ ကြိုးစားရာ၌ တစ်ခုခုလိုအပ်နေခြင်းကြောင့်သာ ဖြစ်ရ

မည်ဟု ယုံကြည်မိ၏၊ စိတ်မတည်ငြိမ်ခြင်းကြောင့်လား၊ ဘယ်ခြေချောင်းကလေးများ ကြိုးစားလှုပ်ရှားခဲ့စဉ်က စိတ်တည်ငြိမ်နေခြင်းမဟုတ်၊ သို့သော် အလွယ်တကူ လှုပ်ရှားနိုင်ခဲ့သည်၊ တစ်၊ နှစ်၊ သုံးဟု စိတ်ထဲမှ အချက်ပြကာ ဘယ်ခြေချောင်းကို လှုပ်ရှားစေခိုင်းကြည့်မိ၏၊ ကျွန်ုပ်၏ အာရုံနှင့် ထပ်တူ ခန္ဓာကိုယ်တစ်ခုလုံးကို အားအင်များ ဘယ်ဘက်ခြေချောင်းကလေးများသို့ စုပုံခိုင်းစေကြည့်သောအခါ မည်သို့မျှ ထူးခြားမလာခဲ့၊ စောစောကလောက် အားစိုက်ထုတ်မှု မကောင်းတော့မှန်းလည်း ခံစားမိလေသည်၊ ခန္ဓာကိုယ်တစ်ခုလုံးရှိန်းခနဲဖြစ်သွားပြီး မီးစနှင့် ဝိုင်းထိုးသကဲ့သို့ သာ ခံစားရလေတော့သည်၊

ကျွန်ုပ်ခန္ဓာကိုယ်၌ လုံလောက်သောအားအင်မရှိတော့မှန်း သိလိုက်လေ၏၊ ကျွန်ုပ်အိပ်ရာထက်လဲနေသည့် နှစ်နှစ်တာကာလ၌ အားအင်ပြည့်ဝသော အစားအသောက်များ မစားမသောက်ခဲ့ရပေ၊ နေ့စဉ်ဆန်ပြုတ်နှင့် အသားဖတ်ကလေး တစ်ဖတ်စ နှစ်ဖတ်စသာ စားသောက်နေရသည်၊ ရံဖန်ရံခါတွင် ဆရာဝန်ရာဂျီးနားထိုးပေးခဲ့သည့် ဆေးအရှိန်ကြောင့် နှစ်ရက်သုံးရက်မျှ မည်သည့်အစားအသောက်မျှ မစားသောက်ရပေ၊ မမြရွှေကျွေးမွေးသော သစ်သီးများ၌လည်း အားအင်ပြည့်ပြီးစေမည့် သစ်သီးများပါဝင်မည်မဟုတ်ပေ၊

ယခုအချိန်၌ ကျွန်ုပ်ခန္ဓာကိုယ်တွင် အလိုအပ်ဆုံးအရာမှာ ခွန်အားသာလျှင် ဖြစ်သည်၊ ကျွန်ုပ်အသက်အရွယ်နှင့် ခွန်အားမရှိပါက ဘယ်ဘက်ခြေချောင်းကလေးများ လှုပ်ရှားနိုင်အောင် စွမ်းဆောင်နိုင်မည် မဟုတ်ပေ၊ ထို့ကြောင့်လျှင် ကျွန်ုပ်အပေါ်ဝတ်ကြီးဝတ်ငယ်ကျပွန်လှသော သူနာပြုဆရာမကလေး မမြရွှေအဖို့ ကိုယ်ကျိုးနည်းရလေတော့မည်၊

ကျွန်ုပ်အဖို့ သူနာပြုဆရာမကလေး မမြရွှေအပေါ်ကြ်ိသို့ပုပန်ဇနရခြင်းမှာ အကြောင်းနှစ်ချက်ရှိလေသည်၊ ပထမအကြောင်းမှာ လောကတ်၏ တိုက်ဆိုင်မှုဖြစ်သည်၊ ကျွန်ုပ်အားပြုစုစောင့်ရှောက်ပေးနေသည့် မမြရွှေ၏ ရုပ်ရည်ရူပကာ၊ ကိုယ်ဟန်အနေအထား၊ သွားလာလှုပ်ရှားပုံ၊ စကားပြော လေယူလေသိမ်းမှအစ နောက်ဆုံး မမြရွှေဟူသော အမည်သည်ပင်လျှင် လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ကျော်က ကျွန်ုပ်၏ ချစ်လှစွာသောဇနီးသည်နှင့် တစ်ထေရာတည်းတူနေသောကြောင့်ပင် ဖြစ်သည်၊ ၎င်း ထူးဆန်းသော အကြောင်းအရာကို ကျွန်ုပ်နှင့် ကျွန်ုပ်၏ အပေါင်းအသင်းမိတ်ဆွေများမှ လွဲ၍ မည်သူမျှ မသိရှိကြပေ။

ကျွန်ုပ်၏မိတ်ဆွေအပေါင်းအသင်းများ ကျွန်ုပ်ထံသို့ လူနာလာရောက် မေးမြန်းကြသောအခါ မမြရွှေကို မြင်တွေ့ ကြလေလျှင် လွန်စွာအံ့သြကြလေသည်၊ သူနာပြုဆရာမကလေးမမြရွှေသည်ကွယ်လွန်သွားပြီဖြစ်သော ကျွန်ုပ်၏ ဇနီးမြရွှေ သေဆုံးရာမှပြန်ရှင်သန်လာပြီးနောက် ကျွန်ုပ်အား ယခုကဲ့သို့လာရောက်ပြုစုစောင့်ရှောက်ပေးခြင်းဟု ကျိစယ်နောက်ပြောင်ကြလေသည်၊ ကျွန်ုပ်မှာ ထိုအကြောင်းကို သူနာပြုဆရာမကလေး မမြရွှေသိရှိသွားမည်ကို အထူး စိုးရိမ်မိလေသည်၊ ကျွန်ုပ်အနေဖြင့်ဖြေသာသည့် အချက်မှာ မိတ်ဆွေအပေါင်းအသင်းများသည် သူနာပြုဆရာမကလေး မမြရွှေကွယ်ရာသို့ရောက်မှသာ နောက်ပြောင်ကျိစယ်ကြခြင်း ဖြစ်လေသည်၊

အကယ်၍ ထိုအကြောင်းကို သူနာပြုဆရာမကလေး မမြရွှေသိရှိသွားပါမူ ကျွန်ုပ်အပေါ်၌ ဖခင်အရင်းခေါက်ခေါက်ကဲ့သို့ ပြုစုပါဦးမည်လောဟု သံသယဝင်မိလေသည်၊ ကျွန်ုပ်အား "သေခါနီး ရိက္ခာယူနေတာလား" ဟုပင် ပေးမြန်းဇနပေလိမ့်မည်၊ ထို့ပြင် မမြရွှေသည် ကျွန်ုပ်အား သူနာပြုစုခြင်းကို ရပ်ဆိုင်းပစ်လိုက်မည်ဆိုပါက သေဖွယ်ရာပင်ဖြစ်တော့မည်၊ ထို့ကြောင့်

မမြရွှေအပေါ်၌ ကျွန်ုပ်စိုးရိမ်ပူပန်ဖြစ်နေရခြင်းမှာ လွန်အံ့မထင်ပါ။

ဒုတိယအချက်မှာ အကြောင်းတိုက်ဆိုင်မှုကြောင့် အကျိုးတရားဖြစ်တည်လာရခြင်းဖြစ်သည်၊ သူနာပြုဆရာမကလေး မမြရွှေနေရာ၌ အခြားသူနာပြုဆရာမကလေးတစ်ဦးဦးဖြစ်နေပါက ဤသို့ အကျိုးတရားဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပါ၊ ထို့ပြင် ၎င်းအကျိုးတရားဖြစ်ပေါ်လာခြင်းမှာလည်း ကွယ်လွန်သူကျွန်ုပ်၏ဇနီး မမြရွှေနှင့် ရွတ်စွပ်တူနေခြင်း၊ အမိမဲ့အဖမဲ့ ဆင်းရဲစွာဖြင့် အသက်ရှင်နေထိုင်ရခြင်း စသည့်အကြောင်းပြချက်များကြောင့် ဖြစ်၏၊ ထို့ကြောင့်ပင် ကျွန်ုပ်ဘဝတစ်လျှောက်ရှာဖွေစုဆောင်းသိုမှီးထားသည့် ပစ္စည်းဥစ္စာရတနာများစွာအနက် သုံးပုံပုံ၍ တစ်ပုံအား သူနာပြုဆရာမကလေး မမြရွှေနေထိုင်သည့်လမ်း၏ တန်ခိုးကြီးဘုရားဖြစ်သော ရွှေတိဂုံစေတီတော်ကြီးသို့ လှူဒါန်းရန်၊ တစ်ပုံအား ကာလကတ္တားရှိ ဆေးပညာသွားရောက်သင်ကြားနေသည့် ကျွန်ုပ်၏သား မောင်ဖေခင်အားပေးအပ်ရန်၊ နောက်ဆုံးကျန်ရှိနေသည့်ဥစ္စာပစ္စည်းဝေစုတစ်ပုံအား ရွှေတိဂုံဘုရားလမ်း၊ ရွှေရင်အေးကျောင်းတိုက်၌နေထိုင်သည့် သူနာပြုဆရာမကလေး မမြရွှေအား ပေးအပ်ရန်ဟူ၍ သေတမ်းစာကို လွန်ခဲ့သော နှစ်လခန့်က ရေးသားပြီးစီးပြီးလေပြီ၊ ၎င်းသေတမ်းစာကိုလည်း ကျွန်ုပ် ယခုလက်ရှိ အသုံးပြုနေသည့် ခေါင်းအုံးကြီးအောက်၌ အဆင်သင့်ထားရှိခဲ့ပြီး ဖြစ်လေသည်၊



ကျွန်ုပ် တောင်တွေးမြောက်တွေး တွေးတောပြီးရိုန်၌ စိတ်ထဲတွင် ကြည်လင်လန်းဆန်းလာသကဲ့သို့ ရှိလေပြီ၊ ကုတင်ခေါင်းရင်းဘက်ရှိ စက်နာရီမြည်သံတချပ်ချပ်ကိုလည်း အတိုင်းသားကြားနေရ၏၊ သူနာပြု

ဆရာမကလေး မမြရင်ထွက်ခွာသွားသည်မှာ တစ်နာရီခန့်ရှိနေပေပြီ။ လွန်ခဲ့သော တစ်နာရီက ကျွန်ုပ်စတင်ကြိုးစားခဲ့သည့် ခြေထောက်လှုပ်ရှားနိုင်ရေးကို ဝါယမစိုက်ထုတ်ရန် စတင်ရပေတော့မည်။

စိတ်တည်ငြိမ်စပြုလာသဖြင့် ခန္ဓာကိုယ်၌ ခွန်အားများပြည့်ဖြိုးနေပြီဟု ခံစားရမိလေသည်။ အသက်ဝဝရှူလိုက်ပြီးနောက် တစ် နှစ် သုံးဟု စိတ်ထဲမှ တေးမှတ်နေလိုက်သည်။ ကျွန်ုပ်၏ အကြံအစည်မှာ ဘယ်ဘက်ခြေထောက်လှုပ်ရှားနိုင်ရေးထက် ဆတ်ခနဲထထိုင်၍ ကုတင်ထက်မှဆင်းကာ မမြရွှေနောက်သို့ လိုက်ပါသွားရန် ဖြစ်သည်။ ကုတင်ခေါင်းရင်းရှိ စက်နာရီမှ စက္ကန့်တံသွားသံ တချပ်ချပ်သည် ကျွန်ုပ်အား လှောင်ပြောင်ကျီစယ်နေသကဲ့သို့ ရှိနေချေ၏။

ကျွန်ုပ်စိတ်မှ "တစ်" ဟု ခေါ်လိုက်သောအခါ ကျွန်ုပ်ခန္ဓာကိုယ်တစ်ခုလုံးရှိ အကြောအချင်များ ပြေလျော့သွားလေသည်။ ဝင်လေတစ်သုတ်ကို အားရပါးရ ရှရှိုက်လိုက်ရာ နှာခေါင်းမှထွက်သော နှာမှုတ်သံကြီးကို အတိုင်းသားကြားနေရသည်။ "နှစ်" ဟု စိတ်ထဲမှ ရေရွတ်လိုက်ချိန်၌ သူနာပြုဆရာမကလေး မမြရွှေ၏ပုံရိပ်ကို အတိုင်းသား မြင်တွေ့နေရလေသည်။ မမြရွှေသည် ပန်းနရောင်ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထားပြီး ကျွန်ုပ်ကို အားပေးနေသယောင် တွေ့ရလေသည်။ မမြရွှေသည် ကျွန်ုပ်အား လမ်းလျှောက်တတ်စကလေးကို လက်ကမ်းပေးနေသကဲ့သို့ ရှိနေချေတော့၏။

စက်နာရီမှ စက္ကန့်တံပြေးလွှားသံ တချပ်ချပ်ဟူသော မြည်သံသည် ရပ်တန့်သွားလေ၏။ ကျွန်ုပ်အား လက်ကမ်းပေးနေသော မမြရွှေ၏ပုံရိပ်သည်လည်း ပျောက်ကွယ်သွားပေပြီ။ ကျွန်ုပ်စိတ်ဝယ် စိုးရိမ်စိတ်ဝင်လာပေရာ နောက်ဆုံးလက်ကျန်ခွန်အားတို့စုပေါင်း၍ ကတ္တီပါခေါင်းအုံးကြီး အောက်ရှိ မမြရွှေအတွက် သေတမ်းစာ စာချုပ်ကို ကုန်းငုံ့ကြည့်လိုက်လေသည်။ ၎င်းအချိန်၌ ကျွန်ုပ်၏အခန်းတွင်းသို့ ပြေးဝင်လာသည့် ခြေသံကို ကြားလိုက်ရသည်။

၎င်းနောက်-

"ကယ်ကြပါဦး၊ ဘဘ ကံတလူကို ကယ်ကြပါဦး"

ဟူသော မမြရင်၏အော်သံကို နောက်ဆုံးကြားလိုက်ရလေတော့သတည်း။



၎င်းအဖြစ်အပျက်များပြီးနောက် သုံးလခန့်ကြာသောအခါ မြန်မာတို့၏အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းပွဲတော်ကျင်းပသည့်နေ့ဖြစ်လေသည်။ မြန်မာပြည်အရပ်ရပ်ရှိ ဘုရားဖူးဇည့်သည်များဖြင့် ဘုရားကြီးဝတ္တကမြေအတွင်း၌ ကြက်ပျံမကျ စည်ကားနေလေ၏။

ရွှေတိဂုံစေတီတော်မြတ်ကြီးအနီးရှိဗဟန်းမြို့နယ်၊ကြားတောရလမ်းမပေါ်ရှိ အိမ်တစ်အိမ်မှ ကြင်စဦးဇနီးမောင်နှံတစ်စုံသည် ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်သို့ အေးချမ်းတည်ငြိမ်စွာ တက်ရောက်လာကြလေသည်။ ၎င်းဇနီးမောင်နှံသည် တောင်ဘက်မုခ်ဝရှိ အလှူခံမဏ္ဍပ်သို့ ရောက်သောအခါ ဇနီးဖြစ်သူက-

"မောင်ရေ...မြတို့ အဖေ့အတွက် ဘုရားမှာ ရွှေသင်္ကန်းလှူဒါန်းကြရအောင်"

ဟုပြောသောအခါ ယောကျ်ားဖြစ်သူက-

"ဘာလဲမြ...ရွှေသင်္ကန်းဖိုးပဲလား၊ မောင်တို့ မြတို့အဖေ သေတမ်းစာမှာ ရေးထားတဲ့အတိုင်း လှူကြရမှာလေ..."

ဟုပြောသော် ဇနီးဖြစ်သူက သတိရသွားပြီး...

"ဟုတ်သားပဲ...ဖေဖေက သူ့ရဲ့စီးပွားဥစ္စာကို သုံးပုံပုံပြီး တစ်ပုံကို ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ရွှေသင်္ကန်းလှူဒါန်းပါလို့ သေတမ်းစာမှာရေး

ခဲ့တာမြမေ့သွားလို့ပါ"

"ဟွန်း...မြအသက်ငယ်ငယ်လေးရှိသေးတယ်ဟိုဟာမေ့တတ်၊ဒီဟာမေ့တတ်နဲ့၊ကြာရင်ဟောဒီက မောင်ဖေခင်လို့ခေါ်တဲ့မောင့်ကိုပါမေ့သွားဦးမယ်နော်..."

ဟု ယောက်ျားဖြစ်သူက သတိပေးလိုက်သောအခါ ဇနီးမောင်နှံနှစ်ယောက်သည် လွန်စွာပွဲကျသွားပြီး တဟားဟားရယ်မောကြလေတော့သည်။

ငုင်းနောက် ဇနီးမောင်နှံနှစ်ယောက်သည် အလှူခံမဏ္ဍပ်၌ ယူဆောင်လာသည့် ရွှေငွေရတနာများကို ကွယ်လွန်သူဦးဖေညွန့်ခေါ် ဦးကံတလူအမည်ဖြင့် လှူဒါန်းလိုက်ကြလေတော့သတည်း။ ။

၈ ဓင်းဝထုန်

စာမူများပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



နယ်၏ အလှအပများဖြစ်ကြသော လမ်းများ၊ တံတားများ၊ သစ်တောများ စိမ်းလန်းစိုပြည်သော တောင်တန်းများ၊ မြစ်များ၊ ချောင်းများနှင့် တောင်ပေါ် ရှိဘုရားစေတီများက မြင်ဖူးရောက်ဖူးသူများကို နောက်တစ်ခေါက်ထပ် လာရန် ဖိတ်ခေါ်နေသည်။

မွန်ပြည်နယ်မှာ တန်ခိုးကြီးဘုရားများနှင့် ဆံတော်ရှင်စေတီများရှိကြသည့်အနက် ကျိုက်ထီးရိုးဆံတော်ရှင်စေတီနှင့် မန်းမဝေးမှာ ကေလာသဆံတော်ရှင်စေတီ ရှိပါသည်၊ ကေလာသဆံတော်ရှင်စေတီမှာ ကေလာသတောင်မှာရှိပါသည်၊ ကေလာသတောင်မှာ မြင့်မားသော တောင်ဝိုင်းကြီးဖြစ်ပြီး တောင်ထွတ်ကြီး(၃)လုံး ရှိသည်၊ ထိုတောင်ထွတ်(၃)လုံးမှာ ကေလာသတောင်မှာ ဆံတော်ရှင်စေတီရှိပြီး အလည်တောင်ထွတ်ပေါ်မှာ မြ သပိတ်တောင်ရှိပြီး မြသပိတ်စေတီ ရှိသည်၊ မြသပိတ်တောင်နှင့်မန်းမဝေးမှာကျိုက်ဒေးယုံစေတီရှိသည်၊ ကျိုက်ဒေးယုံတောင်မှာ တောင်(၃)လုံးတွင်အမြင့်ဆုံးတောင်ဖြစ်ပြီး ရှေးဟံသာဝတီ-မွန်မင်းများလက်ထက်က ထိုတောင်ကို "တိုက်ကုလားတောင်" ဟုခေါ်၍ တောင်ခြေရင်းမှာ တိုက်ကုလားမြို့ရှိသည်ဟု မွန်ရာဇဝင်မှာ ဖော်ပြထားသည်၊ ယခုအခါ တောင်စွန်းမြို့ဟုခေါ်ပြီး အစိုးရက အကျဉ်းဦးစီးဌာနဖွင့်ထားပြီး ကျောက်ထု၊ ကျောက်ခွဲလုပ်ငန်းများကို အကျဉ်းသားများနှင့် လုပ်ကိုင်နေသည်။

ကျိုက်ဒေးယုံတောင်မှာ ရေတံခွန်များ စမ်းချောင်းများနှင့် ကျောက်တုံးကျောက်ဖျာကြီးများနှင့် ကျောက်ဂူကြီးများ ရှိပါသည်၊ တောင်ကပ်တစ်ကြောမှာလည်း သဘာဝပေါက်ပင်များနှင့် သီးပင်စားပင်များပေါက်ရောက်နေသောကြောင့် တောသတ္တဝါများပေါများလှသည်၊ ထို့ပြင် တောင်ဝိုင်းကြီးပတ်လည်မှာ ကျေးရွာများရှိနေ၍ ကျေးရွာများမှ လူများမှာ နေ့စဉ်ပင် တောင်ပေါ်ကိုတက်၍ ထင်းခုတ်ခြင်း၊ ဟင်းရွက်များခူးခြင်း၊ အမဲလိုက်ခြင်းများပြုလုပ်နေကြသည်၊ အမဲလိုက်သူများမှာ ရေမှာ၊ ဆတ်များ၊ တောဝက်များ၊ တောကြောင်များ၊ မြွေများ၊ တောကြွက်များ၊ ပွေးများ၊ သင်းခွေရှဉ်များကို ရကြသည်၊ ၎င်းတို့မှာ သေနတ်မရှိသော်လည်း ဒူးလေးများ၊ တုတ်များ၊ တားများနှင့် အမဲလိုက်ခွေးများနှင့် လိုက်ကြရာ မုဆိုးအဖွဲ့များတွင် ကရင်ရွာ

မွန်ပြည်နယ်သည် မြင့်မားသော တောင်တန်းကြီးများနှင့် စိမ်းလန်းသော သစ်တောကြီးများ ပေါက်ရောက်ရာဒေသ တစ်ခု ဖြစ်ပါသည်၊ ထို့ပြင် ဝိုးများသော ဒေသဖြစ်၍ သဘာဝပေါက်ပင်များနှင့် ဒေသမှာနေထိုင်သူများ၏ လုပ်ကိုင်စိုက်ပျိုးမှုများကြောင့် ဆန်စပါးမှစ၍ သီးနှံများ အထွက်ကောင်းသောဒေသတစ်ခုလည်း ဖြစ်သည်၊ အထူးသဖြင့် မွန်ပြည်နယ်မှာ တန်ခိုးကြီးဘုရားများနှင့် ဆံတော်ရှင် စေတီများရှိနေကြခြင်းကြောင့် အပြီ၊ ပြီ အနယ်နယ်မှ ဘုရားဖူးလာသူများနှင့် လေ့လာ၍ ဗဟုသုတရရာသူများ မပြတ် အောင် သွားလာနေကြသည်၊ မွန်ပြည် နယ်ရှိတောင်တန်းများပေါ်မှ ဘုရားစေ တီ များကလည်း အဝေးမှ လှမ်းမြင်ရှိရုံး မြင်ရသည်ပင်လျှင်ရင်ထဲမှာကြည်နူးကြ ရပါ သည်၊ မြဲမြံပြောရပါလျှင် မွန်ပြည်

> **ကိုရဏ္ဍန်များလောကမှာ ထူးခြားဆန်းကြယ်၍ ကြောက်မက်ဖွယ်ကောင်းသော ကြောင်တစ်ကောင်၏ အကြောင်း....**
>
> **တောရိုင်း**

"ဟုတ်တယ်၊ သူဝင်ကူလို့ မြမောင်ရွေး မျက်နှာတွေစုတ်သွားတာပေါ့၊ အဲသည်နေ့က တောင်စောင်းတောစပ်မှာ ရွေးက ချေနှင့်လုံးထွေးပြီး ကိုတ်နေတုန်းမှာ ကြောင်က သစ်ပင်ပေါ်ကခုန်ချလာပြီး ဝင်ကုတ်တာတဲ့၊ အဲဒါကို မုဆိုးစာစ်ယောက်ကမြင်လို့ တုတ်နှင့်ဝင်ရိုက်တာ၊ အဲသည်မုဆိုးကိုလည်း ကြောင်က ကုတ်သွားတယ်လို့ ပြောတယ်"

"သည်တောကြောင်ကြီးကို တရိုးလူတွေက တောစောင့်ကြီးပြောကြတယ်"

"ဟေ့ကောင်-သည်တောင်မှာ တောင်စောင့်မရှိဘူး၊ မင်းတောကြောင်လည်း မုဆိုး၊ ငါလည်း မုဆိုးပဲ၊ မင်းကြည့်နေပါ၊ တစ်နေ့နေ့မှာ သည်တောကြောင် ငါ့လက်ချက်နှင့် သေစေရမယ်"

အမဲလိုက်သောမုဆိုးအဖွဲ့များထဲတွင် စောသိန်းမောင်မှာ အဆိပ်လူးထားသောမြားကိုသုံးပြီး လက်လည်းဖြောင့်ပါသည်၊ သူ့မြားချက်ထိသော သားကောင်မှာ ငါးတစ်ပြန်လောက်သာ ပြေးနိုင်ပါသည်၊ တရိုးမုဆိုးများက အမဲလိုက်ခွေးအားကိုးနှင့် လိုက်ကြပါသည်၊ တရိုးမုဆိုးများမှာ သားကောင်ကိုရသည်နှင့် အမဲဖျက်လိုက်ပြီး သားကောင်၏သွေးများနှင့် အရိုးအရွဲများကို ပထမဆုံး ခွေးကိုကျွေးပါသည်၊ ခွေးများက စားရင်း သားကောင်ကို အသက်နှင့်လဲ၍လိုက်ကြသည်၊ အမဲလိုက်ခွေးများမှာ အမဲလိုက်ရင်း ဖြူကောင်များနှင့်တွေ့လျှင် ဖြူကောင်ကရှေးတောင်နှင့်ထိုးသဖြင့် တော်ရုံသတ္တိကောင်းသောခွေးများ ဖြူကောင်ကိုမကိုက်ရဲပါ၊ အမဲလိုက်ခွေးမှန်လျှင် သစ်ငုတ်များနှင့်ထိုးမိထား၍ မျက်နှာမှာဒဏ်ရာများနှင့် နားရွက်များလည်း ကွဲနေတတ်သည်၊ အမဲလိုက်ခွေးမှာ သားကောင်ရလျှင် ဝေစုတစ်ပုံရပြီး အမဲလိုက်ခွေး အမဲလိုက်ကောင်းလျှင် တရိုးမုဆိုးများကနွားတစ်ကောင်နှင့်တန်ဖိုးထား၍ လဲကြသည်၊

ရွှေးအဝါက ကေလာသတောင်၊ မြသဖိတ်တောင်နှင့် ကျိုက်ဒေးယုံတောင်များမှာ ဆင်နှင်ကျားများရှိသည်၊ တောင်များကလည်း တစ်တောင်နှင့်တစ်တောင်ဆက်နေပြီး တောလည်းထူထပ်သည်၊ ကေလာသတောင်မှာ မြောက်ဘက်ကျပြီး မရန်းကုန်းရွာနှင့်ဆက်၍ ကျိုက်ထိုပြုန့်နီးသည်၊

များမှ အမဲလိုက်သောစောသိန်းမောင်အဖွဲ့မှာ နာမည်ရသည်၊ စောသိန်းမောင်မှာ ဒူးလေးပစ်ရာမှာ လက်ဖြောင့်သည့်အပြင် အဆိပ်ပြင်းသောမြားကို အသုံးပြုပါသည်၊ မြားဆိပ်ကိုလည်း တောထဲရှိအဆိပ်ပင်မှ ကိုယ်တိုင်ထုတ်ယူ၍ပြုလုပ်သည့်အပြင် မြားတံကိုလည်း မာကျောသော သိုက်ဝါးဖြင့် ကိုယ်တိုင်ပြုလုပ်သည်၊ စောသိန်းမောင်မှာတစ်နေ့အမဲလိုက်လျှင်အမဲ(၃) ကောင် အနည်းဆုံးရသည်၊

"သည်နေ့ ငါ့ကို နေမကောင်းဖြစ်နေသူတစ်ယောက်က တောကြောင်သားစားချင်လို့မှာလိုက်လို့ ကြောင်တစ်ကောင်ရအောင် ပစ်ရမယ်"

"သည်အရိုန်က ဒူးရင်းသီးမှည့်ရိုန်ပဲ၊ တောကြောင်ပေါပါတယ်၊ ဦးပွဲ ဒူးရင်းခြံစောင်းမှာ သွားပစ်ပါလား"

"နေပါဦး၊ ခုမှ ချေတစ်ကောင်ပဲရသေးတယ်၊ နေစောင်းမှ သွားပစ်မယ်"

"ကျွန်တော့်ကိုလည်း ဆေးဆရာတစ်ယောက်က စပါးကြီးသည်းခြေရှာခိုင်းထားပါတယ်၊ ဇရုးကောင်းပေးမယ်လို့ ပြောတယ်"

"စပါးကြီးတွေက ဟိုစမ်းချောင်းထိပ်က ကျောက်ဂူဘေး တောစပ်မှာရှိပါတယ်၊ မင်းသွားရှာပါလား"

"တောကြောင်ဆိုလို့ပြောရဦးမယ်၊ ဟိုတစ်နေ့က မုဆိုးမောင်မြတို့အဖွဲ့က အမဲလိုက်ခွေးကို တောကြောင်ကြီးဝင်ကုတ်လိုက်တာ ခွေးမျက်နှာတစ်ခုလုံးစုတ်မြတ်သွားတာပဲတဲ့"

"ဟို-ကြောင်မုဆိုးကြီးနှင့် သွားတွေ့ပြီထင်တယ်၊ ငါလည်း အဲသည်ကောင်ကြီးကို ပစ်ချင်တာ၊ သည်ကောင်ကြီးက အနည်းဆုံး ၅ပိဿာလောက်ရှိမယ်"

"သည်ကောင်ကြီးက သူလည်းတောမုဆိုး ဆိုပေမည့် တောသတ္တဝါတွေ ဒုက္ခရောက်နေတာတွေ့ရင် ဝင်ကူတတ်တယ်"

ကိုဘီနှင့်ထောင်ခြင်း။ လေးလွန်စွင့်ပစ်ခြင်းများဖြင့် အမဲလိုက်ကြသည်။ ၎င်းတို့အသုံးပြုသော ပစ္စည်းများမှာ ဝီးအုပ်ထောင်း။ လက်နှိပ်ဗီး။ လေးလွန်စွင့်တုတ်များစားများဖြစ်သည်။ ၎င်းတို့အဝိုကထား၍လိုက်သော သားကောင်များမှာ ညဘက်တွင် ဒူးရင်းသီး၊လာစားသော တောကြောင်များ။ လင်းဝက်များနှင့် တောကြက်များဖြစ်ကြသည်။

ဒါနေ့လယ်ကကြည့်ထားတဲ့ဝါးရုံတစ်ရုံမှာ တောကြက်အိပ်တန်းတွေ့ထားတယ်၊ တောကြက်တော်တော်များပုံရတယ်၊ ဝါးရုံအောက်မှာ ကြက်ရေးတွေအများကြီးပဲ"

"ကြက်ရေးတွေက အဟောင်းလား အသစ်လား။ အဟောင်းဆိုရင် မသွားနဲ့ ကြက်တွေအိပ်တန်းပြောင်းသွားပြီ"

"ဝါးရုံအုပ်တွေမှာ သူတို့အိပ်တတ်တယ်၊ ဒါပေမဲ့ -ကြာကြာမအိပ်ဘဲ အိပ်တန်းပြောင်းတတ်တယ်"

"ဘာဖြစ်လို့ အိပ်တန်းပြောင်းတာလဲ"

"သူတို့ပြောင်းရတာက မြွေတွေက ညဘက်မှာကြက်တွေကို လာစားကြလို့ပဲ၊ မင်းတို့ကြက်တွေကိုရှာရင် မြွေကိုလည်း သတိထားပါ"

"ဩော်... မြွေတွေကလည်း ငါတို့လို ညမှဆိုးတွေပါလား။ သတိထားရမယ်၊ တော်တော်ကြာ ကြက်မရဘဲ မြွေကိုက်ခံနေရဦးမယ်"

"ဟုတ်ကောင် - ဒီတောထဲမှာရှိကြတဲ့ သတ္တဝါတွေဟာ၊ နိုင်ရာစားတဲ့ တောမှဆိုးတွေကြီးပဲ၊ သူဦးသူသတ်၊ ကိုယ်ဦးကိုယ်သတ်ပဲ၊ လာ - မင်းပြောတဲ့နေရာ သွားကြမယ်"

"မြွေတွေတော့လည်း စားရတာပေါ့၊ ဧကန်ပါဦး။ ငါထောင်ထားတဲ့ ဘီကို သွားကြည့်ရအောင်"

သူတို့အဖွဲ့ဘီ - ကိုသွားကြည့်ရာ တောကြောင်တစ်ကောင်ရပြီး ဒူးရင်းသီးစားနေသော လင်းဝက်တစ်ကောင်ကိုလည်း ပစ်၍ရခဲ့သည်။ ထို့နောက်

ကောလာသတောင်ခြေရင်း အရှေ့ဘက်မှာ ကရင်အမျိုးသားရွာများရှိပြီး။ ထိုရွာများမှ လူများက ကောလာသတောင်စောင်းမှာ တောင်ယာလုပ်ကြပြီး တရိုးလည်း ဥယျာဉ်ခြံများလုပ်၍ တည်း။ ဒူးရင်း၊ မရန်းနှင့်သရက်၊ ပိန္နဲစသည့်အပင်များစိုက်ပျိုးထားကြပါသည်။ ထိုရွာမှ လူများမှာ နေ့လယ်ဘက်မှာ တောင်ပေါ်တက်၍ အမဲလိုက်၊ ထင်းခုတ်၊ ဟင်းရွက်များ ခူးကြပါသည်။ ကောလာသတောင်အနောက်ဘက်မှာ မြန်မာရွာများရှိကြရာ ထိုရွာများမှ လူများကလည်းတောင်ပေါ်မှာဥယျာဉ်ခြံများလုပ်ကြပြီးရွာနောက်ဖေးကွင်းပြင်တွေမှာ စပါးစိုက်ပျိုးကြပါသည်။ ရွာများမှာ တစ်ရွာနှင့်တစ်ရွာ ရွာရင်းဆက်နေသည်မှာ တောင်စွန်းပြိုလေးမှာ ဆုံးပါသည်။

တောင်စောင်းမှာ ယာလုပ်ရင်းတဲထိုး၍နေထိုင်ကြသော ကရင်အမျိုးသား။ အမဲလိုက်မုဆိုးအဖွဲ့တစ်ဖွဲ့မှာ တခြားမုဆိုးများလို ဓနုဘက်မှာ အမဲမလိုက်ဘဲ ညဘက်မှာ အမဲလိုက်ကြသည်။ ၎င်းတို့အမဲလိုက်ကြသည်မှာ ညဘက်အိပ်တန်းတက်နေကြသော တောကြက်များနှင့်တောကြောင်များ

ဒူးရင်းသီးများမှည့်ချိန်မှာ အပင်ပေါ် ကမှန်းမသိ အပင်အောက်ကမှန်းမသိရဘဲ ဒူးရင်းသီးအမွှေးနုံ့များ ထွက်နေတတ်ပါသည်။ ဒူးရင်းသီးနုံ့ကြောင့် အပင်ပေါ် မှာ ရှဉ့်များ ကျီးများနှင့်တောကြောင်များ ရှိနေတတ်ပါသည်။



ဒူးရင်းပင်အောက်တွေမှာရှိသော မြက်ပင်ရှည်များကို ခြေထောက်နှင့်ယမ်း၍ ကြွေကျသော ဒူးရင်းသီးများကို ရှာသည်။ သို့သော် ညဘက်ဖြစ်နေ၍ ရှာမရပါ။ ဒူးရင်းသီးများမှည့်ချိန်မှာ အပင်ပေါ်ကမှန်းမသိ အပင်အောက်ကမှန်းမသိရဘဲ ဒူးရင်းသီးအမွှေးနံ့များထွက်နေ တတ်ပါသည်။ ဒူးရင်းသီးနံ့ကြောင့် အပင်ပေါ်မှာ ရှဉ့်များ၊ ကျီးများနှင့် တောကြောင်များရှိနေတတ်ပါသည်။ ခြံပိုင်များက နေ့ခင်းဘက်မှာ ထမင်းထုပ်နှင့်လာ၍ ကျောက်ဖျာပေါ်မှာစောင့်၍ ရှဉ့်များ၊ ကျီးများကိုလေးနှင့်ပစ်၍ ခြောက်ခြင်း၊ သံပုံးများတီး၍ ခြောက်ခြင်းများ ပြုလုပ်ရသည့်အပြင် ကြွေကျသောဒူးရင်းသီးကိုလည်း ကောက်ရသည်။

ဒူးရင်းပင်များအောက်မှာ မြက်ရှည်ပင်ကြီးများမွေးထားသဖြင့် အပင်ပေါ်မှ ကြွေကျလာသော ဒူးရင်းသီးမှာ မြက်တောထဲကိုကျလာ၍ မကွဲပါ၊ ဒူးရင်းခြံရှင်ကလည်း မိမိအပင်မှ အသီးများကိုမှတ်သားထား၍ ဘယ်အပင်ကအသီးကြွေသည်ကိုသိပြီးနောက် လေအောက်ဘက်မှအနံ့ခံပြီး မြက်တောကိုလှန်လိုက်သည်နှင့် ကြွေကျနေသောအသီးကို ရှာတွေ့တတ်ပါသည်။ ခြံစောင့်မှာ တစ်နေ့လုံးကြွေကျသည့် ဒူးရင်းသီးများကို ကောက်နေရာ ညနေဘက်အိမ်ကိုပြန်လာသောအခါ ဒူးရင်းသီးတစ်ထမ်းရလေသည်။ အပင်မှကြွေသော ဒူးရင်းသီးမှာ အလုံးရင့်များကိုထိုးချပြီး အုပ်ထားသော ဒူးရင်းသီးနှင့်မတူဘဲ စားရာမှာ အရသာပို၍ လူကြိုက်များပါသည်။

ညမုဆိုးအဖွဲ့မှာ ဒူးရင်းသီးကိုရှာမရကြသောအခါ တောကြက်များအိပ်တန်းတက်သော ဝါးရုံတောသို့တိတ်တဆိတ်လာခဲ့သည်။ ဝါးရုံများတောသို့ရောက်သောအခါ အပင်အောက်မှာ ကြက်ချေးလတ်လတ်ဆတ်ဆတ်များကိုတွေ့လေလျှင်...

"ဟေ့-ဝါးလုံးနှင့် မရိုက်ချနှင့် မီးထိုးပေး-ငါတစ်ကောင်ချင်းစီပစ်ရမယ်၊ ခွေးပု-မင်းကကောက်"

"ကြက်တွေအများကြီးပဲ၊ ငါတို့သည်ညတော့ ပွတာပဲ"

"စကားမပြောကြနှင့် ကြက်တွေလန့်ကုန်မယ်"

"ဖြောင်း...ဖြောင်း...ဖြောင်း"

"ဖလပ်...ဖလပ်...ဘုတ်"

"ဖြောင်း...ဖြောင်း...ဖြောင်း"

"ဖလပ်-ဖလပ်-ဘုတ်-ဘုတ်"

"ဂှူး-ညောင်-ညောင်-ဖလူး...ဖလူး...ဂီး...ဂီး"

"အား-မလေး ငါ့ကိုကုတ်တယ်၊ ငါ့ကိုကုတ်တယ်"

"အား- ငါ့မျက်လုံးကို ကုတ်သွားပြီး ဘာမှမမြင်ရတော့ဘူး၊ မီးထိုးကြည့်စမ်း"

"အား- အမလေးဗျ၊ ငါ့ကိုလည်း ကိုက်တယ်"

"မည်းမည်းကောင်ကြီးက ဝါးရုံကြားထဲတိုးဝင်သွားပြီ"

"ငါ ဘာမှမမြင်ရတော့ဘူး၊ ငါ့မျက်လုံးက သွေးတွေကျနေပြီ၊ ငါ့ကိုတွဲပါ"

မုဆိုးသုံးယောက် တောကြက်များကိုပစ်နေကြစဉ်မှာ ဝါးရုံထဲကို ရောက်နေသော ကြောင်မုဆိုးကထွက်၍ ကုတ်ရာ မုဆိုးတစ်ယောက်မျက်လုံးတစ်လုံးကန်းသွားပြီး တစ်ယောက်မှာ ဒဏ်ရာရသွားသည်။ ထိုအချိန်ကစပြီး မုဆိုး(၃)ယောက်မှာ ရာသက်ပန်မုဆိုးအလုပ်ကို စွန့်လွှတ်လိုက်ပါသည်။ တောင်ပေါ်မှာအမဲလိုက်နေကြသော မုဆိုးများကလည်း ထိုသတင်းကိုကြားရသောအခါ ကြောင်မုဆိုးကြီးကို တတ်နိုင်သလောက်ရှောင်ကြသည်။ ထိုအချိန်မှာ ကျိုက်ဒေးယုံတောင်မှာရှိကြသော ဒူးရင်းခြံထဲမှ ဦးပွပိုင်သောဒူးရင်းခြံကြီးမှာ ဒူးရင်းအပြင် တညင်းနှင့်မရန်းသီး သရက်များပါအတွက်ကောင်း၍ သီးနှံများပေါ်ချိန်ရောက်ပါက ဦးပွအိမ်မှာ သီးနှံပွဲစားရောက်လာကြပြီး သူ့ထက်ငါ လု၍ ဝယ်လေ့ရှိကြသည်။ ပွဲစားများမှာ တချို့သီးနှံမပေါ်ခင်ကပင် ကြိုတင်ငွေပေးထားပြီး ခြံကိုချုပ်ထားကြသည်။ ခြံကိုချုပ်ပြီးသောအခါ ပေါ်ဦးစသီးနှံများမှာ ဈေးကောင်းရ၍ မရန်းကင်း၊ သရက်ကင်း၊ တညင်းစသည်များကိုခူး၍ရန်ကုန်ကိုပို့သည်။ တစ်ဖန်အသီးများမှည့်ချိန်မှာ တစ်ခါခူး၍ နောက်ဆုံးမိုးကျချိန်ရောက်လျှင် တစ်ပင်လုံးရှိအသီးများကို အကုန်ခူးပြီး သရက်ပြား၊ မရန်းပြားများကို ယိုစုံလုပ်သူများကိုရောင်းသည်။ ဦးပွမှာငွေကြေးပြည့်စုံသူဖြစ်၍ မိမိခြံမှ သီးနှံများကို ကြိုတင်ငွေမယူ

"ပစ်လိုက်ရင် မင်းချိုပေါ့ကွာ၊ တော်တော် အတဲ့ကောင်ပဲ"

"မပစ်ရဲဘူး ဦးလေးရဲ့၊ သူတောင်ပေါ်က ညဘက်ဟောက်တာနဲ့ ကျွန်တော်တို့ရွာမှာလူသေတာပဲ၊ တကယ်ထူးဆန်းတယ်အဲသည်အဖြစ်အပျက်ကို ရွာထဲကလူတွေယုံကြည်ကြတယ်။ ကျွန်တော်လည်း မျက်မြင်ဖြစ်လို့ ယုံတယ်။ ကြောက်လည်းကြောက်တယ်"

"မင်းပြောသလိုဆိုရင် ဂျေက ညတိုင်းဟောက်တာ ဟောက်တိုင်းလူသေရောလား"

"မဟုတ်ဘူး၊ (၂)ခါဟောက်မှလူသေတာ ဦးလေးလည်းကြားမှာပေါ့၊ ချေဖိုကြီးဟာ ည(၇)နာရီမှာ ပုံမှန်(၃)ကြိမ်၊ ဒါမှမဟုတ် (၅)ကြိမ်ပုံမှန်ဟောက်တယ်လေ။ အဲနောက် ဒုတိယအကြိမ်ဟောက်ရင်တော့ ရွာမှာ လူသေတာအမှန်ပဲ"

"ငါတို့ရွာတွေမှာတော့ အဲသည်အယူအဆမရှိဘူး။ သတိလည်းမထားကြဘူး၊ ချေဖိုကြီးမှာ မျက်လုံးတစ်လုံးတည်းရှိတယ်လို့တော့ ပြောကြတာပဲ"

"ဒါတွေထားပါတော့၊ သည်ကြောင်မုဆိုးကြီးကို ကျွန်တော်သတ်ပေးရင် ဦးလေးဘယ်လောက်ပေးမှာလဲ"

"ငွေတစ်ထောင်ပေးမယ်၊ နောက်ပြီး မင်း ညဘက်ကင်းစောင့်ရင် သောက်ဖို့အရက်(၂)ပုလင်းနဲ့ ကြက်သားဟင်းနဲ့ ထမင်းတစ်ရှိုင့်ပေးမယ်၊ ငါလည်းမင်းနဲ့အတူစောင့်အိပ်ပေးမယ်"

"ကောင်းပါပြီ၊ ဦးလေးစောင့်အိပ်ရင် ကျွန်တော်အဖော်ဂေါ်မလာတော့ဘူး၊ မြား(၅)ချောင်းနှင့် ဒူးလေးယူပြီး လာခဲ့မယ်၊ မနက်ဖြန်ည(၆)နာရီမှာ လာခဲ့မယ်၊ တခြားလူတွေကိုလည်း မပြောပါနဲ့"

"သည်အလုပ်ကလူသိခံလို့မကောင်းဘူး၊ ဒါနဲ့ မင်းကမြား(၅)ချောင်းတည်းယူလာမယ်ဆိုတာ မနည်းဘူးလား"

"မနည်းပါဘူး ကျွန်တော်အမဲလိုက်တိုင်း မြား(၁၀)ချောင်းဘဲသုံးတယ်၊ မသေချာပဲလည်း မပစ်ဘူး"

"ကောင်းပြီ၊ မနက်ဖြန်လာခဲ့ပါ၊ ငါ့ခြံထဲ စောင့်မယ်"

ဘဲပေါ်ရိုန်ရောက်မှကြိုက်ဈေးယူ၍ ရောင်းသည်၊ ဦးပွမှာခြံပိုင်ရှင်များနည်းတူတူ သူခြံမှာ သီးနှံအထွက်စောချိန် သီးနှံများဈေးကောင်းရပါသည်၊ ဦးပွမှာ မိမိ အိမ်မှာ သရက်သီး၊ မရန်းသီးများကို ရွာထဲမိန်းကလေးများကိုငှားရမ်းခိုင်း၊ အခြောက်လှန်းခိုင်းပြီး၊ ရန်ကုန်ပြို့ရှိ ယိုစုံလုပ်ငန်းကို ပို့သည်၊ မိမိကိုယ်တိုင်မှာနေတိုင်းတောင်ပေါ်တက်၍ ဒူးရင်းခြံကို ကိုယ်တိုင်စောင့်ပါသည်၊ ဦးပွမှာ နှမြောတတ်သူဖြစ်၍ မိမိခြံမှဒူးရင်းသီးမှည့်များကို ဘာကောင်ကိုက်ကိုက် တောကြောင်ကြီးကိုက်သည်ဟု တစ်ယူသန်စွဲမှတ်ထားပြီး မုဆိုးများကိုငှား၍ တောကြောင်ကြီးကို သတ်ခိုင်းပါသည်၊ သို့သော် မုဆိုးများက တောကြောင်ကြီးကို မသတ်နိုင်ကြသောအခါ မုဆိုးများထဲမှာ လက်အလွန်ဖြောင့်ပြီး အဆိပ်မြားကိုသုံးသော မုဆိုးစောသိန်းမောင်ကို သွားခေါ်သည်၊

"ငါမင်းဆီကိုလာတာက ငါ့ဒူးရင်းသီးတွေ ဗျက်ဆီးနေသည့် တောကြောင်ကြီးကိုသတ်ပေးဖို့ပါပဲ၊ မင်းဘယ်လောက်တောင်းတောင်း ငါပေးမယ်၊ အဓိကကတော့ သည်ကြောင်ကြီးကို သတ်ပေးဖို့ပဲ"

"ဦးလေးပြောတာ ကျွန်တော်သဘောကျတယ်၊ ကျွန်တော်ကလည်း သည်ကောင်ကြီးကိုသတ်ချင်နေတာ၊ အလကား သည်တောကြောင်ကြီးကို မုဆိုးအဖွဲ့တွေက တောင်စောင့်ကြီးလို့ ပြောနေကြတယ်၊ အဲသည်တောင်စောင့်ကြီးကို ကျွန်တော်ပစ်ပြမယ်၊ ဦးလေးကြည့်နေ"

"သည်ကြောင်စုတ်က တောင်စောင့်ဖြစ်မလားကွာ၊ သူများပစ္စည်းတွေလိုက်ဗျက်ဆီးနေသည့်ကြောင်ယုတ်ပဲ၊ နောက်ရှိသေးတယ် တောင်ပေါ်မှာ ညညဟောက်နေသည့် ချေကြီးကိုလည်း တောင်စောင့်ချေဖိုကြီးလို့ ပြောနေကြသေးတယ်၊ ငါတော့ ဘယ်လိုမှ မယုံနိုင်ဘူး အဓိပ္ပာယ်မရှိတာကွာ"

"ချေဖိုကြီးကတော့ တောင်စောင့်ချဆိုတာဟုတ်ပါတယ် ဦးလေး"

"မင်းပြင်ဖူးလို့လား"

"ကျွန်တော်အမဲလိုက်ရင်းတစ်ခါပြင်ဖူးတယ်၊ အကောင်ကနွားပေါက်လောက်ရှိတယ်၊ မျက်စိလည်းတစ်လုံးတည်းရှိတယ်၊ ကျွန်တော်ကဒူးလေးနှင့်ပစ်မလို့ ကျွန်တော့်အဖော်တွေက တောင်စောင့်ကြီးလို့ ပိုင်းပြောတာနဲ့ မပစ်လိုက်ရဘူး"

သည်လိုနှင့် ချိန်းထားသောညမှာ စောသိန်းမောင် ရောက်လာသည်။ ဦးပွကလည်း သူ့ကတိအတိုင်း ထမင်းနှင့်အရက်များကို ယူလာသည်။ နှစ်ယောက်သားဆုံကြသောအခါ စောသိန်းမောင်က ပုလင်းဖွင့်၍ အရက်နှင့်ကြက်သားဟင်းကို မြည်းနေသည်။ နှစ်ယောက်တည်းဖြစ်၍ ဦးပွကလည်း ငယ်စိတ်ပေါက်လာပြီး စောသိန်းမောင်နှင့်အတူ အရက်ဝင်သောက်သည်။

သည်လိုနှင့် တဖြည်းဖြည်း အချိန်ကုန်လာသော်လည်း လက္ခယ်ညဖြစ်၍ ဒူးရင်းပင်များအရိပ်ကြောင့် မှောင်မည်းနေပါသည်။ စောသိန်းမောင်က အမှောင်ထုအတွင်းမှာနားစွင့်၍ ကြည့်နေသော်လည်း ဒူးရင်းပင်များဆီမှ အသံကျယ်ကျယ်လှုပ်ရှားမှုမျိုးမကြားရပါ။ ထိုအချိန်မှာ ဦးပွကအမူးလွန်ပြီး အိပ်ပျော်နေ၍ စောသိန်းမောင်မှာ စကားပြောဖော်မရပါ။ စကားပြောဖော်မရှိသော်လည်း ဇွဲကောင်းကောင်းနှင့်စောင့်ကြည့်နေခဲ့ရာမကြာမီအချိန်မှာ အလင်းရောင်က မှုန်မှုန်ကလေးလင်းလာပြီး ဒူးရင်းကိုင်းများ လှုပ်ရှားသံများနှင့် အတူ သတ္တဝါမည်းမည်းကြီးတစ်ကောင်ကို မြင်ရတော့သည်။ စောသိန်းမှာမျက်လုံးများကျယ်လာပြီးကိုင်ထားသောဒူးလေးနှင့်ချိန်၍ပစ်လိုက်ရာ မည်းမည်းကောင်ကြီးမှာ မြားမှန်ပြီးအပင်ပေါ်မှ ကျသွားလေသည်။

ထိုအခါ စောသိန်းမောင်မှာ ဝမ်းသာလွန်း၍ ဦးပွကိုပင် မနိုးအားပဲ ဒူးရင်းပင်အောက်ကို ပြေးဝင်သွားပြီး သားကောင်ကိုသွားရှာပြီး ကောက်ရာမှာ မြက်တောထဲမှ မြွေကပေါက်လိုက်လေသည်။

"အား..."

စောသိန်းမောင်အသံနက်ကြီးဖြင့်အော်ကာ မလှုပ်နိုင်တော့။

ထိုအချိန်မှာ ဦးပွတစ်ယောက် နှစ်ချိုက်စွာအိပ်ကောင်းတုန်း...။

မုဆိုးနှင့်သားကောင်ဆိုသည်မှာသည်လိုပဲ လျင်သူလည်သူ စားစတမ်း ခံကြရစတမ်း...။



“

လည်လွန်းလျှင် တစ်ပတ်ရိုက်ခံရသည့် မာယာများလှသော လူစရိုက် လူသဘာဝတရား အတိုင်း...

ရန်ကုန် တောနက်ကြီးထဲမှာ မုဆိုးတွေ ခြေချင်းလိမ်အောင် ရှပ်ထွေးလွန်းနေသဖြင့် မန္တလေးတောနက်ထဲသို့ တောပြောင်း ဝင်ရောက်လာသော စောရမုဆိုး။

စန္ဒာတည်းခိုရိပ်သာ...

စောရမုဆိုးက ဂျင်းဘောင်းဘီနှင့် ဆာဖာရီကုတ်အကျီဝတ်ဆင်ထားသည့် မျက်လုံးမျက်ဖန်ကောင်းကောင်း အရပ်အမောင်းလည်း ကောင်း၍၊ နှာတံပေါ်ပေါ်နှင့် ရုပ်ရည်သန့်ပြန့်၍ ချောလေ၏။

တည်းခိုခန်းထဲ ဝင်လိုက်သည်နှင့် မန်နေဂျာက ကောင်တာမှ ဆီးကြိုလိုက်၏။

“အမိန့်ရှိပါ”

“အခန်းလွတ်ရှိပါသလား”

“ရှိပါတယ်”

“နေရာကောင်းကောင်း အခန်းရွေးပေးစမ်းပါ”

“အစ်ကို့နာမည်နဲ့လိပ်စာ၊ ပြီးတော့ နိုင်ငံသားမှတ်ပုံတင်ကတ်ပြားလေး တစ်ဆိတ်လောက် ကျေးဇူးပြုပါ”

“ဝေလု၊ မှတ်ပုံတင်ကတ်ပြားမှာပါတဲ့ လိပ်စာအတိုင်းပါပဲ”

မန်နေဂျာက ဝေလုကို ဧည့်သည်စာရင်းစာအုပ်ထဲတွင် ရေးသားမှတ်တမ်းတင်စာရင်းသွင်းထားပြီးမှတ်ပုံတင်ကတ်ပြားကိုပါတစ်ပါတည်းခေတ္တသိမ်းဆည်းထားလိုက်၏။ အခန်းခငွေ တစ်ညအတွက် ကြိုတင်လက်ခံ ယူလိုက်၏။

“အခန်းနံပါတ် ကိုး”

အပေါ်ထပ် အခန်းနံပါတ် ၉ ၏ သော့တံနှစ်ချောင်းကို ကောင်တာနံရံရှိ အခန်းနံပါတ်တွဲ ဘုတ်ပြားပေါ်ချိတ်ဆွဲထားရာမှ ဖြုတ်ယူပြီး သော့တံတစ်ချောင်းကို ဝေလုအားပေး၍ ကျန်သော့တစ်ချောင်းကို အံ့ဆွဲထဲသို့ သိမ်းဆည်းထားလေ၏။

ဝေလုက ကောင်တာပုဂ္ဂိုလ်၏ လူပ်ရှားမှုကို ပြုံး၍ အကဲခတ်ပြီးနောက် အလုပ်သမားလေး ခွေးနီက အခန်းရှိရာသို့ ခေါ်ဆောင်သဖြင့် အပေါ်ထပ်သို့ တက်ခဲ့၏။ အတွင်းလှေကားအတက်အဆင်းတွင် အသက်နှစ်ဆယ်ခန့်ရှိ အပျံစား ဖီးလိမ်းပြီး ခေတ်ဆန်ဆန်ဝတ်ဆင်ထားသော မိန်းမချောလေးနှင့် ဆုံမိလိုက်ကြသည်။

“အနိုပ်စားလေးပါလား၊ မင်းသိလား - ချာတိတ်”

အခန်းနံပါတ် ၉ ထဲရောက်လျှင် ခွေးနီထံ စူးစမ်းလိုက်၏။

“ဒီမှာ သုံးကြိမ်လောက် လာတည်းခဲ့ဖူးတယ်၊ အဲဒီ - အစ်မနာမည်က စာရင်းစာအုပ်ထဲမှာ ခင်ချစ်မုန်းတဲ့”

“ဘယ်နေ့က ရောက်လာလဲ၊ ဘာကိစ္စနဲ့ ထင်သလဲကွာ”

“မနေ့ကစပြီး ရောက်တာ၊ ဒီမှာသုံးလေးရက်လောက် နေလိမ့်မယ်ထင်တယ်၊ ဒီမှာ လာအလုပ်လုပ်တာပေါ့ဗျာ၊ ဦးလေးကလည်း အဆန်းလုပ်လို့ဗျာ၊ ဒါမျိုးတွေရိုးနေပြီဗျ၊ ဘယ့်နှယ်လဲ - တွေ့ချင်တယ်ဆိုရင် ကျွန်တော့်ပြောလေ၊ ဟီးဟီး”

လူလည်ကလေးခွေးနီကစပ်ပြီးပြီးနှင့်ပြောလိုက်ရာဝေလုကာသဇော ကျသွား၏။

"လိုအပ်ရင် မင်းပဲ အားကိုးရမှာပေါ့ကွာ"

အခန်းထဲမှ ခွေးနီ ပြန်ထွက်သွားလျှင် ဝေလုသည် အခန်းတံခါးသော့ အိမ်များ တပ်ဆင်ထားပုံများကို လေ့လာ၏။ ပြီးနောက် တခြားအခန်းများ၏ ပိတ်ထားသော တံခါးရွက်များ၏ သော့အိမ်တပ်ဆင်ပုံများကို မသိမသာ လမ်းလျှောက်ရင်း လေ့လာကြည့်လိုက်သည်၊ ထို့နောက် ဝတ်စုံနှစ်စုံ ထည့်ထားသော အတက်ချိကေ့စ်ကို ခေါင်းရင်းမွေ့ရာအောက်တွင် မှတ်ထားလိုက်ပြီး အခန်းတံခါးအပြင်မှ သော့ခတ်လျက် အောက်ထပ်စည်းခန်း သို့ပြန်ဆင်းခဲ့သည်၊

ညနေစောင်းအချိန်ရောက်လာချိန်တွင် စည်သည်များ တဖွဖွဝင်ရောက် လာကြ၏။ ဝေလုသည် ကြိမ်ကုလားထိုင်တွင်ထိုင်ရင်း ဝင်လာသမျှသော စည်သည်များဆီသို့ သိမ်းငှက်မျက်လုံးနှင့် ဖိတိုဂရေးမျက်မှန်ထဲမှ ဂူးစူးရှရှ စိုက်ကြည့်ပြီး အကဲခတ်နေသည်၊

မန္တလေးမြို့တော်ကြီးသည် စီးပွားရေးအရျက်အရာကျသော အထက် ပိုင်းမြို့တော်ကြီးဖြစ်၏။ မြစ်ကြီးနား၊ မိုးကုတ်လမ်း၊ မေမြို့လမ်း၊ ရန်ကုန်လမ်း၊ ပုံရွာ၊ ရွှေဘိုလမ်းများ၏ လမ်းအသွယ်သွယ်ဆုံရာဖြစ်၍ ယခုလို ညအမှောင် ဘက်သို့ရောက်လျှင် ခရီးသွားစည်သည်မှန်သမျှ မြို့တော်ကြီးတွင် စားကြ သောက်ကြ ညတစ်ညတော့ အပန်းဖြေနားခိုကြရလေတော့၏။

ညမှောင်လာလေ လမ်းပေါင်းစုံမှစည်ပေါင်းစုံ စန္ဒာတည်းခိုခန်းထဲသို့ ဝင်လာနေဆဲပင်။ ယောကျ်ား မိန်းမများသည် လူပ်လူပ်ရွရွသွားလာ ဖြတ် သန်းသောအသံများပေါ်ထွက်လာနေသည်၊ ဝေလုသည် စည်သည်ပေါင်း စုံအထဲမှအသက်လေးဆယ်ကျော်ခန့်ရှိဂင်တိုတိုလူတစ်ယောက်အပေါ်သို့ အာရုံဝင်စားမိလိုက်၏။

ဝင်လာသူများထဲတွင် သူသည် ထူးခြားနေ၏။ ဒါကလည်း ဝေလု၏ လူကဲခတ်နည်းအတတ်ပညာပင်၊ ထိုလူမှာ ချည်အင်္ကျီပြာ ခပ်နွမ်းနွမ်း၊ ချည်လုံ

ချည်တစ်ပတ်နွမ်းနှင့် ဖိုသီဖတ်သီ ဝတ်ဆင်ထား၏။ နေလောင်ထားသော အသားအရေ၊ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲ ပေါက်နေ၏။ စစ်သုံးကျောပိုးအိတ်ဟောင်းတစ်လုံးကို ကျောပိုးလွယ်ထား၏။ လွယ်အိတ်မှာ ပြည့်ဖောင်းနေ၏။

ခပ်နွမ်းနွမ်းအလုပ်ကြမ်းသမားဟု သာမန်မျက်လုံးနှင့်မြင်နိုင်၏။ ထို လူ့အပေါ်၌ စိတ်ဝင်စားစရာတစ်ကွက်မျှ တွေ့မြင်နိုင်ကြမည် မဟုတ်ချေ။ မည်သို့ပင်ပြင်ပအပြင်အဆင်သွင်ပြင်သည် စိတ်ဝင်စားစရာမရှိသော်လည်း ဝေလု၏မျက်လုံးက ထိုလူ၏ လည်ပင်း၌ဆွဲထားသော မပေါ်တပေါ်ရွှေဆွဲ ကြိုးကို လှမ်းမြင်လိုက်ရသည်။ အနည်းဆုံး ရွှေနှစ်ကျပ်သားထက်မလျော့ နိုင်ချေ။ ပြီးတော့ ကျောက်စိမ်းသားလက်စွပ်ကွင်းကို ဘယ်လက်ခလယ် တွင် ဝတ်ဆင်ထား၏။

ထိုလူအပေါ်ထပ်သို့ လှေကားမှတက်သွားလျှင် ဝေလုက ခွေးနီကို အနားသို့လှမ်းခေါ်၏။ လက်ဖမ်းဆွဲလိုက်ရင်း ခွေးနီလက်ဝဲထဲသို့ ငွေတစ် ရာတန် တစ်ရွက်ကပ်ထည့်ပေးလိုက်သည်၊

"အဲဒီလူကို စုံစမ်းပေးစမ်းပါ"

ခွေးနီက ချက်ချင်းသတင်းလာပေး၏။

"မိုးကောင်းက ဦးဇော်လတ်"

"အခန်းနံပါတ်"

"တစ်ဆယ့်ငါး"

"အေးကွာ၊ ဒါပါပဲ ကျေးဇူးတင်ပါတယ်"

"လိုချင်တာရှိရင် ပြောပါဦးလေး"

ခွေးနီအား စည်းရုံးထားမိပြီး ဝေလုသည် အပေါ်ထပ်သို့ ပြန်တက်ခဲ့၏။ အခန်းနံပါတ် ၁၅၊ ဇော်လတ်အခန်းတံခါးပိတ်ထားသည်ကို တစ်ချက်လှမ်း

ရောက်လေ့လာနေထိုင်ခဲ့ဖူးသဖြင့် အတွေ့အကြုံ အနည်းငယ်ရှိလေသည်။ ဇော်လတ်ဆိုသူအပေါ် စဉ်းစားရင်းမှ ပက်လက်လှန်လျက် မိမိ၏အခန်း သော့တံကို လက်ဖြင့် ပွတ်နေမိ၏။ သော့တံ၏ရိုတ်ကြိုးကို ပလတ်စတစ် အဖြူရောင် အပိုင်းပြားငယ်နှင့် တွယ်ထပ်ထားပြီး အခန်းနံပါတ် ၉ ရေးထား၏။

"ဖြောက်"

ရုတ်တရက်ဇော်လတ်အကြောင်း ဇဝေဇဝါနှင့်ပိုင်ပိုင်နိုင်နိုင် မထုံးဖြတ်နိုင်သည်ကို ဖြတ်လိုက်ပြီး အကြံတစ်ချက်ပေါ်လာသဖြင့် လက်ဖျောက်တစ်ချက်တီးလိုက်သည်။ ဖွင့်ထားသောအတက်ရီကေ့စ်ကို ပြန်ပိတ်ထားလိုက်ပြီး မွေ့ရာအောက်တွင် ပြန်ဝှက်ထားလိုက်၏။ မိမိ၏အခန်းတံခါးရွက်ကို အတွင်း၌ချက်မကျအောင် အသာဟန်မပျက် ပြန်ဖေ့ပိတ်ထားပြီး အခန်းကိုသော့မခတ်ပဲ အောက်သို့ဆင်းလာသည်။ ဦးဇော်လတ်၏ အခန်း ၁၅ ၏တံခါးကို တိုးတိုးခေါက်ကြည့်၏။ မဖွင့်ချေ။ နောက်ခပ်ပြင်းပြင်းခေါက်ကြည့်ပြန်၏။ အတွင်းမှ လူပ်ရှားမှုအသံ လုံးဝမပြသဖြင့် စိတ်ချသွား၏။ အောက်ထပ်ဆင်းလာသည်။

စည်ကောင်တာတွင် မန်နေဂျာထိုင်နေဆဲပင်၊ ဝေလုသည် စည်ခန်းကုလားထိုင်တွင် တခြားစည်သည်များနှင့် ရောနှော၍ထိုင်ရင်းစားပွဲခုံပေါ်မှ သတင်းစာကိုယူပြီး ဖြန့်ကြည့်လေ၏။ ဟန်ဆောင်ကိုင်၍ မျက်နှာကို အကာအကွယ်ယူပြီး ကောင်တာစားပွဲနောက်ကျော အုတ်နံရံပေါ်ရှိ အခန်းသော့တံများ နံပါတ်ကွက်တိုင်း ရိတ်ဆွဲထားသည့် သစ်သားဘုတ်ပြားကြီးဆီသို့ စူးစိုက်လေ့လာနေသည်။ လွတ်နေသော အခန်းသုံးခန်း၏ သော့တံသုံးစုံတွဲသာ ကျန်ရှိတော့၏။ ငှားပြီးသော သော့တံမိတ္တူချောင်းများကို ဘုတ်ပြားတွင်ရိတ်မထားပဲ ကောင်တာစားပွဲ၏အံဆွဲထဲတွင်အားလုံးထည့်သိမ်းထား၏။

"ဆရာ၊ ဘာကြီးက ငွေသိမ်းပြီး စည့်စာရင်းပါယူလာခဲ့ပါတဲ့"

ခွေးနီဝင်လာပြီး ကောင်တာမန်နေဂျာကို လာပြော၏။

ကြည့်ပြီး မိမိအခန်းကို သော့ဖွင့်ဝင်လာ၏။ တစ်ဖန် မိမိ၏အတက်ရီကေ့စ်ကိုဖွင့်လိုက်၏။ အပေါ်ယံတွင် ဖြန့်ထည့်ထားသော အဝတ်အစားတစ်စုံကို ဆွဲထုတ်လိုက်၏။ အောက်တွင် မာစတာကီးသော့အိတ်၊ ဘက်ထရီတပ်ဆင်ထားသော ခြောက်လက်မခန့်ရှိ လွန်ပူစက်တစ်ခုနှင့်အရွယ်အစားမျိုးစုံပါဝင်သော လွန်ပူတံအိတ်ငယ်၊ ပလာစတာအမှုန့်ထုပ်နှင့် ပုံစံခွက်ငယ်တစ်ခွက်၊

"အင်း ... ဒီလက်နက်တွေကိုနောက်ဆုံးအဆင့်ကျမှ အသုံးပြုရင် ကောင်းမယ်"

ဖောက်ထွင်းဝိဇ္ဇာ ဝေလုသည် ခုတင်ပေါ်တွင် လှဲလျောင်းရင်း အကြံထုတ်နေသည်။ မိမိပစ်ကွင်းထဲသို့ ရွေးချယ်ထားသော ဇော်လတ်သည် အမှုန်တကယ်ကောမိမိ၏သားဖောင်ဟုတ်မဟုတ်ကိုပါပြန်လည်သုံးသပ်နေမိ၏။ ဗားကန်တွင် မိတ်ဆွေ ကျောက်သမားများနှင့်အတူ ငါးရက်သွား



"အင်း....
ပြစ်ကြီးနှာ၊ မိုးကောင်း
ဘက်ဆီကဆိုတော့
ငါက အစိမ်းတုံး
များရမလားလို့ ထင်နေတာ၊
အခုတော့"

"ဒီလိုဆို ငါလည်း ညစာထမင်းတက်စားလိုက်ဦးမယ်၊ ဘချစ်ကို လွှတ်လိုက်မယ်၊ ကောင်တာမှာမင်းခဏ စောင့်နေသိလား။ ဈေးသည်လာရင် ခဏစောင့်ခိုင်းထား"

မန်နေဂျာသည် ငွေထုပ်နှင့်အတူ ကောင်တာအခန်းမှ အပြင်ထွက်ပြီး ရှစ်ထပ်တိုက်ကြီး၏ ဗဟိုအတက်အဆင်းလှေကားမှ အပေါ်ထပ်များဆီသို့ တက်သွားရချိန်၊ ကောင်တာစားပွဲတွင် လူစားမဝင်လာမီ ခွေးနီက ကောင်တာတွင်ဝင်ထိုင်လိုက်လေ၏။ ဝေလုသည် အချိန်မဆွဲပဲ ထိုင်ရာမှထ၍ ကောင်တာစားပွဲအနီး ချဉ်းကပ်လိုက်၏။

"ဦးလေး။ ဘာကူညီရမလဲ"

"အားလုံး ပြည့်စုံပါတယ်ကွာ၊ မင်းတို့ဆီတည်းရတာ စိတ်ချမ်းသာတယ်၊ ဈေးသည်တွေ များသားပဲ"

"ဟုတ်ကဲ့၊ အခန်းလွတ်တောင် သုံးခန်းပဲ ကျန်တော့တယ်၊ ဒီမှာက ဆူဆူညံညံ မရှိဘူး"

"ဟော... စီးကရက်လည်း ကုန်သွားပြီ၊ လန်ဒန်တစ်ဘူးရောင်းကွာ"

"ကျွန်တော်တို့မှာ စီးကရက်မရှိဘူး"

"ဒါဖြင့် ဒီနားမှာရှိလား၊ ငါ့ကို လန်ဒန်တစ်ဘူးလောက် ထွက်ဝယ်ပေးပါလား။ ရော့... ငါးရာ၊ ပိုတာမင်းယူလိုက်"

ခွေးနီမှာ ပြုံးသွား၏။ ပိုငွေရမည်မို့ကောင်တာမှ ချက်ချင်းအပြင်ထွက်သွားတော့၏။ ဝေလုသည်ကောင်တာအတွင်းဖျတ်ခနဲဝင်လိုက်ပြီးအံဆွဲတဲရှိ နံပါတ် ၁၅၊ သော့တန်ကိုရှာဖွေယူကာ မိမိ၏ ၉ သော့တံကို ရောမွှေမှောက်ထားလိုက်၏။ သော့တံအရေအတွက်ပြည့်နေဆဲပင်၊ ခင်မုန်းချစ်အပြင်မှ ပြန်ဝင်လာသဖြင့် ဈေးဝယ်ဧည့်ခန်းထဲရှိလူအားလုံးမှာ သူမ၏ မပေါ့တပေါ်ခန္ဓာကိုယ်လုံးဆီသို့ မျက်လုံးများရောက်နေကြသည်။

ဝေလုသည် ကောင်တာမှပြန်ထွက်သွားပြီး ကုလားထိုင်တွင် ပြန်ထိုင်လိုက်၏၊ ခွေးနီပြန်ဝင်လာပြီး စီးကရက်ဘူးလာပေး၏။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီးနောက် ခြေလှမ်းမပျက်အပေါ်ထပ်သို့ တက်လာသည်။ စွန့်စား၍

အလုပ်ဝင်ချိန်ပြီး၊ အခန်းနံပါတ် ၁၅၏ တံခါးရွက်ကို အသံနိမ့်၍ သုံးချက်ခေါက်ကြည့်လိုက်၏။ အောက်ထပ်သို့ မဆင်းမီက တံခါးခေါက်ကြည့်၍ အခန်းထဲတွင် လူမရှိကြောင်းသိရသော်လည်း အကယ်၍များ ရေချိုးခန်း၊ အိမ်သာခန်းထဲ ထိုစဉ်က ရောက်နေခဲ့သော် အတွေးသံသယရှိ၏။ တံခါးဖွင့်၍ ဇော်လတ်နှင့်ရင်ဆိုင်လျှင် မည်သို့ အဖြေပေးရမည်ကိုလည်း အဆင်သင့်ပြင်ဆင်ထား၏။ မခက်ပါ၊ အလွန်လွယ်ကူ၏။ အခန်းမှား၊ လူမှားခေါက်မိပြီး တောင်းပန်ရုံနှင့်ပြီးသည့် လက်သုံးသိဝရီမဟုတ်ပါလား။

အခန်းအတွင်းမှ အသံမကြား၊ ထပ်မံပြီး ကျယ်ကျယ်ခေါက်ကြည့်ပြန်၏။ တုံ့ပြန်သံမကြား၊ ဤတွင် နံပါတ် ၁၅ သော့တံဖြင့် ဖြည်းညင်းစွာလှည့်ပြီး တံခါးရွက်ကို သော့ဖွင့်လိုက်သည်၊ ထင်သည့်အတိုင်း ဇော်လတ်လုံးဝမရှိ၊

"သူ ဘယ်ပျောက်နေလဲ"

"လူမတွေ့ပဲ အဓိကပစ္စည်းတွေနှိပ်ပဲ ဖြစ်၏။ ခုတင်အောက်သို့ ငုံကြည့်၏။ ရှင်းနေ၏။ ထို့နောက် မွေ့ရာအောက်ကိုလှန်ကြည့်ရာ သော့ဝှေလောက်ငယ်ခတ်ထားသော ကျောပိုးအိတ် ၀က်ထားသည်ကိုမြင်တွေ့ရ၏။ ဝမ်းသာသွား၏။ ချက်ချင်း ဟစတာကီးဖြင့် ဖွင့်ကြည့်ရာ ထင်တာနှင့် တခြားစီ ဖြစ်နေ၏။

"အင်း... မြစ်ကြီးနား ဝိုးကောင်းဘက်ဆီကဆိုတော့ ငါက အစိမ်းတုံးများရမလားလို့ ထင်နေတာ၊ အရုတော့"

ငါးရာတန် ငွေစက္ကူအုပ်များ အိတ်အပြည့်ရှိနေ၏။ ပြီးတော့ ပစ္စတိုတစ်လက်၊

အချိန်မဆွဲတော့ပဲ ကျောပိုးအိတ်ကိုလွယ်လျက် အခန်းသော့ပြန်ခတ်ကာ ထွက်လာ၏။ မိမိ၏အခန်း ၉ တံခါးကို မူလကတည်းက သော့မခတ်ခဲ့ပဲ စေ့ရံသာ ကြိုတင်စေ့ထားခဲ့သည်မို့ အဘာဖွင့်ဝင်ခဲ့၏။ မိမိသော့နှစ်ချောင်းမှာ ကောင်တာအံဆွဲထဲမှာ မွေ့ရာပေါ် ငွေစက္ကူသစ်များကို သွန်ချလိုက်၏။ လက်ရေးစာတစ်စောင် ထွက်ပေါ်လာ၏။

"ငနက်ကြီး - ဆရာကြီးခိုင်းတဲ့အတိုင်း ငါ့တာဝန်ပြီးသွားပြီ၊ ဒီအိတ်ကို ဆရာကြီးဆီ မင်းဆက်ပို့ပေတော့"

စာဇတ်ကြည့်မိလိုက်သည်နှင့် သဘောပေါက်သွား၏။ ဇော်လတ်သည် မိမိတာဝန်အဆင့်ပြီး၍ ငနက်ကြီးဆီ ဤအိတ်ကိုရွှေ့ပြောင်းရန်အတွက် ဆက်လက်တာဝန်ပေးထား၏။ အခန်းနံပါတ် ၁၅၊ ဖွင့်ဝင်ရန်အတွက် သော့တံကို ဇော်လတ်သည် တစ်နေရာဆီထွက်ပြီးသွားပေးနေဟန် တူပေ၏။

ချက်ချင်း အချိန်မဆွဲနိုင်ပါ၊ တည်းခိုခန်းသို့ ပြန်ဝင်လာမည့် ဇော်လတ်နှင့် ငနက်ကြီးတို့ကို အမြန်ဆုံးရှောင်မှ ဖြစ်မည်၊ အတက်ချီကေ့စ်ထဲမှ အဝတ်အစားများထုတ်ပြီး ငါးရာတန်ငွေစက္ကူသစ်များကို အမြန်ပြောင်းထည့်၏။ တစ်ဖန် မိမိ၏ အဝတ်အစားများနှင့် ဖောက်ထွင်းပစ္စည်း၊ သေနတ်ကို ဇော်လတ်၏ ကျောပိုးအိတ်ထဲသို့ ပြောင်းထည့်၏။ ထို့နောက် အောက်ထပ်ရှိ ကောင်တာစားပွဲသို့ အကဲခတ်ကြည့်ရာ အန္တရာယ်ကောင် ခွေးနီကို မတွေ့ရပဲ လူစားဝင်ဘချစ်ဆိုသူ ဝင်ထိုင်နေပြီ။



လမ်းကြောင်းရှင်းသည်နှင့် ဝေလုသည် ကောင်တာ၌ အပ်နှံထားသော မိမိ၏ တိုင်းရင်းသားမှတ်ပုံတင်ကတ်ပြားကို ထားရစ်ခဲ့ကာ ကျောပိုးအိတ်ကိုလွယ်လျက် အတက်ချီကေ့စ်ကိုဆွဲပြီး စန္ဒာတည်းခိုခန်းတွင် ညမအိပ်တော့ပဲ စွန့်ခွာ၍ ထွက်လာလေတော့သည်။ ညမှောင်မိုက်လာပြီမို့ မန္တလေးမြို့တော်ကြီးမှာ တဖြည်းဖြည်း အသွားအလာကျဲစပြုလာသည်။ လူရှင်းသော မှောင်ရိပ်နေရာသို့ရောက်လျှင် လွန်ပူနှင့်ပစ္စတိုထည့်ထားသော ဇော်လတ်၏ကျောပိုးအိတ်ကို ရေမြောင်းတစ်ခုထဲပစ်ထားရစ်ခဲ့၏။

လမင်းအိမ်တည်းခိုရိပ်သာ...။

စန္ဒာတည်းခိုခန်းထက် ပို၍သားနား၏။ သန့်ပြန့်၏။ ပို၍ ကျယ်ဝန်း၏။ အထပ်အရေအတွက်ပိုများ၏။ အောက်ထပ်မြေညီခန်းမတွင် အဖျော်ယမ

ကာနှင့် အစားအသောက်အပန်းဖြေ ဆိုင်ခန်းကြီးဖွင့်ထားသဖြင့် ဧည့်သည်များ ပို၍စည်ကားလျက်ရှိ၏။ အခန်းခမှာလည်း ဈေးကြီး၏။ ရောင်စုံမီးတထိန်ထိန်နှင့် အဆင့်မြင့် နောက်ဆုံးပေါ်ဟော်တယ်၊ ဈေးသက်သာသော စန္ဒာထက်ဈေးမြင့်သောလမင်းအိမ်ကခြေရာဖျောက်လို့ကောင်း၏။ လူအုပ်ကြားထဲပုန်းလျှိုခြင်းသည် အန္တရာယ်ကင်း၏။

"နာမည်နဲ့ မှတ်ပုံတင်ကတ်ပြားပေးပါဦး ခင်ဗျာ"

ဧည့်ကောင်တာမှ ပုဂ္ဂိုလ်က ပြောလိုက်ရာ -

"ခြူးရဲမင်း၊ လိပ်စာက ဒီမှတ်ပုံတင်ကတ်ပြားမှာပါတဲ့ လိပ်စာအတိုင်းပါပဲ"

ဝေလုနာမည်ဘဝမှ အချိန်ပိုင်းအတွင်း ခြူးရဲမင်းနာမည်ဘဝသို့ ချက်ချင်း ဘဝပြောင်းသွား၏။ ကတ်ပြားမှ ဓာတ်ပုံတစ်ပုံကို တစ်ချက်ကြည့်ပြီး ဧည့်စာရင်းသွင်းနေ၏။ ထို့နောက် မှတ်ပုံတင်ကတ်ပြားကို သိမ်းယူပြီး တစ်ညတည်းခိုအခန်းခကိုယူ၍ အခန်းနံပါတ် ၂၀ သော့တံကို ပေးလိုက်သဖြင့် ခြူးရဲမင်းသည် အတက်ချီကေ့စ်ကို လက်ဆွဲလျက် အိပ်ခန်းထဲသို့ ဝင်ခဲ့လေသည်။ ခုတင်ပေါ်လဲ့လိုက်၏။

တကယ်တော့ ဝေလုနှင့် ခြူးရဲမင်းနာမည်နှင့်ပါရှိသော လိပ်စာတို့သည် သက်ဆိုင်ရာဌာနမှ တရားဝင်ထုတ်ပေးသော နိုင်ငံသားမှတ်ပုံတင် အစစ်များဖြစ်ကြ၏။ သို့သော် အကြောင်းအမျိုးမျိုးဖြင့် ဒုစရိုက်သမား၏ လက်ထဲရောက်ရှိသွားသည်နှင့် ဓာတ်ပုံကိုပြောင်းကပ်ပြီး ရုပ်ပုံလွှာအတုဖြင့် ပြစ်မှုကျူးလွန်ကြလေသည်။

"ဒီတစ်ခါ လူကဲခတ် ငါမှားသွားပြီ၊ မိုးကောင်းဆိုတာနဲ့ ဥတိုမှော်ထဲက ကျောက်သမားထင်ခဲ့တာ၊ ဝါလို ကိုယ်ပျောက်သမားနဲ့တူတယ် ဟား ဟား။ ဇော်လတ်ဆိုတဲ့ဒီကောင်ဟာဘယ်သူလဲ၊ ပစ္စတိုသေနတ်လည်းတွေ့တယ်၊ ဒီငွေထုပ်ကို ဘယ်သူ့ဆီက ယူခဲ့တာလဲ၊ ဓားပြတိုက်ယူခဲ့လား၊ လူသတ်ယူခဲ့လား၊ ဆရာကြီးဆိုသူကလည်း လမ်းကြောင်းကို အဆင့်ဆင့်တပည့်တွေကို တာဝန်ပေးထားတယ်၊ ဘာပဲပြောပြော ဇော်လတ်ဟာ သူ့တာဝန်သူငွေ

ထုပ်ကို ရအောင်ယူဆောင်နိုင်ခဲ့တဲ့ လူသတ်သမားပဲ၊ အင်း... ဇော်လတ်ရေ မင်းက တယ်ပြီ၊ ငါက စောရဲ၊ ကတုံးပေါ်ထိပ်ကွက်ပြီး ပညာသာသူ အနိုင်ယူ စတမ်းပေါ့ကွာ၊ ဆရာကြီးကိုယ်စား ငါစားလိုက်ရလို့ ကျေးဇူးအများကြီး တင်တယ်ကွာ ဟားဟား"

ရွှေးရဲမင်းသည် စန္ဒာတည်းခိုခန်းထဲတွင် အချိန်မရသဖြင့် ယခုမှ အတက်ရီကော့စ်ထဲမှာ ငါးရာတန် ငွေစက္ကူသစ်များကို ထုတ်၍ စိတ်ရလက် ရာရေတွက်စစ်ဆေးကြည့်လေ၏။ ငွေစက္ကူရွက်ရေပေါင်း သုံးထောင်တိတိ ဖြစ်၏။

"ငါးရာတန် ရွက်ရေသုံးထောင်ဆိုတော့ ဆယ့်ငါးသိန်းပဲပေါ့၊ ဟဲ ဟဲ"

အိတ်ကပ်ထဲတွင် ငွေစက္ကူဟောင်း နှစ်ထောင်ကျော်ကျန်ရှိနေသေး သဖြင့် ငွေစက္ကူသစ်ကို ထုတ်မသုံးသေးပဲ အတက်ရီကော့စ်ထဲတွင် အမှတ် အသားပြုလုပ်လျက် ပြန်ထည့်ပြီး သိမ်းထားလိုက်၏။ ညဆယ်နာရီ ထိုးချေ ပြီ၊ ယခုမှ စိတ်အေးရှိ ဗိုက်ဆာလာ၏။ ရင်ပူလာ၏။ ညစာ မစားရသေးချေ။ အတက်ရီကော့စ်ကို လက်ဆွဲလျက် အခန်းတံခါးသော့ပိတ်ပြီး မြေညီထပ် စားသောက်ဆိုင်ခန်းမထဲသို့ ဝင်လိုက်သည်၊ ငွေဖြန်းနိုင်ကြသော ညစဉ် သည်များက စားသောက်မူးရူး ပျော်ပါးနေကြဆဲပင်၊ စားပွဲခုံအလွတ် တစ်ခု တွင်ထိုင်ပြီး ထမင်းကြော်တစ်ပွဲ မှာလိုက်၏။ ဘီယာ အလွန်ကြိုက်သူဖြစ် သော်လည်း မန္တလေးတောနက်ထဲမှာ မိမိလိုတောမုဆိုးများ ကျက်စားလေ့ ရှိသဖြင့် သတိ ဝီရိယထားနေရ၏။ ကိုယ်ပိုင်သည့် တောနက်မဟုတ်သဖြင့် သတိတစ်ရက်လွတ်လျှင် မုဆိုးဘဝက သားကောင်ဖြစ်သွားမည်၊

"ထိုင်ခုံ အားပါသလားရှင်"

စာတ်လမ်းကစပြီလား မသိ၊ မိန်းမချောလေးနှစ်ဦးစားပွဲခုံအနီးရောက် လာပြီး မေးမြန်းလိုက်သဖြင့် ရွှေးရဲမင်းက မောင်းထုတ်ပိုင်ခွင့်မရှိသဖြင့်

အလိုလို ခေါင်းကိုညိတ်ပြပြီးသား ဖြစ်သွား၏။ တစ်ဆက်တည်း ထိုင်ခုံအား ရွှေရင်း၌ ရထားသော အတက်ရီကော့စ်ကို ယူ၍ ပေါင်ကြားရွှေရင်းအောက် သို့ ရွှေပြောင်းရလိုက်၏။ လုံခြုံမှုကို လက်ဦးအောင်ယူထားမှတော်ပေမည်၊ သတိဆိုတာ ပိုတယ်မရှိ၊

"ဘာစားမလဲ မူယာ"

"ရွှပါကြြက်တာမှာလေ"

"ခေါက်ဆွဲကြော်ပဲ မှာလိုက်မယ်နော်"

မူယာနှင့်ရွှပါဆိုသော မိန်းမချောလေးနှစ်ဦးမှာ ဆယ်ကျော်သက်ရွယ် များပင်၊ ရုပ်ရည်များမှာဖြူဝင်းပြီး ချောမောပါပေ့၊ အဝတ်အစားမှာအရောင် တဖိတ်ဖိတ်နှင့် စန္ဒာကိုယ်လုံးများရှိအဖုအထစ်အလုံးအဝန်းအဖို့အမောက် အချိုင့်အဝှမ်းအား လုံးကို ပကတိအတိုင်း ထင်ရှားပေါ်လွင်နေစေ၏။ ကိုယ် ဘင်းနှံ အဖွမ်းအကြိုင်များကလည်း စားပွဲဝိုင်းတစ်ခုလုံး တလှိုင်လှိုင်ဖုံးနေ သည်၊

"ဒီက အစ်ကို-မူယာတို့ကြောင့် စိတ်အနောင့်အယှက်များ ဖြစ်နေ သလားဟင်၊ အစ်ကို့ပစ္စည်းအန္တရာယ် မရှိစေရပါဘူး၊ စိတ်ချပါ"

"ဟုတ်တယ်၊ ရွှပါတို့ကဒီမှာ အမြဲတမ်းလာတည်းနေကျပါ၊ ကိုယ့်စီးပွား ရေးလုပ်ငန်းကို ဘယ်သိက္ခာအကျခံမလဲ အစ်ကိုရယ်"

မူယာနှင့်ရွှပါတို့နှစ်ဦးက အတက်ရီကော့စ်ကို ပေါင်ကြားရွှေရင်း နေရာ သို့ ရွှေပြောင်းလိုက်သည်ကို ရိပ်စားမိသွားသဖြင့် ရွှေးရဲမင်းအား ချစ်ဖွယ် ကောင်းသော ပါးချိုင့်အပြုံးကိုယ်စီဖြင့် တရင်းတနှီးစတင်၍ စိတ်ဆက်စကား ဖွဲ့ဆိုလာကြသည်၊

"အစ်ကို့အပြုအမူဟာရိုင်းပျကောင်းရိုင်းပျသွားသလိုဖြစ်သွားပေမယ့် သတိအနေအထားတော့ အလိုအပ်ဆုံးလို့ ထင်မိလို့ပါကွယ်၊ ခွင့်လွှတ်ပါ နော်"

"အစ်ကို့ရဲ့ပွင့်လင်းမှုကို ကြိုက်သွားပြီ"

မူယာက ရယ်လိုက်၏၊

"ဘယ်ပြီးကလဲဟင်"

"ရန်ကုန်ကပါ၊ ညီမလေးတို့ကော"

ရွှေးရဲမင်းက စားပြီးသွား၍ လိမ္မော်ရည်သောက်ရင်း -

"ညီမလေးတို့ကတော့ မြန်မာပြည်က တည်းခိုခန်းတွေလိုက်လှည့်နေတဲ့မြန်မာတိုးရစ်ခရီးသည် ညီမတွေပဲ"

မူယာနှင့်ရွှပါတို့က ပြောပြီးရယ်ကြပြန်၏၊ မည်သို့ဆိုစေ ရွှေးရဲမင်း၏ နှလုံးသားထဲ၌ရင်ခုန်မြန်နေခဲ့သမျှယခုမှငြိမ်သက်လာမိတော့၏၊ ရယ်စရာဟာသနှောရ၍ ကြည်နူးစရာအလှအပများ ဖူးပွင့်ဝေနေကြသော လှယမင်းနှစ်ဦးနှင့် တွေ့ဆုံမိကြလေပြီကော၊

"ကိုင်း... ညီမလေးတို့နဲ့ တွေ့ဆုံခွင့်ရတာ ပျော်မိပါတယ်၊ အိပ်စက်ဖို့အတွက် ခွဲခွာခွင့်ပြုပါဦးနော်"

လူအုပ်ကြားထဲ၌ ငွေစက္ကူထုပ်များပါလာသဖြင့် ကြာကြာမနေပဲ စားပြီးသည်နှင့် အန္တရာယ်စက်ကွင်းများမှ ရှောင်ထွက်ခဲ့ရပြန်၏၊ မည်သူကိုမျှ မယုံ၊

"ဟုတ်ကဲ့ အစ်ကို၊ ညီမတို့ အခန်း ၁၃ မှာရှိပါတယ်၊ လာလည်ဖို့လည်း ဖိတ်ခေါ်ပါတယ်၊ ကြုံဆိုလျက်ပါ ကိုကိုရယ်၊ ခစ်...ခစ်"

ရယ်မောရင်း မူယာနှင့်ရွှပါတို့ ကျန်ရစ်ခဲ့ကြ၏၊ ရွှေးရဲမင်းသည် အပေါ်ထပ်အခန်းထဲသို့ပြန်ဝင်လာသည်၊ ခုတင်ပေါ်ပစ်လဲ့ရင်း အနားယူနေ၏၊

"ဒီဆယ့်ငါးသိန်းကို ငါဘာလုပ်ရရင် ကောင်းမလဲ၊ မနက်ဖြန် ဒီပြိုကွေနေ ခြေရာအမြန်ဆုံး ဇော်မှဖြစ်မယ်၊ အခုလောက်ဆိုရင် စန္ဒာမှာ ဇော်လတ်ဆီက တာဝန်လွှဲပြောင်းယူလိုက်တဲ့ ငနက်ကြီးတစ်ကောင်တော့ ရှူးကြောင်ကြောင်နဲ့ အခန်းထဲ ဦးနှောက်စားနေရော့မယ်၊ ဟား ဟား"

ဒီတစ်ကြိမ်မှာ လွယ်လွယ်လေးနှင့် နာရီပိုင်းအတွင်း ငွေဆယ့်ငါးသိန်း ချက်ချင်း လက်ထဲရောက်လာခဲ့၏၊ လွယ်ချင်တော့လည်း ရွှေးမစိုလိုက်ရ၊ ခါတိုင်းဆိုလျှင် ရွှေးပြန်ရုံသာမက ပစ္စည်းရလာလည်း ထုခွဲရသေး၏၊ ငွေ

လည်းပြီးပြီးပြောက်ပြောက်မရ၊ အခု ငွေကြေးအတွက် ဖူလုံသွားပြီမို့ ဖြန်းဖို့ရန်ပဲ ကျန်တော့၏၊ မအိပ်ချင်သေး၊ ညဉ့်ငှက်စောရမင်းသားဖြစ်၍ မျက်စိကြောင်နေ၏၊ ဤတွင် စားသောက်ခန်းမ၌ နီးကပ်စွာ အတူစကားပြောမိခဲ့သော လှယမင်းနှစ်ဦးတို့၏ ကိုယ်သင်းနံ့သာ အပွေးရန်များသည် မိမိကိုယ်တွင် စွဲကပ်ပြီနေဆဲမို့ တစ်ချက်တစ်ချက် ပွေးရန်အငွေ့အသက်များ ပျံ့လွင့်လာနေသလိုပင်၊

အိပ်၍မရသည့်အတူတူစိတ်အဆာ ပျော်ရွှင်မှုလေးကို ပိုးချင်စိတ်ဖြစ်ပေါ်လာ၏၊ ညဆယ့်နှစ်နာရီထိုးခါနီးချေပြီ၊ အတက်ရှိကေ့စ်ကို ဖွင့်လျက် ငါးရာတန်စက္ကူသစ် အရွက်နှစ်ဆယ်ကို ပထမဆုံးပွဲထုတ်ယူလိုက်၏၊ သေချာစွာပြန်ပိတ်ကာ သော့ခတ်ပြီး မွေ့ရာအောက်၌ အမှတ်အသားပြုလုပ်လျက် စိတ်ချစွာ အခန်းထဲမှထွက်လာခဲ့သည်၊ ဖိတ်ကြားထားသော အခန်း ၁၃ ၏ တံခါးရွက်ကို ခေါက်လိုက်၏၊

"ဟော... ကိုကိုပါလား၊ အထဲဝင်လေ"

ရွှေးရဲမင်းကပြုံးလျက် မူယာကိုကြည့်ရင်း ခုတင်ပေါ်မှ ရွှပါမင်းကိုလည်း အပြုံးဖြင့် နှုတ်ဆက်လိုက်၏၊

"ညီမတို့ရဲ့ အိပ်စက်ခြင်းကို အစ်ကိုလာပြီး အနှောင့်အယှက်များ ပြုမိနေသလားလို့"

ထိုင်စရာမရှိသဖြင့် ရွှပါလဲလျောင်းနေသော နှစ်ယောက်အိပ်ခုတင်စွန်းတွင် ဝင်ထိုင်လိုက်၏၊ စီးကရက်ဘူးထုတ်၍ တစ်လိပ်မီးညှိသောက်ရင်း မူယာဆီသို့ လက်ကမ်းပေးလိုက်၏၊

"အိပ်စက်ခြင်းဆိုတာ အချိန်ကာလတစ်ခုရဲ့ သတ်မှတ်ချက်ပါ၊ သတ်မှတ်မထားသူများအဖို့အိပ်စက်ခြင်းနေရာမှာပျော်စရာအချိန်လေးဖြစ်သွားနိုင်တယ် တိုကို"

မူယာက စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိက်ရင်း ပြောပြောဆိုဆို ရွှေးရဲမင်း၏ ဘေးတွင် ပူးကပ်၍ အတူတွဲထိုင်လိုက်သည်၊

"အလွန်လှပတဲ့ စကားလုံးလေးပါလား၊ ဟုတ်ပါတယ်လေ၊ အချိန်ကာလဆိုတာ လူကသတ်မှတ်ကြတာပဲ၊ ရတဲ့အချိန်ကို တန်ဖိုးရှိရှိအသုံးချတတ်ဖို့ပဲလိုတာပေါ့၊ ဟုတ်ဖူးလား"

"အရမ်းမှန်တယ်၊ ညီမတို့နဲ့တွေ့မှ ကိုကိုလည်း စာတတ်လာပြီ၊ ခစ်... ခစ်"

သုံးဦးသားရယ်မိကြလေတော့သည်။

"ကဲ... မူယာရေ၊ ကိုကိုက တို့ဧည့်သည်ကွ၊ ဧည့်သည်လာရင် အိမ်ရှင်က အစွမ်းကုန်ဧည့်ဝတ်ကျေပွန်စွာ ပြုစုရမယ့် ဝတ္တရား ရှိတယ်လေကွာ"

ရှပါကပြောရင်း ခြူးရဲမင်း၏ ဆာဖာရီကုတ်အကျီကို ချွတ်ပေးလိုက်၏။ မူယာက အခန်းထဲမှ မီးချောင်းငယ်ကို မှိတ်လိုက်ပြီး အလင်းအားပျော့ပျော့ မီးလုံးငယ်လေးတစ်လုံးတည်းသာ ထွန်းလင်းထားလိုက်၏။

မကြာမီ ခြူးရဲမင်းသည် နှစ်ယောက်အိပ်ခုတင်ပေါ်ဝယ် လက်ဝဲက ရှပါ၊ လက်ယာက မူယာနှင့် အတူလဲလျောင်းရင်း ရယ်စရာစကားလေးများ ပြောဆိုကြလျက် အပျော်ဆုံးသော ညဉ့်နက်သန်းခေါင်ယံ မိတ်ဆုံစားပွဲကလေးကို သည်းထိတ်ရင်ဖိုစွာ ကျင်းပမိကြလေတော့သည်။



နံနက်ငါးနာရီခွဲမှ လှယမင်းတို့ကို ခွဲခွာ၍ မိမိ၏အခန်းသို့ ပြန်ဝင်လာလေသည်။ သတိရှိသူပီပီ ရှေးဦးစွာ မွေ့ရာအောက်၌ ဝှက်ထားခဲ့သော အတက်ချီကေ့စ်ကိုထုတ်ပြီး ချက်ချင်းသော့ဖွင့်ကြည့်၏။ မူလထားရစ်ခဲ့သည့်အတိုင်းငွေစက္ကူထုပ်များမှာလက်ရာမပျက်ပုံပန်းမပျက်မယွင်းပဲတွေ့လိုက်ရမှ စိတ်အေးသွား၏။

လှယမင်းနှစ်ဦးက တစ်ညလုံးအစွမ်းကုန် ဧည့်ဝတ်ပြုခြင်းကိုခံလိုက်ရသဖြင့် ယခုမှ အိပ်ငိုက်လာမိတော့၏။ တစ်ရေးတစ်မော အိပ်ပြီးနောက်မှ

အေးအေးဆေးဆေး ထွက်တော်မူ လမင်းအိပ်စက်ခန်းမှခွာပေတော့မည် ဟု ဆုံးဖြတ်ချက်ချလိုက်၏။ မကြာမီ ငိုက်မြည်းရာမှ တဖြည်းဖြည်းအိပ်ပျော်လုပြုနေစဉ်-

"ဒေါက်...ဒေါက်...ဒေါက်"

အခန်းအပြင်ဘက်မှ မိမိ၏အခန်းတံခါးကို ခေါက်နေသံကြား၍ ဖျတ်ခနဲလန့်နိုးသွား၏။ လက်ပတ်နာရီကြည့်ရာ နံနက် ၈ နာရီပင် ထိုးနေချေပြီ။

"တယ်ရှပ်တဲ့ ကောင်မလေးတွေပဲ"

ထပြီး မဖွင့်ပေးပဲ မကြားချင်ဟန်ဆောင်၍ ပြိမ်နေ၏။ သူတို့ကို မိမိ၏အိပ်ခန်းထဲသို့လုံးဝ ဝင်ခွင့်မပြုလိုချေ။ အထူးသဖြင့် အတက်ချီကေ့စ်ထဲရှိငွေများအတွက် သူတို့အား လုံးဝမယုံကြည်။ စိတ်မချပေ။ မြင်တွေ့ထားသူများဖြစ်၍မိမိ၏အသက်အန္တရာယ်ကို မိန်းမဉာဏ်မာယာဖြင့် ဒုက္ခလှလှကြီး ပေးစွမ်းနိုင်ပေသည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

ဒုတိယအကြိမ် တံခါးခေါက်သံမှာ ပိုများပြီး အသံပိုပြင်းလာသဖြင့် ဒေါပွလာ၏။ မောင်းထုတ်ရန် ခုတင်ပေါ်မှ ဆင်းလာပြီး တံခါးကို ဖွင့်ပေးလိုက်ရာ လှယမင်းတို့ မဟုတ်။

"ဝင်ခွင့်ပြုပါ ဦးခြူးရဲမင်း ခင်ဗျား၊ ကျွန်တော်က ဒီတည်းခိုခန်းက မန်နေဂျာဖြစ်ပါတယ်"

ဟော်တယ် တည်းခိုခန်းမန်နေဂျာကိုယ်တိုင် သိမ်မွေ့စွာဖြင့် ဝင်ခွင့်တောင်းလျက်ရှေ့ဆုံးမှအထဲသို့ဝင်လာ၏။ နောက်မှနေ၍ရဲစခန်းမှူး၊ ရဲသားနှစ်ဦးနှင့် လူကြီးနှစ်ဦးတို့ ဝင်လိုက်လာ၏။

"သြော်...၊ ဘာကိစ္စရှိလို့လဲ ခင်ဗျာ၊ ကြွပါ ထိုင်ပါ"

ခြူးရဲမင်းက ဟန်မပျက်စိတ်ကို ထိန်းချုပ်ထားလိုက်၏။

"ကျွန်တော်နဲ့ ဟောဒီကစခန်းမှူးနဲ့ ရပ်ကွက်လူကြီးများက ဧည့်သည်များကို လိုက်လံစစ်ဆေးနေပါတယ်၊ ဦးခြူးရဲမင်းရဲ့ ပစ္စည်းများကို တဆိတ်

စစ်ဆေးကြည့်ရှုခွင့်ပြုစေချင်ပါတယ်၊ ဝတ္တရားအရပါ"

မန်နေဂျာလူကြီးက မိမိ၏ဥည့်သည်အပေါ်တွင် ရိုသေစွာပြောပြ၏။ ဥည့်သည် စစ်ဆေးရေးဝင်ကြသည်မှာ ဟော်တယ်တည်းခိုခန်းတိုင်း၌ ဆောင်ရွက်နေကျ လုပ်ငန်းကိစ္စဖြစ်သဖြင့် အထူးအဆန်းမဟုတ်သဖြင့် စိတ်အေးသွား၏။

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော့်မှာ တခြားဘာအိတ်ပစ္စည်းမှ မပါပါဘူး၊ ဟောဒီက အတက်ချီကေ့စ်တစ်လုံးပဲ ပါပါတယ်၊ ဒီထဲမှာလည်း ကျွန်တော့် ကိုယ်ပိုင်ငွေထည့်သိမ်းထားတယ်"

ရွှေရဲမင်းသည်အပြုံးမပျက်အတက်ချီကေ့စ်ကို သေချာဖွင့်၍ပြသလိုက်၏။ ငွေငါးရာတန်ထုပ်များ အပြည့်ဖြန့်ထည့်ထားသည်ကို စခန်းမှူးက လုံးဝ လက်ဖျားနှင့် မတို့ထိပဲ ကြည့်ရှုပြီး -

"အခုလို စစ်ဆေးခံလို့ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ စိတ်မရှိပါနဲ့ ဒီငွေတွေက ဘယ်လောက်ရှိသလဲ"

"ဆယ့်ငါးသိန်း"

"ခင်ဗျားချီကေ့စ်ကို ပြန်ပိတ်လိုက်နိုင်ပါပြီ"

ရွှေရဲမင်းက အတက်ချီကေ့စ်ကို သေချာပြန်ခတ်လိုက်၏။ ရင်ထဲတွင် အေးချမ်းသွား၏။ ယခုထက်ထိ တစ်ဦးနှင့်တစ်ဦးစကားအမှားအယွင်း မရှိသဖြင့် လူကြီးများအားလုံးက စိတ်ကျေနပ်မှုရှိနေကြပြီကို အကဲခတ်မိလိုက်၏။

"ဒါနဲ့ စိတ်မရှိပါနဲ့၊ ဒီလောက်များတဲ့ ငွေတွေဟာ ဘယ်သူ့ငွေတွေလဲ"

စခန်းမှူးက ရုတ်တရက်ထပ်မေးလိုက်ရာ စန္ဒာတည်းခိုခန်းမှ ဧော်လဲတ်၏ ရုပ်ပုံလွှာကို ဖျတ်ခနဲမြင်လာ၏။ ဇကာန္တ စန္ဒာမှာပြဿနာတက်နေပြီဟု စဉ်းစားလိုက်မိသည်၊ လေ့ကျင့်၍ ကျင့်သားရထားပြီးသည့် အတိုင်း ရွှေရဲမင်းသည် လက်ငင်းအန္တရာယ်စက်ကွင်းမှ အပြုံးဖြင့် ရုန်းထွက်လိုက်လေပြီ။

"ဘယ်သူ့ငွေမှ မဟုတ်ပါဘူး၊ ကျွန်တော်တစ်ဦးတည်း ပိုင်တဲ့ငွေပါ၊ မန္တလေးမှာ ပစ္စည်းဝယ်မလို့ ရန်ကုန်က တက်လာခဲ့တာပါ။ ကျွန်တော်ပိုင်တဲ့ငွေတွေချည်းပါပဲ"

"ခင်ဗျားကို ကျွန်တော်ခြိမ်းခြောက်ပြီးမေးခြင်း မဟုတ်ပါဘူး၊ ရိုးသားစွာ အမှန်အတိုင်း နောက်ဆုံးဖွင့်ပြောပါ၊ ဒီငွေ ဆယ့်ငါးသိန်းဟာ ဘယ်သူ့ငွေလဲ"



"ဟာဗျာ၊ ကျွန်တော့် ကိုယ်ပိုင်ငွေတွေပါ၊ ကျိန်တွယ်ပြီး ငြာရဲပါတယ်"

"ကိုင်း... မန်နေဂျာကြီး၊ ခင်ဗျားကိစ္စ ပြောပြလိုက်ပါ"

စခန်းမှူးက အကြိမ်ကြိမ်စစ်မေးပြီးနောက် ပြောလိုက်သဖြင့်ဟော်တယ်၊ မန်နေဂျာကြီးက သူ့အိတ်ကပ်ထဲမှ စတ္တူအိတ်ကို ထုတ်၍ထိုအိတ်ထဲမှ ငွေငါးရာတန် အသစ်ကျပ်ရွတ် ငွေစက္ကူများကို ပြရင်း -

"ဒီလိုပါ၊ ဧောဧောလေးကပဲ အခန်းနံပါတ် ၁၃ မှာတည်းခိုနေကြတဲ့ မူယာနဲ့ရွှမိုဆိုတဲ့ မိန်းကလေးနှစ်ယောက်က ဟောဒီ ငွေငါးရာတန်စက္ကူရွက်တွေနဲ့သူတို့တည်းခငွေကို နောက်ထပ်တိုးရက်တွက်ပြီး ပေးတယ်၊ စားသောက်ကြတယ်၊ သူတို့ သုံးစွဲပေးနေတဲ့ ငွေစက္ကူရွက်တွေကို မသင်္ကာလို့ စစ်ဆေးကြည့်တော့ ငွေငါးရာတန် စက္ကူအတုတွေချည်းပါပဲ"

"ဗျာ"

ရွှေရဲမင်းသည် ကမ္ဘာမြေပြင်ကြီးတစ်ခုလုံး လျော်လှုပ်ခါယမ်းသွားသကဲ့သို့ အိပ်ခန်းတစ်ခုလုံးလည်း အိုးထိန်းစက်ကဲ့သို့ ရွာရွာလည်သွားလေပြီကော၊

"သူတို့နှစ်ဦးကို စခန်းမှူးကြီးက ဖမ်းပြီးစစ်ဆေးတော့၊ ညက ခင်ဗျား

ဆီက ဒီငါးရာတန် ငွေစက္ကူအရွက်နှစ်ဆယ်ရခဲ့တာလို့ အစစ်ခံတယ်၊ ဘယ်နယ့်လဲ"

"ဒီလိုဆိုရင် ဟောဒီအတက်ချီကေ့စ်ထဲက ငွေဆယ့်ငါးသိန်း"

"ဟုတ်ပါတယ်၊ အားလုံး ငွေငါးရာတန်အတုတွေချည်းပါပဲ၊ ဒါကြောင့် ဝင်ငွေးကို ငွေစက္ကူအတုကိုင်ဆောင်မှု၊ ကိုယ်တိုင်သုံးစွဲမှုနဲ့ အရေးယူရပါလိမ့်မယ်"

စခန်းမှူး၏ စကားအဆုံးတွင် ရဲသားများက ခြူးရဲမင်း၏ လက်နှစ်ဖက်ကို ပူးလျက် လက်ထိတ်ခတ်လိုက်လေ၏။ တစ်ဆက်တည်း အိပ်ခန်းထဲမှ ခေါ်ဆောင်၍ အောက်ထပ်သို့ ဖမ်းဆီးပြီး ဆင်းခဲ့ကြသည်။

လမင်းအိပ်ရိပ်သာစခန်းမှအတွက် အဆင်သင့်စောင့်ကြိုနေသော ရဲကားကို တွေ့ရ၏။ ကား၏နောက်ဘက်ခန်းတွင် မူယာနှင့်ရှပါ လှယမင်းနှစ်ဦးက သူအားကြိုတင်စောင့်မျှော်နေကြသည်ကို တွေ့. မြင်လိုက်ရသဖြင့် ခြူးရဲမင်းမှာ မိမိ၏ကံကြမ္မာအဖြစ်ကို မိမိသဘောကျလျက် ဟက်ဟက်ပက်ပက်ရယ်လိုက်မိတော့၏။

ရဲကားပေါ်သို့တက်လိုက်လျှင် မူယာနှင့်ရှပါတို့နှစ်ဦးက အပြုံးကိုယ်နှင့် သူတို့နှစ်ဦးအကြား ဝင်ထိုင်စေရန် နေရာချပြီး ရွှေဖယ်ပေးလိုက်ကြလေတော့သည်။ လှယမင်းနှစ်ဦးကြားတွင် ခြူးရဲမင်းက ပြုံးပြီး...

"ကျေးဇူးတင်ပါတယ်"

ဇော် တက္ကထိုလ်မောင်ဇော်ဆွေ



သရေရှိ ဆရာဝန်ကတော်အဖြစ် မျက်နှာပွင့်မည်မှာ စကန်ဖြစ်သည်၊ နောက်တစ်ဦးမှာ ရန်အေးဖြစ်သည်၊ ရန်အေးမှာ မိဘမျိုးရိုးက ချမ်းသာကြွယ်ဝသူဖြစ်၍ ဘွဲ့ရသည်နှင့် မိဘ၏ စီးပွားရေးလုပ်ငန်းကို ဦးစီးလုပ်ကိုင်ခဲ့သည်၊ သူဌေးသားနှင့် လက်ထပ်ရပါက မြို့ပေါ်တွင် အချမ်းသာဆုံးစာရင်းဝင် သူဌေးကတော်ဖြစ်တော့မည်၊ ဘဌေးနှင့်အိမ်ထောင်ဘက် မရသော်လည်း ရန်အေးနှင့် အိမ်ထောင်ဘက်ရပါက အနှုံးမရှိနိုင်ဟု ယူဆပါသည်၊ နောက်ဆုံးတစ်ဦးမှာ စစ်အောင်ဖြစ်သည်၊

ဘဌေးတို့နှင့်အတူ ဆယ်တန်းအောင်ပါသော်လည်း မိဘက တတ္တသိုလ် မပို့နိုင်၍ မူလတန်းဆရာ ဝင်ရောက်လုပ်ကိုင်ခဲ့သည်၊ တတ္တသိုလ်ပညာကို အပြင်က ကြိုးစား၍ဖြေဆိုသဖြင့် ဘွဲ့ရခဲ့သည်၊ သူ၏ ရိုးသားမှုကြောင့် အထက်တန်းပြဆရာ ဖြစ်ခဲ့သည်၊ စာသင်ရာတွင် နာသုံးနာကို လက်ကိုင်ထားသူဖြစ်၍ ပညာရေးလောကတွင် နာမည်ကောင်းရခဲ့သည်၊ စစ်အောင်ကို သမက်တော်ရှင်သောမိဘများ၊ ကြင်ဇက်လိုသော ကျောင်းသူများစွာ ရှိပါသည်၊ စစ်အောင်ကမူငယ်စဉ်ကသံယောဇဉ်ရှိခဲ့သူ ခင်လပြည့်မှလွဲ၍ မည်သူကိုမှ စိတ်မဝင်စားခဲ့ပါ၊ ခင်လပြည့်ကို စိတ်ဝင်စားနေမှန်းသိ၍ သူငယ်ချင်းများက ခင်လပြည့်ကို တိုက်တွန်းသော်လည်း ခင်လပြည့်က ဘဌေးနှင့်ရန်အေးတို့လောက် နေရာ မပေးခဲ့ပါ၊ ခင်လပြည့်၏ မိဘများကပင် စစ်အောင်ကို သဘောကျသော်လည်း ခင်လပြည့်ကစိတ်ဝင်စားမှု မပြခဲ့ပါ၊

ဘဌေးနှင့်ရန်အေးတို့ခင်လပြည့်၏ မေတ္တာကိုရဖို့ အပြိုင်ကြိုးစား နေကြချိန် စစ်အောင်က မင်းကြိုက် စိုးကြိုက် သူနှင့်လားလားမှ မထိုက်ဟု ခံယူကာ အားငယ်ခဲ့ရသည်၊မမျှော်လင့်ပဲ ဘဌေးနှင့် ရန်အေးတို့ ရန်ပွဲဖြစ်ခဲ့သည်၊ ရန်အေး၏ လက်ချက်ဖြင့် ဘဌေးစိုးရိမ်ရသည့် အခြေသို့ ရောက်ခဲ့ရသည်၊ တစ်ပြိုလုံး စိတ်ဝင်စားပြီး ထင်မြင်ချက်အမျိုးမျိုးပေးလျက် ရှိကြသည်၊ အကယ်၍ဘဌေးမသေပါက ရန်အေး ထောင်ရောက်ရည်ကျတော့မည်၊ ထို အခြေသို့ရောက်ခဲ့ပါက ခင်လပြည့်အတွက်ရွေးချယ်ရန်မှာ စစ်အောင်သာရှိတော့မည်၊

“ လူဆိုသောသတ္တဝါသည် တစ်ခါတစ်ရံ ရိုးသားသည်ဟု ထင်မြင်နေတတ်သော်လည်း တစ်ချိန်ချိန်တွင် အမှိုက်မှောင်ဖုံးလာသောအခါ...

ခင်လပြည့်...

ခင်လပြည့်တွင် ငယ်စဉ်မှစ၍ တပူးတွဲတွဲနေခဲ့ကြသော ယောကျ်ားလေး သူငယ်ချင်း သုံးယောက်ရှိသည်၊ မိန်းကလေးချင်းပင် အပေါင်းအသင်းမလုပ်ပဲ ထိုသူငယ်ချင်းသုံးဦးနှင့်သာ ရင်နှီးစွာနေခဲ့သည်၊ အရွယ်ရောက်၍ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ရမည်ဆိုပါက ထိုသုံးဦးထဲက တစ်ဦးဦးသာ ဖြစ်ရမည်ဟု နားလည်ထားခဲ့သည်၊ သူငယ်ချင်းများကလည်း အရည်အချင်း ကိုယ်စီရှိကြသည်၊ ဘဌေးဆိုသူမှာ ဉာဏ်ကောင်းပြီး ပညာတော်သည်၊ ငယ်စဉ်က အတန်းတိုင်း ပထမရ၍ ဆယ်တန်းကို ခြောက်ဘာသာဂုဏ်ထူးနှင့် အောင်မြင်သည်၊ ဆရာဝန်ဘွဲ့ရပြီး ဇာတိမြို့ ဆေးရုံတွင် တာဝန်ကျသည်၊ ဘဌေးကိုသာ အိမ်ထောင်ဘက် ရွေးခဲ့ပါက မိမိမှာ ဂုဏ်

ဘဋ္ဌေး။

ပညာတတ်သလို အကြံအဖန် ကြိုးစားမှုကြောင့် ဇာတိမြို့တွင် ဆရာဝန်အဖြစ် တာဝန်ယူခွင့်ရခဲ့သည်။ ဇာတိမြေကိုခင်တွယ်ခြင်း၊ သူငယ်ချင်းများအပေါ် ခင်တွယ်မှုထက်ပိုသော ရည်ရွယ်ချက်ဖြင့် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ သူ့ဘဝတွင် အစစအရာရာအောင်မြင်ရန် ရည်ရွယ်ချက်တွင် ခင်လပြည့်က အဓိကဖြစ်သည်။ ခင်လပြည့်၏ မေတ္တာကို လက်ကမ်းရာတွင် ရန်အေးက အနှောက်အယှက် အပြိုင်အဆိုင် ဖြစ်လာသည်။

ငယ်သူငယ်ချင်းဖြစ်သော်လည်း ခင်လပြည့်အတွက် အဆုံးအရှုံးမခံနိုင်ပါ။ စစ်အောင်လို ကျောင်းဆရာအသေးအမွှားကို ထည့်သွင်းစဉ်းစားရန် မလိုသော်လည်း ရန်အေးလို အဘက်ဘက်က ပြည့်စုံနေသူကို လျှော့တွက်၍ မရပါ။ အချစ်ရေးမှာ မတရားတာမရှိဟူသောစကားအရ ခင်လပြည့်ကို သိမ်းပိုက်ဖို့ဆိုပါက အနှောက်အယှက်ဟူသမျှ ဖယ်ရှားရတော့မည်။ ရန်အေးကို သူငယ်ချင်းပီသစွာ အကြိမ်ကြိမ် ညှိနှိုင်းခဲ့သော်လည်း ထင်သလောက် ခရီးမပေါက်ခဲ့ပါ။

နိမ့်ကျသူကို စည်းရုံးရန် မခက်ခဲသော်လည်း ရန်အေးလို လက်ညှိုးညွှန်ရာ ရေဖြစ်နေသူကို စည်းရုံး၍မရနိုင်ပါ။ မည်သို့မှ အဖြေမထွက်သည့်အခါ ဆိုင်တစ်ဆိုင်တွင် နှစ်ဦးကွေ့ဆုံပြီး မျက်နှာချင်းဆိုင် ဆွေးနွေးခဲ့ကြသည်။ထိုသို့ ဆွေးနွေးမှ တစ်ဦးအပေါ်တစ်ဦး ငယ်ကျိုးငယ်နာများ ထုတ်ဖော်အော်ဟစ်ဆဲဆိုရင်း ရန်ပွဲဖြစ်ခဲ့သည်။ အပြန်အလှန် ထိုးကြိတ်ကြရင်း ရန်အေးလဲကျပြီး ပုလင်းများကျကွဲကုန်ပါသည်။

ရန်အေးသည် ပုလင်းကွဲချန်ဖြင့် ဘဋ္ဌေးကိုထိုးလိုက်ရာ ဘဋ္ဌေးဒဏ်ရာပြင်းထန်ခဲ့သည်။ ရန်အေးသည် ဘဋ္ဌေးကို ဆေးရုံသို့ပို့ပြီးမှ အဖမ်းခံရသည်။ အကယ်၍ ဘဋ္ဌေးသာဒဏ်ရာဖြင့် ကွယ်လွန်ရပါက ခင်လပြည့်နှင့် ဝေးရတော့ မည်ကို ဝေဒနာခံစားရင်း စိတ်မကောင်း ဖြစ်နေပါသည်။

ရန်အေး။

စီးပွားရေးလောကတွင် လျှမ်းလျှမ်းတောက် အောင်မြင်နေသူဖြစ်၍ သူကြိုက်သည့် မိန်းကလေးကို ခေါင်းခေါက်၍ ယူနိုင်သည်။ ယခင်က ခင်လပြည့်ကို သူငယ်ချင်းထက် သံယောဇဉ်မရှိခဲ့သော်လည်း ဘဋ္ဌေးက ဆရာဝန်ဘဝနှင့် ခင်လပြည့်ကို ချဉ်းကပ်လာသောအခါ မခံချင်စိတ်ကြောင့် ခင်လပြည့်အပေါ် သဘောထား ပြောင်းခဲ့ရသည်။ အထူးသဖြင့် ဘဋ္ဌေးမရောက်မီက ခင်လပြည့်က မိမိအပေါ် တိမ်းညွှတ်သည့် အမူအရာပြခဲ့သော်လည်း ဘဋ္ဌေးရောက်လာပြီး ခင်လပြည့်တို့အိမ်ကို ချောင်းပေါက်မတတ် အဝင်အထွက်များလာပြီး နှစ်ဦးသား အကြည်ဆိုက်နေသည်ကို ကြည့်မရဖြစ်ပြီး ခင်လပြည့်ကို အပိုင်သိမ်းရန် ကြံရတော့သည်။

ဘဋ္ဌေးကလည်း အလျှော့မပေးပဲ ရန်အေးကိုအမျိုးမျိုးစည်းရုံးလာသောအခါ သူ၏ယုံကြည်ချက် ပိုမိုခိုင်မာလာပြီး နောက်မဆုတ်တော့ပဲ ရှေ့သို့တိုးရန် ဆုံးဖြတ်လိုက်သည်။ဘဋ္ဌေးနှင့်တွေ့တိုင်း အပေါ်စီးမှ မောက်မောက်မာမာ ဆက်ဆံခဲ့သဖြင့် သူငယ်ချင်းနှစ်ဦး၏ ချစ်ကြည်ရေးမှာ ဝေးသထက် ဝေးခဲ့ရပါတော့သည်။ တစ်နေ့ ဆိုင်တစ်ဆိုင်တွင် ဘဋ္ဌေးချိန်းဆို၍ ညစာစားရန်သွားခဲ့သည်။ အရက်သောက်ရင်း စကားများရာမှ အပြန်အလှန်ထိုးကြိတ်ရင်းလဲကျခဲ့ရာမှအနီးတွင်တွေ့သည့်ပုလင်းချွန်ဖြင့်ဘဋ္ဌေး၏ နှလုံးသားကို ထိုးလိုက်မိသည်။

မိမိလွန်သွားကြောင်းသိသည်နှင့် ဘဋ္ဌေးကိုဆေးရုံအရောက်ပို့နိုင်ခဲ့သော်လည်းရဲက ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။ အချုပ်ခန်းတွင်းသို့ရောက်မှပြန်စဉ်းစားရာတွင် ဘဋ္ဌေးသေ၍မဖြစ်ကြောင်းသိလာရသည်။ ဘဋ္ဌေးသာသေပါက မိမိလွတ်လမ်းမရှိနိုင်တော့ကြောင်း သဘောပေါက်သဖြင့် ဘဋ္ဌေးကျန်းမာလာပါစေဟု ဆုတောင်းရုံသာ ရှိတော့သည်။

စစ်အောင်

ငယ်စဉ်ကပင် ရိုးသား ကြိုးစားခဲ့သူဖြစ်၍ လူချစ် လူခင်ပေါများသူ ဖြစ်သည်။ လူတကာကို အကူအညီပေးပြီး လူတိုင်းအပေါ် စေတနာထားသဖြင့် သမီးရှင်များက စစ်အောင်ကို သမက်တော်လိုကြသည်။ ငယ်စဉ်ကပင် မိဘက ဆင်းရဲသဖြင့် ချို့ချို့ငဲ့ငဲ့ ပညာသင်ခဲ့ရသော်လည်း အချိန်တန်တော့ ဘွဲ့ရကာ အထက်တန်းပြဆရာ ဖြစ်ခဲ့သည်။ ကျောင်းဆရာဘဝတွင်လည်း နာသုံးနာနှင့် ကျင့်ကြံနေထိုင်သဖြင့် ကျောင်းသူများရော ရွယ်တူတန်းတူများကပါ စိတ်ဝင်စားခြင်းခံရသည်။ သို့သော် စစ်အောင်က ငယ်သူငယ်ချင်း ခင်လပြည့်အပေါ်တွင်သာ သံယောဇဉ်ရှိသည်ဖြစ်၍ အခြားမိန်းကလေးများအပေါ် လုံးဝ စိတ်ဝင်စားခြင်းမရှိပါ။ ခင်လပြည့်က မိမိထက် ဘဋ္ဌေးနှင့်

သူငယ်ချင်းများအတွက် စိတ်မကောင်းသလိုရှိသော်လည်း စေ့စေ့တွေးမှ မိမိကံကြမ္မာနိုးကြားလာပြီဖြစ်ကြောင်း ရေးရေးပေါ်လာသည်။ စားရကံကြုံ၍ မုတ်ဆိတ်ပျားစွဲခြင်းမျိုးလည်း ဖြစ်နိုင်သည်...



ရန်အေးတို့အပေါ် ပိုမို မျှော်လင့်ချက်ထားမှန်း သိသော်လည်း သူတို့နောက်က ကပ်လိုက်၍၊ အခွင့်သာပါက ကျော်တက်ရန်မျှော်မှန်းထားခဲ့သည်။ မမျှော်လင့်ပဲ ဘဋ္ဌေးနှင့်ရန်အေးတို့ ရန်ပွဲသတင်းကို ကြားလိုက်ရစဉ်က သူငယ်ချင်းများအတွက် စိတ်မကောင်းသလိုရှိသော်လည်း စေ့စေ့တွေးမှ မိမိ ကံကြမ္မာနိုးကြားလာပြီဖြစ်ကြောင်း ရေးရေးပေါ်လာသည်။ စားရကံ ကြုံ၍ မုတ်ဆိတ်ပျားစွဲခြင်းမျိုးလည်း ဖြစ်နိုင်သည်။ အကယ်၍ ဘဋ္ဌေးသာကွယ်လွန်ခဲ့ပါက ရန်အေးလည်းနှစ်ရှည်ထောင်နန်းစံရချေတော့မည်။

ခင်လပြည့်၏ဘေးတွင် မိမိမှတစ်ပါး အခြားမရှိတော့ပြီ မဟုတ်ပါလား။ မိမိကိုကုသိုလ်ကံကမျက်နှာပေးချိန်ရောက်ပြီထင်သည်။ ဘဋ္ဌေးမှာနာမည် ရဆရာဝန်တစ်ဦးဖြစ်၍အသက်မသေအောင်ဆေးရုံကကြပ်မတ်ကုသပေးမည်မှာအမှန်ဖြစ်သည်။ အပြုအစုအကုအသကောင်းလျှင် ဘဋ္ဌေးပြန်လည် ကျန်းမာလာနိုင်သည်။ ဘဋ္ဌေးပြန်လည် ကျန်းမာလာသည့်နှင့် မိမိရရှိမည့် အခွင့်အရေးများ ပြန်လည်မှေးမှိန်သွားနိုင်သည်။

ဘဋ္ဌေးအသက်မသေပါက ရန်အေးကလည်း ငွေထုပ်နှင့် ရှင်းပါလျှင် အမြန်ဆုံး လွတ်မြောက်နိုင်သည်မဟုတ်ပါလား။ သူတို့နှစ်ဦးပြန်လည်ရှင်သန်ခွင့်ရပါက မိမိ မျှော်လင့်ချက်များ ဝေးမြဲဝေးနေဦးတော့မည်၊ ထိုသို့အဖြစ်ခံ၍ မဖြစ်ပါ။ သူတို့နှစ်ဦးကိုပြန်လည်ရှင်သန်ခွင့် မပေးမှ ဖြစ်မည်။ အကောင်းဆုံးမှာ ဘဋ္ဌေးသေရမည်။ရန်အေးထောင်သက်ရှည်ရမည်။ သူတို့နှစ်ဦးဘဝပျောက်ကွယ်မှ မိမိကခင်လပြည့်ကို ချဉ်းကပ်နိုင်တော့မည်။

မိမိရည်ရွယ်ချက်အောင်မြင်ရေးအတွက် လူပ်ရှားစွန့်စားရတော့မည်။ ထိုင်နေ၍ ဘာမှဖြစ်လာမည် မဟုတ်သဖြင့် အမြန်ဆုံး လုပ်ငန်းစရမည်။ ပထမဆုံး လုပ်ရမည့်တာဝန်မှာ ရန်အေးကို အချုပ်ခန်းသို့ သွားတွေ့ရန်ဖြစ်သည်။ အချစ်ဆုံး သူငယ်ချင်းအတွက် သတင်းပေးရန် သွားခဲ့သည်။

"မင်းတို့အကြောင်းတွေ ကြားရတာ စိတ်မကောင်းပါဘူး ရန်အေးရာ"

"မင်းလာတွေ့လို့ ကျေးဇူးတင်ပါတယ် စစ်အောင်၊ ဘဋ္ဌေးသက်သာရဲ့လား၊ ဘဋ္ဌေးရဲ့အခြေအနေကို သိချင်တယ်ကွာ"

"ငါ ဘဋ္ဌေးဆီသွားတွေ့ပါ့မယ်၊ အရှ မင်းဆီ အရင်လာခဲ့တာ၊ ဘဋ္ဌေးသက်သာလာမှာပါ၊ စိတ်မပူပါနဲ့ သူငယ်ချင်းရာ..."

"အေးကွာ ဘဋ္ဌေးသက်သာပါစေလို့ပဲ ဆုတောင်းနေရတယ်၊ အကယ်၍ ဘဋ္ဌေးသာသေသွားရင် ငါလည်း သေတာနဲ့မခြားအောင်ဘဝပျက်တော့မှာ"

"ဒါလောက် စိတ်မပူစမ်းပါနဲ့၊ မကြာခင် သက်သာလာမှာပါ၊ ဘဋ္ဌေးကျန်းမာရေးကောင်းလာမှမင်းတို့ချင်းညှိနှိုင်းလိုက်ရင်မင်းအသက်သာသွားဖြစ်ရမှာပါ..."

"အခုလည်း ဘဋ္ဌေးအတွက် ကုန်ကျစရိတ်ကို ထုတ်ပေးဖို့ ငါ့မိဘတွေတိုက်တွန်းထားပါတယ်၊ မင်းလည်း ဘဋ္ဌေးကို အားပေးလိုက်ပါဦး၊ ငါ့ဘဝက ဘဋ္ဌေးပေါ်မှာ မူတည်နေတယ်"

"အေးပါ၊ မင်းသာ ကျန်းမာအောင်နေ၊ ဒါဆို ငါပြန်ဦးမယ်"

ရန်အေးကို နှုတ်ဆက်၍ ပြန်ခဲ့သည်၊ ယခင်က စိတ်နလုံးဖြူစင်သော စစ်အောင်သည်၊ လောဘကြောင့် စိတ်ထားပြောင်းခဲ့သည်၊ အလွန်စေတနာကောင်းသော သူတစ်ပါးအပေါ် ညာတာတတ်သော စစ်အောင်သည် အချစ်ရေးအတွက် တရားသည်မတရားသည်ကို မမြင်တော့ပဲ သူအနိုင်ရရှိရေးအတွက်သာ စဉ်းစားပေတော့သည်၊ ဘဋ္ဌေးသေရမည်၊ မဖြစ်ဖြစ်တဲ့နည်းဖြင့် ဘဋ္ဌေး သေရမည်၊ ကုသိုလ်ကောင်း၍ အသက်ရှင်စွင့်ရနေသော်လည်း သေရွာကို အမြန်ပို့ပေးရန် ဆုံးဖြတ်လိုက်သည်၊

ဘဋ္ဌေးဆီမသွားမီဆေးရုံ၏ အနေအထားကို အရင်လေ့လာရသည်၊ ဘဋ္ဌေးကို ဆရာဝန်ကြီး၏ အထူးခန်းတွင်ထားပြီး ဆရာဝန်ကြီးကိုယ်တိုင် ကြပ်မတ်ကုသပေးနေသည်၊ နေ့လယ်တွင် မိသားစုဝင် တစ်ဦးဦးရှိသော်လည်း ညဘက်တွင် သူနာပြုဆရာမတစ်ဦးသာ ရှိသည်၊ ထိုအချိန်တွင် ဘဋ္ဌေးအိပ်ပျော်လေ့ရှိပြီး ဆရာမက အပြင်ခန်းတွင် ညစာစားချိန်၌ လူပြတ်လတ်ကြောင်းပါ သိရှိရသည်၊

စစ်အောင်သည် ညနေခြောက်နာရီအရောက် ဆေးရုံသို့ သွားခဲ့သည်၊ ဘဋ္ဌေးအခန်းကို မယောင်မလည်ကြည့်ရာ သူနာပြုဆရာမတစ်ဦးရှိနေ၍

ရောစောင့်ရသည်၊ မကြာမီ ဆရာမက ထမင်းချိုင့်ယူပြီး အပြင်သို့ထွက်လာသည်၊ သူငယ်ချင်းများနှင့်အတူ အပြင်ခန်းတွင် ထမင်းစားရန် ပြင်ဆင်နေကြသည်၊ စစ်အောင်သည် ဘဋ္ဌေးအခန်းထဲသို့ အမြန်ဆုံးပြေးဝင်လိုက်သည်၊ ဘဋ္ဌေး၏ မျက်နှာပေါ်တွင် ပိုက်များတပ်ဆင်ထားသည်ကို တွေ့ရပြီး ပုလင်းတစ်လုံးထောင်လျက် သွေးသွင်းထားကြောင်း တွေ့လိုက်ရသည်၊ ဘဋ္ဌေးသည် အိပ်မောကျနေပုံရသည်၊ မျက်နှာမှ ပိုက်များကို ဆွဲဖြုတ်လိုက်သည်နှင့် နီးလာပုံရသည်၊ သွေးသွင်းထားသော ပုလင်းကို ဖြုတ်လိုက်သည်၊ အသက်ယဲ့ယဲ့သာ ရှိတော့သည်၊ လူနာမှာ အဆိုပါကိရိယာများကို ဖြုတ်လိုက်သဖြင့် အသက်ရှင်ဖွယ်ရာ မရှိနိုင်ပါ၊ သို့သော် သေရာအောင် လုပ်ရမည်၊ ပိုက်များဖြုတ်လိုက်သဖြင့် ဘဋ္ဌေးနိုးလာပြီးလျှင် အသံထွက်လာသည်၊

"အင်း.... အဲ့... အဲ့"

ဘဋ္ဌေးမျက်စေ့ဖွင့်ကြည့်သဖြင့် စစ်အောင်ကိုမြင်ပြီး စူးစိုက်ကြည့်နေသည်၊

"ဘဋ္ဌေး-မင်းကိုသတ်ရမှာ စိတ်မကောင်းပါဘူးကွာ"

ဘဋ္ဌေးက သူ့ကိုသတ်တော့မည်ကို သိသည် ထင်သည်၊ လက်တစ်ဘက်ကို ဝေါင်းအုန်းအောက်သို့ နှိက်လိုက်သည်၊ ဘဋ္ဌေးလှုပ်ရှားလိုက်ချိန် စစ်အောင်က ဝေါင်းအုန်းဖြင့် ဘဋ္ဌေး၏ မျက်နှာပေါ် ဖိထားလိုက်သည်၊ ဘဋ္ဌေးမှာ ကြာကြာမလှုပ်ရှားနိုင်ပဲ ငြိမ်သက်သွားပါသည်၊

"မင်းသေမှ ဖြစ်ရမှာမို့ ဒီလိုလုပ်ရတာပါ၊ ငါ့ဘဝမှာ တစ်သက်လုံး စောင့်ထိန်းခဲ့တဲ့ သီလကိုစွန့်ပြီး မင်းကိုသတ်မိတယ်၊ ငါ့မှာ ဒီအစွင့်အရေး လေးတစ်ခုသာရှိတာမို့ ရက်စက်ရတာပါ၊ မင်းသေမှ ရန်အေးလည်း ထောင်သက်ရှည်၊ မင်းတို့နှစ်ယောက် မရှိမှ ဝင်လပြည့်က ငါ့ကိုသတိရမှာပါ၊ ငါ့ဘက်ပါမှာ ငါလိုကျောင်းဆရာကို မင်းနဲ့ရန်အေးက အဘက်မလုပ်သလို ဝင်လပြည့်ကလည်း စိတ်မဝင်စားလို့ ဒီလို ကြံစည်ရတာပါ၊ ကဲ -သွားပေတော့ကွာ..."

ဘဋ္ဌေး၏မျက်နှာကို ခေါင်းအုန်းနှင့်ဖိထား၍ ငြိမ်သက်သွားမှ စိစစ်ကြည့်ပြီး၊ သေချာမှ စစ်အောင်သည် မည်သူမှမမြင်အောင် ဆေးရုံမှထွက်ခဲ့ပါသည်။ စစ်အောင် ကံကောင်းသည်မှာ ပြစ်မှုတစ်ခုကို ကျူးလွန်လိုက်သော်လည်း မည်သူမျှမတွေ့မြင်လိုက်ခြင်းဖြစ်သည်၊ သူ၏ကိစ္စအောင်မြင်သဖြင့် ကျေနပ်နေပါသည်။ ဝိဝိ ဆောင်ရွက်ချက်ကို ပြန်လည်တွေး၍ ဝမ်းသာနေပါသည်။ ဘဋ္ဌေးက သေဆုံးခဲ့ပြီး ရန်အေးက နှစ်ရှည်ထောင်ကျရိုန်တွင် ခင်လပြည့်ကို ချဉ်းကပ်ရာတွင် ပြုံင်ဘက်မရှိနိုင်တော့ပြီ၊ တွေးတော်ရင်း အိပ်ပျော်အောင် ကြိုးစားအိပ်လိုက်သည်။ ညဆယ်နာရီခွဲခန့်တွင် အိမ်ရှေ့တံခါးခေါက်မှ အိပ်ရာနိုးပါသည်။ ရပ်ကွက်လူကြီးများနှင့် ရဲများရောက်လာပြီး စခန်းသို့ ခေါ်သဖြင့် စိတ်ပူစွာ လိုက်ခဲ့ရသည်။ ရဲစခန်းရောက်မှ စခန်းမှူးက အသေးစိပ် ရှင်းပြပါသည်။

"ကိုဘဋ္ဌေးတို့ သူဒုက်ရာကြောင့် ဇာတ်သိမ်းပြီထင်လို့ အမှုပိတ်ဖို့ စီစဉ်နေစဲ၊ ကိုဘဋ္ဌေးရဲ့ ခေါင်းအုန်းအောက်က ကက်ဆက်တစ်ခွေကြောင့် ကိုစစ်အောင်ကို ဖမ်းရတာပါ၊ ကိုဘဋ္ဌေးက သူသေရတော့မှာကို သိလို့ တရားခံကို ပြရှင်းလို့ နောက်ဆုံး ကြိုးစားချက်ဖြစ်မှာပါ။ အသင့်ရှိတဲ့ ကက်ဆက်ခွေနဲ့ အသံဖမ်းခဲ့တယ်၊ ကိုစစ်အောင် ရှင်းလင်းအောင် ကက်ဆက်ခွေဖွင့်ပြပါမယ်၊ နားထောင်ပါ..."

စခန်းမှူးက စားပွဲပေါ်တွင် အသင့်ရှိသည့် ကက်ဆက်ကိုဖွင့်လိုက်သည်၊ ကက်ဆက်ခွေမှထွက်လာသည့် အသံမှာ စစ်အောင်၏ အသံဖြစ်သဖြင့်၊ စစ်အောင် မျက်လုံးပြူးသွားပါသည်။

"မင်းသေမှဖြစ်မှာမို့ ဒီလိုလုပ်ရတာပါ၊ ငါ့ဘဝမှာ တစ်သက်လုံး စောင့်ထိန်းခဲ့တဲ့ သီလကိုစွန့်ပြီး မင်းကို သတ်မိတယ်၊ ငါ့မှာ ဒီအခွင့်အရေးလေး တစ်ခုသာရှိတာမို့ ရက်စက်ရတာပါ။ မင်းသေမှ ရန်အေးလည်း ထောင်သက်ရှည်၊ မင်းတို့နှစ်ယောက် မရှိပါမှ၊ ခင်လပြည့်က ငါ့ကိုသတိရမှာပါ။ ငါ့ဘက်ပါမှာ...။ ငါ့လိုကျောင်းဆရာကို မင်းနဲ့ရန်အေးက အဘက်မလုပ်သလို ခင်လပြည့်ကလည်းစိတ်မဝင်စားလို့ ဒီလိုကြံစည်ရတာပါ၊ ကဲသွားပေတော့ကွာ..."

ဝိဝိပြောခဲ့သည့် စကားအတိုင်း ပြန်လည်ကြားလိုက်ရသဖြင့် ရှင်းလင်းခြင်းဆိုရန် စကားမရှိတော့ပါ။ ဆေးရုံတွင် ဘဋ္ဌေးကိုနောက်ဆုံးတွေ့ရစဉ်က ဘဋ္ဌေးသည် သူဒုက္ခရောက်တော့မည်ကိုသိသဖြင့် လက်တစ်ဖက်ကွေး၍ ခေါင်းအုန်းအောက်သို့ နှိုက်လိုက်သည်မှာ အသံဖမ်းကက်ဆက်လုတ်နှိပ်လိုက်မှန်း သိရသည်၊ ယခုမှ မကောင်းမှုထိုသည် ဆိတ်ကွယ်ရာမရှိဟူသောစကားကို သတိရလိုက်သည်၊ သို့သော် စစ်အောင်အတွက် အရာရာဆည် နောက်ကျခဲ့ရပါသည်။

ⓒ ထောင်းထော်

စာမူများပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/၁)၊ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းဖြတ်
ကျောက်တံတားပြိုနယ်၊ ရန်ကုန်။



မ

အချစ်မှိုင်းမိုလာလျှင်



မိုးရာသီ၏

ထိုင်းမှိုင်းစိုစွတ်သော ညနေခင်း။ မိုးဖွဲကလေးများက ခပ်ပါးပါးရွာချနေသည်။ ကောင်းကင်တစ်ခုလုံး လွှမ်းခြုံပိတ်ဆို့ထားသော တိမ်မည်းများကြောင့် ညနေခင်း၏အလင်းရောင်ကပျောက်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် မှုန်မှိုင်းရီဝေနေသော လူလုံးပင်မကွဲတော့သော အခြေအနေဖြစ်နေလေသည်။ ထိုအချိန်ကာလတွင်... လူသူရှင်းလင်းသော လမ်းတစ်နေရာမှ သစ်ပင်တစ်ပင်၏ မှောင်ရိပ်အောက်တွင် ကားတစ်စီးရပ်လျက်ရှိသည်။ ထိုကား၏ဘေးမှာတော့ လူနှစ်ယောက်သည် စကားအချေအတင်ပြော

အချစ်မှိုင်းမိုလာလျှင်
မည်သည့်အရာမှ
ကောင်းဆိုးမမြင်နိုင်တော့ဘဲ
ဆင်ကန်းတောတိုး
ဖြစ်တတ်ပုံကို...

ဘဝကိုဖြတ်သန်းနေသော ထိုအမျိုးသမီးကို တစ်စုံတစ်ယောက်ကလုပ်ကြံသတ်ဖြတ်ချင်စရာ အကြောင်းပြချက်မရှာ ဘာမှမရှိပါ။ သို့ဆိုလျှင်...

ဝေဖြာမိုးကို ဘယ်သူသတ်ပါသလဲ၊ ဒုရဲအုပ်မင်းမြတ်သည် ဥာဏ်စွမ်းရှိသမျှ ကြိုးစားစုံစမ်းပါသော်လည်း ထိုအဖြေကို ရှာမတွေ့ခဲ့ပါ။ အမှုနှင့် ပတ်သက်သောသဲလွန်စဟူ၍လည်း လုံးဝရှာမတွေ့ပဲလမ်းစပျောက်နေခဲ့သည်။ သို့နှင့်အမှုဖြစ်ပွားခဲ့ပြီးအရှိန်အတန်ကြာခဲ့တာတောင်ထိုအမှုကို ဖော်ထုတ်၍မရနိုင်ပဲဖြစ်နေခဲ့လေသည်။



(၆)လစန့်ကြာသောအခါ -

"...ကလင် - ကလင် - ကလင်..."

ဒုရဲအုပ်မင်းမြတ်သည် မနက်စောစော ထပြေးရာမှ ပြန်လာပြီး အဝတ်အစားလဲနေစဉ် စခန်းမှဖုန်းဝင်လာသည်။

"ဟဲလို"

"ဆရာမင်းမြတ်(...)လမ်းဘေးမှာ အလောင်းတစ်လောင်း တွေ့ရတယ်လို့ အကြောင်းကြားလာတယ် သွားလိုက်ပါဦး"

တဖက်မှ စခန်းမှူးစကားကြောင့် မနက်စောစော ကြည်လင်နေသော သူတို့စိတ်တွေ နောက်ကျိသွားရသည်။ လူသတ်မှုတစ်ခုဖြစ်ပြန်ပြီလား။

သူက စခန်းမှူးပြောသော လိပ်စာကို ဆေးရာရေးမှတ်ထားလိုက်ပြီး ဖုန်းချလိုက်သည်။ ထို့နောက် ယူနီဖောင်းလဲကာ အမှုဖြစ်သောနေရာသို့ သွားဖို့ပြင်ရသည်။ သူနှင့်အတူနေသော ဒေါက်တာဇော်လတ်ကမူ ညတာဘောလုံးပွဲကြည့်ရင်း ညဉ့်နက်သွားသဖြင့် ယခုထိ မနိုးသေး။ သူတာ ဒေါက်တာဇော်လတ်ကို မနှိုးတော့ပဲ ဆေးရုံကိုသွားနှင့်ဖို့ စာတိုလေးရေးကာ မှာခဲ့ပြီး အိမ်မှထွက်လာခဲ့တော့သည်။

ဆိုနေကြသည်၊ အတိအကျဆိုရလျှင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ဖြစ်သည်၊ သူတို့စကားပြောနေပုံမှာ တစ်စုံတစ်ရာကို အငြင်းပွားနေပုံရသည်။

ဧကာကြာတော့ ယောကျ်ားဖြစ်သူက ရပ်ထားသောကားပေါ်တက်ကာ ကားကိုမောင်းထွက်သွားသည်၊ မိန်းမဖြစ်သူသည် သစ်ပင်၏အမှောင်ရိပ်အောက်တွင် တစ်ယောက်တည်းငိုရှိုက်ရင်း ကျန်နေခဲ့လေသည်၊ ထိုစဉ်မှာပင်...။

သစ်ပင်၏နောက်မှ လူရိပ်တစ်ခုက တိတ်တဆိတ်ထွက်လာပြီး ထိုမိန်းမ၏အနားသို့ ကပ်လာသည်၊ ထို့နောက် လက်ထဲတွင်ကိုင်ထားသော တစ်စုံတစ်ရာဖြင့် ထိုမိန်းမ၏ဦးခေါင်းကို အားဖြင့်ထုလိုက်သည်၊ ခွပ်ခနဲ ခပ်အုပ်အုပ်အသံနှင့်အတူ ထိုမိန်းမသည် မြေပြင်ပေါ်သို့ အရှပ်ကြီးပြတ်လဲကျသွားတော့သည်၊

ထို့နောက်မှာတော့ လူရိပ်သည် ထိုဇနရာမှ အဝေးသို့ထွက်ခွာသွားတော့သည်၊ ထိုအဖြစ်အပျက်ကို ဘယ်သူမှမသိလိုက်၊ မမြင်လိုက်ကြပေ။



အထက်ပါအမှုကို ထိုပြုန်းယဲရဲစခန်းမှ ဒုရဲအုပ်မင်းမြတ်က တာဝန်ယူစုံစမ်းရသည်၊ ဦးခေါင်းကိုထုရိုက်ခံရသူမှာ ဝေဖြာမိုးဆိုသူ အသက်(၂၆)အရွယ်အမျိုးသမီးဖြစ်ပြီး ထုရိုက်ခံရသောဒဏ်ရာကြောင့် ဦးခေါင်းခွံကွဲကာ သေဆုံးသွားခဲ့သည်၊ သို့တိုင်အောင် သူမထိုနေရာသို့ မည်သို့ရောက်ရှိနေပြီး မည်သို့အသတ်ခံရကြောင်း စုံစမ်းဖော်ထုတ်၍ မရနိုင်သေးပေ။

ဝေဖြာမိုးသည် လူလတ်တန်းစားမိသားစုမှ သမီးအကြီးဆုံးဖြစ်ပြီး ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်နေသူ ဖြစ်သည်၊ ရိုးသားဖြူစင်ကာ ပတ်ဝန်းကျင်မှလူများထံတွင် သိပ်မထင်ရှားသူ ဖြစ်သည်၊ ရိုးစင်းသောပုံသေ

အင်းဖြစ်နေရာသို့ရောက်သောအခါ အလောင်းက လမ်းတံတားဘက်တွင် ရှိနေတာမို့ လူတွေဝိုင်းအုံကြည့်နေကြသည်၊ စခန်းမှ သူလူတွေကရောက်နှင့်နေပြီး အလောင်းကိုတတ်ပုံရိုက်ကာ စစ်ဆေးစရာရှိသည်များကို စစ်ဆေးနေကြသည်၊

အလောင်းမှာ မိန်းကလေးတစ်ယောက်ဖြစ်ပြီး လမ်းဘေးမှ ချုံပုတ်ကလေးတို့အကွယ်တွင် မှောက်ခုံလဲကျနေသည်၊

သူက အလောင်းတို့အနေအထားကို တတ်ပုံရိုက်ပြီးသည်နှင့် ပက်လက်ဖြစ်အောင် ဆွဲလှန်လိုက်သည်၊ မိန်းကလေးမှာ ပေါင်ပေါ်ရှိဦးမည်၊ မျက်နှာပိုင်းပိုင်း မျက်လုံးမျက်ဖန်လုလုနှင့် ခါးထိရှည်သောဆံပင်ပျော့ပျော့စင်းစင်းများနှင့် မိန်းမချောလေးတစ်ယောက်ဖြစ်သည်၊ နောက်စေ့ကို အလွန်မာကျောသော အရာတစ်ခုဖြင့် ထုရိုက်ခံရကာ သေဆုံးခြင်းဖြစ်သည်၊

အလောင်းမှာ ညဉ့်ပိုင်းကတည်းက သေဆုံးနေသဖြင့် အေးစက်တောင့်တင်းနေသည်၊ အလောင်းတို့ဦးခေါင်းအနီးတွင် သွေးများအိုင်ထွန်နေပြီး မလှမ်းမကမ်းမှ လမ်းပေါ်တွင်လည်း သွေးစက်များမတွေ့ရသဖြင့် မိန်းကလေးမှာ ယခုရှိနေသောနေရာတွင် အရိုက်ခံရတာမဖြစ်နိုင်ဘဲ လမ်းပေါ်တွင် အရိုက်ခံလိုက်ရပြီးမှ ရွှေ့ပြောင်းထားဟန်တူသည်၊ သွေးစက်ကျနေသောလမ်းနှင့် အလောင်းရှိနေသောနေရာကြားမှ မြက်ပင်များပေါ်တွင် စွပ်ကြောင်းရာတစ်ခုကို မထင်မရှားတွေ့ရသဖြင့် သူ့အထင်မှန်သွားသည်၊

သူက မိန်းကလေးလွယ်ထားသော စလင်းဘတ်အိတ်ကိုယူပြီး ဖွင့်ကြည့်လိုက်သည်၊ အိတ်ထဲတွင် ထုံးစံအတိုင်း မိတ်ကပ်ပစ္စည်း၊ တစ်ခုကတော့ ကိုယ်ဝန်ကို(ultrasound)ရိုက်ထားသော သနေ့သားပုံလေးဖြစ်သည်၊ မိန်းကလေးတွင် ကိုယ်ဝန်ရှိနေသလားဟု သူစိတ်မသက်မသာတွေးလိုက်မိသည်၊ မှတ်ပုံတင်ကို ဖတ်ကြည့်တော့ သူမအမည်ဝင်းသီတာဖြစ်ပြီး အသက်(၂၂)နှစ်ဆိုတာ သိလိုက်ရသည်၊

သူက ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး -

"အရုဏ်သေဆုံးတဲ့မိန်းကလေးကို သိတဲ့လူရှိပါသလားခင်ဗျာ၊ သူနာမည်က ဝင်းသီတာလို့ဇော်ပါတယ်၊ သူက ဒီနားတစ်ဝိုက်မှာနေတာလား။ သိရင် လို့ပါ"

သူ့မေးခွန်းကို ဘယ်သူမှပြန်မဖြေပါ၊ သူကဆက်ပြီး -

"သိရင် ပြောကြပါခင်ဗျာ၊ အမှုနဲ့ဘာမှပတ်သက်မှုမရှိစေရပါဘူး၊ မနေ့က သူ့ကိုဒီနေရာမှာ တွေ့လိုက်ရသူရှိပါသလား"

"ဒီမှာ ခင်ဗျ"

ခေါ်သံတစ်ခုကြောင့် သူလှည့်ကြည့်လိုက်တော့ အသက်(၂၀)ကျော်ခန့်လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်၊ လူငယ်က...

"အဲဒီကောင်မလေးကို ကျွန်တော်သိတယ်ဗျ၊ နာမည်တွေဘာတွေတော့မသိဘူး၊ မနေ့က စတူဒီယိုထဲကို တစ်ညနေလုံးလာနေလို့သိတာ"

သူက စပ်လှမ်းလှမ်းမှ(...)ဓာတ်ပုံစတူဒီယိုဟု ဆိုင်းဘုတ်တပ်ထားသော တိုက်ခန်းလေးကို တစ်ချက်လှမ်းကြည့်ရင်း...

"ခင်ဗျားက အဲဒီ ဓာတ်ပုံစတူဒီယိုကလား"

"ဟုတ်ကဲ့၊ မနေ့က မင်းသားနေရောင်ဝါ ကျွန်တော်တို့စတူဒီယိုမှာ ဓာတ်ပုံလာရိုက်တော့ အဲဒီကောင်မလေးက တစ်ညနေလုံးလာကြည့်နေတာဗျ၊ နေရောင်ဝါပြန်သွားမှ သူလည်းပြန်သွားတာ"

"သူက ဒီနားမှာနေတာလား။ ခင်ဗျားသူ့ကို အရင်ကမြင်ဖူးလား"

"အရင်ကတော့ မမြင်ဖူးဘူးခင်ဗျ၊ မနေ့ကမှစမြင်ဖူးတာ၊ ဓာတ်ပုံတွေရိုက်ပြီးသွားတော့ နေရောင်ဝါနဲ့အဲဒီကောင်မလေး စကားပြောကြသေးတယ်"

ကောင်မလေးက နေရောင်ဝါကို ပိတ်ဆက်စကားပြောခြင်းဖြစ်နိုင်သည်ဟု သူတွေးမိသည်၊ နေရောင်ဝါဆိုတာ မိန်းကလေးပရိသတ်တွေအသည်းစွဲ ရုပ်ရှင်မင်းသားတစ်ယောက် မဟုတ်လား။

"သူပြန်သွားတာကို ခင်ဗျားမြင်လိုက်ရလား"

"မြင်တော့ မမြင်လိုက်ဘူးဗျ၊ နေရောင်ဝါကပြန်မလို့အပြင်ထွက်သွားတော့ သူက နောက်ကလိုက်သွားတယ်။ ပြီးတော့ အပြင်မှာစကားတွေပြောနေကြတယ်၊ ကျွန်တော်လည်း စတူဒီယိုထဲက ပစ္စည်းတွေသိမ်းဆည်းနေတော့ သူတို့ကိုသတိမထားမိတော့ဘူး၊ ဘယ်သူကအရင်ပြန်သွားလဲတော့ မသိဘူးဗျ"



သူက ဆေးစစ်ချက်စာရွက်များကို ယူကာ ဖတ်ကြည့်လိုက်သည်။ နောက်စေ့ကို မာကျော လေးလံသော သံတုတ်လို လက်နက်မျိုးဖြင့် ထုရိုက်ခံရပြီး ဦးခေါင်းခွံကွဲကာ သေဆုံးခြင်းဖြစ်သည်။ သေဆုံးချိန်မှာ မနေ့က ညနေ(၇)နာရီမှ ည(၉)နာရီ ကြားဟု ခန့်မှန်းရသည်။

လူငယ်၏အဖြေကြောင့် သူအနည်းငယ် စိတ်ဝင်စားသွားရသည်၊

ကောင်မလေးဟာ နေဧရောင်ဝါနဲ့ပတ်သက်နေမလား။

"သူတို့ဟာ စကားပြောကြတယ်ဆိုတော့ ဘယ်လိုပုံစံမျိုးလဲ၊ သာမန်ပရိသတ်တစ်ယောက်ပုံစံလား၊ ဒါမှမဟုတ် အဲဒီထက်ပိုနိုင်လား ခင်ဗျားအမြင်ပေါ့"

သူ့မေးခွန်းကြောင့် လူငယ် ဧရတ္တာစဉ်းစားလိုက်ပြီးမှ...

"ဗိတ်ဆက်တဲ့ပုံစံတော့ မဟုတ်ဘူးဗျ၊ ပထမနေရောင်ဝါစတူဒီယိုထဲမှာရှိနေတုန်း ကောင်မလေးကလာစကားပြောတယ်၊ နေရောင်ဝါက ကျွန်တော်တို့ရှိနေတော့ မပြောချင်တဲ့ပုံစံနဲ့ အပြင်ထွက်သွားတယ်၊ ကောင်မလေးက နောက်ကလိုက်သွားတယ်၊ သူတို့ကြည့်ရတာ အရင်ကတည်းကသိနေတဲ့ပုံစံပဲ၊ ကျွန်တော်ထင်တာ ပြောပြတာနေမှာ"

သူက ခေါင်းတစ်ချက်ဆတ်လိုက်ရင်း ကျေးဇူးတင်စကားပြောလိုက်သည်၊

"နောက်ထပ်မေးစရာရှိလာရင် ကျွန်တော်စတူဒီယိုကို လာခဲ့လို့ရမလား၊ ခင်ဗျားက စတူဒီယိုက ဓာတ်ပုံဆရာမဟုတ်လား"

"ဓာတ်ပုံဆရာတော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က အရန်သဘောလောက်ပဲဗျ၊ ကျွန်တော့်ဆရာက အဓိကလုပ်တာ၊ ဆရာမေးစရာရှိရင် ကျွန်တော်ဒီမှာပဲရှိပါတယ်၊ ကျွန်တော်တတ်နိုင်သမျှ ကူညီပါ့မယ်"

မင်းမြတ်က မေးစရာရှိသည်များကို မေးမြန်းပြီးနောက် အလောင်းကို ဆေးရုံပို့ခိုင်းလိုက်သည်၊ ထိုနောက်မှာတော့ သူတပည့်တစ်ယောက်ကို ဝင်းသီတာ၏ မှတ်ပုံတင်ထဲမှ လိပ်စာအတိုင်း အကြောင်းကြားခိုင်းလိုက်ပြီး စခန်းသို့ပြန်လာခဲ့သည်၊ ဆေးရုံမှဆေးစစ်ချက်ကို စောင့်ပြီးမှ မည်သို့သေသည်ဆိုတာကို အဖြေရှာနိုင်မည်ဖြစ်သည်၊

နေ့လယ်စာစားချိန်ကျမှ ဆေးရုံမှဆေးစစ်ချက်ရောက်လာသည်၊ သူ့ဗိတ်ဆွေကြီး ဒေါက်တာဇော်လတ်ကိုယ်တိုင်လာပို့ခြင်း ဖြစ်သည်၊ ဓါတိုင်းဆိုလျှင် အမြဲတမ်း ပေါ့ပေါ့ပါးပါးဟန်ပန်ဖြင့် ဒေါက်တာဇော်လတ်သည် ယခုတော့ မျက်နှာသိပ်မကောင်း၊

"ခင်ဗျားကြည့်ရတာ မလန်းပါလား၊ ဆေးရုံမှာဘာဖြစ်လာလို့လဲ"

သူ့မေးခွန်းကို ဒေါက်တာဇော်လတ်က ဘာမှပြန်မဖြေဘဲ လေးတီလေးကန်ပုံစံဖြင့် သူ့ရှေ့မှခုံတွင် ဝင်ထိုင်လိုက်သည်၊ ထို့နောက် လက်ထဲမှဆေးစစ်ချက်အဖြစ်စာရွက်များကို သူ့ထံသို့ကမ်းပေးရင်း -

"စိတ်မကောင်းစရာပဲဗျာ - ကောင်မလေးမှာ ကိုယ်ဝန်(၂)လရှိနေတယ်"

ဟုပြောသည်၊ သူက သူ့ခန့်မှန်းထားသလိုဖြစ်လာသဖြင့် ရင်ထဲနင့်မောသွားမိသည်၊ လူသတ်သမားသည် အသက်နှစ်ချောင်းကို သတ်မိလိုက်ခြင်းဖြစ်လေသည်၊

သူက ဆေးစစ်ချက်စာရွက်များကိုယူကာ ဖတ်ကြည့်လိုက်သည်၊ နောက်စေ့ကို မာကျောလေးလံသော သံတုတ်လိုလက်နက်မျိုးဖြင့် ထုရိုက်ခံရပြီး ဦးခေါင်းခွံကွဲကာ သေဆုံးခြင်းဖြစ်သည်၊ သေဆုံးချိန်မှာ မနေ့က ညနေ(၇)နာရီမှ ည(၉)နာရီကြားဟု ခန့်မှန်းရသည်၊ သေဆုံးသူတွင် ကိုယ်ဝန်(၈)ပတ်ရှိနေသည်၊ အဝမ္မပြုကျင့်ခံထားရသော လက္ခဏာမတွေ့ရ၊

သူက ဆေးစစ်ချက်များကိုဖတ်ရင်းမှ တစ်စုံတစ်ရာကို သတိရသွားမိသည်၊ လွန်ခဲ့သော(၆)လခန့်က ဖြစ်ပွားခဲ့ပြီး ယခုထိတရားခံမပေါ်သေးသော လူသတ်မှုတစ်ခုက အတွေးထဲရောက်လာသည်၊ သူက ချက်ချင်းပင် ထိုင်ရာမှထကာ ဝီရိထဲမှဖိုင်တွဲဟောင်းများကို ပြန်ရှာမိသည်၊ ဒေါက်တာဇော်လတ်က သူ့လုပ်ရပ်ကို နားမလည်သလိုလိုက်ကြည့်နေရင်းမှ -

"ဘာထူးခြားမှုတွေ့လို့လဲ ကိုမင်းမြတ်" ဟု မေးသည်၊

သူက ဘာမှပြန်မဖြေပဲ ဖိုင်တွဲတစ်ခုကိုဆွဲထုတ်လာကာ စားပွဲပေါ်ပစ်တင်လိုက်သည်၊

"လွန်ခဲ့တဲ့(၆)လလောက်က(...)လမ်းနားမှာ အသတ်ခံရတဲ့ဝေဖြာမိုးဆိုတဲ့အမျိုးသမီးကို ခင်ဗျားမှတ်မိလား၊ တရားခံမပေါ်လို့ အခုထိအမှုမပိတ်ရသေးဘူးလေ"

"သိပ်မှတ်မိတာပေါ့ဗျာ၊ ခင်ဗျားတာဝန်ယူရတဲ့အမှုတွေထဲမှာ တရားခံမပေါ်တာဆိုလို့ ဒီတစ်ခါပဲရှိတာ မဟုတ်လား၊ အဲဒီတုန်းကဖြင့် ကျွန်တော်တောင် ခင်ဗျားကိုကြည့်ပြီးသနားနေတာ၊ တရားခံရှာမတွေ့တဲ့အဖြစ်ကို လက်မခံနိုင်ပဲ အဆိပ်ပျက်အစားပျက်အောင် စုံစမ်းနေခဲ့တာလေ"

သူက ထိုအမှုတွဲနှင့် ယခုအမှုမှ အချက်အလက်များကို နှိုင်းယှဉ်ကြည့်ပြီး...

"ဒီတုတ်ပုံတွေကိုကြည့်စမ်းပါ ဒေါက်တာ၊ အဲဒီတုန်းက သေသွားတဲ့ဝေဖြာမိုးရဲ့ဒဏ်ရာနဲ့ အခုဝင်းသီတာရဲ့ဒဏ်ရာတွေ တူမနေဘူးလား၊ ဆေးစစ်ချက်မှာလည်း သေဆုံးပုံချင်းတူနေတယ်၊ နောက်ကနေ ရုတ်တရက် အရိုက်ခံရပြီး မှောက်ရက်လဲကျသွားတဲ့ပုံစံတွေပေါ့၊ တစ်ပုံစံတည်းပဲ"

သူ့စကားကြောင့် ဒေါက်တာဇော်လတ်မှာ မှတ်မိသိရှိသွားသလို ကိုယ်ကိုမတ်လိုက်ရင်း -

"ဟုတ်သားပဲ၊ ကျွန်တော်ခုမှ သတိရတယ်၊ ဝေဖြာမိုးရဲ့အလောင်းကိုလည်း ကျွန်တော်ပဲစစ်ဆေးခဲ့ရတာပဲ၊ ဟုတ်တယ် - သူတို့တွေသေဆုံးပုံက တစ်ပုံစံတည်းပဲ၊ စကန္ဓသူတို့နှစ်ယောက်ကိုသတ်တဲ့ လူသတ်သမားဟာ တစ်ယောက်တည်းဖြစ်မယ်ထင်တယ်"

ဒေါက်တာဇော်လတ်စကားကြောင့် ဝေဖြာမိုး၏အမှုကို သူပြန်စဉ်းစားနေမိသည်၊ ဝေဖြာမိုးသေဆုံးစဉ်က သူမ၏အလောင်းကို မြို့စွန်မှသစ်ပင်တစ်ပင်အောက်တွင် တွေ့ခဲ့ရခြင်းဖြစ်သည်၊ အလောင်းကို ည(၉)နာရီခန့်တွင်တွေ့ရပြီး သေဆုံးချိန်က ညနေ(၆)နာရီမှ (၇)နာရီကြားဟု ခန့်မှန်းရသည်၊ အဝမ္မကျင့်ကြံထားခံရခြင်းမရှိသလို ဝတ်ထားသော လက်ဝတ်ရတနာများကိုလည်း ဆွဲတ်ယူသွားခြင်းမရှိပေ၊ ထို့ကြောင့်လူသတ်သမားက ဝေဖြာမိုးကို သေလိုစိတ်တစ်ခုတည်းဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့မှန်း သိသာစေသည်၊

ယခု ဝင်းသီတာလည်း ထိုအတိုင်းပင်၊ ကွာခြားချက်တစ်ခုက ဝင်းသီတာတွင် ကိုယ်ဝန်ရှိနေခြင်းဖြစ်သည်၊ ထိုကိုယ်ဝန်ကြောင့်ပင် ဝင်းသီတာအသတ်ခံရတာလား၊ ဒီကြားထဲတွင် ထူးခြားတာတစ်ခုက နှိုင်ငံကျော်ရုပ်ရှင်မင်းသားနေရောင်ဝါနှင့် ပတ်သက်နေခြင်း ဖြစ်သည်၊ ဝင်းသီတာမသေဆုံးမီနာရီပိုင်းအလိုက နေရောင်ဝါနှင့် စကားပြောခဲ့သည်၊ သူတို့နှစ်

ယောက်ကို မြင်တွေ့လိုက်ရသူက သာမန်ပတ်သက်မှုမျိုးမဖြစ်နိုင်ဟု မှတ်ချက်ချခဲ့သည်။ သူကတော့ ကိုယ်တိုင်မမြင်တွေ့လိုက်ရသူမို့ သေချာမပြောနိုင်ပါ။ သေချာတာတစ်ခုကတော့ သူ နေရောင်ဝါနှင့် တွေ့ဆုံရလိမ့်ဦးမည်။



နောက်တစ်နေ့တွင် ဝင်းသီတာ၏မိသားစုကို ခေါ်ယူစစ်ဆေးရသည်။

ဝင်းသီတာတွင်ဇင်မရှိတော့ဘဲမိခင်နှင့်မူလတန်းပြဆရာမဖြစ်သော အစ်မတစ်ယောက်ရှိသည်။ ဝင်းသီတာ၏မိခင်ကတော့ ခပ်ရိုးရိုးအေးအေး အမျိုးသမီးကြီးတစ်ယောက်ဖြစ်ပြီး သမီးငယ်ဖြစ်သူ၏အကြောင်းကို သေချာမသိရှာပေ။ အစ်မဖြစ်သော အေးသီတာကတော့ ဝင်းသီတာနှင့် နေရောင်ဝါပတ်သက်နေမှုကို အရိပ်အမြွက်သိထားသည်။

"နေရောင်ဝါနှင့် ဝင်းသီတာက ဘယ်လိုပတ်သက်မှုမျိုးလဲဆိုတာ မအေးသိတာ သိသလောက်ပြောပြပါလား"

သူတမေးတော့ အေးသီတာက မျက်ရည်ဝဲနေသောမျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း အသံတိမ်တိမ်ဖြင့်...

"ကျွန်မသိသလောက်ကတော့ သူတို့ပုံစံက ချစ်သူတွေဘာတွေလို မဟုတ်ပါဘူး။ ဒါပေမဲ့ ညီမလေးက ကျွန်မကိုအကုန်ပြောမပြတတ်တော့ သေချာတော့မသိပါဘူး"

"ဝင်းသီတာ ပြောပြသလောက်ပဲ ကျွန်တော့်ကို ပြောပြပေးပါလား။ မအေးသီတာလည်း ခန့်မှန်းမိနေသလောက်ပေါ့"

"ဝင်းသီတာကတော့ သူတို့ရင်းနှီးရုံပါပဲလို့ပြောတယ်၊ ဒါပေမဲ့ - ကျွန်မကတော့ အဲဒီထက်ပိုတဲ့ ပတ်သတ်မှုမျိုးရှိတယ်လို့ထင်တယ်။ ညီမလေးက အဲဒီလူနဲ့တွေ့ဖို့ မကြာခဏ အပြင်ထွက်သွားတတ်တယ်။ ကျွန်မကိုတော့ သူနဲ့သွားတွေ့မယ်လို့ ဘယ်တော့မှမပြောဘူး။ သူက သူတို့နှစ်ယောက် အကြောင်းလျှို့ဝှက်ထားချင်ပုံရတယ်ဗျာ"

"သူမှာ တခြားယောကျ်ားလေးသူငယ်ချင်းရှိလား။ ကျွန်တော်ဆိုလို တာက သူ့ကိုချစ်ခွင့်ပန်တဲ့သူ ဒါမှမဟုတ် သူနဲ့တွဲသွားတွဲလာလုပ်တတ်တဲ့ သူမျိုးပေါ့"

"ဟင့်အင်း - ညီမလေးမှာ အဲဒီလိုမျိုးတွေမရှိပါဘူးဆရာ၊ သူ့ကိုကြိုက်တဲ့သူတွေရှိပေမဲ့ သူက လုံးဝမျက်နှာသာပေးတာမဟုတ်ဘူး နေရောင်ဝါကို သာ"

အေးသီတာက ရုက်ရှဉ်ဟန်ဖြင့် စကားကိုရပ်လိုက်သည်။ သူနားလည်ပါသည်၊ နေရောင်ဝါဆိုတာ မိန်းကလေးအတော်များများ စွဲလမ်းမျော်လင့်ရတဲ့ အိပ်မက်မင်းသားလေးပေပဲ။ နေရောင်ဝါ တစ်ချက်ပြုံးပြလိုက်တာနှင့် ဘာမဆိုလုပ်ပေးမည့် မိန်းကလေးတွေတစ်ပုံကြီး။ ထိုအထဲမှာ နေရောင်ဝါနှင့် ဒီလောက်အခြေအနေထိ ရင်းနှီးပတ်သက်ခွင့်ရသော ဝင်းသီတာမှာ မဟာကံထူးရှင်ကြီးဖြစ်နေပေလိမ့်မည်။

"ကျွန်မက တားခဲ့ပါတယ်ဆရာ၊ နေရောင်ဝါလို နာမည်ကြီးမင်းသားတစ်ယောက်က သူ့လိုအဆင့်အတန်းမျိုးက မိန်းကလေးတစ်ယောက်ကို အလေးအနက်ထားမှာ မဟုတ်ဘူးလို့၊ ဒါပေမဲ့ - သူနားမထောင်ခဲ့ဘူး။ အခုတော့ သေတာတောင် ကိုယ်ဝန်ကြီးနဲ့ နာမည်ပျက်သွားရရှာတယ်။ ကျွန်မကတော့ ဒီကိုယ်ဝန်ဟာ နေရောင်ဝါနဲ့ပတ်သက်နေတယ်လို့ ထင်တယ်"

အေးသီတာ မျက်နှာလေးနီနီဖြင့် သူမအထင်ကို ပြောသည်။

"ဒါကိုတော့ ကျွန်တော်တို့သေချာမပြောနိုင်သေးဘူး မအေးသီတာ၊ ကျွန်တော်တစ်ခုသတိပေးချင်တာက ဒီကိစ္စကိုမသေချာသေးပဲ သတင်းမပြန့်စေချင်ဘူး၊ သေတဲ့သူအတွက်စိတ်မကောင်းဖြစ်ရပေမယ့် နေရောင်ဝါဟာ နိုင်ငံကျော်မင်းသားတစ်ယောက်ဆိုတော့ သူ့ဂုဏ်သိက္ခာကိုမထိခိုက်စေချင်ဘူး၊ အဲဒါကို နားလည်ပေးပါ၊ အမှုမှန်ပေါ်ဖို့အတွက်တော့ စိတ်ချပါ၊ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားဖော်ထုတ်ပေးပါ့မယ်"

သူ့စကားကို အေးသီတာက သိပ်တော့ စိတ်ကျေနပ်ဟန်မတူပါ။ သို့သော် ဘာမှထပ်မပြောတော့ပဲ ပြန်သွားလေသည်။

ထိုသားအမိကိုစစ်ဆေးပြီးသည်နှင့် သူက စခန်းမှူးထံ အစီရင်ခံကာ နေရောင်ဝါကိုတွေ့၍ စစ်ဆေးခွင့် တောင်းလိုက်သည်၊ စခန်းမှူးကခွင့်ပြုသည်နှင့် သူက နေရောင်ဝါထံဖုန်းဆက်ကာ ဘယ်အရှိန်တွေနိုင်မလဲဟု မေးရသည်၊ သူတို့က တာဝန်အရလုပ်ရတာဖြစ်သော်လည်း နေရောင်ဝါက အလွန်အလုပ်များသောအနုပညာရှင်ဖြစ်နေသောကြောင့် ထိုသို့လေးစားမှုထားကာ ဆက်ဆံရခြင်း ဖြစ်ပါသည်၊ နေရောင်ဝါက ညနေ(၄)နာရီတွင် တွေ့နိုင်မည်ဟု ပြောသည်၊ ဒါတောင် လုံးဝအားလပ်တာမဟုတ်ပေ၊ မဂ္ဂဇင်းတစ်စောင်အတွက် ဓာတ်ပုံသွားမရိုက်ခင် တွေ့ရမည်ဖြစ်သည်၊

ညနေ(၄)နာရီခွဲခန့်တွင် စခန်းသို့နေရောင်ဝါရောက်လာသည်၊ သူ့မျက်နှာကို လူမြင်တွေ့မည်စိုး၍ နေကာမျက်မှန်အကြီးကြီးတပ်ကာ လျှာထိုးဦးထုပ်ဆောင်းလာသည်၊ သူ့အမူအရာမှာ စိတ်အနှောင့်အယှက်ဖြစ်နေပုံရသည်၊

"ကိုနေရောင်ဝါကို မဝင်းသီတာသေဆုံးမှုနဲ့ ပတ်သက်ပြီး မေးမြန်းစရာရှိလို့ပါ"

"အဲဒီအကြောင်းကို ဖုန်းထဲကနေ ဆရာပြောလို့ ကျွန်တော်သိပြီးပါပြီ"

နေရောင်ဝါက ခပ်ဆတ်ဆတ်လေသံဖြင့် ပြောသည်၊ သူနှင့် အသက်ချင်းမတိမ်းမယိမ်း ဖြစ်သော်လည်း နေရောင်ဝါသည် ရင့်ကျက်တည်ငြိမ်မှုသိပ်မရှိဟု သူအကဲခတ်မိသည်၊

"လုံးဝ အဓိပ္ပာယ်မရှိတာပဲဗျာ၊ ဒီလိုမိန်းကလေးတစ်ယောက်သေတဲ့ ကိစ္စမှာ ကျွန်တော့်ကိုခေါ်ပြီးစစ်ဆေးတယ်ဆိုတာ ဖြစ်သင့်ရဲ့လား၊ သူ့လိုမိန်းကလေးနဲ့ ကျွန်တော်က အဲဒီလောက်ထိ ပတ်သက်မှုရှိမယ်ထင်လို့လား"

နေရောင်ဝါစကားများကြောင့် သူစိတ်ထဲ ဖျဉ်းခနဲဖြစ်သွားမိသော်လည်း စိတ်ထိန်းကာ...

"ကျွန်တော်တို့မှာ ထင်တယ် မထင်ဘူးဆိုတာမရှိပါဘူး၊ ကိုနေရောင်ဝါ၊ စုံစမ်းတွေ့ရှိရတဲ့ အချက်အလက်တွေအပေါ် အခြေခံပြီး သံသယဖြစ်စရာ

တွေကို ရွေးထုတ်ရတာပါ၊ အခင်းဖြစ်တဲ့ ညနေပိုင်းက(...)ဓာတ်ပုံစတူဒီယို မှာ ကိုနေရောင်ဝါနဲ့ သေဆုံးသူဝင်းသီတာနဲ့စကားပြောနေကြတယ်လို့ မြင်တဲ့သူတွေက ပြောပါတယ်၊ ဝင်းသီတာသေဆုံးတဲ့နေရာကလည်း အဲဒီစတူဒီယိုနဲ့ မလှမ်းမကမ်းမှာဖြစ်နေပါတယ်၊ အဲဒီအချက်အလက်တွေကို ထောက်ရှုပြီး ကိုနေရောင်ဝါနဲ့တွေ့ဖို့ လိုအပ်တယ်လို့ ဆုံးဖြတ်လိုက်တာပါ"

သူ့စကားကြောင့် နေရောင်ဝါ မသိမသာ မျက်နှာပျက်သွားသည်ကို အဆက်မပြတ်အကဲခတ်နေသောသူက မြင်လိုက်သည်၊

"သေဆုံးသူဝင်းသီတာနဲ့ ကိုနေရောင်ဝါက ဘယ်လိုပတ်သက်မှုမျိုးလဲ"

သူ့မေးခွန်းကို နေရောင်ဝါက မျက်ခုံးတစ်ချက်ရွံ့လိုက်ပြီး...

"ဘယ်လိုပတ်သက်မှုမျိုးလဲဆိုတာ မေးနေစရာတောင် မလိုဘူးလို့ ကျွန်တော်ထင်တယ်၊ ကျွန်တော်က အနုပညာရှင်တစ်ယောက်ပဲ ကျွန်တော့်မှာ ဝင်းသီတာလို ပရိသတ်တွေအများကြီးရှိတယ်၊ သူတို့က ကျွန်တော့်ကိုလာမိတ်ဆက်တယ်၊ ကျွန်တော်ကအထိုက်အလျောက်စကားပြန်ပြောရတယ်၊ ဒါပဲလေ"

"ကျွန်တော့်အထင်တော့ ကိုနေရောင်ဝါနဲ့ဝင်းသီတာက အဲဒီလိုပတ်သက်မှုမျိုးမကဘူးလို့ထင်တယ်၊ ကျွန်တော် ဝင်းသီတာရဲ့မိသားစုနဲ့ တွေ့ပြီး မေးမြန်းပြီးပါပြီ၊ ကိုနေရောင်ဝါနဲ့ဝင်းသီတာက သာမန်ထက်ပိုတဲ့ ဆက်ဆံရေးရှိတယ်လို့ သူတို့ပြောတယ်၊ အဲဒါကိုနေရောင်ဝါကိုကျွန်တော်တို့ ခေါ်လိုက်ရတာပါ"

သူ့စကားကြောင့် နေရောင်ဝါ၏မျက်နှာက သိသာစွာပျက်ယွင်းသွားသည်၊ သို့သော် သရုပ်ဆောင်တစ်ယောက်ပီပီ မျက်နှာထားကို ချက်ချင်းပြန်ပြင်လိုက်ပြီး...

"သာမန်ထက်ပိုတဲ့ ဆက်ဆံရေးဆိုတာ ဘာကိုပြောတာလဲခင်ဗျာ၊ ကျွန်တော်ကတော့ ကျွန်တော့်ပရိသတ်အားလုံးကို တန်းတူပဲဆက်ဆံတာ

ပါ။ အဲ-သူ့ဘက်က လူကတော့ သာမန်ထက်ပိုရင် ပိုမှာပေါ့၊ အဲဒါကို ကျွန်တော် ဘာမှမထတ်နိုင်ဘူးလေ"

နေရောင်ဝါက ဝေ့လည်ကြောင်ပတ်ဖြေနေမှန်း သူသိသည်။ သို့သော် နေရောင်ဝါ၏ အမူအရာပျက်နေမှုကြောင့် ဝင်းသီတာနှင့်သေချာပေါက် ပတ်သက်မှုရှိရမည်ဟု သူခန့်မှန်းမိသည်။ ဝင်းသီတာလိုအဆင့်အတန်းမျိုးက မိန်းကလေးနှင့်နေရောင်ဝါလို ကျော်ကြားသောမင်းသားတစ်ယောက်က ပတ်သက်မှုမရှိနိုင်ဟု သာမန်အားဖြင့်ထင်ရသော်လည်း လုံးဝမဖြစ်နိုင်တာတော့မဟုတ်။ ရွင်းချက်တစ်ခုတော့ ရှိနိုင်သည်လေ။

"ဝင်းသီတာရဲ့မိသားစုကတော့ အဲဒီလိုမထင်ဘူးဗျ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဝင်းသီတာရဲ့ကိုယ်ဝန်ဟာ ကိုနေရောင်ဝါနဲ့ပတ်သက်နေတယ်လို့ သူတို့ကယူဆထားတာ ကိုနေရောင်ဝါရဲ့ဂုဏ်သိက္ခာကို ငဲ့ကွက်နေလို့သာ ဒီကိစ္စကိုနှုတ်ပိတ်နေကြတာ"

သူ့စကားကြောင့် နေရောင်ဝါ၏မျက်နှာက ရဲခနဲနီမြန်းသွားပြီး...

"ဘုရားရေ-သူတို့က အဲဒီလိုထင်နေကြတယ်၊ ဟုတ်လား။ အဓိပ္ပာယ်မရှိတာဗျာ။ ဒါဟာ ကျွန်တော့်ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်စေနိုင်တဲ့စကားဗျ၊ ဒီလိုကောလာဟလတွေသာ ပြန့်သွားရင် ကျွန်တော်ဘာဖြစ်သွားမယ်ဆိုတာ သူတို့သိရဲ့လား"

"ကျွန်တော်ပြောထားပါတယ် ကိုနေရောင်ဝါ၊ ဒီကိစ္စဟာ ဘာမှမသေချာသေးတဲ့အတွက် သတင်းမပြန့်စေဖို့ သူတို့ကို သတိပေးထားရပါတယ်"

"ဘာကိုသေချာရမှာလဲဗျ၊ ဒီကိစ္စကျွန်တော်နဲ့ဘာမှမဆိုင်ဘူး၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဝင်းသီတာဆိုတဲ့ကောင်မလေးက ကျွန်တော့်ကို အရမ်းစွဲလမ်းနေတာ ကျွန်တော့်နားကို အမြဲတမ်းတကပ်ကပ်လုပ်နေတာပဲ။ ကျွန်တော်ကတော့ သူ့ကိုတတ်နိုင်သမျှရှောင်တယ်၊ ဒါတောင်သူအတင်းလိုက်ကပ်နေတာတော့ ကျွန်တော်မတတ်နိုင်တဲ့ ကိစ္စပဲ"

နောက်ဆုံးတော့ နေရောင်ဝါထံမှ ထိုစကားထွက်လာသည်။

သူက ထိုစကားကိုနင်းကာ နောက်ထပ်မေးခွန်းများ ထုတ်သည်။ ထိုနေ့က ဓာတ်ပုံစတူဒီယိုတွင် သူတိုနှစ်ယောက်စကားပြောနေသည့် အမူအရာကို ထောက်ပြကာ ဘာတွေပြောကြသလဲဟု မေးသည်။ သို့သော် နေရောင်ဝါ၏အဖြေက ထို့ထက်ပို၍ တိုးတက်မလာခဲ့ပါ။ ထိုနေ့ကလည်း ထုံးစံအတိုင်း ဝင်းသီတာက သူ့ကိုဇွတ်အတင်းလိုက်ကပ်နေသဖြင့် သူရှောင်ထွက်ခဲ့ရကြောင်း၊ သူပြန်လာသော စတူဒီယိုရှေ့တွင် ဝင်းသီတာရစ်လျက်ကျန်ခဲ့ကြောင်း အခိုင်အမာ ပြောသည်။

နေရောင်ဝါပြန်သွားတော့ သူစိတ်နွမ်းလျ ပင်ပန်းစွာကျန်နေရစ်ခဲ့သည်။ သူက နေရောင်ဝါကို သံသယရှိခဲ့သည်။ သို့သော် ထိုသံသယကို ခိုင်မာအောင် သူမလုပ်နိုင်ခဲ့၊ ထိုနေ့က နေရောင်ဝါပြန်သွားတော့ ဝင်းသီတာအသက်ရှင်လျက်ရှိသေးသည်ဟု နေရောင်ဝါက ထွက်ဆိုသည်။ ထိုထွက်ဆိုချက်ကို သက်သေပြနိုင်မည့်သူ မရှိ။ ထိုနေ့က အဖြစ်အပျက်ကိုမြင်တွေ့လိုက်သူမရှိ။ သူ့သံသယများ ထိုနေရာတွင် ကွင်းဆက်ပြတ်သွားလေသည်။



"ဆရာ"

ရဲတပ်သားတစ်ယောက်က သူ့စားပွဲရှေ့တွင်လာရစ်သဖြင့် သူ့အတွေးစပြတ်သွားသည်။ ရဲတပ်သား၏ဘေးမှာတော့ အသားဖြူဖြူပိန်သွယ်သွယ်နှင့် မိန်းကလေးတစ်ယောက်။

"ဒီအမျိုးသမီးက ဆရာနဲ့စကားပြောချင်လို့တဲ့"

သူက မိန်းကလေးကို တစ်ချက်အကဲခတ်ရင်း ထိုင်ပါဟု ပြောလိုက်သည်။ မိန်းကလေးမှာ ပိုးဟပ်ဖြူလေးတစ်ကောင်လို ဖြူဖြူပါးပါးလေးဖြစ်သော်လည်း မာကျောခိုင်မာပုံရသည်။ သွယ်လျသောမျက်နှာပေါ်မှ မျက်ဝန်းနက်နက်များက နက်ရှိုင်းသောရေပြင်တစ်ခုကို အေးစက်တည်ငြိမ်နေ

သည်၊ အသက်(၂၅)နှစ်ခန့်ဟု ခန့်မှန်းရသော်လည်း မှန်းဆရခက်သော ရင့်ကျက်မှုတစ်မျိုးက မျက်နှာပေါ်တွင် အရိပ်ထင်နေလေသည်၊

"ကျွန်တော့်ကို ဘာများပြောချင်တာလဲ မသိဘူး"

သူက စကားစပေးလိုက်မှ သူမမျက်နှာက လူပ်ရှားရိပ်ထင်သွားပြီး...

"ဆရာက မဝင်းသီတာသေဆုံးမှုကိုစုံစမ်းနေတဲ့ ဒုရဲအုပ်မင်းမြတ်ဆိုတာလား"

"ဟုတ်ပါတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာပြောစရာရှိနေလို့လဲ"

"မဝင်းသီတာကို နေရောင်ဝါမသတ်ပါဘူး ဆရာ"

ရုတ်တရက်ပြောလိုက်သော သူမ၏စကားကြောင့် သူအံ့ဩသွားရသည်၊ ထိုအမှုနှင့်ပတ်သက်ပြီး ဒီမိန်းကလေး ဘာတွေများသိနေလို့လဲ၊

"ခင်ဗျားက ဘာကြောင့်အဲဒီလိုပြောနိုင်ရတာလဲ၊ နေပါဦး - ခင်ဗျားက ဘယ်သူလဲ"

သူကမေးတော့ မိန်းကလေးက အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"ကျွန်မနာမည် ဟန်နီပါ" ဟု မပွင့်တပွင့်ပြောသည်၊

ထိုနာမည်ကိုကြားလိုက်တော့ နေရောင်ဝါ၏ အလွန်နာမည်ကြီးခဲ့သော ဟန်နီဆိုသော ရုပ်ရှင်ကားကိုသတိရသွားမိသည်၊ ထိုရုပ်ရှင်ထဲမှ မင်းသမီး၏နာမည်က ဟန်နီမဟုတ်လား၊

"ခင်ဗျားက ဒီအမှုအကြောင်းကို ဘယ်လိုသိတာလဲ"

"နေရောင်ဝါနဲ့ပတ်သက်ပြီး ကျွန်မ မသိတာမရှိပါဘူး၊ ဒီအမှုနဲ့ပတ်သက်ပြီး သူသံသယဝင်စံနေရတယ် မဟုတ်လား၊ သူ ဒီကထွက်သွားတာ ကျွန်မမြင်လိုက်တယ်"

"သံသယဝင်တယ်ဆိုတာထက်၊ သူ့ကိုမေးမြန်းစရာလေးတွေရှိလို့ပါ၊ ဒါနဲ့ ခုနက ခင်ဗျားပြောတယ်နော် - ဝင်းသီတာကို နေရောင်ဝါက မသတ်ပါဘူးလို့၊ ခင်ဗျားက ဘာကြောင့်ဒီလိုပြောနိုင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီအဖြစ်အပျက်ကို ကျွန်မမြင်ခဲ့ရလို့ပေါ့"

သူမစကားကြောင့် သူအံ့ဩသွားမိသည်၊ ဒီအမှုမှာမျက်မြင်သက်သေတစ်ယောက်ရှိနေသည်ဆိုတာ သူမသိခဲ့ပါ၊

"သူတို့နှစ်ယောက်စကားပြောနေတာကို ခင်ဗျားမြင်ခဲ့တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ စတူဒီယိုအပြင်ဘက်မှာ သူတို့နှစ်ယောက်စကားပြောနေတာကို ကျွန်မမြင်ခဲ့ရတယ်၊ နေရောင်ဝါက အဲဒီကောင်မလေးကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေပုံပဲ၊ ခဏကြာတော့ နေရောင်ဝါက ကားပေါ်တက်ပြီးမောင်းထွက်သွားတယ်၊ ကောင်မလေးက အဲဒီနေရာမှာ ကျန်ခဲ့တယ်"

"ခင်ဗျားက သူတို့ကိုဘယ်လိုမြင်ခဲ့တာလဲ၊ ခင်ဗျားက ဘယ်နေရာမှာရှိနေတာလဲ"

သူ့မှုးမွှန်းကြောင့် သူမက စဉ်းစားနေသလို ဧရိယာတိတ်ဆိတ်နေပြီးမှ -

"ကျွန်မက ကားထဲမှာလေ - အဲဒီဓာတ်ပုံဆိုင်မှာ ဓာတ်ပုံရွေးမလို့လာရင်း သူတို့ကိုမြင်လို့ ကားရပ်ပြီးကြည့်နေမိတာ နေရောင်ဝါပြန်သွားမှ ကျွန်မစတူဒီယိုထဲဝင်လာခဲ့တာ အဲဒီကောင်မလေးပြန်သွားတာ မသွားတာတော့ကျွန်မလည်းမသိတော့ဘူး၊ သေချာတာကတော့နေရောင်ဝါပြန်သွားတဲ့အချိန်မှာ အဲဒီကောင်မလေးအသက်ရှင်နေတယ်ဆိုတာပဲ"

သူမက အေးအေးဆေးဆေးဖြင့် တစ်လုံးချင်းပြောသည်၊ သူက သူမစကားကို ယုံသင့်မယုံသင့်စဉ်းစားနေရင်းမှ...

"ဒါဆိုရင် နေရောင်ဝါက ဒီအမှုနဲ့မပတ်သက်ဘူးလို့ ခင်ဗျားပြောချင်တာပေါ့"

"မှန်ပါတယ်၊ အဲဒီနေ့ကအဖြစ်အပျက်ကို ကျွန်မ မမြင်ခဲ့ရဘူးဆိုရင်တောင် ဒီအမှုကို နေရောင်ဝါမကျူးလွန်ဘူးဆိုတာ သေချာပြောရဲပါတယ်၊ သူဟာ ဒီလိုအလုပ်မျိုးကို လုပ်မယ့်သူမျိုးမဟုတ်ဘူးရှင့် - ကျွန်မသေချာသိတယ်"

သူက ကျွန်မကိုအကဲခတ်ရင်း...

"ခင်ဗျားက ဘာကြောင့်သေချာပြောနိုင်ရတာလဲ၊ ခင်ဗျားနဲ့ နေရောင်ဝါနဲ့ရင်းနှီးလို့လား"

သူ့မေးခွန်းကြောင့် သူမျက်ဝန်းများက မှိုင်းခနဲညို့သွားပြီး...

"ဟင့်အင်းမရင်းနှီးပါဘူး၊ ဒါပေမဲ့ - ကျွန်မက သူ့ကိုသိပ်ချစ်တဲ့ပရိသတ်တစ်ယောက်ပဲ၊ သူ့စိတ်ကိုကျွန်မနားလည်တယ်၊ သူ့အကြောင်းကိုလည်း သူကိုယ်တိုင်ထက်တောင် ကျွန်မပိုသိတယ်၊ ဒါပေမဲ့..."

သူမက ပြောရင်းမှစကားရပ်သွားသည်၊ ထို့နောက်မှာတော့ ဆက်ပြောလိုစိတ်မရှိတော့ဟန်ဖြင့် သက်ပြင်းတစ်ချက်ရှိက်လိုက်ပြီး...

"အမှုနဲ့ပတ်သက်လို့ ကျွန်မသိတာ အကုန်ပြောပြပြီးပါပြီ၊ ကျွန်မပြန်တော့မယ်"

ဟုပြောသည်၊ သူကသူမကို သက်သေစာရင်းထဲထည့်ရမှာမို့ လိပ်စာနှင့်ဖုန်းနံပါတ် တောင်းယူထားလိုက်သည်၊ နောက်လည်းလိုအပ်လျှင် လာရောက်အစစ်ခံရန် ပြောလိုက်သည်၊ သူမပြန်သွားတော့ သူ့မှာစဉ်းစားစရာတွေ တစ်ပုံတစ်ပင်နှင့် ကျန်နေခဲ့လေသည်၊

ဟန်နီဆိုသည့်မိန်းကလေး၏ပုံစံကိုကြည့်ရတာ တစ်မူထူးခြားသည်ဟုထင်မိသည်၊ စကားပြောဆိုပုံဟန်ပန်အမူအရာတို့ကတခြားမိန်းကလေးများနှင့်မတူပဲ ကွဲပြားခြားနားနေသည်၊ ခံစားမှုကင်းမဲ့သော ပုံစံကလေးကရေခဲရုပ်တစ်ရုပ်လို၊ နောက်ထပ်ထူးခြားတာတစ်ခုက လူသတ်မှု၏ သက်သေတစ်ယောက်အဖြစ် သူ့အလိုအလျောက်လာဝန်ခံကာ ပြောပြခြင်းဖြစ်သည်၊ သူတွေ့ခဲ့ဖူးသော အမှုတော်တော်များများတော့ သက်သေလိုက်ရဖို့ အလွန်ကြောက်သောသူများ၊ သက်သေလိုက်ရမည်စိုး၍ မြင်တာတောင်မမြင်ပါဘူးပြောသူများသာဖြစ်၍ သက်သေလိုက်ဖို့ မနည်းပြောယူရသည်၊

သူမကတော့ ထိုအမှုနှင့်ပတ်သက်ပြီး ဘာမှမသိသလိုနေလို့ရတာတောင်မနေဘဲ ဌာနာအထိလာရောက်ဝန်ခံခဲ့သည်၊ ဒါဟာ ဘာကြောင့်လဲ၊ အဓိကတော့ နေရောင်ဝါကိုထိခိုက်မည်စိုး၍ လာရောက်ဖြေရှင်းခြင်း ဖြစ်

သည်၊ ထိုသို့ ပုဂ္ဂိုလ်ရေးခံစားချက်ဖြင့် ထွက်ဆိုသောသက်သေခံချက်ကို သူ ယုံကြည်လို့ရပါရဲ့လား၊ မည်သို့ပင်ဖြစ်စေ၊ သူခန့်မှန်းထားခဲ့သော အခြေအနေများက ဟန်နီဆိုသောမိန်းကလေး၏ ထွက်ဆိုချက်ကြောင့် ကွင်းဆက်ပြတ်သွားပြန်လေပြီ...၊

ဟန်နီဆိုသောမိန်းကလေးကတော့ သူထည့်သွင်းစဉ်းစားရမည့် လူစာရင်းထဲသို့ နောက်တစ်ယောက်အဖြစ် တိုးလာခဲ့ပြီ...၊



ဝင်းသီတာ သေဆုံးသောအမှုသည် ယခင် ဝေဖြာမိုး၏အမှုလိုဖြစ်လာမည်လားဟု ဒုရဲအုပ်မင်းမြတ် စိုးရိမ်လာမိသည်၊ အဘယ်ကြောင့်ဆိုသော် ထိုအမှုနှင့်ပတ်သက်ပြီး ယခုထိ တိုးတက်မှုရှိမလာသေး၍ ဖြစ်သည်၊

ယခုဆို အမှုဖြစ်ပွားခဲ့တာ နှစ်လခန့်ကြာခဲ့ပြီ ဖြစ်သည်၊ လူသတ်သမားနှင့်ပတ်သက်သောသဲလွန်စ တစ်စွန်းတစ်စမှ မရရှိခဲ့၊ သူထင်ထားခဲ့မိသော နေရောင်ဝါသည်လည်း သံသယဖြစ်စရာအချက်များနှင့် လွှဲချော်နေခဲ့သည်၊ ဖြစ်နိုင်ခြေရှိသော တခြားတစ်စုံတစ်ယောက်ဆိုတာလည်း မရှိ၊ နေရောင်ဝါကို မသိမသာစောင့်ကြည့်နေခဲ့သော်လည်း ဘာမှထူးခြားမှုရှိမလာပါ၊ အမှုအခြေအနေက ခြေရာလည်းပျောက်၊ ရေလည်းနောက်ဆိုသလိုဖြစ်နေခဲ့လေသည်၊

ထိုသို့ ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းထားရသော မင်းမြတ်၏ပခုံးပေါ်သို့ နောက်ထပ် ဝန်ထုပ်ကြီးတစ်ခု ကျလာပြန်လေသည်၊

ထိုနေ့ ညနေ(၅)နာရီခန့်တွင် ဌာနသို့ သတင်းဆိုးတစ်ခု ရောက်လာသည်၊ ကော်ဖီဆိုင်တစ်ဆိုင်၏ အမျိုးသမီးသန့်စင်ခန်းထဲတွင် မိန်းကလေးတစ်ယောက် ခေါင်းတွင်ပြင်းထန်းသောဒဏ်ရာဖြင့် လဲကျနေသည်တဲ့၊

ထိုသတင်းကြောင့် ဒုရဲအုပ်မင်းမြတ် ရင်မောသွားရသည်၊ ယခင်အမှုကိုပင် မဖြေရှင်းနိုင်သေးခင် နောက်ထပ်အလားတူအဖြစ်မျိုး ဖြစ်လာပြန်ပြီ၊

သူက ကားကိုဝပ်မြန်မြန်မောင်းကာ ထိုကော်ဖီဆိုင်သို့ ပြေးလာခဲ့သည်။ ယခုဖြစ်သောအမှုက သန့်စင်ခန်းထဲမှာဖြစ်တာမို့ အရိန်သိပ်မကြာနိုင်၊ သန့်စင်ခန်းထိုတာ လူတွေမကြာခဏ ဝင်ထွက်နေကြသည်မဟုတ်လား။ ကံကောင်းလျှင် မိန်းကလေး၏အသက်ကိုကယ်လို့ရနိုင်သေးသည်၊ သူကံကောင်းပါစေဟုသာ ဆုတောင်းနေမိပါသည်။

သူက ကော်ဖီဆိုင်ရှိသောလမ်းချိုးလေး၏ထိပ်ကိုရောက်လာ၍ ကားကိုကွေ့မည်ပြုစဉ် ထိုလမ်းထဲမှ မောင်းထွက်လာသောကားတစ်စီးကြောင့် ကားကိုရပ်လိုက်ရသည်။ ထိုအချိန်လေးမှာပင် တစ်ဖက်ကားထဲမှ ကားမောင်းသူ၏မျက်နှာကို လှမ်းမြင်လိုက်ရသည်။

ဟန်နီဆိုတဲ့ မိန်းကလေးပါလား...။

သူမကို ဒီနေရာတွင် တွေ့လိုက်ရ၍ သူအံ့သြသွားသည်။ သူမ ဒီကိုဘာလာလုပ်တာလဲ။ သူမနေတာက ဒီနားမှာမဟုတ်တာတော့ သေချာသည်။

သူမ၏ကားလွန်သွားတော့မှ သူ့ကားကိုလမ်းရိုးထဲ မောင်းဝင်လာခဲ့သည်။ ကော်ဖီဆိုင်ရှေ့ရောက်တာနှင့် ကားကိုကမန်းကတန်းရပ်ခဲ့ကာ ဆိုင်ထဲဝင်လာခဲ့သည်။ အမျိုးသမီးသန့်စင်ခန်းသို့သွားရင် လူနာတင်ကား ဧဝါထားသေးလားဟုမေးတော့ ဆိုင်မန်နေဂျာက ဧဝါထားကြောင်းဖြောသည်။

မိန်းကလေးသည် လက်ဆေးဘေစင်ရှေ့မှ ကြမ်းပြင်ပေါ်တွင် ကိုးရိုးကားရားလဲကျနေသည်။ နောက်ဖေ့တွင် ယခင်ပုံစံများနှင့်အလားတူသောဒဏ်ရာရှိနေပြီး ထိုဒဏ်ရာမှ သွေးများကကြမ်းပေါ်တွင် အိုင်ထွန်းနေသည်။ နဖူးနှင့်နာဂေါင်းတွင် ပွန်းပဲ့ဒဏ်ရာအနည်းငယ် တွေ့ရသည်။ မြင်တွေ့ရသောအနေအထားအရ နောက်ဘက်မှထုရိုက်ခံရကာ ရှေ့သို့ ဝိုက်ကျသွားစဉ် ဘေစင်နှင့်မျက်နှာကိုထိခိုက်မိပုံရသည်။ သူက မိန်းကလေး၏ ဘေးတွင် ဒူးထောက်ထိုင်ချကာ အသက်ရှူမရှူ စမ်းသပ်ကြည့်လိုက်သည်။

တော်သေးသည်၊ မိန်းကလေးအသက်ရှင်နေသေးသဖြင့် သူစိတ်ထဲမှ အလုံးကြီးကျသွားရသည်။ မိန်းကလေးကို ဆေးရုံပို့ပြီးမှ သူစိတ်အေးသွားရကာ ဆိုင်မှလူများကို မေးစရာရှိတာကို မေးရသည်။ ထိုအခါ အံ့သြစရာတစ်ခုကို ထပ်သိရပြန်လေသည်။

ထိုမိန်းကလေးက နေရောင်ဝါနှင့်အတူ ကော်ဖီဆိုင်ကိုလာခဲ့သူ ဖြစ်သည်တဲ့၊ နေရောင်ဝါဘယ်မှာလဲဟု သူကမေးတော့ လူတွေမြင်မည်စိုး၍ အတွင်းခန်းထဲ ခဏဝင်နေသည်တဲ့၊ သူက နေရောင်ဝါရှိသောအခန်းထဲသို့ ဝင်လာခဲ့သည်။

နေရောင်ဝါသည် အခန်းထဲမှ ထိုင်ခုံတစ်လုံးပေါ်တွင် စိတ်ချပ်ထွေးနေသောဟန်ဖြင့် ထိုင်နေပြီး၊ သူ့ကိုမြင်သောအခါ စိတ်မသက်မသာဖြစ်သွားပုံရသည်။

"ကျွန်တော်တို့ ဆုံကြပြန်ပြီ - ကိုနေရောင်ဝါ"

သူက ထိုသို့နှုတ်ဆက်လိုက်သောအခါ နေရောင်ဝါက...

"ကျွန်တော့်ကိုတော့ သေချာပေါက်သံသယဝင်တော့မယ်ဆိုတာကျွန်တော်သိပြီးသားပါ။ ကျွန်တော်ကလည်း အသတ်ခံရမယ့်သူတွေနဲ့မှ ပတ်သက်နေမိတာကိုး"



မင်းသားနေရောင်ဝါ၏ဘဝတွင်
ဒီလိုနောက်ကြောင်းရာဇဝင်
ရှိလိမ့်မည်ဟု သူလုံးဝမထင်ခဲ့မိပေ။
မင်းသားခေါင်းဆောင်းထားတဲ့
ဘီလူးဆိုတာ
နေရောင်ဝါလိုလူမျိုးဖြစ်လိမ့်မည်။
အကယ်၍ နေရောင်ဝါသာ
ထိုအမှုနှင့် ပတ်သက်နေသည်
မှန်ပါက သူလုံးဝ
အလွတ်ပေးတော့မည် မဟုတ်ပေ။

ဟု စိတ်ပျက်လက်ပျက်ဖြေသည်။ သူက နေရောင်ဝါကို အကဲခတ်ရင်း...

"အရု အရိုက်ခံရတဲ့မိန်းကလေးက ခင်ဗျားနဲ့အတူ ကော်ဖီဆိုင်ကိုလာတာဆို သူကဘယ်သူလဲ ခင်ဗျားမိတ်ဆွေလား"

သူ့မေးခွန်းကြောင့် နေရောင်ဝါက မချိတချိပြုံးလိုက်ပြီး...

"မိတ်ဆွေပဲဆိုပါတော့ သူနာမည်က မေသူဇော်တဲ့ ကော်ဖီဆိုင်ကို အတူလာတာတော့ မဟုတ်ပါဘူး။ သူက ကော်ဖီသောက်ရအောင်လို့ရှိန်းလို့ ကျွန်တော်ဒီကိုလာခဲ့တာပါ"

"ကော်ဖီအတူသောက်ရအောင်လို့ရှိန်းတယ်ဆိုတော့ ခင်ဗျားနဲ့သူက သိပ်ရင်းနှီးကြတယ်လား၊ သူရှိန်းတာကို ခင်ဗျားကလည်းလာတယ်ဆိုတော့လေ"

"သူနဲ့ကျွန်တော်က တက္ကသိုလ်မှာတုန်းကသိခဲ့ကြတာလေ၊ အတော်ရင်းနှီးတယ်ပဲပြောပါတော့၊ ဒါပေမဲ့ - မဆုံဖြစ်တာတော့(၃)နှစ်လောက်ရှိပါပြီ ဒီနေ့မှပြန်တွေ့တာ"

"သူ့အကြောင်းကို ခင်ဗျားသိထားသလောက် ပြောပြပါဦး"

"မေသူဇော်အကြောင်းလား၊ သူနဲ့(၃)နှစ်လောက်မတွေ့ ဖြစ်တာဆိုတော့ သိပ်တော့မသိဘူး၊ ကျောင်းပြီးသွားတဲ့နောက်ပိုင်း ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်သေးတယ်၊ အရု သူပြောပြတာတော့ ကုမ္ပဏီမှာမလုပ်တော့ပဲ ပြုတီးစလွန်းဖွင့်ထားတယ်တဲ့၊ အိမ်ထောင်မကျသေးဘူး။ သူတစ်ယောက်တည်း(...)မှာ တိုက်ခန်းငှားနေတယ်၊ ကျွန်တော်သိသလောက်ကတော့ ဒါပဲ"

"သူ ခင်ဗျားကိုမပြာတဲ့စကားတွေမှာ အခုဖြစ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ထူးခြားမှုတွေတွေ့ခဲ့သေးလား၊ ဥပမာ - ဒနကောင်းလား၊ အလုပ်အဆင်ပြေလား၊ အဲဒီလိုပုံမှန်စကားမျိုးထက် ထူးဆန်းတဲ့အကြောင်းတွေပြောတာသတိထားမိလား"

သူ့မေးခွန်းကို နေရောင်ဝါက ဓါးခါးယမ်းလိုက်ပြီး...

"ဟင့်အင်း...အဲဒါမျိုးမရှိဘူး၊ ကျွန်တော်တို့ ပုံမှန်ပဲစကားပြောကြတာပါ"

"ဒါဆို ခင်ဗျားတို့နှစ်ယောက်က မတွေ့ရတာကြာတဲ့ သူငယ်ချင်းနှစ်ယောက်ပြန်ဆုံတဲ့ပုံစံမျိုးထက် မပိုဘူးပေါ့ဟုတ်လား"

သူက နေရောင်ဝါ၏မျက်လုံးထဲသို့ ဓေသရာစိုက်ကြည့်ရင်း မေးလိုက်သည်၊ နေရောင်ဝါက သူ့မျက်လုံးအကြည့်ကို ရင်မဆိုင်နိုင်သလို မျက်နှာလွဲလိုက်ပြီး...

"အဲဒီအတိုင်းပါပဲ" ဟု မပွင့်တပွင့် ဖြေသည်၊

"မေသူဇော် ဒီလိုဖြစ်သွားတာကို ဘယ်လိုလုပ်သိကြတာလဲ"

"ကော်ဖီဆိုင်ကိုလာတဲ့ ဧည့်သည်အမျိုးသမီးတစ်ယောက်က ၁၀၄စင်ရန်းသွားရင်းတွေ့တာပဲ မေသူဇော်က ကျွန်တော်နဲ့စကားပြောရင်းက သန့်စင်ခန်းသွားဦးမယ်ဆိုပြီး ဝင်သွားတယ်၊ ကျွန်တော်က စားပွဲမှာပဲထိုင်စောင့်နေတယ်၊ အတော်ကြာတဲ့အထိ ပြန်မလာတော့ ကျွန်တော်မစောင့်ချင်တော့တာနဲ့ ပြန်မယ်ဆိုပြီး ကော်ဖီဝိုးရှင်းလိုက်တယ်၊ ဒီအချိန်မှာပဲ သူဒီလိုဖြစ်တယ်လို့ သိလိုက်ရတာပဲ - မေသူဇော်မဓေသဘူးမဟုတ်လား"

"သူ - အသက်ရှင်နေပါသေးတယ်၊ ဒါပေမဲ့ - အခြေအနေက ပြောလို့တော့မရသေးဘူး။ ဒဏ်ရာကပြင်းတယ်လေ၊ ဦးခေါင်းခွံတွဲသွားတာ၊ ဒါနဲ့ကိုနေရောင်ဝါ၊ လွန်ခဲ့တဲ့(၈)လလောက် သေဆုံးသွားတဲ့ ဝေဖြာမိုးထိုးတဲ့အမျိုးသမီးကို သိလား"

သူ့မေးခွန်းကြောင့် နေရောင်ဝါက သူ့မျက်နှာကို ဖျတ်ခနဲကြည့်လိုက်ရင်း -

"ဘာလဲ - အဲဒီအမျိုးသမီးကလည်း ကျွန်တော်နဲ့ပတ်သက်နေတယ်ထင်လို့လား"

"ကျွန်တော် အဲဒီလိုမပြောရသေးပါလား။ အရုသေဆုံးမှုတွေက ဆတ်စပ်နေလို့ ဝေဖြာမိုးကို ခင်ဗျားသိနေမလားလို့ မေးကြည့်တာပါ"

"အဲဒီနာမည်ကို အရု ဆရာမြမှ ကျွန်တော်ကြားဖူးတာပါ၊ ဒါနဲ့ သေ

ဆုံးမူတွေက ဆက်စပ်နေတယ်ဆိုတာ ဘာကိုပြောတာလဲ၊ သူတို့အသတ်ခံရတဲ့ပုံစံချင်းတူညီနေတာကို ဆိုလိုတာလား”

နေရောင်ဝါက အမှန်တကယ်သိချင်ဟန်ဖြင့် မေးသည်။ သူက...

“ဟုတ်တယ် အသတ်ခံရတဲ့ပုံစံချင်း တူရုံတင်မကဘူး၊ ခင်ဗျားနဲ့ပတ်သက်နေကြတာလည်းတူတယ်၊ အဲ - ဝေဖြာမိုးကတော့ ကျွန်တော်အသေ အချာမပြောနိုင်သေးဘူးပေါ့လေ”

သူ့စကားကြောင့် နေရောင်ဝါမျက်နှာပျက်သွားပြီးမှ ချက်ချင်းပြန်ပြင်လိုက်သည်။ မင်းမြတ်က သူ့ရဲမှန်းဆချက် ထိရောက်သွားမှန်း သိလိုက်သည်။ နေရောင်ဝါနှင့်ဝေဖြာမိုးတို့ ပတ်သက်မှုရှိနိုင်သည်ဟု ခန့်မှန်းမိလိုက်သည်။

ထိုစဉ်မှာပင် သူတပည့်လေးတစ်ယောက်က ပစ္စည်းလေးတစ်ခုကို လာပေးသည်။ ပစ္စည်းကလက်နှစ်လုံးခန့်ရှိသော လေးထောင့်ကော်ဘူးလေးဖြစ်ပြီး ဆေးဝါးတစ်ခုခုထည့်သော ဘူးလေးဟု ခန့်မှန်းရသည်။

“အခင်းဖြစ်တဲ့နေရာနဲ့အနီးက ဓာတ်တာပါဆရာ၊ ဘေစင်အောက်က ချောင်ထဲရောက်နေလို့ မနည်းဆွဲထုတ်ရတယ်”

ရဲသားလေးက ပြောသည်။ သူက ဘူးအဖုံးဖွင့်ကြည့်လိုက်တော့ ဘူးထဲမှ ခပ်သေးသေးအရွယ် ဆေးတောင့်လေးများတွေ့ရသည်။ ဘာဆေးမှန်းတော့ သူလည်းမသိသေး။

“ဘာဆေးလဲတော့မသိဘူးကိုနေရောင်ဝါ၊ဒါ - မေသူဇော်ရဲ့ပစ္စည်းဖြစ်နိုင်လား”

သူ့မေးခွန်းကို နေရောင်ဝါက ကျဲပြီးတိုလာဟန်ဖြင့် -

“ကျွန်တော်ဘယ်လိုလုပ်သိမှာလဲ၊ သုဘာရောဂါရှိလဲ ဘာဆေးသောက်လဲသိရလောက်အောင် ကျွန်တော်နဲ့သူက ရင်းနှီးတာမှမဟုတ်တာ သေချာတာကတော့ အမျိုးသမီးသန့်စင်ခန်းထဲက တွေ့တဲ့ဘူးဟာ ကျွန်တော့်ပစ္စည်းမဟုတ်တာ သေချာတယ်”

နေရောင်ဝါအဖြေကြောင့် ဘေးမှာရပ်နေသောရဲသားလေးပင် ပြုံးစိစိဖြစ်သွားသည်။ သူက နေရောင်ဝါကိုထပ်မမေးတော့ပဲ ဆိုင်မန်နေဂျာနှင့်

စားပွဲထိုးလေးများကိုခေါ်ကာစစ်ဆေးရသည်။ သူတို့ထွက်ဆိုသမျှမှာလည်း နေရောင်ဝါနှင့်အတူတူပဲ ဖြစ်သည်။ နေရောင်ဝါက နာမည်ကြီးရုပ်ရှင်မင်းသားဖြစ်၍ သူရောက်လာသည်ကို သတိထားမိကြသော်လည်း ကိုယ့်အလုပ်ကိုယ်လုပ်နေကြသည်မို့ အမျိုးသမီးဖြစ်ကို ဘယ်သူမှသတိမထားမိကြပါ။ သန့်စင်ခန်းထဲတွင် အမျိုးသမီးကိုမတွေ့ခင်အချိန်က နေရောင်ဝါတစ်ယောက်တည်း စားပွဲမှာထိုင်နေသည်။ နောက်တော့ ကော်ဖီမိုးရွဲပြီးပြန်မည်ပြုစဉ် အမျိုးသမီး၏အဖြစ်ကြောင့် မပြန်ဘဲ အတွင်းခန်းတွင် ဝင်နေရခြင်းဖြစ်သည်ဟု ပြောကြပါသည်။

အားလုံး၏ထွက်ဆိုချက်များမှာ ဘာမှထူးခြားမှုမရှိပါ။ အင်းဖြစ်နေရာမှရသော ဆေးဘူးလေးမှလွဲ၍ ဘာသဲလွန်စမှမရ။ မျက်မြင်သက်သေများ၏ထွက်ဆိုချက်များအရ နေရောင်ဝါကိုသံသယဖြစ်စရာ အချက်လည်းမတွေ့ပါ။

သူက စခန်းသို့ပြန်ရောက်သည်နှင့် အမှုတွဲများကိုအစမှအဆုံး ပြန်လည်သုံးသပ်ကြည့်လေသည်။ ဟုတ်သည်၊ ဝေဖြာမိုး၊ ဝင်းသီတာ၊ မေသူဇော်အားလုံး၏အဖြေအနေတွေက တူညီနေသည်။ လူသတ်သမားက တစ်ယောက်တည်းဖြစ်သည်ဆိုတာသေချာနေပြီ။ ပြီးတော့ထိုသုံးယောက်လုံးက နေရောင်ဝါနှင့် ပတ်သက်မှုတစ်ခုခုရှိနေကြသည်။ နေရောင်ဝါဝေဖြာမိုးကို မသိဘူးဟုငြင်းဆော်လည်း သူ့ရဲ့ မပိရိသောအမူအရာများကသိသည်ဟု သွယ်ဝိုက်ဝန်ခံနေကြသည်။ ထိုအချက်ကိုသေချာဖို့အတွက်တော့ ဝေဖြာမိုး၏မိသားစုနှင့် ထပ်တွေ့ရလိမ့်ဦးမည်ဖြစ်သည်။

သူက အချိန်မဖြုန်းတော့ဘဲ စခန်းမှူးထံအကျိုးအကြောင်းတင်ပြကာ ဝေဖြာမိုး၏မိသားစုကို သွားတွေ့ဖို့ခွင့်တောင်းလိုက်သည်။ စခန်းမှူးက ခွင့်ပြုလိုက်သည်နှင့် နောက်တစ်နေ့ထိအချိန်မဆိုင်းတော့ဘဲ ဝေဖြာမိုး၏အိမ်ရှိရာသို့ ထွက်လာခဲ့တော့၏။

နေရောင်ဝါနှင့်ဝေဖြာမိုးပတ်သက်မှုရှိလားဟု သူကမေးတော့ ပထမတော့ ဝေဖြာမိုး၏မိဘများက ဘာမှမပတ်သက်ပါဟု ဖြေကြသည်။ သို့သော်

ပါးနပ်စူးရှသောသူမျက်လုံးများက သူတို့လိမ်နေသည်ဆိုတာ သိသည်၊ ထို့ကြောင့် ဘူးအလျော့မပေးဘဲ မနည်းအစ်အောက်မေးလိုက်ခါမှ အဖြစ်မှန်ကိုဖွင့်ပြောတော့သည်၊ အဖြစ်မှန်ကိုသိလိုက်ရသောအခါ သူအတော်အံ့သြသွားမိလေသည်၊

"လွန်ခဲ့တဲ့(၃)နှစ်လောက်တုန်းက နေရောင်ဝါဆိုတဲ့နာမည် ဟုန်းဟုန်းတောက် ကျော်ကြားမလာခင်အချိန်ကပေါ့ ဆရာ၊ သမီးဝေဖြာနဲ့နေရောင်ဝါဟာ လူယေသဘာဝ ချက်ကြိုက်ခဲ့ကြတယ်၊ အဆင့်အတန်းချင်းတွာခြားပေမဲ့ တတ္တသိုလ်တုန်းက အတူတက်ခဲ့ကြ ရင်းနှီးခဲ့ကြတဲ့ သံယောဇဉ်နဲ့ ဒီလိုနီးစပ်သွားတာပါ၊ အဲဒီအကြောင်းကို နေရောင်ဝါနဲ့မိဘတွေ သိသွားတော့ သဘောမတူနိုင်ဘူးဆိုပြီး သူတို့နှစ်ယောက်ကို ဖွတ်အတင်းခွဲကြတယ်၊ အဲဒီအချိန်မှာပဲ လမ်းမခွဲနိုင်တဲ့သူတို့နှစ်ယောက်က ဝိုးပြေးဖြစ်သွားကြတယ်လေ"

"ဒါပေမဲ့ နေရောင်ဝါရဲ့မိဘတွေက သူတို့ကိုပြန်ခွဲကြတာပါပဲ၊ ဒီတစ်ခါတော့ အကြမ်းနည်းမဟုတ်ပဲ အနုနည်းနဲ့ခွဲခဲ့ကြတာ၊ နေရောင်ဝါဟာ နာမည်ရခါစအနုပညာရှင်တစ်ယောက်ဖြစ်လို့အခုချိန်မှာအိမ်ထောင်ကျခဲ့ရင် အညွှန့်တုံးသွားမှာစိုးလို့ပါတဲ့၊ နေရောင်ဝါအတွက် စဉ်းစားပေးပြီး ဒီအချိန်မှာ ခေကာခွဲနေပေးပါ၊ နောင်တစ်ချိန် အစစအရာရာအဆင်ပြေပြီဆိုရင်သူတို့ကို လက်ထပ်ပေးပြီး မင်္ဂလာပွဲကို ခမ်းခမ်းနားနားကျင်းပပေးပို့မယ်တဲ့ လက်ထပ်စာချုပ်တွေကိုလည်း သူတို့ဘက်က သိမ်းသွားတယ်၊ ပြီးတော့ ဒီကိစ္စကို လူမသိအောင် လျှို့ဝှက်ထားဖို့လည်း ကတိတောင်းထားတယ်၊ အဲဒါတို့က သူတို့ပြောတာကိုလက်မခံချင်ပေမဲ့ သမီးကိုယ်တိုင်က အဲဒီလို လုပ်ဖို့လက်ခံခဲ့တယ်၊ သမီးက နေရောင်ဝါကိုသိပ်ချစ်တာ၊ အဲဒါကြောင့် နေရောင်ဝါအတွက်စဉ်းစားပြီး သူလက်ခံခဲ့ရှာတာ"

ဝေဖြာမိုးဇိမိခင်က ပြောရင်း မျက်ရည်များဝဲလာသည်၊ သူမကဆက်ပြီး-

"နောက်တော့ သူတို့ဘက်က ကတိမတည်ခဲ့ကြဘူးလေ၊ နေရောင်ဝါအရမ်းအောင်မြင်လာတော့ အဲဒါတို့လို အဆင့်အတန်းမျိုးနဲ့ ပိုပြီးတောင်မတန်တော့ဘူးလို့ သူတို့ကထင်ကြတယ်၊ ဒါပေမဲ့ - ဆရာရယ် နေရောင်ဝါသာ ကျွန်မတို့ဘက်မှာရှိနေရင် သူတို့သဘောထားကို မှုစရာမလိုပါဘူး၊ ခုတော့ နေရောင်ဝါကပါ စိတ်ပြောင်းသွားပြီး သမီးလေးကို ဥပေက္ခာပြုထားတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး သမီးသိပ်ခံစားခဲ့ရတာ အဲဒီအချိန်မှာပဲ သမီးလေး ဒီအဖြစ်ဆိုးကြီးနဲ့ ကြုံရတာပါပဲ"

ဝေဖြာမိုးဇိမိခင်က မျက်ဝန်းထောင့်မှမျက်ရည်ကို လက်ဖြင့်တို့တာ သုတ်လိုက်သည်၊

"အဲဒီ(၃)နှစ်အတွင်းမှာရော သူတို့နှစ်ယောက်အဆက်အသွယ်ရှိကြလား"

"သမီးကဆက်သွယ်ဖို့ကြိုးစားပေမယ့် သူတို့အကြောင်းအမျိုးမျိုးပြပြီး အတွေ့မခံခဲ့ပါဘူး၊ တွေ့တော့လည်း ငွေစကားပြောပြီး ဒီအကြောင်းကိုမေ့ပစ်လိုက်ဖို့နားချကြတယ် တွေ့ကြတိုင်း သမီးလေးစိတ်ဆင်းရဲပြီး ပြန်လာရတာချည်းပါပဲ"

ကိုယ်ချင်းစာစိတ် ကင်းမဲ့လိုက်ကြတာဟု သူတွေးမိသည်၊ မင်းသားနေရောင်ဝါ၏ ဘဝတွင် ဒီလိုနောက်ကြောင်းရာဇဝင်ရှိလိမ့်မည်ဟု သူလုံးဝမထင်ခဲ့မိပေ၊ မင်းသားဝေါင်း ဆောင်းထားတဲ့ဘီလူးဆိုတာ နေရောင်ဝါလို လူမျိုးဖြစ်လိမ့်မည်၊ အကယ်၍ နေရောင်ဝါသာ ထိုအမှုနှင့် ပတ်သက်နေသည်မှန်ပါက သူလုံးဝအလွတ်ပေးတော့မည် မဟုတ်ပေ၊

"ဒါနဲ့ ဆရာက အခုမှဒါတွေ လာမေးနေတယ်ဆိုတော့ သမီးရဲ့အမှုမှာ တစ်ခုခု ထူးခြားလာလို့လား၊ ဇကာ့သမီးလေးသေတာ နေရောင်ဝါနဲ့များ ပတ်သက်နေတာလား"

ဝေဖြာမိုးဇိမိခင်က အထိတ်တလန့်ဖြင့် မေးသည်၊ သူက...

"အဲဒါက မသေချာသေးပါဘူး၊ ဒေါ်လေးကျွန်တော်တို့ စုံစမ်းစစ်ဆေးနေတုန်းပါ၊ ဘာကိုမှ သေချာမသိရသေးတော့ ဒီအတောအတွင်းမှာ ဒီကိစ္စ

နဲ့ပတ်သက်ပြီး သတင်းမပြန့်ပါစေနဲ့နော်၊ ဒေါ်လေးကာယကံရှင်တွေရဲ့ဂုဏ်သိက္ခာထိခိုက်မှာ စိုးလို့ပါ"

ဝေဖြာပိုးအိမ်မှပြန်လာတော့ သူ့ခေါင်းထဲတွင် အတွေးများစွာ ပါလာသည်၊

သေဆုံးသူ မိန်းကလေးနှစ်ယောက်က နေရောင်ဝါနှင့်ပတ်သက်တာ သေချာသွားပြီ၊ ယခုဆေးရုံပေါ်ရောက်နေသော မိန်းကလေးအကြောင်းကတော့ ဘာမှမသိရသေး။ ထိုအမှုများနှင့်ပတ်သက်ပြီး နေရောင်ဝါက သံသယဖြစ်စရာအကောင်းဆုံးသူ ဖြစ်နေသော်လည်း ဒါက ထင်ကြေးမျှသာ ဖြစ်သည်၊ ထိုအမှုများနှင့်ပတ်သက်ပြီး သူဘာကိုမှ လက်ဆုပ်လက်ကိုင် မပြနိုင်သေးတာတော့ ခံပြင်းစရာကောင်းလှသည်၊ မေသူဇော်၏အသက်ကို ကယ်တင်နိုင်ခဲ့လျှင်တော့ သဲလွန်စတစ်စုစုတော့ ရနိုင်မည်ဟု ထင်ပါသည်၊

သူက စခန်းသို့အပြန်မှာ ဆေးရုံသို့လှည့်ဝင်လာခဲ့သည်၊ မင်းပန်းနွယ်နယ်နေဟန်တူသော ဒေါက်တာဇော်လတ်က သူ့ကိုဆီးကြိုပြီး...

"ဝင်ဗျားရဲ့လူနာကိုတော့ တတ်နိုင်သမျှကယ်တင်ထားပြီးပြီ၊ အသက်ရှင်ဖို့ မရှင်ဖို့ဆိုတာကတော့ သူ့ကံပေါ့၊ ကျွန်တော်တို့ဘက်ကတော့(၅၀%၅၀%)ပဲ"

"ဒက်ရာက အရင်ပုံစံတွေအတိုင်းပဲပေါ့ ဟုတ်လား"

"သေချာတာပေါ့ - ဒီတစ်ခါဖြစ်ဖြစ်ချင်းသိလို့ သူ့အသက်ကိုအချိန်မီကယ်နိုင်ခဲ့တာ၊ အင်း - ကယ်တယ်လို့တော့ ပြောလို့မရသေးဘူးပေါ့"

သူက ယူလာသော ဆေးဘူးလေးကို ဒေါက်တာဇော်လတ်ကို လှမ်းပေးပြီး...

"ဒါ ဘာဆေးလဲဆိုတာ ကြည့်ပေးစမ်းပါဗျာ" ဟု ပြောလိုက်သည်၊

ဒေါက်တာဇော်လတ်က ဆေးဘူးပေါ်မှစာကို သေချာဖတ်ကြည့်လိုက်သည်း ဆေးဘူးထဲမှ ဆေးများကိုပါ ထုတ်ကြည့်စစ်ဆေးပြီး...

"ဒါ စိတ်ငြိမ်ဆေးတစ်မျိုးဗျ၊ ဒါပေမဲ့ - သာမန်လူနာမျိုးတွေကို ဆရာဝန်တွေညွှန်းတတ်တဲ့ စိတ်ငြိမ်ဆေးမျိုးမဟုတ်ဘူး ... စိတ်ရောဂါဝေဒနာရှင်တွေကို ညွှန်းလေ့ရှိတဲ့ ဆေးမျိုးဗျ"

"စိတ်ငြိမ်ဆေး ဟုတ်လား"

သူက တအံ့တသြပြန်မေးမိတော့ ဒေါက်တာဇော်လတ်က...

"ဟုတ်တယ်၊ ကျွန်တော်ကစိတ်ရောဂါကုဆရာဝန်မဟုတ်တော့ ဘယ်လိုအခြေအနေက ဘာဆေးဆိုတာတော့ သေချာမသိဘူးပေါ့ဗျာ၊ ဒါနဲ့ဒါကို ဘာဖြစ်လို့မေးတာလဲ"

"နောက်မှပဲ အေးအေးဆေးဆေးပြမယ်ဗျာ"

သူက ဒေါက်တာဇော်လတ်ကိုနှုတ်ဆက်ပြီး ဆေးရုံမှပြန်လာခဲ့သည်၊ ဒီနေ့တစ်နေလုံး တွေ့ကြုံသိရှိခဲ့သည့်အကြောင်းအရာများက သူ့ခေါင်းထဲတွင် ရှုပ်ထွေးလေးလံနေသည်၊ သူကြုံတွေ့နေရသောအမှု၏ ရှုပ်ထွေးနက်နဲမှုများ ဖမ်းစားထားမှုကြောင့် သူ့ခေါင်းထဲမှာ တခြားဘာကိုမှ မတွေးနိုင်အောင်ပင် ဖြစ်နေလေသည်၊



နောက်တစ်နေ့မနက်မှာပင် မေသူဇော်၏မိဘများကို ဓေါ်ယူစစ်ဆေးရသည်၊ မေသူဇော်နှင့်ပတ်သက်လို့တော့ ဘာမှ ထူးခြားမှုမတွေ့ရပါ၊ မေသူဇော်တို့မိသားစုက လူလတ်တန်းစားများဖြစ်ပြီး မေသူဇော်မှာ မောင်တစ်ယောက်နှင့် ညီမတစ်ယောက်ရှိသည်၊ သူတို့၏ကျောင်းစရိတ်အတွက် မေသူဇော်က အလှပြင်ဆိုင်မှရသော ဝင်ငွေဖြင့်ထောက်ပံ့သည်၊ မေသူဇော်အဖေက ရုံးတစ်ရုံးမှ သာမန် ဝန်ထမ်းတစ်ဦးဖြစ်သည်၊

ဤအလှပြင်ဆိုင်ဖွင့်နိုင်ဖို့အတွက် မေသူဇော်က ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားခဲ့ရခြင်း ဖြစ်သည်၊ သူမ၏မိဘများက ဘာမှထောက်ပံ့မပေးနိုင်ခဲ့၊ သူကြားထားသော သတင်းစကားများအရ ရွာရည်လှပသောမေသူဇော်က သူမကိုသဘောကျသော စပွန်ဆာတစ်ယောက်၏အတူအညီဖြင့် ဤဆိုင်

ကိုဖွင့်နိုင်ခဲ့ခြင်း ဖြစ်သည်တဲ့၊ ထိုသတင်းက ဟုတ်မဟုတ် သူသေချာမသိပါ၊ မေသူဇော်မိဘများလည်း ထိုအကြောင်းကို သိပုံမပေါ်။

မေသူဇော်၏မိဘများနှင့် တွေ့လိုက်၍ အရေးပါသော အချက်တစ်ချက်ကိုတော့ သူသိလိုက်ရပါသည်၊ မေသူဇော်၊ ဝေဖြာပိုးနှင့် နေရောင်ဝါတို့သည် တက္ကသိုလ်မှာတုန်းက သူငယ်ချင်းတွေဖြစ်သည်တဲ့၊ မေသူဇော်နှင့် ဝေဖြာပိုးသည် အလွန်ချစ်သော သူငယ်ချင်းများဖြစ်ခဲ့ကြပြီး ထိုစဉ်က အမြဲတွဲတွဲနေတတ်သည်ဟု ဆိုသည်၊ ဝေဖြာပိုး မသေဆုံးခင်အချိန်ကအထိလည်း အဆက်အသွယ်မပြတ်ခဲ့ကြတဲ့၊

ထိုအချက်ကြောင့် သူ တစ်ခုစဉ်းစားမိသွားသည်၊ မိန်းကလေးများသည် သူတို့၏အချစ်ရေးကိစ္စများကို သူငယ်ချင်းများနှင့် ဆွေးနွေးတိုင်ပင်လေ့ရှိသည်၊ အချစ်ရေးနှင့်ပတ်သက်ပြီး အရေးကြီးသောဆုံးဖြတ်ချက်ချစရာရှိရင်လည်း သူငယ်ချင်းတွေကိုတော့ ဖွင့်ဟတိုင်ပင်ကြမြဲဖြစ်သည်၊ သူငယ်ချင်းအားလုံး မပြောပြရင်တောင် အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက်ကိုတော့ ဆွေးနွေးတိုင်ပင်တတ်ကြသည်၊

မေသူဇော်သည် ဝေဖြာပိုးနှင့်နေရောင်ဝါတို့နှစ်ယောက်လုံး၏ သူငယ်ချင်းဖြစ်သဖြင့် ထိုအကြောင်းကိုသိမှာ သေချာလှသည်၊ ဝေဖြာပိုးသည် နေရောင်ဝါနှင့် ခိုးရာလိုက်မည့်ကိစ္စကို အချစ်ဆုံးသူငယ်ချင်းဖြစ်သော မေသူဇော်ကိုမပြောပဲနေမှာ မဟုတ်ပေ၊ ခိုးပြေးရာတွင်ပင် ကူညီကောင်းကူညီခဲ့လိမ့်မည်၊ ထိုအတူ နောက်ပိုင်းဖြစ်ခဲ့သောအကြောင်းတွေကိုလည်း သိနေမှာသေချာလှသည်၊

သူကတွေးရင်း တဖြည်းဖြည်းဆက်စပ်လာသည်၊ နေရောင်ဝါသည် မေသူဇော်ကို နှက်ပိတ်လို၍ သတ်ရန်ကြံစည်ခဲ့ခြင်းလား။

ဝင်းသီဘာသည် နေရောင်ဝါ၏ကိုယ်ဝန်ကိုလွယ်ထားပြီး တာဝန်ယူဖို့ပြောခဲ့သောကြောင့် အသတ်ခံခဲ့ရခြင်းလား၊ ဝေဖြာပိုးကရော သူမကိုလက်ထပ်ဖို့ဖိအားပေးခဲ့သောကြောင့် နေရောင်ဝါက အပြတ်ရှင်းပစ်ခဲ့ခြင်းလား။

အမှု၏ကွင်းဆက်များကို ဆက်စပ်မိလာသော်လည်း နေရောင်ဝါကိုတော့ ခိုင်မာသောစွဲချက်မတင်နိုင်သေးပေ၊ ထိုအဖြစ်ကိုပဲ သူကမခံရှိမခံသာဖြစ်လွန်းလှသည်၊

ဝေဖြာပိုးနှင့်ပတ်သက်၍ နေရောင်ဝါကို နောက်တစ်ကြိမ်ခေါ်တွေ့တော့ နေရောင်ဝါမှာလည်း အတော်ပင်ခံပြင်းဒေါသထွက်နေပုံ ပေါ်သည်၊

"ဒီအမှုတွေနဲ့ပတ်သက်ပြီး ဆရာတို့ ကျွန်တော့်ကိုပဲ သံသယဖြစ်စရာရှိတာလား၊ တခြားဖြစ်နိုင်တဲ့တစ်စုံတစ်ယောက် ရှာမတွေ့တော့ဘူးလား"

နေရောင်ဝါက မကြည်မသာဖြင့် ပြောသည်၊ သူကလည်း ပြောချင်သောစကားများကို မနည်မျိုးသိပ်ထားရပြီး နေရောင်ဝါကို ခပ်တည်တည်ဖြင့် စိုက်ကြည့်ကာ...

"ဒီအမှုတွေနဲ့ပတ်သက်ပြီး ခင်ဗျားက သံသယဖြစ်ဝရာအကောင်းဆုံးပဲလေးကျွန်တော်တို့လည်းပထမတော့ခင်ဗျားအတွက်အခွင့်အရေးပေးပြီး စဉ်းစားပါသေးတယ်၊ ဒါပေမဲ့ - အခုဝေဖြာပိုးရဲ့အကြောင်းပါထပ်သိလိုက်ရတော့...

သူစကားကြောင့် နေရောင်ဝါ၏မျက်နှာက ဟန်မထောင်နိုင်လောက်အောင်ပင် ပျက်ယွင်းသွားသည်၊ ဒီမင်းသား ဒါကြောင့် ခုထိအကယ်ဒမီမရသေးတာဟု သူတွေးလိုက်မိသည်၊ ရုပ်ကလေးချောတာနဲ့ မိန်းကလေးတွေစွဲလမ်းအောင်ကြာပေးတတ်တာကလွဲပြီး ဘာမှအရည်အချင်းရှိပုံမပေါ်ပါ။

"လွန်ခဲ့တဲ့(၃)နှစ်က ခင်ဗျားနဲ့ဝေဖြာပိုး ဘယ်လိုပတ်သက်ခဲ့ကြဖူးတယ်ဆိုတာ ကျွန်တော်အားလုံးသိပြီးပါပြီ၊ အဲဒီတော့ ခင်ဗျားပဲစဉ်းစားကြည့်ပေါ့၊ ခင်ဗျားဟာ သူတို့သုံးယောက်လုံးနဲ့ ပတ်သက်နေတယ်၊ အဲဒီသုံးယောက်လုံး အသတ်ခံရတယ်၊ အခင်းဖြစ်တဲ့နေရာတိုင်းမှာလည်း ခင်ဗျားရှိခဲ့တယ် သံသယဖြစ်စရာ အချက်အလက်တွေအားလုံး ခင်ဗျားကို ညွှန်းပြနေကြတယ်လေ၊"

"ဒါဆိုရင် ဆရာကျွန်တော့်ကို ဘာဖြစ်လို့ မဖမ်းသေးတာလဲ"

နေရောင်ဝါက သူ့ကိုစူးရဲစွာ စိုက်ကြည့်လျက် မကျေမနပ်ဟန်ဖြင့် ဖေးသည်။

"ကျွန်တော်တို့က ခင်ဗျားကိုလူသတ်တရားခံပါလို့ တစ်ထစ်ချစွပ်စွဲနေတာမဟုတ်ပါဘူး ကိုနေရောင်ဝါ၊ ဖြစ်နိုင်ခြေအများဆုံးလူတစ်ယောက်လို့ ယူဆထားတာပါ။ ကျွန်တော်တို့အနေနဲ့ ခင်ဗျားရဲ့ ကြီးမြတ်လှတဲ့ ဂုဏ်သိက္ခာကိုထိခိုက်အောင် မလုပ်ချင်ပါဘူး"

သူက ထိမ်းချုပ်ထားသည့်ကြားမှ ခနဲ့တဲ့တဲ့ပြောမိသွားဟန်သေးသည်၊ သူကဆက်ပြီး...

"ကျွန်တော်တို့က ဒီလူဟာလူသတ်တရားခံပါလို့ သေချာသိနေရင်တောင် သက်သေမခိုင်လုံရင် ဘယ်လိုမှလုပ်လို့မရပါဘူး။ ခိုင်လုံတဲ့သက်သေရအောင်ကြိုးစားစုံစမ်းရပါတယ်၊ ကျွန်တော်တို့တာဝန်က သံသယဖြစ်ရာအချက်အလက်တိုင်းကို သဲတစ်စေ့လောက်တောင်မကျန်အောင် စုံစမ်းစစ်ဆေးရတဲ့အလုပ်ပါ။ ဒီတော့ တာဝန်ရှိတဲ့အတိုင်း လုပ်စရာရှိတာလုပ်ရမှာပါပဲ"

"အဲဒီတော့ ကျွန်တော်တို့ဘက်က တာဝန်ကျေရင် ခင်ဗျားဘက်ကလည်း တာဝန်ကျေပါ၊ ခင်ဗျားအနေနဲ့ ကိုယ့်ကိုယ်ကိုယ်သာ လိမ်ပြောလုံရင် ဘာကိုမှ ထိမ်ရိန်မထားဖို့ ကျွန်တော်သတိပေးချင်ပါတယ်"

သူ့စကားအဆုံးမှာ နေရောင်ဝါနှင့်သူ အတန်ကြာအောင် မျက်လုံးချင်းဆိုင်ကြည့်နေမိကြသည်၊ နောက်မှ နေရောင်ဝါက စိတ်လျှော့လိုက်သလို မျက်လုံးလွှဲလိုက်ပြီး...

"ကျွန်တော့်မှာ ဘာမှထိမ်ချန်ထားစရာ အကြောင်းမရှိတော့ပါဘူး၊ ဆရာတို့အားလုံးသိပြီးနေပြီပဲ၊ ဒီတော့ တာဝန်ရှိတဲ့အတိုင်းသာဆောင်ရွက်ကြပါ။ ကျွန်တော်သေချာပြောနိုင်တာတစ်ခုကတော့ ဇနီးကျွန်တော်ဘယ်သူ့ကိုမှ မသတ်ဘူးဆိုတာပဲ"

ထိုစကားကိုတော့ နေရောင်ဝါက တကယ်ပင်ရိုးသားဟန်ဖြင့် ပြောခြင်းဖြစ်၍ သူပင်တွေဝေသွားမိသည်၊ သူသံသယတွေ တစ်ခုခုများလွဲချော်နေခဲ့ပြီလား။

စခန်းမှူးကလည်း သူ့ကိုပြောပါသည်၊

"ကိုမင်းမြတ်က တကယ်တော်တဲ့ရဲတစ်ယောက်ပါ။ ဒါပေမဲ့ လူငယ်ပီပီ စိတ်ဆန္ဒပြင်းထန်လွန်းတယ်၊ ဘာမဆိုတစ်ခုတည်းကိုပဲ စိတ်အာရုံစူးစိုက်လွန်းတာမျိုးကို ရှောင်ပါ။ အခုကိစ္စမှာလည်း နေရောင်ဝါဟာ သံသယဖြစ်ရာအကောင်းဆုံးသူထိုပေမယ့် အဲဒီအချက်ကိုပဲ တစိုက်မတ်မတ်လိုက်နေလို့မရဘူး၊ တစ်ဝါတလေမှာ အမှုကမထင်မှတ်တာတွေလည်း ဖြစ်သွားတတ်တယ်၊ အဲဒီတော့ တခြားဖြစ်နိုင်ခြေတွေကိုလည်း မျှတစဉ်းစားပါကိုမင်းမြတ်"

စခန်းမှူးက ထိုသို့ပြောပြီး အမှုမှတခြားဖြစ်နိုင်ခြေများကို ဟောက်ပြသည်၊ ထိုအထဲတွင် ပါဝင်လာခဲ့သည်က သူမေမ့လျော့နေခဲ့သော ဟန်နီထိုသောကောင်မလေးစခန်းမှူးက ဖိုင်တွဲတစ်ခုနှင့် ဟန်နီ၏ကော်ပုံတစ်ပုံကို သူ့ရှေ့တန်းပေးပြီး...

"ကိုမင်းမြတ် - နေရောင်ဝါကိုအာရုံစိုက်နေတုန်း ကောင်လေးတွေကို စုံစမ်းခိုင်းထားတာ ဟန်နီထိုတဲ့ မိန်းကလေးရဲ့အကြောင်းပဲ၊ သိပ်တော့ မထူးခြားပေမဲ့ ဟန်နီထိုသည့်နာမည်က နာမည်ရင်းမဟုတ်ဘူး"

သူက စခန်းမှူးပေးသောဖိုင်တွဲကို ယူကာ ဇတ်ကြည့်လိုက်သည်၊

ထားထားဇော်၊ အသက်(၂၅)နှစ်၊ ဘွဲ့ရပြီး အလုပ်အကိုင်မရှိသူ၊

မီဘများမရှိတော့ဘဲ ဈေးမျိုးနီးစပ်တော်သော အဒေါ်တစ်ယောက်နှင့် ယခုလိပ်စာတွင် နှစ်ဦးတည်းနေထိုင်သည်၊ ယခုနေထိုင်သောလိပ်စာသို့ လွန်ခဲ့သော (၂)နှစ်ကမှ ပြောင်းလာခြင်းဖြစ်သည်၊ သူမ၏နောက်ကြောင်းရာဇဝင်ကို ထိုပတ်ဝန်းကျင်မှ သိပ်မသိကြတဲ့၊

ထူးခြားသောအကြောင်းအရာတော့ သိပ်မရှိပါ၊ သို့သော် သူမနာမည်အမှန်ကိုမပြောဘဲ အဘယ့်ကြောင့် ဟန်နီဟုပြောခဲ့ရသနည်း၊ နေရောင်ဝါကို အရှုံးအမြုံးဖြစ်သောပရိသတ်တစ်ယောက်မို့ နေရောင်ဝါ၏နာမည်ကျော်ရှုပ်ရှင်ကားထဲမှာ နာမည်ကိုယူထားခြင်းလား။ သို့မဟုတ် တခြားအကြောင်းတစ်ခုရှိနေလို့လား။ သူ့ကိုပေးခဲ့သောလိပ်စာကတော့ အမှန်ပဲဖြစ်သည်၊

ဇုန်နံပါတ်ကရော သူမတို့ဇုံနံပါတ်အမှန်ပဲလား။ သူမနှင့် နောက်ထပ်တွေ့ ကြည့်လျှင်ကောင်းမလားဟု သူစဉ်းစားနေမိစဉ်မှာပင် ...

...ကလင် ကလင် ကလင် ...

စားပွဲပေါ်မှ ဇုန်းမြည်လာသဖြင့် စခန်းမှူးက ကောက်ကိုင်လိုက်သည်၊ ထိုနောက် တစ်ဖက်မှစကားကို နားထောင်ကာ ဇုန်းကိုချက်ချင်းချလိုက်ပြီး

"ဆေးရုံကဆက်တာ မေသူဇော်သတိရလာပြီးကယောင်ကတမ်းတွေ ပြောနေတယ်တဲ့၊ ကိုမင်းမြတ် အမြန်သွားလိုက်ပါ"

စခန်းမှူးစကားကြောင့် သူရှင်ထဲထိတ်ခနဲ ဝမ်းသာသွားသည်၊ သူက စခန်းမှူးကိုအလေးပြုပြီး အခန်းထဲမှ ခြေလှမ်းကျဲကြီးများဖြင့် မြန်ဆန်စွာ ထွက်လာခဲ့သည်၊ စခန်းမှူးကတော့ စိတ်မြန်လက်မြန်ရှိလှသော သူ့ကို ပြုံးချင်ဟန်ဖြင့် နောက်မှလိုက်ကြည့်နေလေသည်၊

ဆေးရုံသို့ရောက်တော့ သူ့ထံအကြောင်းကြားခဲ့သော ဒေါက်တာဇော်လတ်ကိုပင် နှုတ်မဆက်နိုင်တော့ပဲ မေသူဇော်၏အခန်းသို့ချက်ချင်းဝင်လာခဲ့သည်၊ ဒေါက်တာဇော်လတ်က သူ့နောက်မှ မနည်းမီအောင် လျှောက်လိုက်လာရင်း ...

"သူက လုံးလုံးသတိရတာတော့ မဟုတ်သေးဘူးဗျ၊ သတိရတစ်ချက် မရတစ်ချက်ဖြစ်နေတယ်၊ အခြေအနေကတော့ နည်းနည်းကောင်းလာတယ်လို့ ပြောရမှာပဲ"

သူက ခုတင်ပေါ်တွင် မျက်လုံးများမှိတ်လျက် ပါးစပ်မှ ဗလုံးပထွေး ရေရွတ်ညည်းညူနေသော မေသူဇော်ကို ငုံ့ကြည့်ရင်း ...

"စောစောက သူဘာတွေပြောတာကြားမိလဲ"

"သဲသဲကွဲကွဲတော့ မဟုတ်ဘူး၊ မလုပ်နဲ့၊ မလုပ်နဲ့လို့အော်သံကြားတယ်၊ ပြီးတော့ သူ့ခေါင်းကိုလက်နှစ်ဖက်နဲ့အုပ်ပြီး နာတယ်၊ နာလိုက်တာလို့အော်နေတာပဲ"

သူမေးခွန်းကို ဒေါက်တာဇော်လတ်က သေချာစွာပြန်ဖြေသည်၊

"ကျွန်တော် သူ့ကိုမေးခွန်းနည်းနည်းမေးလို့ရပါ့မလား"

"ဒါတော့ မပြောတတ်သေးဘူး၊ စမ်းကြည့်လိုက်ပေါ့"

သူက မေသူဇော်ကုတင်ဘေးမှခုံတွင်ဝင်ထိုင်ကာ ညင်သာသော လေသံဖြင့် ...

"မေသူဇော် - နေကောင်းရဲ့လား မေသူဇော်"

သူ့အသံကြောင့် သူမက မျက်လုံးအနည်းငယ်ဖွင့်လာသည်၊ သူက ...

"မေသူဇော် နေကောင်းရဲ့လား" ဟု နှုးညံ့စွာထပ်မေးလိုက်သည်၊

"မကောင်းဘူး၊ ခေါင်းကအရမ်းနာတယ် နေမကောင်းဘူး"

သူမက ဗလုံးပထွေးပြန်ပြောသည်၊ သူကဆက်ပြီး ...

"မေသူဇော်ခေါင်းကို နာဇေအောင်ဘယ်သူလုပ်တာလဲ သိလား"

"သိတယ် ...ဟိုမိန်းမ ကြောက်စရာကောင်းတယ်၊ ကျွန်မခေါင်းကို ရိုက်တယ်"

တစ်ပိုင်းတစ်စတွေက်လာသော မေသူဇော်စကားကြောင့် သူအားတက်သွားကာ ဆက်မေးလိုက်သည်၊

"အဲဒီမိန်းမကိုသိလား သူနာမည်ဘယ်သူလဲ"

"ဟင့်အင်း မသိဘူး၊ ကြောက်စရာကောင်းတယ် ခေါင်းနာတယ် အား"

မေသူဇော်က ခေါင်းကိုလက်ဖြင့်အုပ်ကိုင်ရင်း အော်လိုက်သဖြင့် သူက ဒေါက်တာဇော်လတ်ကို ဘယ်လိုလဲဟူသောသဘောဖြင့် မော့ကြည့်လိုက်သည်၊ ဒေါက်တာဇော်လတ်ကဆက်မေးရန် မျက်ရိပ်ပြသည်၊ သူကလေသံကိုအတတ်နိုင်ဆုံး နှုးညံ့စွာဖြင့် ...

"မေသူဇော် - အဲဒီမိန်းမက မရှိတော့ပါဘူး၊ ဘာမှကြောက်စရာမလိုတော့ဘူး၊ မေသူဇော်ကိုဘယ်သူမှနာကျင်အောင် မလုပ်တော့ဘူးနော်၊ မေသူဇော်ကို ရိုက်တဲ့မိန်းမက ဘယ်လိုပုံစံလဲ မှတ်မိလား၊ အဲဒီမိန်းမက ဘယ်လိုပုံစံလဲ"

မေသူဇော်က ခေတ္တစဉ်းစားသလိုငြိမ်ကျသွားသည်၊ အတန်ကြာမှ -

"အသားအရမ်းဖြူတယ်၊ သူမျက်လုံးတွေသရဲမလိုပဲ၊ ကြောက်စရာကောင်းတယ်၊ သူက ...သူက ...ရေခဲတုံးကြီးနဲ့တူတယ်"

သူမစကားကြောင့် သူမျက်လုံးထဲမှာ တစ်စုံတစ်ယောက်ကို မြင်ယောင်

လိုက်မိသည်။ ဟန်နီသို့မဟုတ်ထားထားဇော်။ သူမကိုမြင်တဲ့ အတိုင်း ရေခဲတုံး တစ်တုံးလို ခံစားထင်မြင်ရလောက်အောင် အေးတိအေးစက် မိန်းကလေး။

သူက မေသူဇော်ကို နောက်ထပ်မေးခွန်းများထပ်မေးသော်လည်း ဘာမှရေရာစွာ မဖြေနိုင်တော့ပါ။ စောစောကပြောခဲ့သော စကားများကိုသာ ထပ်တလဲလဲပြောနေလေသည်။ ဘာမှထပ်မေးမရတော့သဖြင့် သူမေသူဇော်နားမှ ထထွက်လာခဲ့ရသည်။ ဒေါက်တာဇော်လတ်က သူနောက်မှ လိုက်လာပြီး...

"သူပြောတာတွေကျွန်တော်တော့ဘာမှနားမလည်ဘူးများအသားဖြူဖြူ ရေခဲတုံးကြီးနဲ့တူတယ်ဆိုတော့ ကျွန်တော်ဖြင့်နှင်းခဲရုပ်ကြီးကို မျက်စိထဲသွားမြင်မိတာပဲ"

ဒေါက်တာဇော်လတ်စကားကြောင့် သူပြုံးလိုက်မိရင်း...

"ခင်ဗျားက သူ့ကိုမမြင်ဘူးလို့ပါ၊ ခင်ဗျားမြင်ဖူးရင်လည်းဒီလိုပဲပြောမှာပဲ၊ အန္တရာယ်ပေးနိုင်တဲ့ ရေခဲတုံးကြီးပေါ့"

ဒေါက်တာဇော်လတ်က သူ့ကိုနားမလည်နိုင်စွာငေးကြည့်ရင်း...

"ဒါဆို မေသူဇော်ပြောတဲ့မိန်းမကို ခင်ဗျားသိတယ်ပေါ့။ ဟုတ်လား"

"အင်း-သိတယ်လို့ထင်ရတာပဲ၊ သူ့နာမည်က ဟန်နီဆိုရင် ခင်ဗျားလည်းသိမှာပါ"

"ဩော်... ဟုတ်ပြီ၊ ကျွန်တော်မှတ်မိပြီ၊ မိန်းကလေးတွေနဲ့ပတ်သက်ပြီးဘာတစ်ခွန်းမှမပြောတက်တဲ့ခင်ဗျားကအရေးတယူပြောခဲ့တာဆိုတော့ မှတ်မိနေတယ်။ ဒါဆို..."

ဒေါက်တာဇော်လတ်က သူ့ကိုတအံ့တသြဖြင့် မော့ကြည့်ရင်း...

"အဲဒီမိန်းကလေးက လူသတ်တရားခံလို့ ခင်ဗျားထင်တယ်ပေါ့ ဟုတ်လား"

"ကျွန်တော်သေချာမပြောနိုင်သေးပါဘူး၊ ဒီမိန်းကလေးနဲ့ထပ်တွေ့ပြီးမှ ရှေ့ဆက်ပြီး စဉ်းစားနိုင်မှာပဲ"

သူက စကားကိုဖြတ်ကာ အိတ်ထဲမှဖုန်းကိုထုတ်ပြီး ဟန်နီခေါ် ထားထားဇော်ပေးခဲ့သော ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။ သို့သော် ဖုန်းပိတ်ထားသည်ဟုသာ ပြန်ဖြေသည်။ သူက ဖုန်းကိုပိတ်ရင်း သက်ပြင်းတစ်ချက်ချလိုက်မိသည်။

ထားထားဇော်ဆိုသော ထူးဆန်းသည့်မိန်းကလေးသည် လူသတ်မှု၏ သက်သေအဖြစ် သူ့ထံသို့အလိုအလျောက်ရောက်ရှိလာခဲ့ပြီး ယခု သူခေါ်သောအခါတွင်တော့ လူသတ်မှု၏ သံသယတရားခံဆိုတာ သူ သိခဲ့ပါလျှင်။

"ကဲ...ဒေါက်တာ -အမှုဖြစ်စဉ်ကို ခင်ဗျားသိချင်နေရင် ကိစ္စတွေအားလုံး ဖြေရှင်းပြီးမှ အားလုံးရှင်းပြပါမယ်၊ အခုတော့ သွားစရာလေးရှိသေးလို့"

သူက နှုတ်ဆက်ရင်း ထွက်သွားမည်ပြုတော့ ဒေါက်တာဇော်လတ်က

"နေပါဦး ခင်ဗျားကဘယ်သွားမှာလဲ" ဟုမေးသည်။

"ဒီအမှုအတွက် အဖြေတစ်ခုခုရနိုင်မယ့်နေရာကိုပေါ့ဗျာ"

"ကျွန်တော်ပါလိုက်ခဲ့လို့ မရဘူးလား"

စိတ်ဝင်တစားဖြစ်နေသော ဒေါက်တာဇော်လတ်ကို သူကပြုံးကြည့်မိရင်း...

"ခင်ဗျား အလုပ်အားမယ်ဆိုရင်ပေါ့ဗျာ" ဟုပြောလိုက်သည်။

"ခင်ဗျားနဲ့သာလိုက်ရမယ်ဆိုရင် အချိန်မရွေးအားပြီးသားပဲဗျာ"

ဒေါက်တာဇော်လတ်က ပြောရင်း ဂျူတီကုတ်ကိုဆွဲချွတ်လိုက်သည်။ ထို့နောက် ဆေးရုံမှဆရာဝန်တစ်ယောက်ကို မှာစရာရှိတာမှာခဲ့ပြီး သူ့နောက်မှလိုက်လာခဲ့လေသည်။

ကားပေါ်ရောက်တော့မှ ဒေါက်တာဇော်လတ်ကစိတ်ဝင်စားဟန်ဖြင့်-

"နေပါဦး ခင်ဗျားက ဒီဟန်နီဆိုတဲ့ကောင်မလေးကို ဘာဖြစ်လို့တရားခံလို့ထင်ရတာလဲ။ ခင်ဗျားမှာ ဖြစ်နိုင်ခြေဆိုလို့ မေသူဇော်ရဲ့ထွက်ဆိုချက်တစ်ခုပဲရှိတာ မဟုတ်လား"

"အင်း...လက်တွေ့ကျကျစဉ်းစားရမယ်ဆိုရင်တော့ အဲဒီလိုပဲပြောရမှာပေါ့။ ဒါပေမဲ့-အဲဒီသက်သေတွေ ဖြစ်နိုင်ခြေတွေကို ခဏဇယ်ထားပြီး

လွတ်လွတ်လပ်လပ် စဉ်းစားကြည့်လိုက်တော့ ထင်မှတ်မထားတာလေးတွေ တွေ့လာရတယ်လေ”

“ဘယ်လိုထင်မှတ်မထားတာလေးတွေလဲ၊ အစက ခင်ဗျားနေရောင်ဝါကို သံသယဝင်နေခဲ့တာမဟုတ်လား၊ ကျွန်တော်သိရသလောက်တော့ နေရောင်ဝါက လူသတ်တရားခံလို့ စွပ်စွဲနိုင်လောက်တဲ့အချက်အလက်တွေ ပြည့်စုံနေတဲ့လူတစ်ယောက်ပဲ”

“ကျွန်တော်လည်းခင်ဗျားတွေးသလို တွေးခဲ့မိတာပါပဲ၊ အဲဒီလိုအတွေးနဲ့နေရောင်ဝါရဲ့ နောက်ကို သဲသဲမဲမဲလိုက်နေမိလို့ လမ်းလွဲသလိုဖြစ်သွားခဲ့မိတာ စခန်းမှူးက သတိပေးခဲ့လို့သာ ဒီမိန်းကလေးကကို စဉ်းစားခဲ့မိတာပေါ့၊ အရည်အချင်းက အတွေ့အကြုံကို မမီနိုင်ဘူးဆိုတဲ့ဇေဖေ့စကားဟာ သိပ်မှန်တာပဲ၊ နောက်တစ်ခါများ ကျွန်တော့်ကိုယ်ကျွန်တော် ဟုတ်လှပြီဆိုပြီး ထောင်ထောင်ကြွကြွဖြစ်နေခဲ့ရင် ဒေါက်တာက ကျွန်တော့်ပခုံးကိုပုတ်ပြီး မင်းငယ်ပါသေးတယ်ကွာလို့ သတိပေးစမ်းပါဗျာ”

မင်းမြတ်က ရိုးရိုးသားသားပင် ဝန်ခံမိသည်၊ ဒေါက်တာဇော်လတ်သည် အသက်သုံးဆယ်ပင်မပြည့်သေးသော်လည်း တည်ကြည်ရင့်ကျက်သည့်စိတ်ထားရှိသော၊ တစ်ခါတစ်ရံ လူငယ်ပီပီ စိတ်မြန်လက်မြန်ရှိတတ်သည်မှလွဲ၍ ယောကျ်ားပီသသည့်စိတ်ဓာတ်ရှိသော၊ အလွန်တော်၍ ထက်မြက် ပါးနပ်သော်လည်း ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတတ်သော ထိုဒုရဲအုပ်ကလေးကို ငေးစားစိတ်ဖြင့် ငေးကြည့်နေမိလေသည်၊

“ဒါနဲ့ အမှုအကြောင်း ကျွန်တော့်ကိုရှင်းပြပါဦး၊ နေရောင်ဝါကို ပစ်မှတ်ထားနေရာက ဘယ်လိုလုပ် ဒီမိန်းကလေးကိုတွေးမိသွားတာလဲ”

“ဘယ်လိုလုပ် တွေးမိသွားတာလဲဆိုတော့ ဒီမိန်းကလေးရဲ့ဟာကွက်ကြောင့်ပဲလေ - သူသာ ဒီအမှုနဲ့ပတ်သက်ပြီး ရေငုံနှုတ်ပိတ်မသီသလိုနေခဲ့ရင် ကျွန်တော်တို့သူ့ကိုသံတောင်သိမှာမဟုတ်ဘူး၊ သူက နေရောင်ဝါကို ကာကွယ်ချင်တဲ့စိတ်နဲ့ စခန်းကိုလာပြီး သက်သေခံခဲ့တဲ့အတွက် သူဟာ တစ်စုံတစ်ယောက်ကို ကာကွယ်ချင်တဲ့စိတ်နဲ့ စခန်းကိုလာပြီး သက်သေခံခဲ့တဲ့အတွက် သူဟာ တစ်စုံတစ်ယောက်ကို ကာကွယ်ချင်တဲ့စိတ်နဲ့ စခန်းကိုလာပြီး သက်သေခံခဲ့တဲ့အတွက် သူဟာ တစ်စုံတစ်ယောက်ကို

ဟာ နေရောင်ဝါကို စွဲလမ်းရူးသွပ်နေတဲ့ ပရိသတ်တစ်ယောက်ဆိုတာ သူ့စကားထဲကနေ သိလိုက်ရတယ်လေ၊ သူစွဲလမ်းမှုကသာမန်မဟုတ်ပဲ နေရောင်ဝါဆိုက်ကိုဝင်နေတယ်ဆိုတာတော့ ကျွန်တော်ဘာသာ ခန့်မှန်းကြည့်မိတာပေါ့”

“နေရောင်ဝါဆိုက်ကို ဟုတ်လား”

ဒေါက်တာဇော်လတ်က တအံ့တသြဖေးသည်၊ သူက...

“အင်း... ခင်ဗျားနားလည်အောင် ကျွန်တော်အစအဆုံးရှင်းပြပါ့မယ်၊ ဒီလိုလေ အစကတော့ ကျွန်တော်နေရောင်ဝါကိုသံသယဝင်နေခဲ့တယ်သေတဲ့မိန်းကလေးတိုင်းက သူနဲ့ပတ်သက်နေသလို အခင်းဖြစ်တဲ့နေရာတိုင်းမှာလည်း သူကရှိနေတယ်လေ၊ ဒါပေမဲ့ခြွင်းချက်တစ်ခုက သူကခိုင်လုံတဲ့အလီဘိုင်ပြနိုင်တာပဲ လူသတ်မှုဖြစ်တဲ့အချိန်မှာ သူက လူမြင်ကွင်းမှာရှိနေတယ်လို့ သက်သေပြနိုင်ခဲ့တယ်၊ အဲဒီတော့ ကျွန်တော်စဉ်းစားမိပြီး နေရောင်ဝါသတ်တာမဟုတ်ရင် တရားခံက ဘယ်သူဖြစ်နိုင်မလဲ”

“နေရောင်ဝါနဲ့ ပတ်သက်တဲ့မိန်းကလေးတိုင်း အသတ်ခံရတယ်၊ သတ်သူက နေရောင်ဝါမဟုတ်ဘူးဆိုရင် ဘယ်သူဖြစ်နိုင်မလဲ၊ နေရောင်ဝါက လူငှားပြီးသတ်ခိုင်းတယ်လို့ တွေးလို့တော့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ဆုံးဖြစ်ခဲ့တဲ့အမှုက အမျိုးသမီးသန့်စင်ခန်းထဲမှာဖြစ်ခဲ့တာလေ အဲဒီထဲကို အမျိုးသားတွေမှဝင်လို့မရတာ အဲဒီတော့ သတ်သူကအမျိုးသမီးဖြစ်နိုင်တယ်လို့ တွက်ဆရတယ်၊ အမျိုးသမီးဆိုတော့ နေရောင်ဝါက ဝေခိုင်းတဲ့သူမဖြစ်နိုင်တော့ဘူး၊ အဲဒီတော့ ဘယ်သူဖြစ်နိုင်မလဲ...”

“သတ်သူက အမျိုးသမီး အသတ်ခံရတဲ့သူတွေက နေရောင်ဝါနဲ့ပတ်သက်တဲ့ အမျိုးသမီးတွေဆိုတော့ စိတ်ကူးယဉ်ဆန်ဆန်တွေးရရင်လူသတ်သမားက နေရောင်ဝါ့အနားကို ဘယ်မိန်းမမှ မကပ်စေရင်တဲ့ပုံစံမျိုးပဲ၊ အဲဒီအချက်ကိုထောက်ထရရင် လူသတ်သမားဟာ နေရောင်ဝါကို အလွန်အမူးစွဲလမ်းနေတဲ့အမျိုးသမီးတစ်ယောက် ဒါမှမဟုတ် စိတ်မူမမှန်တဲ့အမျိုးသမီးတစ်ယောက်လို့ ခန့်မှန်းရတယ်”

သူ့စကားကို ဒေါက်တာဇော်လတ်က ခေါင်းညိတ်ထောက်ခံရင်း -

"အင်း - နေရောင်ဝါကို စွဲလမ်းနေတဲ့အမျိုးသမီးတစ်ယောက်ဆိုတော့ ဟုတ်ပါပြီ - ဟန်နီဆိုတဲ့မိန်းကလေးကို ဘာကြောင့်ထင်ရတာလဲ"

မင်းမြတ်က ကားကိုဂရုတစိုက်မောင်းနေရင်းမှ...

"ပထမတော့ကျွန်တော်လည်းမတွေးမိဘူးဗျ။ နောက်တော့မှသံသယဖြစ်စရာအချက်တွေကို တွေးမိလာတယ်။ တစ်အချက် - လူသတ်မှုနဲ့ပတ်သက်ပြီး ဘာမှမသိသလိုနေလို့ရရဲ့သားနဲ့ ဟန်နီဆိုတဲ့မိန်းကလေးက လာပြီးသက်သေခံခဲ့တယ်။ သူ့ရည်ရွယ်ချက်က နေရောင်ဝါကို ကာကွယ်ဖို့ပဲ အဲဒီတော့ နေရောင်ဝါကိုသူသိပ်စွဲလမ်းနေတယ်လို့ ကောက်ချက်ချလို့ရတယ်။ နှစ်အချက် အဲဒီလိုအမှုထဲမှာ ပတ်သက်မိတဲ့အတွက် သူ့ကိုသံသယဝင်လာနိုင်တယ်ဆိုတာ သူမတွေးမိဘူး၊ အဲဒါဟာ စိတ်မူမမှန်မှုကိုဇော်ပြထားတယ်လို့ ယူဆရတယ်။ နောက်ပြီး အမျိုးသမီးသန့်စင်ခန်းထဲက စိတ်ရောဂါရှင်တွေသောက်တဲ့ဆေးဘူးကို တွေ့ရတော့ အဲဒီအချက်က ပိုသေချာသွားတယ်"

နောက်ထပ်အရေးပါဆုံးအချက်ကတော့ လူသတ်မှုဖြစ်တဲ့ ကော်ဖီဆိုင်နားမှာ သူ့ကိုတွေ့လိုက်ရတာပဲ။ ပြီးတော့ - ဟန်နီဆိုတဲ့နာမည် - အဲဒါဟာနေရောင်ဝါရဲ့ နာမည်ကြီးရုပ်ရှင်ကားထဲက နေရောင်ဝါရဲ့ချစ်သူအဖြစ်သရုပ်ဆောင်တဲ့မင်းသမီးရဲ့နာမည်ကို ယူထားတာပဲ။ သူ့နာမည်အရင်းက ထားထားဇော်တဲ့"

သူပြောလိုက်မှ ဒေါက်တာဇော်လတ်က သတိရသွားဟန်ဖြင့် -

"ဟာ - ဟုတ်ပြီဗျာ၊ ခုမှသတိရတယ်၊ အဲဒီကားကို ကျွန်တော်ကြည့်ဖူးတယ်ဗျ။ မင်းသမီးက သရုပ်ဆောင်ကောင်းသလောက် နေရောင်ဝါချာတူးလန်နေတာပဲ။ မိန်းကလေးတွေ သူ့ကိုဘာကြောင့်ကြိုက်ကြမှန်း နားကို မလည်တော့ဘူး"

ဒေါက်တာဇော်လတ်က ရုပ်ရှင်ကားအကြောင်းကို ပျစ်ပျစ်နှစ်နှစ်ပြောပြီးမှ...

"ဒါနဲ့ အခုသွားမှာ ဟန်နီ - ထားထားဇော်ရဲ့အိမ်ကိုပေါ့ ဟုတ်လား"

ဟု မေးသည်။ သူက ခေါင်းညိတ်လိုက်ရင်း...

"ဟုတ်တယ်၊ အစကတော့ ကျွန်တော်လည်းတွေးမိပေမယ့် အချက်အလက်ကမခိုင်လုံလို့ မသွားဖြစ်ဘူး၊ အခု မေသူဇော်ရဲ့ထွက်ဆိုချက်ကို သိလိုက်ရတော့မှ သေချာသလောက်ဖြစ်သွားတာ၊ ဒါပေမဲ့ - ဒီမိန်းကလေးကို တရားခံလို့ တစ်ထစ်ချစွပ်စွဲလို့တော့ မရသေးဘူးပေါ့၊ အခု ကျွန်တော်ပြောပြတာတွေအားလုံးက ကျွန်တော့်ခန့်မှန်းချက်သက်သက်ပဲလေ"

"ခင်ဗျားရဲ့ခန့်မှန်းချက်တွေက အမြဲတမ်းမှန်နေတတ်တာပဲ"

ဒေါက်တာဇော်လတ်စကားကြောင့် မင်းမြတ်က နှုတ်ခမ်းလေးတွန့်ယုံပြုံးလိုက်ရင်း -

"ချီးကျူးမစောနဲ့ဦးဗျ၊ ထားထားဇော်ဟာ ကျွန်တော်ခန့်မှန်းသလို စိတ်မူမမှန်တဲ့သူ ဟုတ်မဟုတ် အရင်တွေ့ပြီးမှ ခုနက ကျွန်တော်ပြောတဲ့စကားတွေကို အတည်ပြုကြတာပေါ့၊ တကယ်လို့ ကျွန်တော့်ခန့်မှန်းချက်တွေ မှားခဲ့ရင်တော့...

မင်းမြတ်က စကားကိုရပ်ကာ သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ...

"အားလုံးကို အစက ပြန်စရမှာပေါ့ဗျာ" ဟုပြောလိုက်သည်။



ထားထားဇော်၏အိမ်မှာ ခြံဝင်းကလေးတစ်ခုထဲမှ တစ်ထပ်တိုက်ကလေးဖြစ်သည်။ သူတို့နှစ်ယောက် ခြံရှေ့တွင်ရပ်နေတော့ - အိမ်ထဲမှ အသက်(၅၀)ကျော်အဒေါ်ကြီး တစ်ယောက်ကထွက်လာပြီး သူတို့ကိုထူးဆန်းသလိုကြည့်ကာ...

"ဘာကိစ္စရှိလို့လဲ မသိဘူး" ဟု မေးသည်။

"ကျွန်တော်တို့ ထားထားဇော်နဲ့တွေ့ချင်လို့ပါ"

"ထားထားဇော် မရှိဘူးကွယ့် - အပြင်သွားတယ် ဘာကိစ္စရှိလို့လဲ"

အဒေါ်ကြီးက ယူနီဖောင်းဝတ်ထားသော မင်းမြတ်ကိုကြည့်ရင်း အံ့သြ
စူးစမ်းဟန်ဖြင့် ထပ်မေးသည်၊ မင်းမြတ်က...

"ကျွန်တော်တို့ သူ့ကိုမေးစရာလေးတွေ ရှိလို့ပါ၊ ဒေါ်လေးက သူ့အဒေါ်
မဟုတ်လား၊ သူမရှိရင် ကျွန်တော် ဒေါ်လေးနဲ့စကားနည်းနည်းပြောပါရစေ"

သူ့စကားကြောင့် အဒေါ်ကြီးအနည်းငယ် ထိတ်လန့်သွားဟန်ဖြင့် ထား
ထား ဘာအပြစ်တွေများလုပ်ခဲ့လို့လဲဟု ရေရွတ်သည်၊ မင်းမြတ်က ထား
ထားဇော်နှင့်ပတ်သက်ပြီး ထိတ်လန့်စရာမလိုကြောင်း၊ သူသိချင်တာလေး
တွေကိုသာ ပြောပြပေးဖို့လိုကြောင်း အေးအေးဆေးဆေးပြောမှ ခြံတုံစိုးကို
ဖွင့်ပေးသည်၊

အိမ်ထဲရောက်ရောက်ချင်းပင် မြင်လိုက်ရသောမြင်ကွင်းကြောင့် သူ
တို့နှစ်ယောက်လုံး အံ့သြသွားမိသည်၊ အိမ်၏နံရံတိုင်းတွင် နေရောင်ဝါ၏
ပိုစတာများ၊ ပြက္ခဒိန်များ၊ ဓာတ်ပုံများကို နေရာလပ်မကျန်အောင်ပင် ကပ်
ထားလေသည်၊ ထူးဆန်းတာတစ်ခုက ထိုမျှများပြားလှသော နေရောင်ဝါ၏
ပုံများမှာ တစ်ယောက်ပုံတွေချည်းသာ၊ တချို့ပုံတွေမှာတော့ တွဲဖက်ပါဝင်
သော မင်းသမီး၏ပုံကို ဖြတ်တောက်ထားပုံ ပေါ်လေသည်၊

"ထားထားနဲ့ပတ်သက်ပြီး ဘာတွေသိချင်တာလဲ"

အဒေါ်ကြီးက စိုးရိမ်မကင်းသံဖြင့် မေးသည်၊ မင်းမြတ်က...

"ထားထားဇော်နဲ့ပတ်သက်ပြီး အပေါ်ယံအကြောင်းအရာလောက်
တော့ သိပြီးပါပြီ၊ ထားထားဇော်က မိဘတွေမရှိတော့ဘူး၊ ဒီနေရာကိုပြောင်း
လာတာ (၂) နှစ်ပဲရှိသေးတယ်၊ ကျောင်းပြီးသွားပြီ၊ လောလောဆယ်အလုပ်
မရှိဘူး၊ အဒေါ်နဲ့ဒီအိမ်မှာနှစ်ယောက်တည်းနေတယ်၊ ဒါတွေပဲမဟုတ်လား
ကျွန်တော်သိချင်တာက သူ့ရဲ့စိတ်ရောဂါနှင့် ပတ်သက်လို့ပါ"

မင်းမြတ်က မှန်းဆပြောလိုက်သော်လည်း ကိုစကားမှန်သွားဟန်ဖြင့်
အဒေါ်ကြီးက အံ့သြသွားပြီး...

"အဲဒီအကြောင်းကို ဆရာတို့ဘယ်လိုလုပ်သိနေတာလဲ"

"ကျွန်တော်တို့သိချင်ရင် ဒီနိုင်ငံထဲမှာနေတဲ့ ဘယ်သူ့အကြောင်းကို
မဆို စုံစမ်းလို့ရပါတယ်၊ ထားထားဇော်ရဲ့စိတ်ရောဂါအကြောင်းကို အသေး

စိတ်မသိပေမဲ့ သိတန်သလောက်တော့ သိပါတယ်၊ အသေးစိတ်ကိုတော့
ဒေါ်လေးပြောပြမှရမယ်"

"ဘာဖြစ်လို့လဲဆရာ ထားထားအကြောင်းကို ဘာကြောင့်သိချင်ရ
တာလဲ သူစိတ်ရူးပေါက်ပြီး အပြင်မှာမဟုတ်တရုတ်တွေများ လုပ်ခဲ့လို့လား
ကျွန်မရင်ထိတ်လိုက်တာ"

စိုးရိမ်နေသော အဒေါ်ကြီးကို သူက အားပေးသလိုပြုံးပြလိုက်ရင်း...

"အရမ်းလည်း မစိုးရိမ်ပါနဲ့ ဒေါ်လေး၊ ကျွန်တော်တို့လည်း သေချာမသိ
သေးပါဘူး၊ တကယ်လို့ ဒေါ်လေးပြောသလို သူမဟုတ်တာတွေလုပ်ခဲ့ရင်
တောင် ကျွန်တော်တို့ကထိန်းသိမ်းစောင့်ရှောက်ပေးမှာပါ၊ စိတ်ရောဂါရှင်
အတွက် အခွင့်အရေးရှိပါတယ်၊ ဒေါ်လေးကသာ သူ့အကြောင်းကို မကွယ်
မဝှက်ပဲ အမှန်အတိုင်းပြောပြပေးပါ"

မင်းမြတ်စကားကြောင့် အဒေါ်ကြီးက အနည်းငယ်စိတ်အေးသွားဟန်
ဖြင့် -

"တကယ်တော့ ထားထားက သနားစရာကလေးပါကွယ်၊ သူ့အမေ
ကလည်း စိတ်ရောဂါဖြစ်ပြီးဆုံးသွားခဲ့တာလေ၊ သူ့အသက် (၈) နှစ်လောက်
မှာပေါ့ နောက် (၂) နှစ်လောက်ကြာတော့ သူ့အဖေက နောက်အိမ်ထောင်
ပြုတယ်၊ သူလုံးဝသဘောမတူဘဲပြုခဲ့တာဆိုတော့ သူ့စိတ်မှာ ဒဏ်ရာရတာ
ပေါ့ကွယ်၊ ဒီကြားထဲ မိထွေးကလည်း သူ့ကိုမကြင်နာဘူးလေ"

"ကံကဆိုးချင်တော့ သူဆယ်တန်းဖြေပြီးစမှာပဲ သူ့အဖေရော မိထွေး
ရော ကားအက်စ်းဒင့်ဖြစ်ပြီး ရုတ်တရက်ဆုံးသွားကြတယ်၊ အဲဒီအချိန်မှာပဲ
စိတ်ရောဂါလက္ခဏာတွေပြလာတယ်လေ၊ ဆရာဝန်ကတော့ စိတ်ရောဂါ
ဆိုတာ မျိုးရိုးလိုက်တတ်တဲ့ သဘောရှိလို့ သူ့ကို အထူးဂရုစိုက်ရမယ်လို့
ပြောတယ်၊ သူ့စိတ်မှာ အရမ်းခံစားရတဲ့အခါ ခံစားချက်ပြင်းပြင်းထန်ထန်
ကြုံရတဲ့အခါ ရောဂါလက္ခဏာ ပေါ်လာတတ်တယ်တဲ့၊ အဲဒီတုန်းကတော့
ဆေးရုံကို တစ်နှစ်လောက်တက်လိုက်ရပြီး ရောဂါပျောက်သွားတယ်"

"ဒီဘဝတွေမရှိပဲ တစ်ကောင်ကြွက်ဖြစ်နေတော့ ဒေါ်လေးကပဲ သူ့အိမ်
မှာသွားနေပြီး စောင့်ရှောက်ပေးရတာပေါ့၊ အဲဒီနောက်ပိုင်း သူတတ္တသိုလ်

တက်တယ် ဘွဲ့ရတယ်၊ အခြေအနေကတော့ လူကောင်းပကတိလိုပါပဲ။ အဲ ကျောင်းပြီးသွားတဲ့အချိန်ကျမှ ဖောက်စပြုလာတာ သူ့ကံကိုကဆိုးတာပေါ့ ကွယ်။ သူ့ဘဝမှာ အချစ်ခံရမယ့်ကံဇာတာ ပါမလာလို့ပေါ့၊ သူအရမ်းချစ်တဲ့ သူ့ချစ်သူကို တခြားတစ်ယောက်က လုသွားတယ်လေ၊ အဲဒီနှစ်ယောက် လက်ထပ်တဲ့နေ့မှာပဲ သူ့အခြေအနေကအရမ်းဆိုးသွားခဲ့တာ၊ ဒေါ်လေး လည်း ဘယ်လိုမှမတတ်သာတဲ့နောက်ဆုံး စိတ်ကျန်းမာရေးဆေးရုံကို ပို့ လိုက်ရတယ်”

အဒေါ်ကြီးစကားတွေကို နားထောင်ရင်း မင်းမြတ်ရင်ထဲ နင့်မောလာမိ ကာ ဒေါက်တာဇော်လတ်ထံ တစ်ချက်လှမ်းကြည့်မိတော့ ဒေါက်တာဇော် လတ်ကလည်း စိတ်မကောင်းဖြစ်နေသော မျက်ဝန်းများဖြင့် ပြန်ကြည့် သည်၊ အဒေါ်ကြီးက ဆက်ပြီး...

“တစ်နှစ်လောက်ကြာတော့ ဆေးရုံကဆင်းရတယ်၊ တော်တော်လေး လည်း အခြေအနေကောင်းပါတယ်၊ သူ့ကိုအရမ်းစိတ်ဖိစီးမှုမဖြစ်အောင် နောက်ထပ် ဘာစိတ်ဆင်းရဲစရာမှ မတွေ့အောင် တက်နိုင်သမျှထားပေးဖို့ ဆရာဝန်ကမှာလိုက်တယ်၊ အဲဒါကြောင့် ဆေးရုံကဆင်းကတည်းက ဘာ အလုပ်မှမလုပ်ခိုင်းပဲ သူစိတ်တိုင်းကျနေစေခဲ့တယ်၊ ပြီးတော့ စိတ်သစ်လူ သစ်ဖြစ်သွားအောင်ဆိုပြီး ဒီနေရာကိုပြောင်းလာခဲ့တာ”

“ခုတလော သူသိပ်မှုမမှန်တဲ့ပုံစံမျိုးတွေ တွေ့ရလား ဒေါ်လေး”

မင်းမြတ်က မေးလိုက်သည်၊ အဒေါ်ကြီးက သင်ပြင်းတစ်ချက်ချရင်း-

“ဟုတ်တယ်-ခုတလောသူပုံစံတွေတစ်မျိုးဖြစ်နေတာ ဒေါ်လေးသတိ ထားမိတယ်၊ ဒါပေမဲ့-အရင်လို ဆိုးဆိုးဝါးဝါးကြီး မဟုတ်ပါဘူး၊ သူပုံစံက တော့လူကောင်းတစ်ယောက်လိုပဲထူးခြားတယ်ဆိုတာက သူ့အပြင်အရမ်း ထွက်တယ်၊ အိမ်ကိုမကပ်ဘူး၊ ကားတစ်စီးနဲ့လျှောက်သွားနေတာပဲ၊ ဒေါ် လေးက အပြင်မထွက်ဖို့ပြောတော့လည်း မကြိုက်ဘူး”

“အိမ်ထဲမှာချည်း နေရရင် သူရူးသွားလိမ့်မယ်တဲ့-ဒေါ်လေးလည်း သူ စိတ်ချမ်းသာအောင်ဆိုပြီး လွှတ်ထားလိုက်ရတာပဲ ဘာပဲဖြစ်ဖြစ် သူက သူ့

ကိုယ်သူတော့ ကောင်းကောင်းကာကွယ်နိုင်တယ်လေ၊ အဲဒီလိုစိတ်ချရလို့ လည်း ဒေါ်လေးသူ့ကိုလွှတ်ထားရဲတာပေါ့”

“မင်းသားနေရောင်ဝါကိုတော့ သူ အတော်စွဲလမ်းနေပုံရတယ်နော်၊ နေရောင်ဝါနဲ့ ပတ်သက်ပြီးတော့ရော-ထူးခြားမှုတွေဘာတွေ ဒေါ်လေး သတိထားမိလား”

“အမလေး-သတိမထားမိပဲနေမလား ဆရာရယ်၊ တစ်အိမ်လုံး နေ ရောင်ဝါရဲ့ဓာတ်ပုံတွေချည်းပဲ ပြည့်နေတဲ့ဟာကို၊ သူပါးစပ်ကလည်း နေ ရောင်ဝါဆိုတာ ရာကိုမချဘူး၊ ထွက်သမျှစွေတွေ အင်တာဗျူးပါတဲ့မဂ္ဂဇင်း တွေ ဝယ်လိုက်ရတာလည်း အမော၊ နေရောင်ဝါကို မကောင်းရေးထားတဲ့ ဂျာနယ်တွေများဖတ်မိရင် ချက်ချင်းဆုတ်ဖြဲလွှင့်ပစ်တတ်တာ၊ သူအပြင် ဈာဈာထွက်တယ်ဆိုတာလည်း နေရောင်ဝါရဲ့ရှုတင်တွေကိုလိုက်ကြည့် နေတာဖြစ်မှာပေါ့၊ ဒါနဲ့ အခုကိစ္စက နေရောင်ဝါနဲ့ဘာပတ်သက်လို့လဲဟင်”

အဒေါ်ကြီးမေးခွန်းကြောင့် သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်၊ သူတို့ သံသယဖြစ်နေသည့်အတိုင်းသာ ဖွင့်ပြောပြလိုက်လျှင် အဒေါ်ကြီး သွေးတက်ကာ လိုက်သွားမလားမသိ၊

“အင်း-ပတ်သက်တယ်ပဲပြောပါတော့၊ ဒါပေမဲ့-သေချာတော့ မပြော နိုင်သေးပါဘူး၊ ဒါနဲ့ဒေါ်လေး ကျွန်တော်တို့ကို ထားထားဇော်ရဲ့အခန်းထဲ ဝင် ခွင့်ပြုပါလား”

”သူက သူ့အခန်းထဲ ဘယ်သူမှဝင်တာမကြိုက်ဘူး ဆရာ၊ အပြင်သွား ရင်အမြဲသော့ပိတ်ခဲ့တာ အရေးကြုံရင်သုံးလို့ရအောင် ဒေါ်လေးဆီမှာ သူ မသိအောင်ယူထားတဲ့ သော့တစ်ချောင်းတော့ရှိတယ်၊ ဒေါ်လေးဖွင့်ပေးပါ့ မယ်”

အဒေါ်ကြီးက ထာထားဇော်၏အခန်းတံခါးကို ဖွင့်ပေးသည်၊ အခန်းထဲ ရောက်တော့ သူတို့နှစ်ယောက်လုံး မျက်လုံးပြူးသွားရလေသည်၊

တစ်ခန်းလုံး နေရောင်ဝါရဲ့ပုံရိပ်တွေချည်း ဖြစ်သည်၊ အခန်းနံရံများ တွင် နေရာလပ်မကျန်အောင်ပင် ပိုစတာများကပ်ထားပြီး အဝတ်ဗီရိုပေါ်

မှန်တင်ခုံနှင့်မှန်ပေါ်၊ အခန်းတံခါးပေါ်၊ ပြတင်းပေါက်တံခါးရွက်ပေါ် စသည်ဖြင့် နေရောင်ဝါဏီတာတံပုံများ နေရာအနှံ့ရှိနေလေသည်။ တစ်ခန်းလုံး ဘယ်နေရာပဲကြည့်ကြည့် နေရောင်ဝါဏီပုံရိပ်များကိုသာ မြင်နေရအောင်ဖန်တီးထားလေသည်။

အခန်းနံရံမှ စာအုပ်စင်လေးပေါ်မှာတော့ နေရောင်ဝါဏီမျက်နှာဖုံးပါသည့်မဂ္ဂဇင်းများ၊ အင်တာဗျူးပါသောမဂ္ဂဇင်းများစသည်တို့ကို စနစ်တကျစီရီထားသည်။ အောက်ဆင့်မှာတော့ နေရောင်ဝါဏီ ဗီဒီယိုခွေများစွာကို အထပ်လိုက်စီထားသည်။ ဒီအခန်းဏီအပြင်အဆင်ကိုမြင်လျှင် နေရောင်ဝါဏီတော့ ဘယ်လိုနေမည်မသိ၊ သူတို့နှစ်ယောက်ကတော့ ထားထားဇော်ဏီ ရူးသွပ်ခွေလမ်းမှကို အံ့အားသင့်စွာ အသိအမှတ်ပြုရလေသည်။

မင်းမြတ်က အခန်းထဲလျှောက်ကြည့်ရင်းမှ ခန်းဆီးဖြင့်အုပ်ကွယ်ထားသော နံရံကပ်ဗီရိုတစ်ခုကို မထင်မှတ်ပဲတွေ့လိုက်ရသည်။ သော့ခတ်ပိတ်ထားသေးသဖြင့် သူစိတ်ဝင်စားသွားရသည်။ ထို့ကြောင့် အဒေါ်ကြီးထံခွင့်တောင်းကာ သော့ဖျက်ပြီးဖွင့်လိုက်သည်။

ဗီရိုထဲတွင်တွေ့ရသည်များက ဓာတ်ပုံများပဲ ဖြစ်သည်။ သို့သော် သာမန်ဓာတ်ပုံများမဟုတ်ဘဲ နေရောင်ဝါအား တစ်နေရာမှ ရောင်းရိုက်ထားပုံပေါ်သည်။ တချို့ပုံများမှာ နေရောင်ဝါနှင့် မိန်းကလေးများတွဲနေပုံကို ရောင်းရိုက်ထားခြင်းဖြစ်သည်။ နေရောင်ဝါလက်မှတ်ထိုးထားသည့် ဓာတ်ပုံများစွာလည်း ပါဝင်သည်။ နေရောင်ဝါနှင့်တွဲသော မိန်းကလေးများ၏ မျက်နှာတိုင်းကို မင်နီဖြင့်ကြက်ခြေခတ်ထားလေသည်။

"ဒါ-ထားထားဇော်ရိုက်ထားတဲ့ ဓာတ်ပုံတွေထင်တယ်"

ဒေါက်တာဇော်လတ်က ဓာတ်ပုံများစွာကို စိတ်ဝင်တစားကြည့်ရင်းမှတ်ချက်ချသည်။ သူကဓာတ်ပုံထဲမှာ မိန်းကလေးများ၏ပုံကို သေချာကြည့်လိုက်သောအခါ သေဆုံးသွားပြီဖြစ်သော ဝေဖြာမိုးနှင့်ဝင်းသီတာတို့ ပါဝင်နေသည်ကို တွေ့လိုက်ရသည်။ မေသူဇော်ကတော့ ထိုဓာတ်ပုံတွေထဲမှာ မပါပေ။

သူသည်တတ်ပုံများကိုကြည့်ရင်း သူ့ခန်းမှန်းရောက်များမှန်လာကြောင်းတဖြည်းဖြည်းသိလာသည်။ ထားထားဇော်သည် နေရောင်ဝါကိုအလွန်အမင်း စွဲလမ်းပြီးနောက်မှ တကောက်ကောက်လိုက်နေခဲ့ခြင်း ဖြစ်မည်။ သူမသည် နေရောင်ဝါ၏မိန်းကလေးများနှင့် ပတ်သက်သော လျှို့ဝှက်ချက်များကိုလည်း သိနေဟန်တူသည်။ နေရောင်ဝါနှင့်တွဲနေသောမိန်းကလေးတိုင်းကိုလည်း မုန်းတီးနေပုံရသည်။ သို့ထိုလျှင်-နေရောင်ဝါနှင့်တွဲသောမိန်းကလေးတိုင်းကို မသတ်ဘဲ ဘာကြောင့် ထိုသုံးယောက်ကိုသတ်ရသလဲ၊ သတ်ခွင့်မကြုံလို့လား။ ဒါမှမဟုတ် အကြောင်းတစ်ခုခုရှိခဲ့ပါလား။

သူက တွေးနေရင်းမှ ဗီရိုဘေးနံရံတွင် တိပ်ဖြင့်ကပ်ထားသော စာရွက်လိုအရာတစ်ခုကိုတွေ့ရသဖြင့် နံရံမှခွာယူလိုက်သည်။ လက်ထပ်စာရွက်မိတ္တူဖြစ်သည်။

အမျိုးသား၏နေရာတွင် နေရောင်ဝါ၏နာမည်ကို တွေ့လိုက်ရသဖြင့် သူအံ့သြသွားမိသည်။ အမျိုးသမီးနေရာတွင်တော့ ထားထားဇော်၏နာမည်မပါသော စက္ကူကိုဖြတ်ညှပ်ပြီး ကော်ဖြင့်ကပ်ထားသဖြင့် ထားထားဇော်၏လုပ်ရပ်ကို သူ သဘောပေါက်သွားသည်။ သူက ကော်ဖြင့်ကပ်ထားသော စာရွက်ပိုင်းလေးကိုခွာကာ အောက်မှ အမျိုးသမီး၏နာမည်ကိုကြည့်လိုက်သည်။ ဝေဖြာမိုးဆိုသောနာမည်ကြောင့် သူရင်ထဲဒိန်းခနဲ ခုန်သွားမိသည်။

သူက စာရွက်ရက်စွဲကိုကြည့်လိုက်တော့ လွန်ခဲ့သော (၃)နှစ်ခန့်ကဖြစ်နေသည်။ ဒီစာရွက်က နေရောင်ဝါနှင့်ဝေဖြာမိုးတို့ရဲ့ လက်ထပ်စာရွက်မိတ္တူပဲ၊ ထားထားဇော်ဆီ ဘယ်လိုရောက်နေပါလိမ့်။

"လူသတ်လက်နက်က ဘယ်မှာထားမယ်လို့ ဝင်ဖျားထင်သလဲ"

ဒေါက်တာဇော်လတ်၏မေးခွန်းကို သူက...

"သူနဲ့အတူဆောင်သွားမှာပဲ၊ သူက နေရောင်ဝါ၏နောက်ပဲ အပြေလိုက်နေတာ မဟုတ်လား"

သူကပြောရင်း ဗီရိုတံခါးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် လေးလံသော ခြေလှမ်းများဖြင့် အခန်းထဲမှထွက်လာခဲ့သည်။ သူထင်ထားတာတွေ

က သေချာသလောက်ဖြစ်နေခဲ့ပြီ။ သူ့တာဝန်က ထားထားဇော်ကို ဖမ်းဆီးရန်ပဲရှိတော့သည် မဟုတ်လား။

"ဒါနဲ့ဒေါ်လေး ထားထားဇော်က ဘယ်ကိုသွားတာလဲ"

"မသိဘူးဆရာ-စောစောကပဲ အိမ်ကိုပြန်လာတာ သူအပြင်ကဝယ်လာတဲ့မဂ္ဂဇင်းတစ်အုပ်ကိုထိုင်ဖတ်နေတုန်း ဘာဖြစ်သွားမှန်းမသိဘူး၊ မဂ္ဂဇင်းကိုဒေါသတကြီးလွှင့်ပစ်ပြီးဝုန်းခနဲထထွက်သွားတာပဲ၊ဒေါ်လေးတောင် ဘာမှမေးချိန် မရလိုက်ဘူး"

အဒေါ်ကြီးစကားကြောင့် သူအတွေးရခက်သွားသည်။ အချိန်ပြည့်အတွေးထဲမှာ နေရောင်ဝါသာရှိနေသူမို့ ယခုလိုဖြစ်သွားတာလည်း နေရောင်ဝါနှင့်ပတ်သက်နေနိုင်ပါသည်။

"ကျွန်တော့်ကို အဲဒီမဂ္ဂဇင်းပြပါလား ဒေါ်လေး"

အဒေါ်ကြီးက နေရောင်ဝါ၏မျက်နှာဖုံးနှင့် မဂ္ဂဇင်းတစ်အုပ်ကို ကြမ်းပြင်ပေါ်မှ ကောက်ယူလာပေးသည်။ သူက နေရောင်ဝါ၏အကြောင်း ရေးထားသောစာမျက်နှာကို ရှာလိုက်သည်။

တွေ့ရပါပြီ။ သတင်းကသတင်းထူးဖြစ်သည်။ ထို့အတူ ထားထားဇော်၏စိတ်နှလုံးကို ပြင်းထန်စွာထိခိုက်စေနိုင်သော သတင်းလည်း ဖြစ်သည်။ နေရောင်ဝါစေ့စပ်တော့မည်တဲ့၊ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦး၏သမီးနှင့်ဖြစ်ပြီး လက်ထပ်မည့်နေ့စွဲကိုပင် ဇော်ပြထားသည်။ သူက ထားထားဇော်ဘယ်နေရာသို့သွားသည်ဆိုတာ ချက်ချင်းသိလိုက်သည်။

သူက အိမ်ထဲမှ ခြေလှမ်းကျဲကြီးများဖြင့် ထွက်လာကာ ကားဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ ဒေါက်တာဇော်လတ်က သူ့နောက်မှ အမောတကောပြေးလိုက်လာပြီး-

"ခင်ဗျား ဘယ်သွားမလို့လဲ"

"နေရောင်ဝါရဲ့အိမ်ကို"

သူက ကားထဲဝင်ကာ စက်နှိုးစဉ် ဒေါက်တာဇော်လတ်က ဘေးမှဝင်ထိုင်ပြီး...

"ထားထားဇော်က နေရောင်ဝါရဲ့အိမ်ကိုသွားတယ်ထင်လို့လား"

ဒေါက်တာဇော်လတ်မေးခွန်းကို သူက ကားကိုမောင်းထွက်လိုက်ရင်းဖြေလိုက်သည်။

"ထားထားဇော်က နေရောင်ဝါရဲ့ရှိက်ကွင်းမှန်သမျှ တကောက်ကောက်လိုက်နေတဲ့သူလေ။ စောစောက သူအိမ်ပြန်လာတယ်ဆိုတော့ နေရောင်ဝါဒီနေ့ ရှူတင်မရှိဘူးပေါ့၊ အဲဒီတော့ နေရောင်ဝါက အိမ်မှာပဲရှိနေမှာ ထားထားဇော်က နေရောင်ဝါကို အန္တရာယ်ပြုနိုင်တယ်၊ ကျွန်တော်တို့ အချိန်မီတားနိုင်မှ ဖြစ်မယ်"

သူက စိတ်ပူစွာပြောလိုက်သည်။ ဒေါက်တာဇော်လတ်က သူအရေးတကြီးဖြစ်နေမှန်းသိသဖြင့် ဘာမှထပ်မပြောတော့ပဲ ငြိမ်သက်စွာလိုက်ပါလာလေသည်။



နေရောင်ဝါသည် ဒီနေ့ရှူတင်မရှိသဖြင့် ခြံထဲမှရေကူးကန်တွင် အေးအေးလူလူ ရေကူးနေစဉ်မှာပင် မိန်းကလေးတစ်ယောက်ကခြံထဲသို့ စွတ်စွတ်ရွတ်ရွတ်ဝင်လာကာ သူ့ထံရောက်လာသည်။

ရေခဲတုံးတစ်တုံးလို အေးစက်မာကျောသော မျက်နှာ၊ ထူးဆန်းစွာနက်မှောင်တောက်ပနေသော မျက်လုံး၊ စူးရဲ၍ ဂနာမငြိမ်သောအကြည့်တို့ဖြင့် ထိုမိန်းကလေးကို သူအံ့သြစွာငေးကြည့်နေမိစဉ်မှာပင် ထိုမိန်းကလေးပြောလာသောစကားတို့ကြောင့် ပို၍ အံ့သြသွားရလေသည်။

"ရှင်လက်မထပ်ရဘူး နေရောင်ဝါ၊ ရှင်ဘယ်သူ့ကိုမှ လက်မထပ်ရဘူး၊ ကျွန်မခွင့်မပြုဘူး"

သူမက သူ့ကိုစူးစူးနစ်နစ်ငေးကြည့်ရင်း အေးစက်စက်လေသံဖြင့်ပြောသည်။

"မင်းဘာတွေပြောနေတာလဲ၊ မင်းဘယ်သူလဲ"

"ကျွန်မဟန်နီလေ...ရှင်ကိုသိပ်ချစ်တဲ့ဟန်နီလေ၊ ရှင့်ကိုသိပ်ချစ်လို့ ရှင့်နောက်ကို အမြဲလိုက်နေတဲ့ ဟန်နီပေါ့၊ ရှင့်ကိုသိပ်ချစ်လို့ ရှင်ဒုက္ခရောက်မှာ ကြောက်လို့ ရှင့်ကိုအမြဲတမ်း ကာကွယ်ပေးနေတဲ့ ဟန်နီပေါ့"

"မင်းဘာတွေပြောနေတာလဲ၊ မင်းရူးနေတာလား"

နေရောင်ဝါက နားမလည်နိုင်စွာ ပြောသည်။ မင်းရူးနေလားဟူသောစကားကြောင့် သူမ၏မျက်နှာက သွေးဆုတ်ဖြူရော်သွားသည်။

"ဟင့်အင်း - ကျွန်မ မရူးပါဘူး။ ကျွန်မကိုရူးတယ်လို့မပြောပါနဲ့၊ ကျွန်မရှင့်ကိုသိပ်ချစ်လို့ ဒါတွေလုပ်ခဲ့တာပါ၊ ရှင့်ကိုကာကွယ်ချင်လို့ပါ၊ ရှင်လက်မထပ်ပါနဲ့နော်၊ ရှင်ဘယ်သူနဲ့မှ လက်မထပ်ပါနဲ့ - ကျွန်မခွင့်မပြုနိုင်ဘူး"

သူမကပုံမှန်လေသံဖြင့်ပြောနေရင်းမှစကားတွေကသွေးရူးသွေးတန်းဖြစ်လာသည်။

"ဟ - ဘာတွေပြောနေတာလဲကွာ၊ မင်းကဘယ်သူမို့ ငါ့ကိုဒီလိုလာပြောနေတာလဲ၊ ဘာလဲ - မင်းကငါ့ရဲ့ပရိသတ်လား၊ အဲဒါဆိုရင်တော့ ပြန်လိုက်ဖို့ကောင်းပြီ၊ ငါအနားယူနေတာကို လာမနှောင့်ယှက်ပါနဲ့"

နေရောင်ဝါက ပြောပြီးသည်နှင့် ရေကူးကန်ထဲပြန်ဆင်းဖို့ပြင်သည်။

"နေရောင်ဝါ"

သူမက အော်လိုက်သဖြင့် သူစိတ်ပျက်လက်ပျက်ဖြင့် လှည့်ကြည့်လိုက်သည်။ သူမက သူ့ကို စူးစူးစိမ်းစိမ်းကြီး စိုက်ကြည့်ရင်း...

"ရှင် ဒီလိုမလုပ်ပါနဲ့၊ ကျွန်မကိုဒီလိုမဆက်ဆံပါနဲ့၊ ကျွန်မရှင့်ကိုဘယ်လောက်ချစ်လဲသိလား၊ ရှင့်အပြစ်တွေကိုကာကွယ်ဖို့ ကျွန်မဘယ်လောက်တောင်ကာကွယ်ခဲ့ရလဲ သိလား..."

"ရှင့်အတွက်နဲ့ ကျွန်မလူတွေသတ်ခဲ့ရတယ်။ ဝေဖြာမိုး၊ ဝင်းသီတာ၊ မေသူဇော် သူတို့အားလုံးကို ကျွန်မသတ်ခဲ့ရတယ်။ ရှင့်အပြစ်တွေကို လူတွေကသိသွားမှာစိုးလို့ ကျွန်မဒါတွေလုပ်ခဲ့ရတာ ရှင်ကျွန်မကို ဒီလိုမဆက်ဆံနဲ့"

သူမစကားကြောင့် နေရောင်ဝါ အကြီးအကျယ်တုန်လှုပ်သွားသည်။

"ဘာ... မင်းဘာပြောတယ်၊ မင်း...မင်း သူတို့ကို သတ်ခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ရှင်ဒါတွေမသိဘူး မဟုတ်လား၊ ကျွန်မရှင့်ကို ချစ်လွန်းလို့ ဒီလိုလုပ်ခဲ့ရတာ ရှင့်ကိုကာကွယ်ချင်လို့"

"မင်းတော်တော့"

နေရောင်ဝါက သူမကို စူးရဲစွာစိုက်ကြည့်ရင်း ဒေါသတကြီးအော်လိုက်သည်။

"မင်းရူးနေပြီ၊ မင်းတကယ်ကိုရူးနေပြီ၊ ဘယ်လိုအတွေးနဲ့ဒါတွေလျှောက်လုပ်နေခဲ့တာလဲ၊ ဘာကြောင့်လူတွေကို အလွယ်တကူလျှောက်သတ်နေရတာလဲ"

"ကျွန်မ မရူးဘူး၊ ကျွန်မကိုရူးတယ်လို့မပြောနဲ့ - ရှင့်အတွက်လုပ်ခဲ့တာ၊ ရှင့်အပြစ်တွေကို လူတွေသိမှာစိုးလို့ ကာကွယ်ပေးခဲ့တာ"

"ဘာကာကွယ်တာလဲ၊ မင်းက ငါ့ကိုကာကွယ်တာမဟုတ်ဘူး၊ ဒုက္ခပေးခဲ့တာ၊ ဒုက္ခအကြီးအကျယ်ပေးခဲ့တာ၊ မင်းလုပ်ခဲ့တဲ့ပြဿနာကြောင့် ငါဒုက္ခရောက်နေတာကွ"

"ဟင့်အင်း၊ ရှင်ဒုက္ခမရောက်စေရပါဘူး၊ ရှင့်ကိုကျွန်မကာကွယ်မှာပါ၊ ရှင်သာ ဘယ်သူနဲ့မှ လက်မထပ်ပါဘူးလို့ ကတိပေးပါ၊ ကျွန်မရှင့်ကို ကာကွယ်ပေးပါ"

သူမစကားကြောင့် နေရောင်ဝါကသူမကိုစိတ်ပျက်လက်ပျက်ကြည့်ရင်း...

"ငါက ဘာဖြစ်လို့ မင်းကိုကတိပေးရမှာလဲ၊ မင်းဘာသာ အရူးထပြီးလျှောက်လုပ်တာတွေ ငါနဲ့ဘာဆိုင်လဲ၊ အေး - ရှင်းအောင်ပြောလိုက်ဦးမယ် ငါသူနဲ့လက်ထပ်မှာ အသေအချာပဲ၊ မင်းဘာသာမင်း လုပ်ခဲ့တဲ့အပြစ်တွေအတွက် ပြစ်ဒဏ်ခံလိုက်တော့ ဟုတ်ပြီလား"

သူ့စကားကြောင့် သူမမျက်နှာက ရုတ်တရက်သေဆုံးသွားသူလို အသက်ကင်းမဲ့သွားသည်။

ထို့နောက် စက်ရုပ်တစ်ရုပ်လို သူ့ထံသို့တရွေ့ရွေ့လျှောက်ရင်း...

"ဟင့်အင်း မပြောနဲ့၊ အဲဒီလိုမပြောနဲ့၊ ကျွန်မရှင့်ကို အဆုံးရှုံးမခံနိုင်ဘူး"

နေရောင်ဝါက အလွန်အမင်းဒေါသထွက်နေဟန်ဖြင့်...

"အဆုံးရှုံးမခံနိုင်ရင်လည်း အဲဒီနေရာမှာလဲသေလိုက်-လုံးဝမသနားဘူး"

နေရောင်ဝါ၏စကားများကြောင့် သူမမျက်နှာက အေးခဲမာကျောသွားကာ မျက်ဝန်းများက ကြောက်မက်ဖွယ်ကောင်းစွာ တောက်ပလာသည်။ နေရောင်ဝါ၏အနားသို့ တဖြည်းဖြည်းတိုးကပ်လာရင်း ညာဘက်လက်က လွယ်ထားသော စလင်းဘက်အိတ်ထဲ ထည့်လိုက်သည်။

နေရောင်ဝါကထိုအဖြစ်ကိုမသိပါ။ စိတ်ပျက်ဒေါသထွက်လွန်းရသဖြင့် သူမမျက်နှာကို ကြည့်ချင်စိတ်မရှိပဲ တစ်ဖက်သို့ လှည့်နေသည်။ ထိုစဉ်မှာပင်...

သူမက စလင်းဘတ်အိတ်ထဲမှ တစ်စုံတစ်ရာကိုထုတ်ကာ နေရောင်ဝါ၏ခေါင်းကို နောက်မှထုရိုက်လိုက်လေသည်။

"မလုပ်နဲ့"

အော်သံနှင့်အတူ ဒုရဲအုပ်မင်းမြတ်နှင့် ဒေါက်တာဇော်လတ်တို့ ထိုနေရာသို့ ပြေးလာသည်။ သို့သော် နောက်ကျသွားခဲ့ပြီ။ နေရောင်ဝါသည် နောက်မှအရိုက်ခံလိုက်ရသော အရှိန်ဖြင့် ရေကူးကန်ထဲသို့ ဝုန်းခနဲကျသွားလေသည်။

ထားထားဇော်ကတော့ လက်ထဲတွင် သံမဏိရုပ်ထုတစ်ခုကို ကိုင်ထားရင်း ငေးကြောင်စွာ ရပ်နေလေသည်။ မင်းမြတ်က ထားထားဇော်၏ပုံစံကို အကဲခတ်ရင်း ပုံမှန်လူတွေလို ဆက်ဆံလို့မရပဲ သတိနှင့်ကိုင်တွယ်ရမည်မှန်း သိလိုက်သည်။

"ထားထားဇော်"

သူက သူမအနားသို့ တဖြည်းဖြည်းကပ်လာရင်း ခေါ်လိုက်သည်။ သူမ

က မတုန်မလှုပ်ရပ်နေဆဲ။ သူက "ဟန်နီ" ဟု ထပ်ခေါ်လိုက်မှ လှည့်ကြည့်သည်။

"ဟန်နီ-ကျွန်တော့်ကို လက်ထဲကအရုပ်လေးပေးပါလား"

သူက ချော့မော့သောလေသံဖြင့်ပြောလိုက်တော့ သူမက ကိုင်ထားသော သံမဏိရုပ်ထုကို ငေးကြောင်စွာဖြင့် ငုံ့ကြည့်သည်။ ထို့နောက် သူမ ဘာသာရေရွတ်သလိုဖြင့်...

"အေးလေ-ပေးရမယ့်သူမှ မရှိတော့ပဲ" ဟု ပြောသည်။

သူက သူမလက်ထဲမှ သံမဏိရုပ်ထုလေးကို အသာဆွဲယူလိုက်ရင်း-

"ဟန်နီ-လာလေ ဟိုဘက်သွားရအောင် တော်ကြာလူတွေမြင်သွားလိမ့်မယ်"

သူ့စကားကြောင့် သူမက ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်ပြီး-

"ဟုတ်တယ်နော်၊ ကျွန်မသူ့ကိုသတ်လိုက်တာ လူတွေသိသွားမှာကြောက်ရတယ်၊ ဒါနဲ့ ရှင်ကဘယ်သူလဲ-ကျွန်မကိုဖမ်းခဲ့သူလား"

"မဟုတ်ပါဘူး၊ ကျွန်တော်က ဟန်နီကိုကူညီမယ့်သူပါ၊ တော်ကြာရင် ဒီနေရာကိုရဲတွေ ရောက်လာလိမ့်မယ်၊ ရဲတွေမလာခင် ကျွန်တော်တို့ သွားကြရအောင်"

သူက သူမကိုချော့မော့ဆွဲခေါ်လာရင်း ဒေါက်တာဇော်လတ်ကို မျက်ရိတ်ပြကာ ရေထဲမှ နေရောင်ဝါကို ဆယ်ခိုင်းလိုက်သည်။ ဒေါက်တာဇော်လတ်က သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြပြီး ဆေးရုံသို့ဖုန်းလှမ်းဆက်နေလေသည်။

သူနှင့်ထားထားဇော်တို့ ကားပေါ်ရောက်တော့မှ သူက ကားကိုမောင်းထွက်ရင်း...

"ဒါနဲ့ ဟန်နီက သူ့ကိုသိပ်ချစ်တယ်ဆို ဘာကြောင့်သတ်လိုက်ရတာလဲ"

သူက အရေးမကြီးသောလေသံဖြင့် မေးလိုက်ရင်း ကားဒက်ရှ်ဘုတ်ပေါ်မှ အသံဖမ်းစက်ကို အမှတ်တမဲ့ပုံစံဖြင့် လှမ်းဖွင့်လိုက်သည်။ သူမက

အသိစိတ်ကင်းလွတ်နေသော ကြောင်တောင်တောင် မျက်ဝန်းများဖြင့် ရှေ့သို့ငေးကြည့်ရင်း...

"သူက ကျွန်မကိုမှ မချစ်တာ"

"ဒါဆို အရင်လူတွေတုန်းကရော ဘာလို့သတ်ခဲ့တာလဲ၊ ဝေဖြာမိုးကိုလေ"

သူက ပေါ့ပေါ့ပါးပါးဟန်ဖြင့် မေးတော့ သူမက သံသယလုံးဝမရှိတော့ ဟန်ဖြင့်...

"သူက ကျွန်မရဲ့ချစ်သူကို အကျပ်ကိုင်တယ်လေ၊ အဲဒီညနေက ကျွန်မချစ်သူသွားတဲ့ နေရာကိုလိုက်သွားတော့ သူတို့နှစ်ယောက်စကားပြောနေတာ ကြားရတယ်။ သူတို့ဟာလွန်ခဲ့တဲ့(၃)နှစ်လောက်က တိတ်တဆိတ်လက်ထပ်ထားတာတဲ့။ အခု လူသိရှင်ကြားလက်ထပ်ချင်တယ်လို့ ဝေဖြာမိုးက ပြောတယ်လေ။ သူကငြင်းတယ်လေ၊ အဲဒီတော့ အဲဒီမိန်းမက ဒီကိစ္စကို လူသိရှင်ကြားဖြစ်အောင် ဖွင့်ချပစ်မယ်လို့ ပြောတယ်၊ အဲဒီတော့ ကျွန်မစိတ်တိုသွားတာပေါ့၊ သူက ကျွန်မချစ်သူကို စိတ်ဆင်းရဲအောင်လုပ်နေတာကိုး။ အဲဒါကြောင့် ကျွန်မချစ်သူလည်း ပြန်သွားရော သူ့ကိုသတ်ပစ်လိုက်တာပဲ"

သူမက ပုံမှန်အသိစိတ်မရှိတော့ဘဲ သူမလုပ်ခဲ့သမျှကို စိတ်ပါလက်ပါ ပင်ပြောပြနေသည်။

သူက မိတ်ဆွေတစ်ယောက်အကြောင်းကိုပြောသလို ရင်းရင်းနှီးနှီး ဟန်ဖြင့်...

"ဒါဖြင့် ဝင်းသီတာကရော - ဝင်းသီတာက ဟန်နီရဲ့ချစ်သူကို ဒုက္ခပေးလို့လား"

"အဲဒီကောင်မလေးလား။ သူက ကျွန်မချစ်သူကို ဒုက္ခပေးဖို့ကြံနေတာလေ၊ အဲဒီနေ့က ကျွန်မချစ်သူ စတူဒီယိုမှာ ဓာတ်ပုံသွားရိုက်တော့ သူကလာစောင့်နေတယ်။ သူတို့အပြင်ထွက်စကားပြောတော့ ကျွန်မလည်း ချောင်းနားထောင်တာပေါ့၊ ဝင်းသီတာက ကျွန်မမှာကိုယ်ဝန်ရှိနေပြီတဲ့။ ရှင်ကျွန်မ

ကို လက်ထပ်မယ်ဆို၊ ခုတော့ဘာဖြစ်လို့ရှောင်နေတာလဲတဲ့၊ အလကားလျှောက်ပြောနေတာ။ ကျွန်မချစ်သူက သူ့လိုမိန်းမမျိုးကို ဘယ်လိုလုပ်လက်ထပ်မှာလဲ၊ သူက အတင်းလာကြိုက်လို့ ဖြစ်မှာပေါ့"

"ကျွန်မချစ်သူက ပြောတယ်၊ ဒီကိုယ်ဝန်က ငါနဲ့မဖြစ်နိုင်ဘူး၊ တာဝန်လည်းမယူနိုင်ဘူးတဲ့၊ အဲဒီတော့ ကောင်မလေးကငိုတယ်၊ ပြီးတော့ ရှင့်ကို တရားရုံးမှာတိုင်မယ်၊ ရှင့်ကိုအရှက်ကွဲအောင်လုပ်ပြမယ်လို့ ပြောတယ်၊ အဲဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ၊ ကျွန်မချစ်သူကို ဒီလိုဒုက္ခပေးလို့မရဘူး၊ ကျွန်မ ချစ်သူအရှက်တကွဲမဖြစ်အောင်၊ ဂုဏ်သိက္ခာမကျအောင် ကျွန်မကာကွယ်ပေးရမှာပေါ့၊ အဲဒါကြောင့် သူလည်းပြန်ရော နောက်ကနေလိုက်သွားပြီး ကျွန်မချစ်သူကိုပေးဖို့ ရည်ရွယ်ထားတဲ့ ဂုဏ်ပြုရုပ်ထုလေးနဲ့ နောက်ကနေ ထုပစ်လိုက်တာ၊ ထုပြီးတော့ လူတွေမမြင်အောင်ချုံပုတ်နားမှာဖွတ်ခဲ့တယ်လေ ဟင်းဟင်း - ရဲတွေတုံးလိုက် အလိုက်ကြတာများ - ကျွန်မသတ်တာမှန်း ဘယ်သူမှမသိကြဘူး"

သူမစကားကြောင့် သူ့ရှင်ထဲအောင့်သွားသော်လည်း မရိုပြုံးလေး ပြုံးကာ...

"ဟုတ်တယ်နော်၊ ရဲတွေ အသုံးမကျလိုက်တာ၊ ဟို - မေသူဇော်ဆိုတဲ့ မိန်းမကို ဟန်နီသတ်တာလည်း သူတို့မသိကြဘူး"

သူ့စကားကြောင့် သူမက ပီတိဖြစ်သလို ပြုံးလိုက်ရင်း...

"ဘယ်သိမလဲ ဟန်နီလုပ်ကာက ပိရိတာကိုး၊ အဲဒီမိန်းမ ဘေစင်ရှေ့မှာရပ်နေတုန်း နောက်ကနေ ရိုက်ထည့်လိုက်တာ၊ တစ်ချက်တည်းပဲ - ပြီးတာနဲ့သန့်စင်ခန်းထဲကပြန်ထွက်လာခဲ့တယ်၊ဟိုဒါပေမဲ့ - ဟန်နီရဲ့ဆေးဘူးလေးလေ သန့်စင်ခန်းထဲမှာ ကျန်နေခဲ့တယ်။ အိတ်ထဲကအရုပ်ကိုဆွဲထုတ်လိုက်တုန်းက ထွက်ကျသွားတာ။ အဲဒါ - ဟိုးချောင်ထဲရောက်သွားလို့ မကောက်ခဲ့ရဘူး၊ ရဲတွေများတွေ့သွားမလား မသိဘူးနော်"

စိတ်မူမမှန်သူဖြစ်သော်လည်း ပါးနပ်လှသော သူမကို သူလက်ဖျားခါမိသည်။ သူက...

"မတွေ့နိုင်ပါဘူး ဟန်နီရဲ့ စိတ်မပူပါနဲ့၊ ဒါနဲ့ မေသူဇော်ကိုဘာလို့ သတ်လိုက်တာလဲ"

သူ့မေးခွန်းကြောင့် သူမက မျက်မှောင်ကလေးကြုတ်လိုက်ရင်း...

"အဲဒီမိန်းမက သိပ်ဆိုးတဲ့မိန်းမ - အဲဒီနေ့က ကော်ဖီဆိုင်မှာသူတို့နှစ်ယောက်ထိုင်နေတော့ ကျွန်မက သူတို့နောက်မှာထိုင်ပြီးနားထောင်နေတာ သိပ်မကြားရပေမဲ့ သူတို့ပြောတာကို ကျွန်မသိပါတယ်၊ အဲဒီမိန်းမကကျွန်မချစ်သူကို ခြိမ်းခြောက်ပြီးငွေညှစ်နေတာလေ၊ သူ့ဆီမှာ ကျွန်မချစ်သူနဲ့ ဝေဖြာဖိုးတို့လက်ထပ်ထားတဲ့ စာချုပ်မိတ္တူရှိတယ်တဲ့"

"သူ့ကိုငွေပေးရင် အဲဒီစာချုပ်ကိုပေးမယ်တဲ့ ငွေမပေးရင်တော့ အဲဒီကိစ္စကို တစ်နိုင်ငံလုံးသိအောင် ဖွင့်ချပစ်မယ်တဲ့ တော်တော်စိတ်ယုတ်တဲ့မိန်းမ၊ အဲဒါကြောင့် သူ သန့်စင်ခန်းထဲဝင်သွားတော့ နောက်ကလိုက်ဝင်သွားပြီး သတ်ပစ်လိုက်တာ၊ ပြီးတော့ သူ့အိတ်ထဲက စာချုပ်ကိုယူလာခဲ့တယ်၊ အဲဒီစာချုပ်ကို သူများတွေတွေ့သွားရင် ကျွန်မချစ်သူ ဒုက္ခရောက်မှာလေ"

လူတစ်ယောက်သတ်ခဲ့ခြင်းကို ဘာမှအရေးမကြီးသလိုပြောနေသော သူမစကားများကို နားထောင်ရင်း သက်ပြင်းတစ်ချက်ကြိတ်၍ ချလိုက်မိသည်။

နေရောင်ဝါလို လူတစ်ယောက်အတွက် ဤမျှကြီးမားသောအပြစ်များကို ကျူးလွန်ခဲ့ခြင်းမှာ ထိုက်တန်ပါရဲ့လား၊ သူမကတော့ အဲဒီလိုအတွေးမျိုးတွေးမိမည်မထင်ပါ။

"ဒါပေမဲ့...သူကတော့ ကျွန်မကို ရက်စက်တယ်"

သူမက ဇလာသက်သက်မျက်လုံးများဖြင့် အဝေးသို့ကြောင်ငေးကြည့်ရင်း တိုးဖွဖွပြောသည်။

"သူ ဘယ်လောက်ဆိုးဆိုး ကျွန်မသည်းခံနိုင်ပါတယ်၊ သူလုပ်တာတွေ ကျွန်မလည်း ခွင့်လွှတ်ပေးခဲ့တာပဲ၊ ဘာပဲဖြစ်ဖြစ် သူဟာကျွန်မချစ်သူပဲ၊ ဒါပေမဲ့ - သူ့ကို ဘယ်သူနဲ့မှလက်မထပ်စေချင်ဘူး၊ သူ့ကို ကျွန်မလုံးဝအဆုံး

မခံနိုင်ဘူး။ ကျွန်မက သူ့ကိုဒီအတိုင်းလေးပဲ ကြည့်နေချင်တာ"

သူမက ကြေကြေကွဲကွဲလေးပြောနေရင်းမှ မျက်နှာကတစ်ဖြည်းဖြည်းပြုံးလာပြီး...

"အရုတော့ သူဘယ်သူနဲ့မှ လက်မထပ်နိုင်တော့ဘူးလေ၊ ဘယ်သူကလူသေအလောင်းကြီးနဲ့ လက်ထပ်ချင်မှာလဲ၊ သူတို့က နေရောင်ဝါဆိုတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်ရဲ့အောင်မြင်မှု၊ ကျော်ကြားမှုတွေ ပစ္စည်းဥစ္စာတွေကိုသာ မက်မောကြတာ၊ အဲဒါတွေမရှိတော့တဲ့လူသေကောင်ကြီးကို ဘယ်သူကချစ်နိုင်တော့မှာလဲ"

"ကျွန်မလောက် သူ့ကိုဘယ်သူက ချစ်နိုင်မှာလဲ၊ ကျွန်မကတော့ အဲဒါတွေမရှိလည်း သူ့ကိုချစ်မှာပဲ၊ အခုဆိုရင် သူ့ကိုကျွန်မတစ်ယောက်တည်းချစ်ခွင့်ရပြီလေ၊ ကဲ...ဘယ်လောက်ကောင်းသလဲ"

"ဒါနဲ့ ကျွန်မကိုဘယ်ခေါ်သွားမှာလဲ"

သူမက ရုတ်တရက်လှည့်မေးလိုက်သဖြင့် သူအလျင်အမြန်ဆုံး စဉ်းစားလိုက်ရပြီး...

"အင်း...ရဲတွေမလိုက်နိုင်တဲ့နေရာကိုပေါ့၊ ဟန်နီအတွက် အလုံခြုံဆုံးနေရာတစ်ခုကိုလေ"

သူ့အဖြေကို သူမက ကျေနပ်သွားဟန်ဖြင့် ပြုံးကာ ခေါင်းလေးညိတ်ပါသည်။

သူမှာသာ သူမ မသိအောင် သက်ပြင်းတစ်ချက်ခိုးရှိုက်လိုက်မိသည်။ သူတို့ဦးတည်သွားနေသည်မှာ မည်သည့်နေရာဆိုတာသာ သူမ သိခဲ့ပါလျှင်၊

ဒုရဲအုပ်မင်းပြတ်ကတော့ ထိုနေရာသည်သာ သူမအတွက်အကောင်းဆုံး အလုံခြုံဆုံးဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီး လအနည်းငယ်ခန့် အကြာမှာတော့ အရာရာတိုင်းက ပုံမှန်အတိုင်းပြန်လည် နေသားကျသွားသည်။

ထိုအဖြစ်အပျက်တွင်ပါဝင်ခဲ့သော လူ(၅)ဦးတွင် နှစ်ဦးက သေဆုံးသွားခဲ့ကြပြီး နှစ်ဦးက သူတို့၏ပုံမှန်ဘဝတွင် ပြန်လည်နေထိုင်ကြကာ ထိုအဖြစ်အပျက်၏အဓိကလူဖြစ်သော တစ်ယောက်မှာမူ စိတ်ကျန်းမာရေးဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည်။ ဒုရဲအုပ်မင်းမြတ်သည် ထိုဆေးရုံသို့သွားကာ သူမထံသွားရောက်တွေ့ဆုံအားပေးခဲ့ပါသေးသည်။

သို့သော်...

သူမသည်သူ့ကိုမသိတော့ပါ။ နေရောင်ဝါကိုလည်း မသိတော့ပါ။ သူမကြောင့် သေဆုံးသွားခဲ့ရသော သူတွေကိုလည်း မသိတော့ပါ။ သူမသည် ဘာရိုဘာမှမသိတော့ပါ။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ ကင်းမဲ့နေသောသူမသည် ဆေးရုံအခန်းကျဉ်းလေးထဲတွင် ဇအေးချမ်းငြိမ်သက်စွာ ကျောက်ဆစ်ရုပ်လို ထိုင်နေလေသည်။

ထို့နောက် သူမသည် အေးစက်မာကြောသောအပြုံးများတစ်ခုကို ပြုံးလိုက်သည်။